PDF Creator - nyeyadhamma@gmail.com



# ကုန်းဘောင်နွယ် စာပေမျိုးဆက်

3
424

တင်နိုင်တိုး

Myanmar Online Ebook Library



ကုန်းဘောင်နွယ် စာပေမျိုးဆက်

တင်နိုင်တိုး

Myanmar Online Ebook Library

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သူရိယစာအုပ် အမှတ်စဉ် (၆၁)

# ကုန်းဘောင်နွယ်စာပေမျိုးဆက်

## တင်နိုင်တိုး

သူရိယစာပေ

အမှတ် – ၄၂ (က) အင်းယားမြိုင်လမ်း၊
ရွှေတောင်ကြား (၂) ရပ်ကွက်၊ ၁၁၂၀၁၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း – ၀၁ – ၅၂၅၀၂၉၊ ၀၉ – ၅၀၂၁၇၀၀

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၇၅၀၁၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၅၉၀၂၀၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ ၂၀၁၀ ခုနှစ်၊ မေလ၊

**အုပ်ရေ**

၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

အံ့ဘွယ်ဇင်

**အတွင်းဖလင်**

"ပုံရိပ်ရှင်"

**စာအုပ်ချုပ်**

ကိုမြင့်

**ကွန်ပျူတာစာစီ**

Dream City

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

ဦးဇော်မြင့်ဝင်း Color Zone ပုံနှိပ်တိုက်
၁၇၄(ခ) ၃၁-လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးမြတ်ဟိန်း (၁၂၁၇) "သူရိယစာပေ"
၄၂ (က) အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး**

၂၀၀၀ ကျပ်

THU RI YA
Publishing House


## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| | | |
|---|---|---|
| – | စာရေးသူ၏ ကိုယ်ရေးအကျဉ်း | |
| – | မိတ်ဆက်အမှာ | က |
| – | သတိရသောအကြောင်းအရာများကို ဖတ်ရှုခြင်း | ခ |
| ၀၁။ | ဓမ္မကထိကဦးစိုးဂေါင်မှ လူထုဒေါ်အမာ | |
| | ညီပုလေးတို့သို့ | ၁ |
| | (က) လူထုဒေါ်အမာ၏ မျိုးရိုးဆက်နွယ် | ၁ |
| | (ခ) ဆရာကြီးဦးစိုးဂေါင် | ၂ |
| | (ဂ) ဆရာကြီးဦးစိုးဂေါင်၏ စာပေလက်ရာ | ၃ |
| | (ဃ) ဦးစိုးဂေါင်၏မြေး လူထုဒေါ်အမာ | ၄ |
| | (င) လူထုဒေါ်အမာ၏ စာပေလက်ရာ | ၅ |
| | (စ) လူထုဒေါ်အမာ၏ သားညီပုလေး | ၇ |
| | (ဆ) ညီပုလေး၏ စာပေလက်ရာ | ၇ |
| | (ဇ) ဘိုဘိုလန်းစင်နှင့် စာပေလက်ရာ | ၈ |
| ၀၂။ | တွင်းသင်းတိုက်ဝန် ဦးထွန်းညို၊ စိန္တကျော်သူဦးသြတို့မှ | |
| | မုံရွာစန်းမောင်သို့ | ၉ |
| | (က) မုံရွာစန်းမောင်၏ မျိုးရိုးဆက်နွယ် | ၉ |
| | (ခ) တွင်းသင်းတိုက်ဝန် ဦးထွန်းညို | ၁၁ |
| | (ဂ) တွင်းသင်းတိုက်ဝန် ဦးထွန်းညို၏ စာပေလက်ရာ | ၁၂ |
| | (ဃ) စိန္တကျော်သူဦးသြ | ၁၄ |

| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (င) စိန္တကျော်သူဦးညို၏ စာပေလက်ရာများ | ၁၅ |
| (စ) စာပေမျိုးဆက် မုံရွာစန်းမောင် | ၁၇ |
| (ဆ) မုံရွာစန်းမောင်၏ စာပေလက်ရာ | ၁၇ |
| ၀၃။ မြဝတီမင်းကြီးဦးစ၏ စာပေမျိုးဆက်များ | ၁၉ |
| (က) စာပေမျိုးနွယ်ဆက်များ | ၁၉ |
| (ခ) စာဆိုတော်မြဝတီမင်းကြီးဦးစ | ၂၀ |
| (ဂ) မြဝတီမင်းကြီးဦးစ၏ စာပေလက်ရာ | ၂၁ |
| (ဃ) မြဝတီဦးမောင်ကလေး | ၂၂ |
| (င) မိတ်ဆွေတစ်ဦးကပြောသော မြဝတီဦးမောင်ကလေးအကြောင်း | ၂၂ |
| (စ) မြဝတီမင်းကြီးမြေး ငှက်တွင်းဆရာတော် | ၂၃ |
| (ဆ) ငှက်တွင်းဆရာတော်၏ ကျမ်းများ | ၂၄ |
| (ဇ) မင်းကြီးဦးစ၏မြေး ခင်ဦးဇွန်း | ၂၅ |
| (ဈ) ခင်ဦးဇွန်း၏ စာပေလက်ရာ | ၂၅ |
| ၀၄။ ဒေါ်ခင်မျိုးချစ် သို့မဟုတ် ပညာရှိဦးဖေ၏ စာပေမျိုးဆက် | ၂၇ |
| (က) မျိုးရိုးဆက်နွယ် | ၂၇ |
| (ခ) မြန်မာပညာရှိသိရိစတုရင်္ဂဗလဦးဖေ | ၂၉ |
| (ဂ) သိရိစတုရင်္ဂဗလဦးဖေ၏ စာပေလက်ရာ | ၃၀ |
| (ဃ) ပညာရှိဦးဖေ၏မြေး ဒေါ်ခင်မျိုးချစ် | ၃၁ |
| (င) ဒေါ်ခင်မျိုးချစ်၏ စာပေလက်ရာ | ၃၂ |
| (စ) ဒေါ်ခင်မျိုးချစ်၏သား ဒေါက်တာခင်မောင်ဝင်း | ၃၄ |
| (ဆ) ဒေါက်တာခင်မောင်ဝင်း၏ စာပေလက်ရာ | ၃၄ |
| (ဇ) ဂျူနီယာဝင်း | ၃၅ |
| (ဈ) ဂျူနီယာဝင်း၏ စာပေလက်ရာ | ၃၅ |
| (ည) မောင်ရစ်နှင့် သူ၏စာပေလက်ရာ | ၃၆ |



| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၀၅။ တော်ဝင်မိသားစု | ၃၇ |
| (က) မျိုးရိုးဆက်နွယ် | ၃၇ |
| (ခ) မင်းတုန်းမင်း၏ အတ္ထုပ္ပတ္တိ | ၃၇ |
| (ဂ) မင်းတုန်းမင်း၏ စာပေလက်ရာ | ၃၉ |
| (ဃ) မိုင်းနောင်စုဖုရားကြီး | ၄၂ |
| (င) စုဖုရားကြီး၏ စာပေလက်ရာ | ၄၃ |
| (စ) စတုတ္ထသမီးတော်နှင့် အံရေးတော်ပုံစာတမ်း | ၄၆ |
| (ဆ) စတုတ္ထသမီးတော်မှဖွားမြင်သူ တော်ဘုရားကလေး | ၄၇ |
| (ဇ) တော်ဘုရားကလေး၏ စာပေလက်ရာ | ၄၉ |
| ၀၆။ မိုင်းခိုင်းအတွင်းဝန်ဦးယံ၊ ဝက်မစွတ်ဝန်ထောက် ဦးလတ်တို့မှ ဒဂုန်ခင်ခင်လေးသို့ | ၅၁ |
| (က) ဒဂုန်ခင်ခင်လေး၏ မျိုးရိုးဆက်နွယ် | ၅၁ |
| (ခ) မိုင်းခိုင်းအတွင်းဝန်ဦးယံ | ၅၂ |
| (ဂ) မိုင်းခိုင်းအတွင်းဝန်ပြုစုခဲ့သော ကျမ်းများ | ၅၃ |
| (ဃ) ဝက်မစွတ်ဝန်ထောက် ဦးလတ် | ၅၅ |
| (င) ဝက်မစွတ်ဝန်ထောက် ဦးလတ်၏စာများ | ၅၆ |
| (စ) တောင်ငူခရိုင်ဝန်ဦးဖား | ၅၇ |
| (ဆ) တောင်ငူခရိုင်ဝန်ဦးဖား၏ စာပေလက်ရာ | ၅၈ |
| (ဇ) စာပေမျိုးဆက် ဒဂုန်ခင်ခင်လေး | ၅၉ |
| (ဈ) ဒဂုန်ခင်ခင်လေး၏ စာပေလက်ရာအချို့ | ၆၁ |
| ၀၇။ မင်းလက်ဝါးမှ ရွှေဘိုမိမိကြီးသို့ | ၆၃ |
| (က) ရွှေဘိုမိမိကြီး၏ မျိုးရိုးဆက်နွယ် | ၆၄ |
| (ခ) အောက်မြစ်စဉ်ခရိုင်ဝန် မင်းလက်ဝါး | ၆၄ |
| (ဂ) မင်းလက်ဝါးကြီးကိုယ်တိုင်ရေးလက်ရာရှည် | ၆၅ |
| (ဃ) မင်းလက်ဝါးကြီး၏ ပေစာထုပ်ကြီးမှ ဆုတောင်းစာ | ၆၇ |

စဉ် အကြောင်းအရာ — စာမျက်နှာ


(င) မင်းလက်ဝါးကြီး၏ ကိုယ်ပိုင်စာကြည့်တိုက် ၆၈
(စ) ပင်းသာခင်ဖူး ၇၀
(ဆ) ပင်းသာခင်ဖူး၏ စာပေလက်ရာ ၇၁
(ဇ) စာပေမျိုးဆက်ရွှေဘိုမိမိကြီး ၇၂
(ဈ) ရွှေဘိုမိမိကြီး၏ စာပေလက်ရာ ၇၂
၀၈။ ဖြတိုက်စာရေးဦးထွန်းဝမှ ကံဆက် (ကသာ) သို့ ၇၄
(က) ကံဆက် (ကသာ) ၏ မျိုးရိုးဆက်နွယ် ၇၄
(ခ) ဖြတိုက်စာရေး ဦးထွန်းဝ ၇၄
(ဂ) ဖြတိုက်စာရေး ဦးထွန်းဝ၏ စာပေလက်ရာ ၇၆
(ဃ) ပုဂံဝန်ထောက် ဦးဘိုး ၇၉
(င) ဖြတိုက်စာရေး ဦးထွန်းဝ၏မြေး
ဆရာကံဆက် (ကသာ) ၇၉
(စ) ကံဆက် (ကသာ) ၏ စာပေလက်ရာ ၈၀
၀၉။ ကင်းဝန်မင်းကြီး ဦးကောင်း၏ စာပေမျိုးဆက်များ ၈၂
(က) ဦးမောင်မောင်စိုးတင့်၏ မျိုးရိုးဆက်နွယ် ၈၂
(ခ) ကင်းဝန်မင်းကြီး ဦးကောင်း ၈၃
(ဂ) ကင်းဝန်မင်းကြီး၏ စာပေလက်ရာများ ၈၅
(ဃ) ကင်းဝန်မင်းကြီး၏မြစ် မြန်မာသံအမတ်ကြီး ၈၆
(င) ဦးမောင်မောင်စိုးတင့်၏ စာပေလက်ရာ ၈၈
(စ) ကင်းဝန်မင်းကြီး၏ စာပေမျိုးဆက်
ဦးအောင်သန်းထွန်း ၈၈
(ဆ) ဦးအောင်သန်းထွန်း၏ စာပေလက်ရာအချို့ ၈၉
(ဇ) ကင်းဝန်မင်းကြီး၏ စာပေမျိုးဆက်
လင်းယုန်မောင်မောင် ၉၀
(ဈ) လင်းယုန်မောင်မောင်၏ အတ္ထုပ္ပတ္တိ ၉၂
(ည) လင်းယုန်မောင်မောင်၏ စာပေလက်ရာအချို့ ၉၂




စဉ် အကြောင်းအရာ — စာမျက်နှာ


၁၀။ ကန္စီအတွင်းဝန်ဦးပိုက်မှ ကနီဦးလှူညွန့်သို့ ၉၅
(က) ကနီဦးလှူညွန့်၏ မျိုးရိုးဆက်နွယ် ၉၆
(ခ) ကန္စီအတွင်းဝန်ဦးပိုက် ၉၆
(ဂ) ကန္စီအတွင်းဝန်မင်း၏ စာပေလက်ရာ ၉၆
(ဃ) ကန္စီအတွင်းဝန်မင်း၏တူ ကနီဦးလှူညွန့် ၉၇
(င) ကနီဦးလှူညွန့်၏ စာပေလက်ရာ ၉၉
၁၁။ စာဆိုတော်ဦးကြော့နှင့်သမီး ၁၀၂
(က) ဦးကြော့နှင့်သမီးတို့၏ ဆွေစဉ်မျိုးဆက် ၁၀၃
(ခ) စာဆိုတော်ဦးကြော့ ၁၀၃
(ဂ) ဦးကြော့၏ စာပေလက်ရာ ၁၀၄
(ဃ) စာဆိုတော်ဦးကြော့သမီး ၁၀၅
(င) ဦးကြော့သမီး၏ စာပေလက်ရာ ၁၀၅
၁၂။ စာဆိုတော်မျိုးရိုးမှ ဆင်းသက်လာသူ
ပုဂံဝန်ထောက်မင်းဦးတင် ၁၀၆
(က) ပုဂံဝန်ထောက်ဦးတင်၏ မျိုးရိုးဆက်နွယ် ၁၀၆
(ခ) စာဆိုတော်မိသားစု ၁၀၇
(ဂ) စာဆိုတော်ဦးဘဲ၏ စာပေလက်ရာ ၁၀၉
(ဃ) စာဆိုတော်ဦးမောင်နှင့် စာပေလက်ရာ ၁၁၀
(င) ပုဂံဝန်ထောက်မင်းဦးတင် ၁၁၀
(စ) ပုဂံဝန်ထောက်ဦးတင်၏ စာပေလက်ရာအချို့ ၁၁၂
၁၃။ ရှေ့နေဦးမောင်ကလေးမှ ပုဂံဦးမောင်မောင်ကြီးသို့ ၁၁၄
(က) ပုဂံဦးခင်မောင်ကြီး၏ မျိုးရိုးဆက်နွယ် ၁၁၅
(ခ) ဦးမောင်ကလေး၏ အတ္ထုပ္ပတ္တိ ၁၁၅
(ဂ) ဦးမောင်ကလေး၏ စာပေလက်ရာ ၁၁၆
(ဃ) ပုဂံဦးခင်မောင်ကြီး ၁၁၆
(င) ပုဂံဦးခင်မောင်ကြီး၏ စာပေလက်ရာ ၁၁၈

| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၄။ စာတော်ဖတ်မင်းဦးမောင်မောင်ကြွယ်မှ တက္ကသိုလ်ထင်ကြီးတို့မောင်နှမများသို့ | ၁၂၀ |
| (က) တက္ကသိုလ်ထင်ကြီး၏ မျိုးရိုးဆက်နွယ် | ၁၂၀ |
| (ခ) စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ် | ၁၂၁ |
| (ဂ) စာပေမျိုးဆက် တက္ကသိုလ်ထင်ကြီး | ၁၂၃ |
| (ဃ) တက္ကသိုလ်ထင်ကြီး၏ စာပေလက်ရာအချို့ | ၁၂၄ |
| (င) စာပေမျိုးဆက် ဒေါ်မေတင်ထွဋ် | ၁၂၅ |
| (စ) ဒေါ်မေတင်ထွဋ်၏ စာပေလက်ရာ | ၁၂၆ |
| (ဆ) မသီဂီ | ၁၂၆ |
| (ဇ) စာပေမျိုးဆက် ဦးဝင်းမောင် | ၁၂၇ |
| (ဈ) ဦးဝင်းမောင်၏ စာပေလက်ရာ | ၁၂၈ |
| ၁၅။ ဦးမောင်မောင်တင် (K.S.M.,A.T.M) မှ တက္ကသိုလ်သူ့မောင်သို့ | ၁၂၉ |
| (က) တက္ကသိုလ်သူ့မောင်၏ မျိုးရိုးဆက်နွယ် | ၁၂၉ |
| (ခ) ဦးမောင်မောင်တင် (၁) | ၁၃၀ |
| (ဂ) ဦးမောင်မောင်တင်၏ စာပေလက်ရာ | ၁၃၂ |
| (ဃ) ဦးမောင်မောင်တင်၏ မြေးတက္ကသိုလ်သူ့မောင် | ၁၃၃ |
| (င) တက္ကသိုလ်သူ့မောင်၏ စာပေလက်ရာ | ၁၃၃ |
| ၁၆။ ဝန်စာရေးဦးကြီးမှ ဦးမောင်မောင်သွင်သို့ | ၁၃၆ |
| (က) ဦးမောင်မောင်သွင်၏ မျိုးရိုးဆက်နွယ် | ၁၃၆ |
| (ခ) ဝန်စာရေးဦးကြီး၏ အတ္ထုပ္ပတ္တိ | ၁၃၇ |
| (ဂ) ဝန်စာရေးဦးကြီး၏ စာပေလက်ရာ | ၁၃၈ |
| (ဃ) ဝန်စာရေးဦးကြီး၏မြေး ဦးမောင်မောင်သွင် | ၁၄၀ |
| (င) ဦးမောင်မောင်သွင်၏ စာပေလက်ရာ | ၁၄၁ |
| ၁၇။ အပါးတော်မြဲဦးစံရွှေမှ ပင်းယထွေး၊ ပင်းယဋ္ဌေးတို့သို့ | ၁၄၃ |
| (က) ပင်းယထွေးနှင့် ပင်းယဋ္ဌေးတို့၏ မျိုးရိုးဆက်နွယ် | ၁၄၄ |
| (ခ) အပါးတော်မြဲဦးစံရွှေ | ၁၄၄ |





| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (ဂ) ဦးစံရွှေ၏ စာပေလက်ရာ | ၁၄၆ |
| (ဃ) ယုဝတီပင်းယထွေးနှင့် ပင်းယဋ္ဌေး | ၁၄၇ |
| (င) ပင်းယဋ္ဌေး၏ စာပေလက်ရာ | ၁၄၈ |
| ၁၈။ စံပယ်ပင်ဦးလက်မှ ဒေါ်ခင်လတ်၊ ညီညီကျော်လတ်တို့သို့ | ၁၄၉ |
| (က) ခင်လတ်၏ မျိုးရိုးဆက်နွယ် | ၁၄၉ |
| (ခ) ဦးလတ်၏ အတ္ထုပ္ပတ္တိ | ၁၅၀ |
| (ဂ) ဦးလတ်၏ စာပေလက်ရာ | ၁၅၁ |
| (ဃ) ဦးတင့်ဆွေ သို့မဟုတ် ရွှေဘိုမောင်လတ်တူ | ၁၅၂ |
| (င) ဦးတင့်ဆွေ၏ စာပေလက်ရာ | ၁၅၃ |
| (စ) ဒေါ်ခင်လတ်၏ အတ္ထုပ္ပတ္တိ | ၁၅၄ |
| (ဆ) ခင်လတ်၏ စာပေလက်ရာ | ၁၅၄ |
| (ဇ) ညီညီကျော်လတ်နှင့် စာပေလက်ရာ | ၁၅၅ |
| ၁၉။ ရိုက်အဗ္ဗဒူရာမန်မှ ဒဂုန်ပဦးဘတင်သို့ | ၁၅၆ |
| (က) ဒဂုန်ပဦးဘတင်၏ မျိုးရိုးဆက်နွယ် | ၁၅၆ |
| (ခ) ရိုက်အဗ္ဗဒူရာမန်၏ အတ္ထုပ္ပတ္တိ | ၁၅၆ |
| (ဂ) ရိုက်အဗ္ဗဒူရာမန်ခေါ် ဦးဖိုးသာဇံ၏ စာပေလက်ရာ | ၁၅၈ |
| (ဃ) ဒဂုန်ပဦးဘတင် | ၁၅၉ |
| (င) ဒဂုန်ပဦးဘတင်၏ စာပေလက်ရာ | ၁၆၀ |
| – ကျမ်းကိုးစာရင်း | ၁၆၁ |



အဘ ဦးညွန့်ထွန်း၊ အမိ ဒေါ်တင်တင်တို့မှ ၂၃ ရက် ဖေဖော်ဝါရီလ ၁၉၆၃ ခုနှစ်တွင် ပဲခူးတိုင်း အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့၌ ဖွားမြင်သည်။ ၁၉၆၉ တွင် ဂုံညင်းတန်းကျေးရွာ အလကတွင် စတင်ပညာသင်ကြားခဲ့ပြီး၊ ၁၉၇၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ထားဝယ်မြို့၌ လည်းကောင်း၊ ၁၉၇၆ ခုနှစ်တွင် သာယာဝတီမြို့၌ လည်းကောင်း၊ ၁၉၇၇ မှ ၁၉၇၉ ခုနှစ်အထိ တောင်ကြီးမြို့၌ လည်းကောင်း နေထိုင်ကာ ပညာဆည်းပူးခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို အမှတ် (၄) အစိုးရ အထက်တန်းကျောင်းမှ အင်္ဂလိပ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့၏။ ၁၉၈၀ ပြည့်နှစ်တွင် အင်းစိန်မြို့ စက်မှုသိပ္ပံသို့ တက်ရောက်ခဲ့ပြီး ၁၉၈၃ ခုနှစ်၌ မြို့ပြဘာသာ ဒီပလိုမာကို ရရှိခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာန၊ ပဲခူးမြို့၌ လုပ်ငန်းပြ အင်ဂျင်နီယာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့၏။ ယင်းသို့ အမှုထမ်းစဉ်အတွင်း ပဲခူးမြို့နယ် စာပေလုပ်သားအဖွဲ့မှ ကြီးမှူးကျင်းပသည့် ၁၉၈၄ ခုနှစ် နိုဝင်ဘာလ စာဆိုတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲတွင် ဝတ္ထုတို တတိယဆုကို လည်းကောင်း၊ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ စာပေပြိုင်ပွဲတွင် ကဗျာတတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လှည်းကူးမြို့၌ အင်ဂျင်နီယာ (ရေ/သန့်) အဖြစ် အမှုထမ်းခဲ့၏။ ထို့နောက် ၁၉၉၀ မှ ၁၉၉၃ ခုနှစ်များအတွင်း မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့ရှိ Permata Estate Project Sdn. Bhd. သို့ သွားရောက် အမှုထမ်းခဲ့သည်။ ၁၉၉၄ ခုနှစ် နောက်ပိုင်းမှစ၍ ဝါသနာပါရာ မြန်မာသမိုင်းသုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့သည်။

ပထမဆုံး ပုံနှိပ်ဖော်ပြခြင်းခံရသော စာမူမှာ (ဇန်းမော်ခရိုင်) မဂ္ဂဇင်း (၁၉၉၈) တွင် "ကိုတိုးတိုး (စီမံကိန်း)" ကလောင်အမည်ဖြင့် ရေးသားခဲ့သည့် "ကုန်းဘောင်ခေတ် ဇန်းမော်မြို့ဝန်" ဆောင်းပါးဖြစ်သည်။ ၁၉၉၉ ခုနှစ် ဩဂုတ်လတွင် "မြန်မာ–အင်္ဂလိပ် ပြက္ခဒိန် (မြန်မာသက္ကရာဇ် ၁–၁၃၆၂၊ အေဒီ ၆၃၉–၂၀၀၀)" စာအုပ်ကို ရေးသားထုတ်ဝေခဲ့ပြီး ဂျာနယ်၊ မဂ္ဂဇင်းအချို့တွင် သမိုင်းဘာသာရပ်ဆိုင်ရာ ဆောင်းပါးများကို ရေးသားပြုစုလျက် ရှိပါသည်။

PDF Creator - nyeyadhamma@gmail.com

## မိတ်ဆက်အမှာ

မျိုးရိုးဟူသည် တိမ်မြုပ်ပျောက်ကွယ်စကောင်းသောအရာ မဟုတ်ပေ။ ချောင်းရိုးမြောင်းရိုးသာ တိမ်ကောရိုးထုံးစံရှိသည်။ လူမျိုးရိုးဟူသည်ကား တိမ်ကောသည်ဟူ၍ မရှိကြောင်း ရှေးပညာရှိတို့က အဆိုရှိကြသည်။ ယင်းမျိုးရိုး ဆက်နွယ်များထဲတွင် ရှေးခေတ်စာဆိုကြီးများ၊ ထင်ရှားသော စာပေပညာရှင်ကြီးများ၏ မျိုးဆက်အချို့ကို မျက်မှောက်ကာလ၌ တွေ့ရှိကြရသည်။ လက်လှမ်းမီသရွေ့ ရှာဖွေစုစည်းလိုက်သောအခါ ဤ 'ကုန်းဘောင်နွယ် စာပေမျိုးဆက်' ဟူသော စာအုပ်တစ်အုပ် ပေါ်ထွက်လာပါသည်။ အခြားစာပေမျိုးဆက်များ အများအပြား ကျန်ရှိနေဆဲဖြစ်သော်လည်း ယခုကဲ့သို့ မျိုးရိုးစဉ်ဆက် ဖော်ထုတ်ရသောအလုပ်မှာ ထင်သလောက် မလွယ်ကူလှပါ။

ဤစာအုပ်သည် စာပေမျိုးဆက်များအား ရှာဖွေဖော်ထုတ်ရာ၌ နိဒါန်းသဘောမျှသာ ရှိပါသေးသည်။ ပြီးပြည့်စုံခြင်းလည်း ရှိမည်မဟုတ်ပါ။ သို့သော် ဤစာအုပ်ကို ဖတ်ရှုရသူ စာပေမျိုးဆက်များ သုတေသီများအနေဖြင့် ပိုမိုပြည့်စုံသော အထောက်အထားများကို ရှာဖွေနိုင်ကြလိမ့်မည်ဟူ၍လည်း မျှော်လင့်မိပါသည်။ ဤစာရေးသူအနေဖြင့် ယခုကဲ့သို့သော စာအုပ်မျိုးကို ပြုစုရေးသားနိုင်ရန် အကြံကောင်း ဉာဏ်ကောင်းပေးခဲ့သူ ဆရာဦးသိန်းဇော် (သဟာဇာတစာပေ) အားလည်းကောင်း၊ လိုအပ်သည့် စာအုပ်စာတမ်းအချို့ကို ရှာဖွေပေးခဲ့သူ စာရေးဆရာ (သမိုင်းသုတေသီ) ဦးအေးသိန်းအား လည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

**တင်နိုင်တိုး**



PDF Creator - nyeyadhamma@gmail.com

## သတိရသောအကြောင်းအရာများကို ဖတ်ရှုခြင်း

(၁)

သမိုင်းစာမျက်နှာများကို ဖတ်ရှုနေရသောအခါ နစ်မှောင်မှိုင်းညို့ပြီး စိမ်းလန်းဝင်းဖန့်နေသော တောအုပ်ကြီးကို လှမ်းမြင်နေရခြင်းပင် ဖြစ်သည်။ ယင်းစာမျက်နှာများထဲတွင် စိတ်လက်ပျော်ရွှင်ကာ ဝမ်းသာအားတက်ရသည်များရှိသော် စိမ်းလန်းဝင်းဖန့်နေသောသစ်ပင်သစ်တောများ မြင်လိုက်ရသည်နှင့် တူပါသည်။ သို့မဟုတ်ပါက စိတ်ဝမ်းကြေကွဲကာ ဝမ်းနည်းဖြေလျော့သွားရသည်များ ရှိခဲ့သောအခါတွင် နစ်မှောင်မှိုင်းညို့သော သစ်ပင်သစ်တောများ မြင်လိုက်ရသည်ဟု ဆိုချင်ပါသည်။

သမိုင်းစာအုပ်စာတမ်းများတွင် ဖတ်ရှုလေ့လာသင်ကြားရသူတိုင်း ဤသို့သော ခံစားမှုများ ရှိနေတတ်ပါသည်။ ငယ်စဉ် ကျောင်းသားဘဝများ၌ သမိုင်းပညာရပ်များ သင်ကြားရသည်မှ အရွယ်ရလာပြီး သမိုင်းပညာရပ် အဓိကဖြင့် ဘွဲ့ယူသွားကြရသည်အဆုံး၊ တွေ့ကြုံခံစားရမည်သာ ဖြစ်သည်။ ထို့ပြင် သမိုင်းပညာရပ်ကို စိတ်ဝင်တစား လေ့လာအားထုတ်ကြသူများအဖို့လည်း ဤသို့ပင် တွေ့ကြုံခံစားကြရပါသည်။ (တချို့သော လေ့လာအားထုတ်သူများမှာမူ 'လေ့လာမှုနှင့် စိစစ်နိုင်မှု' (Observation and Analysis Power) များဖြင့် အကဲဖြတ်သုံးသပ်ခြင်းများပင် ရရှိသွားကြသည်။)

မြန်မာစာပေလောကတွင် သမိုင်းစာအုပ်စာတမ်းများ အလျင်မပြတ် ရေးသားပြုစု ထုတ်ဝေနေပါသည်။ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်ဦးခေတ်ဖျား၊ ဖဆပလခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်၊ ပြီးတော့ ယနေ့ခေတ် စသည်ဖြင့် ခေတ်အသီးသီးတွင် ရေးသားပြုစု ထုတ်ဝေလာဖြစ်သည်။

(သမိုင်းဟူသည့်စကားမှာ သမ္မုတိ၊ ယင်းမှ သမိုတ်၊ နောက် သမိုက် ထိုမှ သမိုင်း ဖြစ်လာသည်ဟု ယူသင့်ကြောင်း၊ သမ္မုတိဟူသည်ကို 'သတိရသော အကြောင်း အရာများ' ဟု အနက်ပေးရပေမည်)ဟု 'မောင်သော်' ၏ 'သမိုင်းဋီကာ' **ရှုမဝ ရုပ်စုံမဂ္ဂဇင်း၊ ၁၉၇၄ ခုနှစ် ဇွန်လ**တွင် အနက်ဖွင့်ပါသည်။ ထိုအခါ သမိုင်း စာအုပ် စာတမ်းများသည် 'သတိရသော အကြောင်းအရာများ' ဖြစ်ပြီး နောင်း လူတို့အတွက် ကောင်းမွေဆိုးမွေများ ရယူတတ်ရန်ပင် ဖြစ်သည်။

(၂)

ယခု ကုန်းဘောင်ခေတ် မင်းမျိုးမင်းဆက်များမှ ဆင်းသက်လာသော စာပေ မျိုးရိုးအစဉ်အဆက်များအကြောင်း လေ့လာတင်ပြထားသော 'တင်နိုင်တိုး' ၏ 'ကုန်းဘောင်နွယ် စာပေမျိုးဆက်' စာအုပ်ကို ဖတ်ရှုနေရပါသည်။ (လူမျိုး ရိုးဟူသည်ကား တိမ်ကောသည်ဟူ၍ မရှိကြောင်း ရှေးပညာရှိတို့က အဆိုရှိကြ သည်။ ယင်းမျိုးရိုး ဆက်နွယ်များထဲတွင် ရှေးခေတ်စာဆိုကြီးများ၊ ထင်ရှား သော စာပေပညာရှင်ကြီးများ၏ မျိုးဆက်အချို့ကို မျက်မှောက်ကာလ၌ တွေ့ ရှိကြရသည်။ လက်လှမ်းမီသရွေ့ ရှာဖွေစုစည်းလိုက်သောအခါ ဤ 'ကုန်းဘောင် နွယ် စာပေမျိုးဆက်' ဟူသော စာအုပ်တစ်အုပ် ပေါ်ထွက်လာပါသည်ဟု ဆရာ တင်နိုင်တိုးက မိတ်ဆက်အမှာစကား ပြောထားပါသည်။

အခန်း (၁၉) ခန်းဖွဲ့၍ မင်းတုန်းမင်း၏ တော်ဝင်မိသားစုထဲမှ ယနေ့ ခေတ်တွင် ထင်ရှားသော စတုတ္ထသမီးတော်၏သားတော် 'တော်ဘုရားကလေး' ကဲ့သို့ စာပေမျိုးနွယ် မိသားစုမှစ၍ မြဝတီမင်းကြီးဦးစ၊ စိန္တကျော်သူဦးဩ၊ ဦးကြော့၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ မိုင်းခိုင်းအတွင်းဝန် ဦးယံ၊ စာတော်ဖတ် ဦးမောင်မောင်ကြွယ်၊ အပါးတော်မြဲ ဦးစံရွှေ၊ ဓမ္မကထိက ဦးစိုးဂေါင်၊ ပုဂံဝန် ထောက် ဦးတင်၊ ဖြဲတိုက်စာရေး ဦးထွန်းဝ၊ ပညာရှိဦးဖေ၊ သမိန်ဗရမ်းဘွဲ့ရမင်း လက်ဝါး အစရှိသော နန်းရင်ပြင်ထဲမှ စာဆိုတော် မျိုးဆက်များ မိသားစုအထိ ရေဆုံးရေဖျား ခြေရာကောက်ကာ ဘဝဖြစ်စဉ် အကျဉ်းချုပ်ကလေးများနှင့်တကွ သူတို့၏ စာပေလက်ရာတချို့ကိုပါ ကောက်နုတ်တင်ပြထားသည်။

(ဥပမာ) မင်းတုန်းမင်း၏လက်ရာတေးထပ် တစ်ပုဒ်တွင် (ဘီးပုံတော် ခွေစပတ်ကယ်နှင့်၊ ကြွေမတတ်မူရာ၊ ရွှေနားကပ်မတူသာပေါင်၊ မဟူရာဆင်၍၊ သိမ်ရေကျရော့ရီးခြုံတယ်၊ ကြော့နည်းပုံဆန်းလိုက်ပါပေ့) ဆိုသော နန်းမတော်





မိဖုရားခေါင် (စကြာဒေဝီ) အားရည်ညွှန်း ရေးဖွဲ့ပုံကို လည်းကောင်း။ နောက် စုဖုရားကြီး၏ စာပေလက်ရာ၊ နောက်ဆုံး တော်ဘုရားကလေး၏ 'လန်ဒန်ရောက် ပတ္တမြားငမောက်နှင့် တော်ဝင်ရတနာပစ္စည်းများ' စာအုပ်မှ ကောက်နုတ်ချက် စသည်ဖြင့် တင်ပြထားခြင်း ဖြစ်ပါသည်။ သစ်ပင်တစ်ပင်ကို ကြည့်ရင်း သစ် တောတစ်ခွင်ကို မြင်လာရသကဲ့သို့ စိမ်းလန်းဝင်းဖန့်သော ဂနိုင်တောအုပ်ဟု ဆိုချင်ပါသည်။ (ယခု တော်ဖုရားလေး၏သမီး 'ဒေဝီသန့်စင်' သည်ပင် စာပေ မျိုးဆက် ဖြစ်နေပါသည်)

အခြားနန်းရင်ပြင်ထဲမှ စာပေမျိုးဆက်များ ရှိသေးသည်။ ဦးစမှ ခင်ဦး ဇွန်းအထိ လည်းကောင်း၊ (နန်းတွင်းသူ ခင်ဦး၏ အတ္ထုပ္ပတ္တိစာအုပ်ကို သတိရ လျက်)၊ ပညာရှိ ဦးဖေမှ ဒေါ်ခင်မျိုးချစ်အထိ လည်းကောင်း၊ (ဦးဖေ၏ နန်း သူ့မူရာပြဇာတ်နှင့် ခင်မျိုးချစ်၏ ကောလိပ်ကျောင်းသူကိုသတိရလျက်) ခင်မျိုးချစ် ၏ မျိုးဆက်များ ရှင်သန်ပွားစည်းနေဆဲ ဖြစ်သည်။ ဒေါက်တာ ခင်မောင်ဝင်း၊ တက္ကသိုလ်ရွှေရိုဝင်း၊ ဂျူနီယာဝင်း စသည်ဖြင့်။ မိုင်းခိုင်းအတွင်းဝန် ဦးယံထံမှ ဒဂုန်ခင်ခင်လေးအထိ လည်းကောင်း၊ (စာပေမျိုးနွယ် အများဆုံးမိသားစု ဖြစ် သည်) မင်းလက်ဝါးမှ ရွှေဘိုမိမိကြီးအထိ လည်းကောင်း၊ (ပင်းသာခင်ဖူး၏ စာပေလက်ရာများလည်း ပါဝင်သည်) ဖြဲတိုက် စာရေးဦးထွန်းဝမှ ကံဆက် (ကသာ) အထိ လည်းကောင်း၊ ကင်းဝန်မင်းကြီး ဦးကောင်းမှ ဦးမောင်မောင် စိုးတင့် အထိ လည်းကောင်း၊ (ဦးအောင်သန်းထွန်း စာပေလက်ရာများလည်း ပါဝင်သည်) နောက် လင်းယုန်မောင်မောင်သည် ကင်းဝန်မိသားစုစာရင်းတွင် ပါဝင်ခဲ့သည်ကို ဖတ်လိုက်ရသဖြင့် ပီတိသောမနဿ ဖြစ်ရပါသည်။

ဤသို့ ဆွေစဉ်မျိုးဆက် ဆင်းသက်လာခဲ့ခြင်းကို အနောက်တိုင်းတွင် Family Tree ဟူသော ခေါ်ဝေါ်ပါသည်။ မြန်မာစာပေလောကတွင် စာပေမျိုး ဆက်တစ်ဆက်၏မဏ္ဍိုင်အဖြစ် 'ဂျာနယ်ကျော်စီးဆင်းမှု' စာအုပ်ထွက်ခဲ့ဖူးပါ သည်။ ဂျာနယ်ကျော်ဦးချစ်မောင်နှင့် ဂျာနယ်ကျော်မမလေးတို့၏ စာပေမိသားစု စာအုပ်ဖြစ်သည်။ ယခု ဆရာတင်နိုင်တိုးက ကုန်းဘောင်နွယ် စာပေမျိုးဆက် များ (မိသားစု) များအကြောင်း ခင်းကျင်းတင်ပြနေပါသည်။ မြန်မာစာပေ လောကတစ်ခွင်မှ တွေ့မြင်နေရသော စာပေမိသားစုများဖြစ်သည်။ (အချို့ လူ သိနည်းပြီး မထင်မရှားဖြစ်နေသူများပင် ပါဝင်ပါသည်)

ကန္နီအတွင်းဝန်မှ ကနီဦးလှူညွန့်အထိ လည်းကောင်း၊ စုံနံ့သာမြိုင် ဦးကြော့မှ သမီးအထိ လည်းကောင်း၊ စာဆိုတော် ဦးလွန်းမှ ပုဂံဝန်ထောက် ဦးတင်အထိ လည်းကောင်း၊ စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်မှ တက္ကသိုလ်ထင်ကြီး မောင်နှမများအထိ လည်းကောင်း၊ (မသိင်္ဂီ၏ စာစုစာရင်းအပါအဝင်) ဦးမောင်မောင်တင်မှ တက္ကသိုလ် သူ့မောင်အထိ လည်းကောင်း၊ ဝန်စာရေးဦးကြီးမှ ဦးမောင်မောင်သွင်အထိ လည်းကောင်း၊ အပါးတော်မြဲ ဦးစံရွှေမှ ပင်းယထွေး၊ ပင်းယဌေးအထိ လည်းကောင်း၊ ဓမ္မကထိက ဦးစိုးဂေါင်မှ လူထုဒေါ်အမာအထိ လည်းကောင်း၊ (ညီပုလေး၊ ဘိုဘိုလန်းစင်တို့အပါအဝင်)၊ ယခုသမီးဖြစ်သူ 'ဒေါက်တာမြမဉ္ဇူ' ၏ စာပေလက်ရာများ ရှိသေးသည်။ သမီး၊ သား၊ မြေးအထိ စာပေမိသားစုဝင်များ ဖြစ်ပါသည်။

နောက်ဆုံး စံပယ်ပင်ဦးလတ်မှ ခင်လတ်အထိ လည်းကောင်း၊ ရှိတ်အဗ္ဗဒူရာမန်မှ ဒဂုန်ပဦးဘတင်အထိ လည်းကောင်း၊ စိတ်ဝင်တစား ဖတ်ရှုခဲ့ရပါသည်။ မြန်မာစာပေလောကတွင် ဘာသာပြန်စာပေလက်ရာအစ တစ်ထောင့်တစ်ညပုံပြင်ကဆိုသော ဘာသာပြန်ဆရာကြီး ရှိတ်အဗ္ဗဒူရာမန်နှင့် သား ဦးဘတင် (ခေါ်) ဝိဇယပြဇာတ်တွင် 'ဒဂုန်ပ' လုပ်၍ ကခဲ့ဖူးသောကြောင့် 'ဒဂုန်ပဦးဘတင်' အကြောင်းများ အကျဉ်းချုပ်ပင် ရေးသားထားသော်လည်း စိတ်ဝင်တစား ဖတ်ရှုရပါသည်။

(၃)

သမိုင်းစာအုပ်စာတမ်းများသည် ငှက်ကာဖွဲ့သကဲ့သို့ ပြုစုရေးသား ထုတ်ဝေနေကြရာတွင် အချို့သမိုင်းစာအုပ်များသည် အကွေ့အချိုးများအတွင်း အဖြစ်အပျက်များကို စာတစ်အုပ် ပေတစ်အုပ်အဖြစ် ပြုစုရေးသားလာကြသည်။ အချို့စာအုပ်များမှာမူ ကြွင်းကျန်တိမ်မြုပ်နေသော အဖြစ်အပျက်များကို စာတစ်အုပ် ပေတစ်အုပ်အဖြစ် ပြုစုရေးသားလာကြသည်။ အချို့စာတွေ့ကျမ်းတွေ့၊ အချို့ လူတွေ့ကိုယ်တွေ့ စသည်ဖြင့် ပြုစုရေးသားနေကြပါသည်။

'ကုန်းဘောင်နွယ် စာပေမျိုးဆက်' စာအုပ်သည် သမိုင်းခြေရာကောက် စာပေရပ်ဝန်းထဲမှ တော်ဝင်မိသားစုမှအစ စာတော်ဖက် မိသားစုအဆုံး စာပေမျိုးဆက်အနွယ်များကို လေ့လာပြုစုထားပါသည်။ ကျမ်းကိုးစာရင်းဇယားနှင့်တကွ တင်ပြထားသည်။ အကျယ်တဝင့် ဖတ်ရှုရန်အတွက် ဆက်လက် ရှာဖွေ





တွေ့ရှိနိုင်ရေးအတွက် အထောက်အကူပြုထားပါသေးသည်။ ဆရာတင်နိုင်တိုး၏ ယခင်လေ့လာပြုစုရေးသားနေကျ သမိုင်းရေးရာ စာအုပ်များထဲမှ ထူးခြားသောစာအုပ် ဖြစ်သည်။ သမိုင်းရေးရာစာအုပ်အပြင်၊ စာပေရေးရာ စာအုပ်လည်းဖြစ်နေရာ စာဖတ်ပရိသတ်များအတွက် ထူးခြားသော စိတ်ဝင်စားစရာစာအုပ်ဖြစ်နေပါတော့သည်။

**လေးကိုတင်**

**[၁၆၊ ၇၊ ၂၀၀၉]**

# အခန်း (၁)

## ဓမ္မကထိက ဦးစိုးဂေါင်မှ လူထုဒေါ်အမာ၊ ညီပုလေးတို့သို့

ဆရာမကြီး လူထုဒေါ်အမာ၏အဘိုး ဓမ္မကထိက ဦးစိုးဂေါင်ကား ကျမ်းပြုပုဂ္ဂိုလ် စာပေပညာရှင်ကြီးတစ်ဦး ဖြစ်၏။ ဦးစိုးဂေါင်မှ ဆင်းသက်လာသော အဆက်အနွယ်များထဲတွင် စာပေနယ်၌ ထင်ရှားကျော်ကြားသည့် စာပေမျိုးဆက်အများအပြားကို တွေ့ရှိရပါသည်။

### လူထုဒေါ်အမာ၏ မျိုးရိုးဆက်နွယ်

လူထုဒေါ်အမာ၏ ဆွေစဉ်မျိုးဆက်ကို အောက်ပါအတိုင်း တွေ့ရှိရသည်။

ဦးလတ်နှင့် ဦးအတ်တို့ ညီအစ်ကိုသည် ရွှေဘိုမြို့ အနောက်ဘက် မူးမြစ်၏အရှေ့ဘက်ကမ်းရှိ မူးသာရွာသားများဖြစ်ကြပြီး မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားညီနောင် ပုဂံမင်းအား နန်းချရန် ရွှေဘိုသို့ ရောက်ရှိလာစဉ်က အမှုတော်ထမ်းရွက်ခဲ့ကြ၏။ မင်းတုန်းမင်း နန်းတက်လာသောအခါ ဦးအတ်က မင်းမှုထမ်းရွက်ရာ သွေးသောက်ကြီး၊ ရွှေပြည်မှန်ကင်းသေနတ်ဗိုလ်၊ သူရဲဝန်စသည်ဖြင့် ဖြစ်လာခဲ့၏။ အစ်ကိုကြီးဖြစ်သူ ဦးလတ်မှာမူ လယ်ပိုင်၊ မြေပိုင်တစ်ဦးအဖြစ် မူးသာရွာ၌သာ နေထိုင်ခဲ့၏။ ဦးအတ်၊ ဦးလတ်တို့၏ညီ ဦးအုပ်ကြီးနှင့် ဒေါ်ကာတို့မှ ဦးစိုးဂေါင်ကို ဖွားမြင်ခဲ့သည်။

## လူထုဒေါ်အမာ၏ မျိုးရိုးဆက်နွယ်

ဦးအုပ်ကြီး + ဒေါ်ကာ
ဦးအတ် (သူရဲဝန်)

ဦးစိုးဂေါင် + ဒေါ်ရှမ်း

ဦးထင် + ဒေါ်ဒေါ်စု

လူထုဒေါ်အမာ + လူထုဦးလှ

ညီပုလေး

ဘိုဘိုလန်းစင်

## ဆရာကြီးဦးစိုးဂေါင်



ဆရာကြီး ဦးစိုးဂေါင်





ဦးစိုးဂေါင်ကို ဦးအုပ်ကြီးနှင့် ဒေါ်ကာတို့မှ ၂၃ ရက် နိုဝင်ဘာလ ၁၈၅၉ ခုနှစ်တွင် ဖွားမြင်ပါသည်။ ဇာတိမှာ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ မူးသာရွာဖြစ်၏။ ဦးစိုးဂေါင်သည် အသက် (၂၀) နှစ်အရွယ်တွင် ဇီးတောရွာသူ ဒေါ်ရှမ်းမနှင့် စုံဖက်ခဲ့သည်။ ဒေါ်ရှမ်းမနှင့် သားသမီး (၅) ဦး ထွန်းကားခဲ့ရာ ဒေါ်ချစ်စ၊ ဒေါ်ချစ်လှ၊ ဒေါ်ချစ်ရ၊ ဦးရှင်နှင့် ဦးထင်တို့ ဖြစ်ကြသည်။ ဦးစိုးဂေါင်သည် အိမ်ထောင်ဆက် နှစ်ဆက်ရှိပြီး ဇီးတောရွာသူ ဒေါ်ရှမ်းမက ပထမအိမ်ထောင် ဖြစ်သည်ဟူ၍လည်း ဆိုကြ၏။

ဦးစိုးဂေါင်သည် တရားထူး၊ တရားမြတ်များကို ရှာဖွေလေ့လာရာမှ ၁၈၈၃ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ငှက်တွင်းချောင်တွင် သီတင်းသုံးလျက်ရှိသော ငှက်တွင်းဆရာတော်ကြီးထံ တပည့်ခံခဲ့သည်။ ဦးစိုးဂေါင်က ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ်ပြုစုရင်း ပစ္စည်းလေးပါး ဒါယကာအဖြစ် ခံယူလိုကြောင်းလည်း လျှောက်ထားခဲ့သည်။ သို့ဖြင့် ငှက်တွင်းဆရာတော်သည် ဦးစိုးဂေါင်၏ တိုက်ရှိရာ ဇီးတောရွာသို့ ကြွရောက်လျက် တစ်ဝါဆိုကာ တရားဟောကြားရင်း သီတင်းသုံးနေထိုင်ခဲ့သည်ဆို၏။ ဤသို့ဖြင့် ဦးစိုးဂေါင်အဖို့ ရင့်ကျက်သော အသိဉာဏ်ကို ရရှိခဲ့သည်ဆိုပါသည်။

ဦးစိုးဂေါင်သည် ၁၉၀၂ ခုနှစ်မှစ၍ ၁၉၃၉ ခုနှစ်တိုင် နှစ်ပေါင်း (၃၈) နှစ်ကြာမျှ စတုဘုမ္မိတတရားထူးတရားမြတ်များကို အထက်မြန်မာနိုင်ငံ မြို့ကြီးများသို့ လှည့်လည်ဟောကြား သာသနာပြုခဲ့သည်။ ထို့ပြင် ဝတ်အသင်း (၄၅) သင်းကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ဦးစိုးဂေါင်သည် အသက် (၉၀) နှစ်အရွယ် ၁၉၄၉ ခုနှစ်၌ ကွယ်လွန်ခဲ့၏။

## ဆရာကြီးဦးစိုးဂေါင်၏ စာပေလက်ရာ

ငှက်တွင်း ဆရာတော်ကြီး၏ တပည့်သာဝကဖြစ်သူ ဓမ္မကထိက ဆရာကြီး ဦးစိုးဂေါင်သည် ဗုဒ္ဓဘာသာဆိုင်ရာကျမ်းအချို့ကို တပည့်များ၏ ပန်ကြားချက်အရ ရေးသားပြုစုခဲ့ပါသည်။ ဆရာကြီးဦးစိုးဂေါင်၏ ကျမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မိစ္ဆာပဋိပဒါ တေဘုမ္မိက အပါဒါန်ကျမ်း
၂။ သမ္မာ ပဋိပဒါ စတုဘုမ္မိက သမ္ဘဒါန်ကျမ်း
၃။ သုဘဒ္ဒ သတိပဋ္ဌာန် မဂ္ဂင်ရှစ်ပါး အမေးအဖြေကျမ်း

၄။ ဓမ္မာနုဓမ္မ ပဋိပတ္တိကျမ်း
၅။ ဥပါလိသုတ္တန်ကျမ်း
၆။ ကမ္မက္ခယ မဂ္ဂင်ရှစ်ပါးကံကျမ်း
၇။ ဂိဟိပဗ္ဗဇိ္ဇတ ရှုဘွယ်ကျမ်းတို့ ဖြစ်ကြသည်။
၈။ စတုဘုမ္မိကမဟာသတိပဋ္ဌာန်သုတ်
၉။ စတုဘုမ္မိက သမ္ပဒါန်ကျမ်း
၁၀။ အာဇီဝ ဝိနိစ္ဆယကျမ်း
၁၁။ အပါဒါနဒီပနီ၊ သမ္ပဒါနဒီပနီ

## ဦးစိုးဂေါင်၏မြေး လူထုဒေါ်အမာ



ဦးစိုးဂေါင် ၏မြေး လူထုဒေါ်အမာ

စာရေးဆရာမကြီး လူထုဒေါ်အမာကို ဦးစိုးဂေါင်၏သား ဦးထင်နှင့် ဒေါ်ဒေါ်စုတို့မှ ၂၉ ရက် နိုဝင်ဘာလ ၁၉၁၅ ခုနှစ်တွင် ဖွားမြင်ပါသည်။ မွေးချင်းညီအစ်ကိုမောင်နှမများမှာ နဂါးဒေါ်ဦး၊ လူထုဒေါ်အမာ၊ ဒေါ်တင်တင်နှင့် ဒေါ်ကြင်ကြင်တို့ ဖြစ်ကြ၏။ ဒေါ်အမာသည် ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအေအောက်တန်း အောင်မြင်ခဲ့ပါသည်။ ထို့နောက် အိုးဝေမဂ္ဂဇင်း၊ ကြီးပွားရေးမဂ္ဂဇင်းနှင့် ဘားမားဂျာနယ်တို့တွင် ဝတ္ထုဆောင်းပါးများ စတင်ရေးသားခဲ့၏။ ကြီးပွားရေး





မဂ္ဂဇင်းတွင် 'ခင်လှဝင်း'၊ 'မြမဥ္ဇူ' စသည့် ကလောင်အမည်များဖြင့် ရေးသားခဲ့ခြင်း ဖြစ်သည်။

ဒေါ်အမာသည် ၁၃ ရက် နိုဝင်ဘာလ ၁၉၃၉ ခုနှစ်တွင် ဦးလှနှင့် လက်ထပ်ကာ သားသမီး (၅) ဦး ထွန်းကားခဲ့၏။ (ခင်ပွန်းဖြစ်သူ လူထုဦးလှမှာ ၇ ရက် ဩဂုတ်လ ၁၉၈၂ ခုနှစ်၌ ကွယ်လွန်ခဲ့၏) လူထုဂျာနယ်တွင် လက်ထောက်အယ်ဒီတာအဖြစ် ဝင်ရောက်တာဝန်ယူ လုပ်ကိုင်ခဲ့ပြီး ၁၉၅၃ ခုနှစ်၌ ကမ္ဘာ့ဒီမိုကရက် တစ်အမျိုးသမီးညီလာခံ (ကိုပင်ဟေဂင်)၊ ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံ (ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့) နှင့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့လူငယ်နှင့် ကျောင်းသားပွဲတော် (ရူမေးနီးယားနိုင်ငံ ဘူခါရက်စ်မြို့) တို့သို့ တက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အနုပညာဆိုင်ရာ စာပေ (ပထမဆု) ကို 'ပြည်သူချစ်သော အနုပညာ သည်များ' စာအုပ်ဖြင့် ရရှိခဲ့၏။

ဆရာမကြီး လူထုဒေါ်အမာသည် ယခုအခါ အသက် (၉၀) ကျော်ပြီဖြစ်သော်လည်း စာပေရေးသားပြုစုဆဲ ဖြစ်ပါသည်။

## လူထုဒေါ်အမာ၏ စာပေလက်ရာ

ဆရာမကြီး လူထုဒေါ်အမာ၏ စာပေလက်ရာများက များပြားလှသည်။ ထင်ရှားသော စာပေလက်ရာအချို့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ မြန်မာပြည်တွင် စစ်ဆေးခဲ့သောအမှုအခင်းများ (Trials in Burma (Myanmar) by Maurice Collis)
၂။ စန္ဒမာလာ (Sandamala by Maurice Collis)
၃။ ငြိမ်းချမ်းရေးသို့ (In the Name of Peace by Archie John Store)
၄။ ဆိုရှယ်လစ်တိုင်းပြည်များသို့ (၁၉၆၃)
၅။ အိုယန်းကီးတို့
၆။ ငွေနှင့်လက်နက်
၇။ ကွန်မြူနစ်တရုတ်အင်အားပြိုင်ပွဲ (The Challenge of Red China by Gunther Stein)
၈။ တောင်အာရှပြတင်းပေါက်များ
၉။ ကမ္ဘာ့အကြီးဆုံးကျောက်ဆင်းတုတော်
၁၀။ ဆေးလိပ်နှင့်လူသား (လူထုဦးလှနှင့် တွဲဖက်ရေးသား)
၁၁။ သက်တံရောင် (The Rainbow by Wanda Wasilewska)

၁၂။ ဂျုံနှင့်စစ်သား (Wheat and soldier by Ashel Hino)
၁၃။ ချင်းတွင်းမှ ပင်လယ်သို့
၁၄။ တောင်လေးလုံးမှ နတ်ကျွန်းသို့
၁၅။ မြန်မာ့ခေတ်သစ်ပန်းချီ
၁၆။ ကမ္ဘာ့အကြီးဆုံးစာအုပ်
၁၇။ ပြည်သူချစ်သော အနုပညာသည်များ
၁၈။ ဘဝချင်းမတူသည့်တရုတ်ပြည် (The other side of the river by Edgar Show)
၁၉။ အောင်ဗလ၊ ဖိုးစိန်၊ စိန်ကတုံး
၂၀။ အငြိမ့်
၂၁။ ရွှေဒေါင်းတောင်
၂၂။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း
၂၃။ မြန်မာ့မဟာဂီတ
၂၄။ အာဖရိကဝတ္ထုတိုများ
၂၅။ မန္တလေးသူ မန္တလေးသားများ
၂၆။ ရတနာပုံမန္တလေး၊ ကျွန်မတို့မန္တလေး
၂၇။ သာသနာ့ဝန်ဆောင်ဆရာတော်ကြီးများ
၂၈။ ငယ်ကကျွမ်းသည့် ခင်ပွန်းသည်သို့
၂၉။ ထိုင်းဝတ္ထုတိုများ (၁) (၂)
၃၀။ အမေ့ရှေးစကား
၃၁။ ၈၃ နှစ် ၈၃ ခွန်း
၃၂။ လွမ်းသူ့စာ
၃၃။ ကျွန်မတို့ငယ်ငယ်က

လူထုဒေါ်အမာ၏ စာပေလက်ရာများအနက် 'ရွှေလေးဘုရားရာပြည့်ပွဲ' ဆောင်းပါး (မိုးဂျာနယ်၊ ၁၉၉၄ ဖေဖော်ဝါရီ) တွင်...

'ညောင်ပင်ဈေးက ဈေးသူဈေးသားတွေက သူတို့ရွှေလေးဘုရား အနှစ် ၁၀၀ ဒီနှစ်ပြည့်လို့ ရာပြည့်ပွဲကျင်းပတာပါ။

ဈေးသူဈေးသားဆိုတဲ့ လူတန်းစားကလည်း စိတ်ဝင်စားဖို့ကောင်းတယ်။ သူတို့က လူ့အလွှာအားလုံးကလူတွေနဲ့ ဆက်ဆံတဲ့လူတွေ၊ အဲဒီလို ဆက်ဆံရာမှာ တရားသဖြင့် ဆန်ပေးလို့ ဆေးရတဲ့နည်းနဲ့ တစ်ယောက်တစ်ယောက် အသာ





အနာမရှိတမ်း တန်းတူရည်တူ ဆက်ဆံတာ။ သူတို့ဈေးဝယ်ထဲမှာ မင်းစိုးရာဇာပါမယ်။ သူဌေးသူကြွယ် ကြေးရတတ်ပါမယ်။ လူလတ်တန်းစားပါမယ်။ လက်လုပ်လက်စား ဆင်းရဲသားပါမယ်။ စိုက်ဟယ်ပျိုးဟယ်ဆိုတဲ့ တောင်သူလယ်သမားပါမယ်။ ဒီလူတွေအားလုံးကို မျှမျှတတ အတူတူထားပြီး ဆက်ဆံတာ။ ဒါကြောင့် လူရည်လည်ရာမှာ ဈေးသည်ကို ဘယ်သူမှ မတူနိုင်ဘူး။ လူပေါင်းစုံရာမှာလည်း ဈေးသည်က ထိပ်က။ အဲဒီတော့ သူတို့က ခြောက်ရင်လည်း မကြောက်ဘူး။ မြှောက်ရင်လည်း မမြောက်ဘူးပေါ့' ဟူ၍ ရေးသားထားလေသည်။

## လူထုဒေါ်အမာ၏သား ညီပုလေး

စာရေးဆရာမကြီး လူထုဒေါ်အမာနှင့်ခင်ပွန်း လူထုဦးလှတို့မှ ၅ ရက် ဖေဖော်ဝါရီလ ၁၉၅၂ ခုနှစ်တွင် ဆရာညီပုလေးကို ဖွားမြင်ခဲ့သည်။ ညီပုလေး၏ အမည်ရင်းက ငြိမ်းချမ်း ခေါ် ဘိုညီဖြစ်ပြီး မွေးချင်း (၅) ဦးအနက် အငယ်ဆုံးဖြစ်၏။ ဆရာညီပုလေးသည် ငယ်စဉ်က မန္တလေးမြို့ စိန်ပီတာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ အထက်တန်းပညာ သင်ယူပြီးနောက် မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်သို့ ဆက်လက် တက်ရောက်ကာ ဘူမိဗေဒဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့သည်။ ဆရာညီပုလေးကား လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ စာပေမျိုးဆက်တစ်ဦးပင် ဖြစ်ပါသည်။ ဇနီး ဒေါ်တင်တင်ဝင်းနှင့် သားသမီးသုံးဦး ထွန်းကားခဲ့သည်။

## ညီပုလေး၏ စာပေလက်ရာ

ဆရာညီပုလေးသည် ၁၉၈၅ ခုနှစ်တွင် 'လျက်ဆားတစ်တို့' ဝတ္ထုတိုဖြင့် စာပေနယ်သို့ ဝင်ရောက်လာခဲ့သည်။ ဆရာ၏ လက်ရာလုံးချင်းစာအုပ် အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သူ့ထက်ကဲ ရွှေပြည်စိုး
၂။ ကလေးလူကြီးကြိုက်ပြီး ချစ်ကြပါတဲ့
၃။ လမင်းရဲ့ ချိုသာတဲ့လက်ခုပ်သံ
၄။ လူအအိပ်မက်ဝတ္ထုတိုများ
၅။ လီဒိုဟူးကောင်းမင်ခြစ်မှတ်စုများ
၆။ မြေးသူကြီး စသည်တို့ ဖြစ်သည်။

ဆရာညီပုလေးသည် မဂ္ဂဇင်းဝတ္ထုရှည်များကိုလည်း ရေးသားခဲ့ရာ ရွှေ

အမြုတေမဂ္ဂဇင်း (၂၀၀၀ ပြည့် စက်တင်ဘာ) ပါ၊ အပြောင်မြောက်ဆုံးလက်ရာ' ဝတ္ထုမှ စာပုဒ်အချို့ကို ကောက်နုတ်တင်ပြလိုပါသည်။

'ကျွန်တော် သူ့ရဲ့မျက်နှာလေးကို အလှဆုံးဖြစ်အောင် ဆေးရေးခြယ်ရင်း စဉ်းစားစရာတွေ များလာတယ်။ သူ့နှုတ်ခမ်း ထူတွဲတွဲလေးကို စိတ်တိုင်းကျ ဆေးခြယ်ပေးရင်း လက်တွေမတုန်အောင် တော်တော်ဂရုစိုက်နေရတယ်။ ဟိမဝန္တာတောကြီး၊ တောင်ကြီးတွေ၊ ဆင်တွေ၊ ကျားတွေ၊ ကြံ့တွေ၊ ခြင်္သေ့တွေ၊ ဘီလူး ကုမ္ဘဏ်ယက္ခတွေကိုရေးခဲ့ဖူးတဲ့ ဒီလက်က ကောင်မလေးတစ်ယောက်ရဲ့ နှုတ်ခမ်းလေးကျမှ တုန်ယင်နေလိုက်သေးတယ်။

ဘာပဲဖြစ်ဖြစ် ငါ နင့်ကို စဉ်းစားဖို့ တစ်ရက်အချိန်ပေးမယ်ဟာ။ မနက်ဖြန်ကျတော့ အဖြူအမည်းတစ်ခုခုတော့ အဖြေပေးရလိမ့်မယ်။ မြွေမသေ တုတ်မကျိုး၊ အဖြူလည်းမဟုတ်၊ အမည်းလည်းမဟုတ်၊ မီးခိုးရောင်တော့ မလုပ်နဲ့နော် နှမလေး။

ကောင်မလေးကို စိတ်တိုင်းကျ လိမ်းခြယ်စည်းနှောင်ပေးလိုက်တာ တော်တော်လေးကိုလှတဲ့ ကျွမ်းဘားမယ်လေး ဖြစ်သွားပြီ။ ဒီလိုလှပြန်တော့ ဒီပြင်လူတွေက ချစ်ရေးဆိုကြမှာတွေကို တွေးပူမိပြန်ရော။

"မပြီးသေးဘူးလား ဆရာ"

ကောင်မလေးက မှန်ကို ယူကြည့်ရင်းက မေးလိုက်တယ်။

'အေး... ပြီးလုပါပြီ။ ခဏလေး။ မျက်ခုံးမွေးတွေ ဆေးတင်ပေးလိုက်ဦးမယ်'

နဂိုကတည်းက သန်ပြီး မည်းမှောင်နေတဲ့ မျက်ခုံးမွေးတွေကို ကျွန်တော်က နီးနီးကပ်ကပ် ကြည့်နေချင်တာနဲ့ စေတနာတွေပိုပြီး ဆေးအကုန်ခံနေမိတယ်။

## ဘိုဘိုလန်းစင်နှင့် စာပေလက်ရာ

ဘိုဘိုလန်းစင်သည် ဆရာမကြီး လူထုဒေါ်အမာ၏မြေး ဖြစ်သည်။ ဘိုဘိုလန်းစင်၏ စာပေလက်ရာများကို ရံဖန်ရံခါဆိုသကဲ့သို့ စာစောင်များ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ တွေ့ရှိရတတ်ပါသည်။

❒



PDF Creator - nyeyadhamma@gmail.com

# အခန်း (၂)

## တွင်းသင်းတိုက်ဝန် ဦးထွန်းညို၊ စိန္တကျော်သူဦးဩတို့မှ မုံရွာစန်းမောင်သို့

ဆရာမုံရွာစန်းမောင်က စာရေးကောင်းသူ ဖြစ်သည်။ သမိုင်းမှတ်တမ်း အစုံစုံကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးဖွဲ့မှတ်တမ်း တင်နိုင်စွမ်းလည်းရှိသည်။ ဆရာမုံရွာစန်းမောင်သည်ကား မြန်မာရာဇဝင်တွင် ထင်ရှားလှသည့် တွင်းသင်းတိုက်ဝန်မဟာစည်သူဘွဲ့ခံ ဦးထွန်းညို၊ စိန္တကျော်သူဘွဲ့ခံ ဦးဩ စသည့် စာဆိုတော်ကြီးများ၏ အဆက်အနွယ်မှ ပေါက်ဖွားလာသော စာပေမျိုးဆက်တစ်ဦး ဖြစ်ပါသည်။

### မုံရွာစန်းမောင်၏ မျိုးရိုးဆက်နွယ်

တွင်းသင်းတိုက်ဝန် ဦးထွန်းညို၏အစ်မဖြစ်သူ ဒေါ်ပုသည် ဦးဧယျနှင့် လက်ဆက်ကာ စိန္တကျော်သူဦးဩကို ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။ ဦးဩသည် စဉ့်ကူးမင်း နန်းတက်လာပြီးနောက် မောင်းထောင်သို့ ပြန်လည် လာရောက်နေထိုင်ခဲ့သည်။ ထိုစဉ် မောင်းထောင်သူ မယ်အုံ့နှင့် အိမ်ထောင်ကျကာ သားသမီး (၅) ဦး ဖွားမြင်ခဲ့သည်။ ဦးသိုက်၊ ဦးစံမွန်း၊ ဦးခန့်၊ ဦးကောင်းငြိမ်းနှင့် ဦးကောင်းကြွယ်တို့ ဖြစ်ကြသည်။ သားအကြီးဆုံး ဦးသိုက်သည် တောင်တွင်းမြို့ဝန်ဖြစ်ပြီး ဦးခန့်မှာ မြန်မာပညာရှိတစ်ဦး ဖြစ်ပါသည်။ ဦးဩ၏သား ဦးကောင်းငြိမ်း



PDF Creator - nyeyadhamma@gmail.com

## မုံရွာစန်းမောင်၏ မျိုးရိုးဆက်နွယ်

ဦးဖေယျ + ဒေါ်ပု တွင်းသင်းတိုက်ဝန် + ဒေါ်ဘုံမြတ်

စိန္တကျော်သူ ဦးညို + ဒေါ်အံ မင်းရွာစား

ဦးကောင်းငြိမ်း + ဒေါ်ရွှေမေ

ဦးနှောင်း + ဒေါ်မယ်ခင်

ဦးအောင်မြင့် + ဒေါ်အေးချမ်း

မုံရွာစန်းမောင်

သည် ဒေါ်ရွှေမေနှင့် စုံဖက်ကာ ဒေါ်မယ်ခင်ကို ဖွားမြင်ခဲ့သည်။ ဒေါ်မယ်ခင်သည် မောင်းထောင်ရွာသူဖြစ်ပြီး မင်းတုန်းမင်းလက်ထက် ၁၈၅၉ ခုနှစ်ခန့်က ဖွားမြင်ခဲ့သူဖြစ်၏။

ဒေါ်မယ်ခင်က ဖခင်ဖြစ်သူ ဦးကောင်းငြိမ်း ကွယ်လွန်စဉ် ဝံတုံရွာရှိ ဦးညိုကောင်းမှုစေတီအနီး၌ မြှုပ်နှံသင်္ဂြိုဟ်ခဲ့ကြောင်း ဆိုပါသည်။ စိန္တကျော်သူ ဦးညို၏မြေး ဒေါ်မယ်ခင်သည် အသက် ၈၄ နှစ်အရွယ် ဂျပန်ခေတ်တွင်မှ ဆုံးပါးသွားရာ သူ၏မြေးဖြစ်သူ ဆရာမုံရွာ စန်းမောင်အား ကောင်းစွာ ပြောဆိုပြနိုင်ခဲ့၏။ ဒေါ်မယ်ခင်၏သမီး ဒေါ်အေးချမ်းသည် ဦးအောင်မြင့်နှင့် စုံဖက်





ကာ မုံရွာစန်းမောင်ကို ဖွားမြင်ခဲ့ခြင်း ဖြစ်၏။ ဦးအောင်မြင့်သည် ၁၉၀၄ ခုနှစ်တွင် ဖွားမြင်သူဖြစ်ပြီး အသက်အလွန်ရှည်သူလည်း ဖြစ်သည်။ ငယ်စဉ်က မောင်းထောင်ရွာတွင် သံချိုဆရာကြီး ဦးကျော်လှနှင့်အတူ နေထိုင်ခဲ့သည် ဆိုပါသည်။ ထို့ကြောင့် မုံရွာစန်းမောင်သည် ဖခင်ထံမှလည်း စာပေအမွေကို ရရှိခဲ့သည်ဟု ဆိုနိုင်၏။

စိန္တကျော်သူဦးညို၏ မြစ်တော်စပ်သူ ဆရာမုံရွာစန်းမောင်၏ မိခင် ဒေါ်အေးချမ်းမှာ ၁၉၀၇ ခုနှစ်ဖွား ဖြစ်သည်။ အသက် (၈၀) ကျော်သည်အထိ ကျန်းမာရေးကောင်းနေဆဲဖြစ်၏။ ဆရာမုံရွာစန်းမောင်က စိန္တကျော်သူ ဦးညိုမှ ရေတွက်လျှင် မျိုးဆက်လေးဆက်မြောက် ဖြစ်ပါသည်။ ဦးညိုတွင် ဒေါ်ကေးနှင့် ဒေါ်မင်းသာဆိုသူ အခြားဇနီးနှစ်ဦးလည်း ရှိသေးကြောင်း သိရှိရ၏။

## တွင်းသင်းတိုက်ဝန် ဦးထွန်းညို



ဘားတော်မင်းတရားကြီးဘုရားလက်ထက် ငယ်မည် ဦးထွန်းညိုတွင်သော တွင်းသင်းတိုက်ဝန် စာဆိုတော်ပညာရှိ အမတ်မဟာစည်သူပုံ

တွင်းသင်းတိုက်ဝန် မဟာစည်သူဘွဲ့ခံ ဦးထွန်းညိုကား စိန္တကျော်သူ ဦးညို၏ မိခင် ဒေါ်ပု၏မောင်အရင်း ဖြစ်ပါသည်။ ဦးထွန်းညိုကို ၁၇၂၆ ခုနှစ် တနင်္ဂနွေမင်းလက်ထက်တွင် ဗဒုံတိုက်နယ်အဝင် မောင်းထောင်ရွာ၊ မီးလောင်ကုန်းရပ်၌ ဖွားမြင်ခဲ့သည်။ ငယ်စဉ်က ရှင်သာမဏေဝတ်ခဲ့ရာ ရှင်လင်္ကာသာရဘွဲ့ကို ရရှိခဲ့၏။ ထိုစဉ်ကပင် ညောင်ကန်ရွာ ရွှေကန်ကျောင်းဆရာတော်ထံ ပညာသင်ကြားခဲ့သည်။

အလောင်းမင်းတရား နန်းတက်စတွင် ဦးထွန်းညို ရဟန်းဘဝမှ လူထွက်ကာ မင်းတရားကြီးထံ ခိုလှုံဝင်ရောက်ခဲ့၏။ အလောင်းမင်းတရားက သားတော် ဗဒုံမင်းသား၏ အကြီးတော်အရာ ခန့်အပ်သည်။ ဗဒုံမင်း (ဘိုးတော်ဘုရား) နန်းတက်လာသောအခါ ဦးထွန်းညိုကို ကျီဝန်ရာထူးခန့်အပ်၏။ ဦးထွန်းညိုသည် ကျီဝန်အဖြစ် ရက်သတ္တနှစ်ပတ်မျှသာ အမှုထမ်းရွက်ခဲ့ရပြီး မဟာစည်သူဘွဲ့ဖြင့် တွင်းသင်းတိုက်ဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။ ဦးထွန်းညိုသည် ၁၇၈၃ ခုနှစ် အမရပူရမြို့တော် တည်ထောင်ရာ၌လည်း ပါဝင်စီစဉ်ဆောင်ရွက်ရသည်။

၁၇၉၁ ခုနှစ်တွင် ဘိုးတော်ဘုရား မင်းကွန်းပုထိုးတော်ကြီး တည်လုပ်စဉ် တွင်းသင်းတိုက်ဝန် ဦးထွန်းညို ဘိုးတော်ဘုရားနှင့်အတူ အနီးကပ် နေထိုင်ကာ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရ၏။ စာပေဝါသနာရှင်တစ်ဦးဖြစ်သည့် အားလျော်စွာ ပျို့ကဗျာလင်္ကာများကို ရေးဖွဲ့ခဲ့သည်။ အသက် (၈၀) ကျော်အရွယ် ၁၈၀၆ ခုနှစ်ခန့်တွင် ဦးထွန်းညို မင်းကွန်း၌ ကွယ်လွန်သွားပါသည်။ တွင်းသင်းတိုက်ဝန် ဦးထွန်းညို၏ ဝန်ကတော်အမည်မှာ ဒေါ်ဘုံမြတ်ဖြစ်၏။ မင်းရွာစားသားတစ်ဦးရှိသော်လည်း အမည်ကိုမူ မသိရှိရပေ။

## တွင်းသင်းတိုက်ဝန် ဦးထွန်းညို၏ စာပေလက်ရာ

တွင်းသင်းတိုက်ဝန် မဟာစည်သူဘွဲ့ခံ ဦးထွန်းညိုသည် စာပေပညာရှင်တစ်ဦးဖြစ်သည့်အားလျော်စွာ ပျို့ကဗျာလင်္ကာ အမြောက်အမြားကို ရေးသား ပြုစုခဲ့ပါသည်။ တွင်းသင်းတိုက်ဝန် ဦးထွန်းညို၏ စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မုဒုလက္ခဏာပျို့ (၁၇၅၁)
၂။ ငါးရံ့မင်းပျို့ (၁၇၅၅)
၃။ ဇယဒ်သပျို့ (၁၇၈၂)
၄။ ဝိဓူရပျို့ (၁၇၉၁)
၅။ ဘလ္လာတိယပျို့ (၁၇၉၂)
၆။ ဝေသန္တရပျို့ (၁၇၉၉)
၇။ ဇနကပျို့ (၁၈၀၆)
၈။ မိတ္တီလာကန်တော်ဘွဲ့မော်ကွန်း
၉။ ဝရသေတဂီရိဆင်တော်မော်ကွန်း (၁၇၉၆)





၁၀။ မင်းနန်စဉ်ချေင်း (၂) စောင် (၁၇၈၄)
၁၁။ တွင်းသင်းပေါရာဏကထာ (၁၇၉၄)
၁၂။ ဝိဘဇ္ဇပိတခွဲတား (၁၇၅၁)
၁၃။ တွင်းသင်းသတ်ညွှန်းသစ်
၁၄။ တွင်းသင်းဓမ္မသတ်လင်္ကာ
၁၅။ အာယုစိန္တာကျမ်း
၁၆။ ဂြဟစိန္တာကျမ်း
၁၇။ ရတုများ (ကျောက်စာများ)
၁၈။ မင်းကွန်းဘုရားကြီး ခေါင်းလောင်းတော်ကမ္ပည်းမော်ကွန်း
၁၉။ တွင်းသင်းရာဇဝင်သစ်
၂၀။ တောလား စသည်တို့ ဖြစ်ကြသည်။

တွင်းသင်းတိုက်ဝန်၏ လက်ရာစာပေများအနက် မင်းကွန်းဘုရားကြီး ခေါင်းလောင်းတော် ကမ္ပည်းမော်ကွန်း နိဂုံးပိုင်းတွင် အောက်ပါအတိုင်း ရေးဖွဲ့ထားသည်ကို တွေ့ရှိရ၏။

'ဆဒ္ဒန်ဆင်မင်းသခင်၊ ဘုရားရှင်မင်းတရားသည်၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦဖြစ်သော၊ ခေါင်းလောင်းတော်ကြီး သံပိုင်းလင်္ကာ မော်ကွန်းစာကို၊ နောက်နောင်အရှည်တည်ရစ်စေဟု၊ ကမ္ပည်းဆော်နှိုး၊ ထိုးစေရသတည်း၊ မြင်းမိုရ်တစ်ဝက်၊ မြရောင်စက်သား၊ တောင်လက်ဇမ္ဗူ ကျွန်းငူထိပ်ယံ၊ သောင်းမြေခံထက်၊ မင်းပံရှေ့စွင့်၊ မြေတင့်ဧသန်၊ တည်ဟန်ပတ်ရစ်၊ မြစ်အနောက်ကမ်း၊ မောက်မောက်လျှမ်းမျှ၊ မိုးသန်းမမှောင်၊ ဆင်ဖြူတောင်ထက်၊ လေးရောင်ထိပ်လယ်၊ စူဠာစွယ်နှင့်၊ နှိုင်းဆွယ်ရှည်နီး၊ ပုထိုးပြီးဝယ်၊ ဆုထီးရွယ်ချောင်း၊ တို့စောလောင်းလျှင်၊ မြင့်ညောင်းရှည်နေ၊ ကမ္ဘာကြေလည်း၊ မကြေဥဒါန်း၊ ထွန်းလတ်တမည်၊ ဆွန့်၍ ကြည်သား၊ ကြေးစည်သံသာ၊ ကမ္ပည်းစာကို၊ မဟာသင်္ချာရှေ့ဘွဲ့သာနောက်၊ မဟာစည်သူ၊ ရှင်လူသိမြင်၊ ဂုဏ်ကြောင့် ထင်သည်၊ စံတင်လောက်ဘိ၊ ကဝိတံခွန်၊ မိုးစွန်တိမ်ညွန့်၊ ပျံမြူးကွန့်သား၊ ဆဒ္ဒါန်သခင်၊ ရှင်ကျွန်တော်ရင်း၊ ကျော်ထင်းဂုန်ဝါ၊ မင်္ဂလာဖြင့်၊ အက္ခရာရေးတင်၊ ကျောက်အပြင်ထက်၊ မရွှင်စကောင်း၊ ရိုက်သံညောင်းသည်၊ ခေါင်းလောင်းတော်ကြီး မော်ကွန်းတည်း'

## စိန္တကျော်သူဦးဩ

စိန္တကျော်သူဘွဲ့ခံ ဦးဩကား မြန်မာစာပေပညာရှင်ကြီးတစ်ဦး ဖြစ်၏။ တွင်းသင်းတိုက်ဝန် ဦးထွန်းညို၏ တူအရင်းလည်း ဖြစ်ပါသည်။ စိန္တကျော်သူ ဦးဩကို ခရစ်နှစ် ၁၇၂၇ ခုနှစ်တွင် ဦးဇေယျနှင့် ဒေါ်ပုတို့မှ ဖွားမြင်ပါသည်။ ဤတွင် ဦးဩ၏ မွေးသက္ကရာဇ်နှင့် ပတ်သက်၍ အယူအဆလွဲမှားနေပါသည်။ အစဉ်အလာအားဖြင့် ဦးဩကို ၁၀၉၈ ခုနှစ် (ခရစ်နှစ် ၁၇၃၆) တွင် ဖွားမြင်ကြောင်း မှတ်သားထားကြ၏။ သို့ကြောင့်လည်း ကဝိလက္ခဏာ သတ်ပုံကျမ်းကို ဦးဩ အသက် (၁၅) နှစ်အရွယ်၌ ရေးဖွဲ့ခဲ့ကြောင်း အဆိုရှိကြခြင်း ဖြစ်သည်။ မွေးသက္ကရာဇ် ၁၀၈၉ ကို ၁၀၉၈ ဟု ရေးကူးရာ၌ လွဲမှားခဲ့ကြခြင်းသာ ဖြစ်၏။

ဦးဩ၏ မွေးသက္ကရာဇ်နှင့် ပတ်သက်၍ ၁၉၃၄ ခုနှစ် လောကပါလ ပိဋကတ်တိုက်မှ ပုံနှိပ်ထုတ်ဝေသော စိန္တကျော်သူရတုစာအုပ်ပါ အတ္ထုပ္ပတ္တိတွင် ၁၀၈၉ ခုနှစ်၌ ဖွားမြင်ကြောင်း တိကျသေချာစွာ ဖော်ပြထားပါသည်။ ယင်းမှတ်တမ်းမှာ ဘိုးတော်ဘုရား၏ သားတော် သီရိပဝရမဟာသုဓမ္မရာဇာဘွဲ့ခံ အိမ်ရှေ့မင်း ဦးပေါ်၏သမီးတော် ကောင်းတုံမင်းသမီး သုသီရိသာမာဝတီမှ ဖွားမြင်သော ကောင်းတုံထိပ်တင်မကြီးထံမှ ရရှိသည့် ပုရပိုက်ပါ မှတ်သားချက်ဖြစ်သည်။ အလားတူ မန္တလေးအနောက်ပြင်ရပ်နေ သံတော်ဆင့်ဦးကျော်၏ ပေမူမှကူးသော လက်ရေးမှတ်စုတွင်လည်း (၁၀၈၉) ခုနှစ်ဟုသာ ပြဆိုပါသည်။

ဦးဩသည် ငယ်စဉ်က မောင်းတောင်ရွာ ဆရာတော်ရှင်ဂုဏသာရထံ၌ ဦးစွာ ပညာသင်ယူခဲ့သည်။ ထို့နောက် အင်းဝမြို့ ပထမ ကျော်အောင်စံထား ဆရာတော်ထံ၌ ဦးလေးတော်စပ်သူ ရှင်လင်္ကာသာရ (တွင်းသင်းတိုက်ဝန် ဦးထွန်းညို) နှင့်အတူ ဆက်လက် ပညာဆည်းပူး လေ့လာခဲ့ပြန်၏။ ဦးထွန်းညိုသည် ဦးဩ၏ ဦးလေးတော်စပ်သည်ဆိုသော်လည်း အသက် (၁) နှစ်သာ ပိုကြီးပါသည်။ အသက် (၁၉) နှစ်အရွယ်တွင် ဦးလေးနှင့်အတူ သိမ်ဝင်၍ ရဟန်းပြုခွင့်မရသဖြင့် ဦးဩ လူထွက်ကာ အင်းဝဘုရင် မဟာဓမ္မရာဇာဓိပတိ၏ ဘထွေးတော် တောင်ငူရာဇာထံ ဝင်ရောက်အမှုထမ်း၏။ ဤတွင် တောင်ငူရာဇာ၏ ပန်ကြားချက်အရ ရွှေတောင်ရာဇာကျော်ဘွဲ့ဖြင့် အမှုထမ်းရွက်စဉ်အတွင်း ကဝိလက္ခဏာသတ်ပုံကျမ်းကို ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။

တောင်ငူရာဇာသည် ၁၇၅၃ ခုနှစ်တွင် မွန်တို့လက်အောက် ကျရောက်သွားသော အင်းဝကို ပြန်လည်ကယ်တင်ရန် မိုးကောင်းဘက်၌ လက်နက်လူသူ





စုဆောင်းနေစဉ် ကွယ်လွန်သွားပါသည်။ သို့ဖြင့် ဦးဩသည် စိတ်ပျက်လက်ပျက်ဖြင့် ရွှေဘိုသို့ ရောက်ရှိလာလေသည်။ မကြာမီ အလောင်းမင်းတရားထံ ဝင်ရောက်ခစား၏။ အလောင်းမင်းတရားက ဦးဩအား သားတော်ဗဒုံမင်းသား၏ စာဆိုတော်၊ အကြီးတော်များအဖြစ် စတင်ခန့်အပ်ပြီးနောက် သံတော်ဆင့်ရာထူး တိုးမြှင့်ပေး၏။ ထိုစဉ် စိန္တကျော်သူဘွဲ့ကို ရရှိခဲ့သည်။ ၁၇၆၀ ပြည့်နှစ်တွင် အလောင်းမင်းတရားကြီး နတ်ရွာစံလွန်သွားပြီးနောက် နောင်တော်ကြီးနှင့် ဆင်ဖြူရှင်မင်းများ လက်ထက်၌ ဦးဩ သံတော်ဆင့်ရာထူးဖြင့် ဆက်လက်အမှုထမ်းခဲ့ရဟန်တူ၏။

၁၇၇၆ ခုနှစ်တွင် စဉ့်ကူးမင်း နန်းတက်လာသောအခါ ဗဒုံမင်းသား၏ အကြီးတော်ဖြစ်သော ဦးဩမှာ အဆောင်အရွက်များ ရုပ်သိမ်းခံခဲ့ရသည်။ သို့ဖြင့် ဇာတိမောင်းထောင်ရွာသို့ ပြန်လာခဲ့၏။ ဦးဩ၏မြေးဖြစ်သူ ဒေါ်မယ်ခင်က ထိုစဉ်က ဦးဩသည် ဝံတုံရွာအနီးတွင် လယ်ယာထွန်ယက် စိုက်ပျိုးကာ ဇာတ်မြှုပ်နေထိုင်ခဲ့သည်ဆို၏။ ယင်းသို့ နေထိုင်စဉ်အတွင်း အသက် (၁၆) နှစ်အရွယ် ဒေါ်အုံ့နှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။ စိန္တကျော်သူဘွဲ့ခံ ဦးဩသည် ဘိုးတော်ဘုရား ထီးနန်းရရှိသည့်တိုင် နေပြည်တော်သို့ မပြန်တော့ဘဲ ဝံတုံရွာ၌သာ နေထိုင်ခဲ့၏။ အသက်ကြီးပိုင်းတွင် စာပေရေးဖွဲ့မှု မပြုတော့ဘဲ အသက် (၈၀) ကျော်အရွယ်၌ ကွယ်လွန်သွား၏။ ဦးဩ၌ ဒေါ်မင်းသာနှင့် ဒေါ်ကေးဆိုသူ အခြားဇနီးနှစ်ဦးလည်း ရှိပါသေးသည်။ မုံရွာအထကမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးဆင့်မှာ ဦးဩနှင့် ဒေါ်ကေးတို့၏ အဆက်အနွယ်မှ ဆင်းသက်ပေါက်ဖွားလာသူ ဖြစ်သည်။

## စိန္တကျော်သူ ဦးဩ၏စာပေလက်ရာများ

စိန္တကျော်သူ ဦးဩသည် စာပေပညာရှင်ကြီး တွင်းသင်းတိုက်ဝန် မဟာ ညသူဘွဲ့ခံ ဦးထွန်းညို၏ တူတော်စပ်သူဖြစ်သည့် အားလျော်စွာ စာပေကျမ်းဂန် အချို့ကို ရေးသားပြုစုခဲ့ပါသည်။ ထင်ရှားသော စာပေလက်ရာများမှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

၁။ နမက္ကာရနိဿျ (၁၇၅၆)

၂။ ကဝိလက္ခဏာသတ်ပုံကျမ်း

၃။ မင်းဆက်ရာဇဝင်လင်္ကာ (၁၇၅၉)

၄။ ဩဝါဒထူးပျို့ (၁၇၆၁)

၅။ ဝါဆိုစဉ်ရကန်

၆။ ဘုန်းတော်ဘွဲ့ရတုများ

၇။ ဘိုးတော်ရှင်ဧချင်း

၈။ ၁၂ ပါး ကာရန်သတ်ပုံကျမ်း စသည်တို့ ဖြစ်ပါသည်။

စိန္တကျော်သူဦးဩ ရေးဖွဲ့ခဲ့သည့် ရတုများကို စုစုပေါင်း (၅၄) ပုဒ် တွေ့ရှိရ၏။ ယင်း (၅၄) ပုဒ်အနက် (၄၂) ပုဒ်မှာ စိန္တကျော်သူဘွဲ့မည်ဖြင့် ရေးဖွဲ့ခဲ့ပြီး ကျန် (၁၂) ပုဒ်မှာမူ ရွှေတောင်ရာဇကျော်ဘွဲ့မည်ဖြင့် ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။

စိန္တကျော်သူဦးဩ၏ စာများအနက် ဩဝါဒထူးပျို့သည် လည်းကောင်း၊ ကဝိလက္ခဏာသတ်ပုံကျမ်းသည် လည်းကောင်း ထင်ရှားသော စာပေလက်ရာများဖြစ်ကြ၏။ ကဝိလက္ခဏာသတ်ပုံကျမ်းမှာ ဦးဩ၏ မွေးသက္ကရာဇ် အမှတ်မှားနေမှုကြောင့် (၁၅) နှစ်သားအရွယ်တွင် ရေးဖွဲ့သော ကျမ်းတစ်ကျမ်းအဖြစ် အချိန်ကြာမြင့်စွာကပင် ထင်ရှားခဲ့လေသည်။

စိန္တကျော်သူဦးဩ၏ စာပေလက်ရာများအနက် ရတုစာပိုဒ်တစ်ပုဒ်ကို ထုတ်နုတ်တင်ပြလိုပါသည်။ ယင်းရတုကို အလောင်းမင်းတရားကြီး ၁၉ ရက် ဇူလိုင်လ ၁၇၅၉ ခုနှစ်တွင် ကျောက်မြောင်းဆိပ်မှ စုန်ဆင်းလာစဉ် လမ်းခုလတ် ပြည်မြို့အရောက် နေပြည်တော်နေရာအချို့ကို မိုးကြိုးပစ်ကြောင်း ကြားသိရခိုက် ရေးဖွဲ့ခဲ့ခြင်းဖြစ်၏။ အလောင်းမင်းတရားကြီးက ရန်ကုန်ရောက်ရှိလာပြီးနောက် ယိုးဒယားကို တိုက်ခိုက်ရန် ခရီးထွက်ခွာသွား၏။ ထိုစဉ် နေပြည်တော်မှ အတူပါလာခဲ့သည့် မိဖုရား၊ သားတော်၊ သမီးတော်တို့ကို နေပြည်တော်သို့ ပြန်ခိုင်းခဲ့သည်။ ယိုးဒယားမှအပြန်တွင် မင်းတရားကြီး ကျဆုံးသွားပေရာ စိန္တကျော်သူဦးဩ၏ ရတုမှာ နိမိတ်ထင်နေသကဲ့သို့ ရှိနေလေသည်။

'နန်းမရှင်နှင့်၊ ဝန်းကျင်ရန်မြောင်၊ သောင်းခြောက်ထောင်ကို၊ ကုန်းဘောင်ရွှေမြေ၊ ပြန်ကြလေဟု၊ ပုံသေတံဆိပ်၊ မိန့်တော်ရိပ်ကို၊ ဦးထိပ်ပန်ရွက်၊ အပြန်ခက်ခဲ့၊ ရွှေစက်ဖြန့်ရာ၊ လိုက်ချင်ပါသည်၊ ရွှေဗျာဒိတ်တော်၊ နှင့်မခေါ်၍၊ သံတော်ဦးလျှင်၊ မတင်ဝံ့ကြ၊ တရွံ့ရွံ့ပင်၊ ပျို့ဖွဲ့အိအဲ့၊ မင်းယဉ်နွဲ့တို့၊ ငိုမဲ့မျက်နှာ၊ အူချာယောက်ယက်၊ ရေဝဲပွက်သို့၊ အသက်လိပ်ပြာ၊ မပါလာပြီ၊ ကိုယ်စီကျွမ်းရစ်၊ ဘုန်းသစ်သစ်သည်၊ မချစ်၍ရှုံ၊ တို့ကိုခွဲဟု၊ ဝမ်းလွဲဝမ်းပါး၊ ဝိုးဝါးမှုးမော်၊





တိုးမောင်တော်က၊ ညှိုးရော်မြောက်တောင်၊ မျှော်ယောင်ယောင်နှင့်၊ ဘုန်းတောင်ရွှေပြည်၊ ပြန်ကြသည်ကို၊ ရွှေရည်ထည်ထည်၊ မယ်လွန်းမြင်က၊ ကြင်သင့်၏လေ၊ ရွှေစက်တော်စု၊ ကြာငုံပွင့်ဖူးတင်ရှိဦး' ဟူ၍ ဖြစ်ပါသည်။

## စာပေမျိုးဆက် မုံရွာစန်းမောင်

ဆရာမုံရွာစန်းမောင်သည် ဦးအောင်မြင့်၊ ဒေါ်အေးချမ်းတို့မှ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ဝံတုံရွာ၌ ဖွားမြင်ခဲ့သည်။ မန္တလေးသူရိယ သတင်းစာတွင် သတင်းထောက်၊ အိုးဝေသတင်းစာတွင် သတင်းဆောင်းပါးများ၊ ဗိုလ်တထောင် သတင်းစာတွင် တရားစီရင်ရေးနှင့် ပတ်သက်သော ဆောင်းပါးများ ရေးသားခဲ့ဖူး၏။ ၁၉၅၀–၅၇ ခုနှစ်များအတွင်း မုံရွာ၌ ကျင်းပပြုလုပ်သည့် စာဆိုတော်ပြဇာတ်များတွင် နှစ်စဉ် ပါဝင်ဆင်နွှဲခဲ့သည်။ ထို့နောက် ချင်းတွင်းဂျာနယ် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ပြီးနောက် စာပေနယ်မှ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တရပ်နားခဲ့ရသည်။ သို့သော် မိတ်ဆွေအပေါင်းအသင်းများ၏ တိုက်တွန်းမှုကြောင့် စာအုပ်စာတမ်းများကို ဆက်လက်ရေးသားပြုစုခဲ့ပါသည်။ ဆရာ၏ လက်ရာစာများမှာ ထူးခြားလှပြီး သမိုင်းတန်ဖိုးလည်း ကြီးမားလှ၏။

## မုံရွာစန်းမောင်၏ စာပေလက်ရာ

ဆရာမုံရွာစန်းမောင်၏ စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မောင်းထောင်ဝန်းကျင် ကြေးမုံပြင်

၂။ ထူးဆန်းအံ့ဖွယ် ဗဒုံနယ်

၃။ မင်းနှင့်ပြည်သူ ကြည်ဖြူသောအခါ (ဟံသာဝတီသမိုင်း)

၄။ ကုန်းဘောင်မင်းဆက် သူရဲကောင်းများ

၅။ ဒီမိုကရေစီ နေဝင်ချိန်

၆။ နှစ် (၆၁) ဘဝခရီး

၇။ အတိတ်မှအရိပ်များ (၂၀၀၄)

၈။ ပုထုဇဉ်သတ္တဝါတို့၏ လားရာဂတိများ (၂၀၀၃)

၉။ ငရဲကြီးရှစ်ထပ်ကျခံရသူများနှင့် ပရလောကဖြစ်ရပ်ဆန်းများ (၂၀၀၅)

စသည်တို့ဖြစ်ကြသည်။ ဆရာသည် ဘုတလင်သာသနာဝင်ကို ပြုစုနေဆဲဖြစ်ကြောင်းလည်း သိရှိရ၏။

မုံရွာစန်းမောင်၏ စာများအနက် 'ထူးဆန်းအံ့ဖွယ် ဗဒုံနယ်' စာအုပ်ကျမ်းကြီး နိဂုံးအခန်းမှ ကောက်နုတ်တင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

'ကျွန်တော်သည် စာပေနယ်ထဲသို့ ဝင်ရောက်လာခဲ့ရာ၌ ပထမတွင် မန္တလေးသူရိယသတင်းထောက်၊ ထိုဘဝတွင် (သခင်သန်းထွန်း ဖျာလိပ်ခေါင်းထဲဝင်၍ အလောင်းတော် ကဿပ (၁၀) ရွာချောင်း၊ ချင်းတွင်းမြစ် ဖြတ်ကူးပြေးပြီ) ဟု ရေးလိုက်သည်။ သတင်းမှာ ဦးဦးဖျားဖျားဖြစ်၍ စာဖတ်သူများ လှုပ်ရှားကုန်လေပြီ။ ကျွန်တော် အလွန်ကျေနပ်မိ၏။ ထို့နောက် အိုးဝေသတင်းစာတွင် (အောက်ကလည်း နေသေးရဲ့၊ မှတ်ပြီလားမေးတဲ့ ဆွေငြိမ်း) ဟု နိုင်ငံရေးဆောင်းပါးတစ်စောင် ရေးလိုက်ပြန်သည်။ ထိုအကြိမ်လည်း လက်ပွေ့သတင်းစာရောင်းသမားများ တစ်စောင်ငါးမူးရောင်းနေရာမှ ငါးကျပ်အထိ ခုန်တက်သွား၏။ ဤတွင်လည်း ကျေနပ်ရပြန်သည်။

ဗိုလ်တထောင်သတင်းစာတွင်လည်း တရားစီရင်ရေးနှင့် ပတ်သက်၍ ခေတ်နှင့် စနစ်တွေ ပြောင်းသော်လည်း တရားစီရင်ရေးစနစ်သည် ဗျူရိုကရေစီယန္တရားအသွင်ဖြင့်သာ ရှိသေးကြောင်း ရေးသားလိုက်ရာ တရားရုံးများတွင် အခေါ်အဝေါ်ပုံစံနှင့် စစ်ဆေးပုံမှုပြောင်း၍ ကျေနပ်မိပြန်သည်။ သတင်းကုန်ကြမ်းရှာဖွေရင်း သတင်းများကို ကိုယ်က အရင်ဦးအောင် ရှာသည့်လုပ်ငန်းတွင်လည်း စိတ်ဝင်စားလာသည်။ ထိုမှ ဤမှ သမိုင်းကြောင်းကလေးများ၊ စိတ်ဝင်စားဖွယ်ရာများ စုဆောင်းမှတ်ထားခြင်း စသည်များကို လုပ်ကိုင်ခဲ့သည်မှာ ပျော်စရာတစ်ခုလို ဖြစ်လာခဲ့သည်'

□




## အခန်း (၃)

## မြဝတီမင်းကြီးဦးစ၏ စာပေမျိုးဆက်များ

မြဝတီမင်းကြီးဦးစသည်ကား ကုန်းဘောင်ခေတ်တွင် ထင်ရှားကျော်ကြားသည့် စာပေနှင့် ဂီတပညာရှင်ကြီးတစ်ဦး ဖြစ်လေသည်။ မြဝတီမင်းကြီးဦးစမှ ဆင်းသက်လာသူများတွင်လည်း စာပေနှင့် တစ်နည်းတစ်ဖုံ နီးနွယ်နေကြသော စာပေမျိုးဆက်များကို တွေ့ရှိရ၏။

### စာပေမျိုးနွယ်ဆက်များ



မြဝတီမင်းကြီးဦးစသည် ပွဲစားကြီးဦးဖြိုး၊ ဒေါ်သာလိတို့၏သမီး ခင်စောနှင့် စုံဖက်ရာမှ သားတစ်ဦး၊ သမီးနှစ်ဦး ဖွားမြင်ခဲ့သည်။ သားဦးမောင်ကလေးသည် ကင်းဝန်ဦးကြွယ်ဝ၏သမီး ဒေါ်ခင်ငြိမ်းနှင့် စုံဖက်ကာ သားမောင်မြကြီး၊ သမီး ခင်နှင်းဦးနှင့် သား မောင်မြသီးခေါ် ငှက်တွင်း ဆရာတော်လောင်းလျာတို့ကို ဖွားမြင်ခဲ့သည်။ ငှက်တွင်းဆရာတော်ကား ကျမ်းပေါင်းများစွာ ပြုစုခဲ့သူ စာပေပညာရှင်ကြီးပင် ဖြစ်၏။ မြဝတီမင်းကြီး၏ နှမရင်း ဒေါ်လုံမမှာမူ (Mr.White) ဆိုသူ နိုင်ငံခြားသားတစ်ဦးနှင့် အိမ်ထောင်ကျကာ သမီးမဖြူကို ဖွားမြင်ခဲ့၏။ မဖြူသည် ဦးစံကိုင်နှင့် လက်ဆက်ကာ သမီး ခင်ဦးဗွန်းကို ဖွားမြင်ပါသည်။

## စာဆိုတော် မြဝတီမင်းကြီးဦးစ

မြဝတီမင်းကြီးဦးစကို ၂၈ အောက်တိုဘာ ၁၇၆၆ ခုနှစ်တွင် စစ်ကိုင်းမြို့ မိကျောင်းတော်ရွာ၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ မြင်းစီးကြီး ဦးပေါက်ကျော်နှင့် ဒေါ်ငြိမ်းသာတို့ ဖြစ်ကြ၏။ ငယ်စဉ်က အင်းဝမဲထီးကျောင်းဆရာတော် ဦးပရမထံ ပညာဆည်းပူးခဲ့သည်။ ဗဒုံမင်းလက်ထက်တွင် အိမ်ရှေ့မင်းသား ဦးပေါ်၏ ဘဏ္ဍာစာရေးအဖြစ် ဦးစွာ အမှုထမ်းခဲ့ရ၏။ ထို့နောက် စစ်ကိုင်းမင်းသားထံ အမှုထမ်းရာမှ နေမျိုးဇေယျသူရဘွဲ့ဖြင့် အိမ်ရှေ့သံတော်ဆင့်၊ အိမ်ရှေ့အတွင်းဝန်ရာထူးများ ရရှိခဲ့သည်။

၁၈၁၉ ခုနှစ် စစ်ကိုင်းမင်း (ဘကြီးတော်) နန်းတက်သောအခါ မဟာသီရိဇေယျသူရဘွဲ့ဖြင့် မြဝတီမြို့၏ အတွင်းဝန် ဖြစ်လာပါသည်။ အတွင်းဝန်ဦးစသည် ၁၈၂၃ ခုနှစ် ရှင်မဖြူကျွန်းအရေးကြောင့် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲ စတင်ဖြစ်ပွားစဉ် လက်ဝဲစစ်ကဲအဖြစ် လိုက်ပါစစ်မှုထမ်းခဲ့ရသည်။ ၂၀ ရက်နိုဝင်ဘာလ ၁၈၂၈ ခုနှစ်တွင် မင်းကြီး မဟာသီဟသူရဘွဲ့ခံ ဝန်ကြီးဖြစ်လာ၏။ ထို့နောက် ၁၈၃၇ ခုနှစ်တွင် ဘကြီးတော် နန်းကျသွားပြီး သာယာဝတီမင်း နန်းတက်လာသောအခါ ထောင်သွင်း အကျဉ်းချထားခံခဲ့ရ၏။ သို့သော် သမီးတော် စုဖုရားကြီး (နောင်မင်းတုန်းမင်း၏ မိဖုရားခေါင် စကြာဒေဝီ) ၏ မေတ္တာရပ်ခံမှုဖြင့် အကျဉ်းမှ လွတ်မြောက်လာခဲ့သည်။ မြဝတီမင်းကြီးဦးစသည် ပုဂံမင်းလက်ထက်တွင် မြင်းမူမြို့စားဖြစ်ခဲ့ပြီး မင်းတုန်းမင်းလက်ထက် ၅ ရက်ဩဂုတ်လ ၁၈၅၃ ခုနှစ်တွင် ကွယ်လွန်သွား၏။





မင်းကြီး ဦးစသည် ငယ်ရွယ်စဉ်ကပင် စစ်ကိုင်းမြို့နေ ပန်းထိမ်ဝန်ဟောင်းဦးညွန့်၊ ဒေါ်ငြိမ်းစံတို့၏သမီး မအေးနှင့် စုံဖက်ခဲ့၏။ ဇနီးမအေးမှာ ဦးစ အသက် (၁၉) နှစ်အရွယ်တွင် ကွယ်လွန်သွားပါသည်။ သားတစ်ယောက် ရရှိသော်လည်း ငယ်စဉ်ကပင် ဆုံးပါးသွား၏။ ဒုတိယအိမ်ထောင် ခင်စောမှာ ဟံသာဝတီဘုရင် ဗညားဒလ၏တူတော် ပွဲစားကြီး ဦးဖြိုး၏သမီး ဖြစ်ပါသည်။ မြဝတီမင်းကြီးဦးစသည် စာပေ ဂီတအရာ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ပညာရှင်ကြီးတစ်ဦးဖြစ်ပါသည်။

## မြဝတီမင်းကြီးဦးစ၏ စာပေလက်ရာ

မြဝတီမင်းကြီး ဦးစ၏ စာပေလက်ရာများကား များပြားလှပေသည်။ ဦးစသည် အိမ်ရှေ့သံတော်ဆင့် လက်ယာပုံချီထံ၌ စာရေးကလေးအဖြစ် အမှုထမ်းစဉ်ကပင် ယိုးဒယားဘာသာရေး အီနောင်ဇာတ်ကို ဇာတ်ချင်း ဇာတ်ကွက်များနှင့်တကွ ဘာသာပြန်ဆိုခဲ့သည်။ မြဝတီမင်းကြီး ဦးစ၏ စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ အီနောင်ဇာတ် (ဘာသာပြန်)

၂။ ထူးမခြားနားသီချင်းခံကြီးအပါအဝင် သီချင်းခံသီချင်းများ

၃။ ကုန်းဘောင်ပရမေပတ်ပျိုးကြီးအပါအဝင် ပတ်ပျိုးသီချင်းများ

၄။ ပန်းဝါမြို့ချီ မှတ်တမ်း

၅။ ဘွဲ့သီချင်းအမျိုးမျိုး

၆။ လူးတားလင်္ကာများ၊ ဒွေးချိုး၊ လေးချိုး၊ သဖြန်များ

၇။ ရတုများ စသည်တို့ ဖြစ်ကြ၏။

မင်းကြီးဦးစ၏ စာပေလက်ရာများအနက် ပန်းဝါမြို့ချီ မှတ်တမ်းမှာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေရာမှ ဒေါ်ဒဂုန်ခင်ခင်လေး၏ မြဝတီစာစုတွင် ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။ မင်းကြီး မှတ်တမ်းတွင်

"လက်နက်နိုင်ငံတော်ဖြစ်သော ဧညဝတီရခိုင်မြို့မှာလည်း အထက်ခန့်ထားရင်း အမတ်ကျိုဝန်နှင့် လဲ၍ အနောက်ဘက်တိုက်ဝန်ဟောင်း သိဒ္ဓိသရေ၊ နောက် ပြည်ဝန်ဟောင်း မင်းသား မောင်ကျော်လှ၊ နောက် မင်းကြီးကျော်ထင်၊ နောက် မဟာမင်းနော်ရထာတို့ကို အလဲအလှယ် ဝန်ခန့်ထားတော်မူ၍ ငြိမ်ဝပ်

စည်ပင်စွာ နှစ်သက္ကရာဇ်ရှည် အကျိုးစီးပွားတော် ဖြစ်ထွန်းပွားများလျက် သာယာ ငြိမ်းချမ်းကြသည်”

ဟူ၍ ဖော်ပြထားပေရာ သမိုင်းအထောက်အထားအချို့ ပါဝင်နေကြောင်း တွေ့ရှိရ၏။

## မြဝတီဦးမောင်ကလေး

မြဝတီမင်းကြီး ဦးစနှင့် ဝန်ကတော် ဒေါ်ခင်စောတို့မှ ဖွားမြင်ခဲ့သည်။ ဦးမောင်ကလေးသည် ဘကြီးတော်မင်းလက်ထက်တွင် မင်္ဂလာဥယျာဉ်တော်အုပ်အဖြစ် အမှုထမ်းခဲ့၏။ သီပေါမင်းလက်ထက် ၁၈၈၃ ခုနှစ်တွင် မန္တလေးမြို့ မလွန်ဈေးရပ်တွင် မြဝတီပုံနှိပ်တိုက်ကို တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် စလေဦးပုည၏ ပဒုမပြဇာတ်စာအုပ်ကို ယင်းစာပုံနှိပ်တိုက်မှ ဒုတိယအကြိမ်အဖြစ် ထုတ်ဝေခဲ့ဖူး၏။ မြဝတီမင်းကြီးဦးစ၏ သားဖြစ်ပြီး မြဝတီပုံနှိပ်တိုက်ကို တည်ထောင်ခဲ့သူလည်း ဖြစ်သည့်အလျောက် မြဝတီမောင်ကလေးဟု အမည်တွင်ခဲ့သည်။

ဦးမောင်ကလေးသည် ကင်းဝန်ဦးကြွယ်ဝ၏သမီး ဒေါ်ခင်ငြိမ်းနှင့် စုံဖက်ခဲ့၏။ သားသမီး (၃) ဦး ထွန်းကားခဲ့ရာ မောင်မြကြီး၊ ခင်နှင်းဦးနှင့် မောင်မြသီးတို့ ဖြစ်ကြသည်။ ဦးမောင်ကလေးသည် သီပေါမင်း ပါတော်မူပြီး နောက်ပိုင်း၌ သက်ရှိထင်ရှားရှိနေဆဲ ဖြစ်၏။ သို့သော် ကိုလိုနီခေတ်ဦးကာလ၌ပင် ကွယ်လွန်သွားခဲ့သည်။

## မိတ်ဆွေတစ်ဦးကပြောသော မြဝတီဦးမောင်ကလေးအကြောင်း

မြဝတီဦးမောင်ကလေး၏ လက်ရာ ကဗျာလင်္ကာအချို့ ရှိခဲ့ဖူးသော်လည်း ယခုအခါ ပျောက်ပျက်လျက်ရှိနေပြီ ဖြစ်ပါသည်။ မြဝတီဦးမောင်ကလေးနှင့် စာဆိုဘက်ဖြစ်သော ဝေါကြီးမှူး ဦးခြိုး၏ စာအချို့ကိုမူ တွေ့ရှိရ၏။ ယင်းစာများအရ ဦးမောင်ကလေးသည် ကလန့်ပုဆိုး ဝတ်ဆင်လေ့ရှိပြီး သျှောင်ထုံးနှင့် နှုတ်ခမ်းမွေးလည်းထားကြောင်း သိရှိရသည်။ ဝေါကြီးမှူး ဦးခြိုးထက်ကြီးသဖြင့် ဦးခြိုးက ‘အစ်ကို’ ဟု ခေါ်သည်။ တစ်ကြိမ်တွင် ဦးမောင်ကလေးက သင်္ကန်းဝတ်ချင်သော်လည်း သျှောင်ကြီးဖွေနှင့် နှုတ်ခမ်းမွေးကိုမူ မပယ်လိုကြောင်း ပြောပြသဖြင့် စာချိုးခဲ့သည်။





ဦးမောင်ကလေးက အသုံးအစွဲ စည်းကမ်းကြီးသည်။ စရိတ်စက ကျဉ်းအောင် နေတတ်သူဖြစ်၏။ သို့သော် ထီး၊ ဘီး၊ မှန်နှင့် ရေမွှေးတို့ကိုတော့ ဆောင်လေ့ရှိကြောင်းကို ဦးခြိုးက...

“ထမင်းဟင်း၊ ရှင်းရှင်းတဲ့ လွတ်ခဲ့ပြီ။ နွားနို့ဖျော်ရည်ချိုနှင့်၊ အသက်ကိုမွေးပုံ ထူးပါဘိ၊ ဦးမြဝတီ။ ပြောသမျှတော့ သဘောကသူသိမီ၊ ဝသီက ကျပ်ဘိခြင်း၊ ထီးကာလန့်၊ ဘီးမှန်ဆောင်ရေမွှေးနှင့် ကုန်စင်ရန် စရိတ်သေးအောင်၊ ကြေးစိတ်တဲ့မင်း” ဟု ရေးဖွဲ့ခဲ့သည်။

## မြဝတီမင်းကြီးမြေး ငှက်တွင်းဆရာတော်



မြဝတီမင်းကြီးမြေး ငှက်တွင်းဆရာတော်

မြဝတီ ဦးမောင်ကလေး၏ သားသမီးသုံးဦးအနက် အငယ်ဆုံးသား မောင်မြသီးမှာ နောင်ငှက်တွင်းဆရာတော်ကြီးအဖြစ် ထင်ရှားခဲ့၏။ ဆရာတော် လောင်းလျာ မောင်မြသီးကို ၁၆ ရက်၊ ဇွန်လ ၁၈၃၁ ခုနှစ်တွင် ဦးမောင်ကလေးနှင့် ဒေါ်ခင်ငြိမ်းတို့မှ ဖွားမြင်ပါသည်။ ငယ်စဉ်က ဆရာတော် ရှင်ကောဏ္ဍညထံ ပညာဆည်းပူးခဲ့ပြီး အသက် (၁၃) နှစ်အရွယ်၌ ရှင်သာမဏေဝတ်ခဲ့သည်။ ဘွဲ့မှာ ရှင်ပဏ္ဍဝဖြစ်၏။ ၂၉ ရက် ဇွန်လ ၁၈၅၂ ခုနှစ်တွင် ရှင်ပဏ္ဍဝ ရဟန်းဘောင်တက်သည်။ ထို့နောက် သင်္ဂဇာဆရာတော်ထံ၌ ပညာဆည်းပူးပြန်၏။ ရဟန်း ၁၅ ဝါအရတွင် မင်းတုန်းမင်းထံ ကြွရောက်ကာ တရားဟောခဲ့ရသည်။ နောက်

တစ်နှစ်တွင် မင်းဝံတောင်သို့ ကြွရောက်ကာ (၁၅) နှစ် သီတင်းသုံးခဲ့၏။ ထို့နောက် သီပေါမင်း ပါတော်မူချိန်တွင် ကွမ်းခြံကုန်းသို့ ကြွရောက်လာကာ သာသနာပြု လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံအရပ်ရပ်သို့ လှည့်လည်လျက် သာသနာတော် ပြန့်ပွားရေးအတွက် ဆောင်ရွက်ရင်း ၁၃ ရက် အောက်တိုဘာလ ၁၉၁၁ ခုနှစ်တွင် ငှက်တွင်းဆရာတော် ပျံလွန်ခဲ့၏။

## ငှက်တွင်းဆရာတော်၏ ကျမ်းများ

ငှက်တွင်းဆရာတော် ရှင်ပဏ္ဏဝသည် ရဟန်း (၅) ဝါအရ၌ပင် ကျမ်းတစ်ကျမ်း စတင်ပြုစုကာ ကျမ်းပြုဆရာတော် ဖြစ်လာခဲ့၏။ ဆရာတော်၏ စာပေလက်ရာ ကျမ်းစာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ မင်္ဂလသုတ္တန္တသာသနာ ဝိသောဓနီ (၁၈၅၇)
၂။ သာသန သုဒ္ဓိဒီပကကျမ်း
၃။ ပရမတ္ထဇျူဟာကျမ်း
၄။ သာသနာလင်္ကာရ မဂ္ဂပကာသနီကျမ်း
၅။ ရာဇောဝါဒကျမ်း
၆။ ဓမ္မပဒနိဿယသစ်ကျမ်း
၇။ လောကစိန္တာကျမ်း
၈။ ပိဋကသုံးပုံဖလဲကျမ်း
၉။ သာသနဇျူဟာကျမ်း
၁၀။ ဒိဋ္ဌိဘေဒပကာသနီကျမ်း
၁၁။ ဓမ္မစက္ကပဝတ္တနနိဿယသစ်ကျမ်း

စသည်တို့ဖြစ်ပါသည်။ ကျမ်းစုစုပေါင်း (၂၀) ကျော်ရှိပြီး အချို့မှာ ပုံနှိပ်ခြင်းမပြုနိုင်မီ ပျက်စီးသွားကြသည်လည်း ရှိ၏။

ငှက်တွင်းဆရာတော်၏ စာများထဲတွင်
'ဘုရားပျောက်သော် စိတ်မှာရှာ
တရားပျောက်သော် ကိုယ်မှာရှာ
သံဃာပျောက်သော ဒါန၊ သီလ၊ ဘာဝနာ သုံးခုပေါင်း၍ရှာ' စသည့် ဆန်းသစ်သော အယူအဆများစွာကို တွေ့ရှိရလေသည်။





## မင်းကြီးဦးစ၏မြေး ခင်ဦးဖွန်း

ခင်ဦးဖွန်းကို မြဝတီမင်းကြီးဦးစ၏ နှမရင်း ဒေါ်လုံမနှင့် ပြင်သစ် အမေရိကန် ကပြား ဦးဝိုက် (Mr.White) တို့၏သမီး မဖြူနှင့် ခင်ပွန်း ဦးစံခိုင်တို့မှ ၁၈၇၁ ခုနှစ်တွင် ဖွားမြင်ပါသည်။ ခင်ဦးဖွန်း၏ မိခင်ဒေါ်ဖြူမှာ ရွှေချည်ထိုးအတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်၏။ ဦးစံခိုင်မှာမူ မြန်မာမင်းလက်ထက် အမှုတော်ထမ်း ရွှေဇင်ယော် ပဲ့နင်းစစ်ကဲတော်မင်း ဖြစ်၏။

ခင်ဦးဖွန်းတွင် မွေးချင်းညီအစ်ကိုမောင်နှမ (၅) ဦးရှိရာ ဒေါ်ခင်ဆင့် (ပိုးကုန်သည်)၊ ဒေါ်ခင်ခင် (သံတော်ဆင့် ဦးအုံ့ကိုး၏ဇနီး)၊ ဦးအေး (နယ်စီးတောအုပ်ကြီး)၊ ခင်တုတ် (ကြေးနန်းဝန်တော်ကတော်) နှင့် ခင်ဦးဖွန်းတို့ ဖြစ်ကြသည်။ ခင်ဦးဖွန်းသည် အငယ်ဆုံးဖြစ်ပြီး ငယ်စဉ်ကပင် မိခင်ဒေါ်ဖြူနှင့်အတူ သီပေါမင်းတရား နန်းစံရာ နန်းတွင်းသို့ လိုက်ပါသွားလေ့ရှိခဲ့၏။ ပါတော်မူပြီးစတွင် မိခင်အိုကြီးနှင့် မန္တလေးမြို့ သမီးတော်ဈေးရပ်တွင် အတူနေထိုင်ရင်း အေဘီအမ်ကျောင်း၌ အင်္ဂလိပ်စာ သင်ယူခဲ့၏။ ခရစ်ယာန်သာသနာပြုတို့၏ ထောက်ပံ့မှုနှင့် ရန်ကုန် ကြည့်မြင်တိုင် နော်မံကျောင်းတက်ခဲ့သူဖြစ်ပြီး မြန်မာအမျိုးသမီးများထဲ၌ အစောဆုံး အင်္ဂလိပ်စာ သင်ယူတတ်မြောက်သူဟု ဆိုနိုင်ပါသည်။

ခင်ဦးဖွန်းသည် ကျောင်းဆရာ ဦးထွန်းဖေ (နောင် ဂျပ်ဆင်ကောလိပ်ကျောင်းအုပ်ကြီး) နှင့် ၁၉၀၁ ခု ဖေဖော်ဝါရီလတွင် လက်ဆက်ကာ သားသမီး (၈) ဦး ဖွားမြင်ခဲ့၏။ အားလုံးမှာ ဘွဲ့ရပညာတတ်များဖြစ်ကြပြီး သမီးဒေါ်လှသိန်း (ဆည်မြောင်းမင်းကြီးချုပ် ရောဘတ်မောင်တင်၏ဇနီး) သည် မြန်မာအမျိုးသမီးများထဲ၌ ပထမဆုံး B.Sc ဘွဲ့ရရှိသူဖြစ်သည်။ ခင်ဦးဖွန်းသည် အသက် ၉၀ နီးပါးအရွယ် ၁၉၆၀ ပြည့်နှစ်က ခင်ပွန်း ဦးထွန်းဖေနှင့်အတူ လမ်းမတော် ဦးနော်ဇရပ်၌ နှစ် ၆၀ ပြည့် စိန်ရတုမင်္ဂလာပွဲ လုပ်ခဲ့သေး၏။ ၁၈ရက် ဇူလိုင်လ ၁၉၆၄ ခုနှစ်တွင် ခင်ဦးဖွန်း ကွယ်လွန်သွားပါသည်။

## ခင်ဦးဖွန်း၏ စာပေလက်ရာ

ခင်ဦးဖွန်းသည် ၁၈၉၅ ခုနှစ်တွင် ရန်ကုန် နော်မံကျောင်း အောင်မြင်ပြီးနောက် ရန်ကုန်၌ပင် အိမ်ထောင်ကျခဲ့သည်။ ထို့နောက် ခင်ပွန်းဦးထွန်းဖေနှင့်အတူ မန္တလေး ပြန်သွားပြီး ၁၉၀၆ ခုနှစ်တွင် ရန်ကုန်သို့ တစ်ဖန် ပြောင်းရွှေ့လာ

ခဲ့ကြပြန်သည်။ ထိုစဉ် သားတစ်ယောက်၊ သမီးတစ်ယောက် ရရှိနေပြီ ဖြစ်ပါသည်။ ခင်ပွန်းသည် တက္ကသိုလ် ဆီးနိတ်ကောင်စီလူကြီးဖြစ်စဉ် ခင်ဦးဇွန်းက ဒပ်ဖရင်ဆေးရုံ၌ သားဖွားဆရာမ သွားလုပ်၏။ ၁၉၄၁ ခုနှစ် ဂျပန်ဝင်စဉ် ခင်ဦးဇွန်းတို့မိသားစု ရှမ်းပြည်နယ်၊ ကလောမြို့မှတစ်ဆင့် ရပ်စောက်ဘုရားဖြူရွာသို့ သွားရောက် တိမ်းရှောင်ကြရသည်။ ထို၌ စစ်ဘေးဒုက္ခသည်များကို ကြည့်ရှုစောင့်ရှောက်ခဲ့ရ၏။

ခင်ဦးဇွန်းသည် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးက တောင်းပန်လာသဖြင့် ဘုရားဖြူရွာမှ ရပ်စောက်သို့ ညဘက် အချိန်မတော် တစ်ဦးတည်း တောကြိုတောင်ကြား အန္တရာယ်များလှသော ခရီးကို သွားရောက်ကာ ကူညီခဲ့ဖူး၏။ ခင်ဦးဇွန်း၏ သမီး မသောင်းရှင်မှာ မိခင်ကို ကူညီနိုင်ခဲ့ပြီး အိမ်တွင် ဒုက္ခသည်များကို ကျွေးမွေးပြုစု စောင့်ရှောက်ထား၏။ ခင်ဦးဇွန်း၏ သားတစ်ဦးဖြစ်သူ တယ်ဒီတင်သိန်းမှာ အင်္ဂလိပ်လေတပ်မှ ပိုင်းလော့တစ်ဦးဖြစ်၍ ဂျပန်ကင်ပေတိုင်က ခင်ဦးဇွန်းတို့ နေအိမ်အား သင်္ကာမကင်းဖြစ်ကာ စောင့်ကြည့်နေခဲ့သည်။ တစ်ကြိမ်တွင် မြင်းစီး၍ ခြံဝင်းထဲဝင်လာသည့် အဖျားတက်နေသော ဂျပန်စစ်ဗိုလ်ကို ကူညီပေးရာမှ စစ်ဗိုလ် ကျန်းမာလာသောအခါ ခင်ဦးဇွန်းအား ကယ်ဆယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခန့်လိုက်လေသည်။

အင်္ဂလိပ်တို့ ကလောကို သိမ်းပိုက်ပြီးမှ ခင်ဦးဇွန်းနှင့် (၇) နှစ်ကြာ ကွဲနေသော သားဖြစ်သူ လေယာဉ်ပိုင်းလော့တို့ ပြန်တွေ့ကြရ၏။ ခင်ဦးဇွန်းက ဤအကြောင်းများကို 'နန်းတွင်းသူ ခင်ဦး၏ အတ္ထုပ္ပတ္တိ'ဟူ၍ ရေးသားပြုစုကာ စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ မိမိကိုယ်တိုင် ကြုံတွေ့ခဲ့ရသည့် ဘဝအတွေ့အကြုံများကို စိတ်ဝင်စားဖွယ် ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။ နန်းတွင်းသူ ခင်ဦး၏ အတ္ထုပ္ပတ္တိကို ခင်ပွန်းဖြစ်သူ ဂျပ်ဆင်ကောလိပ်ကျောင်းအုပ်ကြီး ဦးထွန်းဖေက ထုတ်ဝေခဲ့သည်။

❐

PDF Creator - nyeyadhamma@gmail.com



PDF Creator - nyeyadhamma@gmail.com

# အခန်း (၄)

## ဒေါ်ခင်မျိုးချစ် သို့မဟုတ် ပညာရှိဦးဖေ၏ စာပေမျိုးဆက်


မြန်မာပညာရှိ သီရိစတုရင်္ဂဗလ ဦးဖေ၏ မြေးအရင်းဖြစ်သူ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ ဆွေစဉ်မျိုးဆက်မှာ ကုန်းဘောင်နန်းတွင်း၌ ထင်ရှားခဲ့သည့် မှူးကြီးမတ်ရာ ပညာရှိကြီးများ ဖြစ်ကြလေသည်။

### မျိုးရိုးဆက်နွယ်

ဘိုးတော်ဘုရား၏ အလယ်နန်းမိဖုရားမယ်လွန်းပုနှင့် ညီအစ်မတစ်ဝမ်းကွဲတော်စပ်သူ ဒီပဲယင်းနယ် ဟသ်ာရွာသူ ဒေါ်ဆုံသည် ဘိုးတော်ဘုရား မင်းသားဘဝကပင် အိမ်တော်သို့ သားနှစ်ယောက်၊ သမီးတစ်ယောက်နှင့်အတူ လာရောက်နေထိုင်ခဲ့၏။ သားကြီးကား နောင်တွင် ကျီဝန်ကြီးခေါ် သန်လျင်မြို့စားဝန်ကြီး ဦးကျော်ခေါင်အမည်နှင့် ထင်ရှားလာပါသည်။ သားလတ်မှာ ရန်ကုန်မြို့ဝန်မြေထဲမင်းကြီး ဦးကျော်ရွှေဖြစ်သည်။ သမီးအကြီးဆုံး ဒေါ်မင်းယဉ်သည် ခုံမင်းကြီး ဦးရွှေဂိုနှင့်စုံဖက်ကာ ရန်ကုန်မြို့ဝန် ဦးခိုင်ကို ဖွားမြင်ခဲ့၏။

သန်လျင်မင်းကြီး ဦးကျော်ခေါင်၏ သားသမီးများအနက် သားတစ်ဦးမှာ မင်းတုန်းမင်းလက်ထက် လောင်းရှည်မြို့စားဝန်ကြီး ဦးမောင်ကလေးဖြစ်ပြီး သမီးတစ်ဦးမှာမူ ဗန်းမော်မြို့စားအတွင်းဝန် ဦးတုတ်နှင့် လက်ဆက်ကာ ခင်လေးကြီးဆိုသူ သမီးတစ်ယောက်ကို ဖွားမြင်ပါသည်။ ခင်လေးကြီးသည် စစ်ဗိုလ်ကြီးဦးစနှင့် ဒေါ်လေးကြီးတို့သား ဦးဖေနှင့် စုံဖက်ကာ ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ဖခင် ရာဇဝတ်ဝန်ထောက် ဦးတင်ကို မွေးဖွားပါသည်။

## မျိုးရိုးဆက်နွယ်








## မြန်မာပညာရှိ သီရိစတုရင်္ဂပလဦးဖေ

ဦးဖေကို ၂၃ ရက် ဇူလိုင်လ ၁၈၆၁ ခုနှစ်တွင် ဦးစနှင့် ဒေါ်လေးကြီးတို့မှ ဖွားမြင်ပါသည်။ ဖခင်ဦးစမှာ ဦးလင်းနှင့် ဘိုးတော်ဘုရား၏မြေး ဒေါ်သဒ္ဒါမှ ဖွားမြင်သူဖြစ်၏။ ဖခင်သည် မင်းတုန်းနှင့် ကနောင်မင်းသားများ ရွှေဘိုသို့ ထွက်ခွာစဉ်က စစ်ဗိုလ်အဖြစ် လိုက်ပါရသူဖြစ်ပြီး မင်းတုန်းမင်း ထီးနန်းရရှိသောအခါ မင်းမှုမထမ်းတော့ပေ။ ဇနီးဒေါ်လေးကြီးနှင့်အတူ ဘုရင်မင်းမြတ် ပေးသနားသည့် အောင်နန်းရိပ်သာရပ် နေအိမ်တွင် နေထိုင်စဉ် ဦးဖေကို မွေးဖွားခဲ့ခြင်း ဖြစ်သည်။

ဦးဖေသည် ငယ်စဉ်က ဖခင်ဇာတိ ရွှေဘို မြောက်ဘက်ဂူဟောင်းရွာမှ ဆရာတော် ဦးနန္ဒိယထံ၌ ပညာသင်ကြားခဲ့၏။ ထို့နောက် မန္တလေး၌ ဆရာတော် ဦးဇာဂရထံ ပညာဆည်းပူးပြန်သည်။ ဦးဖေကား ဝန်စာရေးဦးကြီးနှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သူလည်း ဖြစ်၏။ ဂူဟောင်းရွာမှ လယ်သမားဦးအုံ့၏သမီး ဒေါ်အိုနှင့် လက်ဆက်ခဲ့သော်လည်း အဆင်မပြေဘဲ အိမ်ထောင်ကွဲသွား၏။ သားသမီးလည်း မရရှိပေ။ သို့ဖြင့် ဗန်းမော်ခင်လေးကြီးနှင့် ဒုတိယအိမ်ထောင်ပြုသည်။ သား မောင်တော် (ခေါ်) ဦးတင်ကို ဖွားမြင်ပါသည်။ ၁၈၈၅ ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ ဖြစ်ပွားသောအခါ ဦးဖေ မြန်မာ့တပ်မတော်တွင် ဝင်ရောက်စစ်မှုထမ်းခဲ့၏။ မြန်မာတပ်မှူးအဖြစ် ညောင်ဦးမြို့၌ တပ်စွဲတိုက်ခိုက်ရပြီး လက်နက်အင်အား မမျှသဖြင့် မန္တလေးသို့ ပြန်လည်ဆုတ်ခွာခဲ့ရသည်။

သီပေါမင်း ပါတော်မူပြီးနောက် ခုနစ်ရွာတိုက်စား မိဖုရားနှင့် သမီးတော်များအား ဗြိတိသျှအစိုးရက ရန်ကုန်သို့ ပို့ဆောင်စဉ် ခုနစ်ရွာမိဖုရား၏ တူမရင်းဖြစ်သူ ဗန်းမော်ခင်လေးကြီးတို့မိသားစုလည်း ရန်ကုန်သို့ လိုက်ပါသွားကြ၏။ ရန်ကုန်မြို့တွင် ယုန်ရေခဲစက် အနောက်ဘက်၌ နေထိုင်ကြ၏။ ၁၈၉၄ ခုနှစ်တွင် ဦးဖေ မြန်မာပြည် စာတော်ပြန်ဌာန၌ စာရေးကြီးအဖြစ် ခန့်အပ်ခံခဲ့ရသည်။ မကြာမီ ဇနီးကွယ်လွန်သွားပြီးနောက် ပုဂံကျောက်စာရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရ၏။ ၁၉၀၈ ခုနှစ်တွင် မန္တလေးကျောက်စာရုံးသို့ ပြောင်းရွှေ့ရပြန်သည်။ ထို့နောက် ၁၉၁၂ ခုနှစ်တွင် Assistant Superintendent အဖြစ် အငြိမ်းစားယူခဲ့သည်။ ဦးဖေအား ထိုစဉ် သာသနာပိုင်တောင်ခွင် ဆရာတော်က သီရိစတုရင်္ဂပလဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဦးဖေသည် ရန်ကုန်ကောလိပ်ကျောင်းဆရာအဖြစ် ဆက်လက် လုပ်ကိုင်ခဲ့ပြီးနောက် အသက် ၆၈ နှစ်အရွယ်တွင် အနားယူခဲ့၏။ ထို့နောက် မန္တလေးသို့ ပြန်လည်သွားရောက် နေထိုင်ခဲ့သည်။ ၂၉ ရက် ဩဂုတ်လ ၁၉၄၃ ခုနှစ်တွင် ဦးဖေ စစ်ကိုင်းတောင် ခေမာသကချောင်၌ ကွယ်လွန်ခဲ့၏။

## သီရိစတုရင်္ဂဗလ ဦးဖေ၏ စာပေလက်ရာ

ဦးဖေက မန္တလေးမြို့တွင် နေထိုင်ရင်း ညီဝမ်းကွဲ ပြည်ကြီး မင်္ဂလာဦးညွန့်မှ တစ်ဆင့် မြဝတီမင်းကြီးဦးစ၏သား မြဝတီ ဦးမောင်ကလေးကို ဆက်သွယ်မိ၏။ သို့ဖြင့် 'နန်းမူနန်းရာ' အမည်ရှိ ပြဇာတ်ကို ရေးသားထုတ်ဝေဖြစ်ခဲ့လေသည်။ တစ်ဖန် ခုနစ်ရွာမိဖုရား မိသားစုနှင့် ရန်ကုန်သို့ပါသွားစဉ် ၁၈၉၁ ခုနှစ်၌ အင်္ဂပူ အုတ်ဖိုဆရာတော် ဦးဥက္ကံသက စေတီရင်ပြင်ပေါ်ရှိ ဖိနပ်စီးခြင်းမှာ အပြစ်မရှိကြောင်း ရေးသားသဖြင့် ဦးဖေက ဗားကရာဆရာတော်၏ တိုက်တွန်းချက်အရ 'စေတီယင်္ဂဏ ဝိနိစ္ဆယကျမ်း' ကို ရေးသားပြုစုခဲ့သည်။

ဦးဖေသည် ပုဂံသို့ ပြောင်းရွှေ့ရပြီးနောက် ကျောက်စာဝန် တော်စိန်ခို လက်အောက်၌ အမှုထမ်းရရာတွင် ပုဂံရာဇဝင်ကျမ်းတစ်စောင်ကိုလည်း ရေးသားပြုစုဖြစ်ခဲ့ပါသည်။ ထို့ပြင် အရက်သေစာ သောက်စားလျှင် အပြစ်ရှိကြောင်းဖြင့် 'ဝရဏပျို့' တစ်စောင်လည်း ရေးဖွဲ့ခဲ့၏။ ဤသို့ဖြင့် သီရိစတုရင်္ဂဗလ ဦးဖေ၏ စာပေလက်ရာအချို့ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

၁။ နန်းသူ့မူရာပြဇာတ်
၂။ စေတီယင်္ဂဏ ဝိနိစ္ဆယကျမ်း
၃။ ရာဇဝံသဓာလိနီခေါ် ပုဂံရာဇဝင်သစ် (၁၉၅၂)
၄။ ဝရဏပျို့
၅။ ဝိသုဂါမဝိနိစ္ဆယကျမ်း
၆။ စေတီယင်္ဂဏတ္ထဝိဘာဝနီဋီကာ
၇။ နန္ဒစေတီယကထာစာတမ်း
၈။ ကဗျာတ္ထစန္ဒိကာကျမ်း စသည်တို့ ဖြစ်ကြသည်။

မြန်မာပညာရှိ ဦးဖေ၏ လက်ရာစာများအနက် ရာဇဝံသဓာလိနီ (ပုဂံရာဇဝင်သစ်) ကျမ်း နိဒါန်းပါစာပိုဒ်တစ်ပုဒ်ကို ကောက်နုတ်ဖော်ပြလိုပါသည်။

'ရှေးအခါ ပုဂံပြည်၌ သက္ကရာဇ် ၄၀၀ ကျော်များက ရေးသားထားသော ကျောက်စာများသည် ယခုကာလ ရေးသားပြောဆိုသော အက္ခရာစကားများနှင့်






အလွန်ထူးခြားကွဲလွဲလျက် ဘာသာတစ်မျိုး၊ အက္ခရာတစ်မျိုးကဲ့သို့ ထင်ရချေသည်။ ကျောက်စာများကို လေ့လာဖန်များလျှင် အက္ခရာစကား အရေးအသားများကို မြင်၍ မည်သည့်ခုနှစ် သက္ကရာဇ်လောက်ဖြစ်သော စကားအက္ခရာဟူ၍ သိနိုင်ရာသည်။

အထက်ကာလရာဇဝင်များမှာ ကိုးကားသော အချို့ကျောက်စာသည် မူလမဟုတ်ကြောင်း ဧကန်သိရသည်ဖြစ်၍ ရာဇဝင်ဆရာတို့က ကျောက်စာကိုးကားသော်လည်း မခိုင်မာသည့်အရာ ရှိသေးသည်။ ဤရာဇဝံသဓာလိနီကျမ်းသစ် ရေးသားသည့်အရာမှာ ပုဂံမြို့ဟောင်းမှာ ရုံးစိုက်ရပ်တန့်နေထိုင်၍ မူလကျောက်စာများကို အက္ခရာအတိုင်းပါအောင် ပုံနှိပ်ကူးယူကာ လအရှည်ဖတ်ပြန် စဉ်းစားပြီးမှ ကျောက်စာစောင်ရေ ၁၂၀၀ ကျော်တို့ကို အရင်းထား၍ မင်စာစဥ့်ကွင်း စဥ့်ပုံစာ၊ မြေပုံစာတို့ကို လည်းကောင်း၊ ထိုအခါကာလက ပြုစုစီရင်သော ကျမ်းဂန်တို့ကို လည်းကောင်း၊ မြို့ရိုးမြို့တာ ဘုရားစေတီဥမင်ဂူလိုဏ်ရပ်တုဆင်းတု မြေပုံရုပ်၊ စဥ့်ကွင်းရုပ်၊ ဆေးရေးရုပ်၊ ကျောက်ရုပ်၊ အင်္ဂတေရုပ်တို့ကို လည်းကောင်း ကြည့်ရှုနှီးနှောသည်" ဟု ပါရှိ၏။

## ပညာရှိဦးဖေ၏မြေး ဒေါ်ခင်မျိုးချစ်



ပညာရှိ ဦးဖေ၏မြေး ဒေါ်ခင်မျိုးချစ်

ပညာရှိဦးဖေ၏သား ဦးတော်နှင့် ဒေါ်သန်းတင်တို့ စုံဖက်ရာမှ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ကို ဖွားမြင်ရာ ဆရာမကြီးမှာ ပညာရှိဦးဖေ၏မြေး တော်စပ်ပါသည်။

မွေးချင်း (၅) ယောက်တွင် အကြီးဆုံးဖြစ်ပြီး ၁ ရက် မေလ ၁၉၁၅ ခုနှစ်တွင် ဖွားမြင်ပါသည်။ အမည်ရင်းက မခင်မြ ဖြစ်၏။

ဒေါ်ခင်မျိုးချစ်သည် ၁၉၂၉ ခုနှစ်တွင် သရက်မြို့၌ သတ္တမတန်း အောင်မြင်ခဲ့ပြီး ၁၉၃၂ ခုနှစ်၌ တက္ကသိုလ်သို့ ရောက်ရှိလာခဲ့၏။ သို့သော် ၁၉၃၃ ခုနှစ်တွင် ကျောင်းထွက်လိုက်ကာ ၁၉၃၉ ခုနှစ်၌ ဦးခင်မောင်လတ်နှင့် စုံဖက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ B.A (English) ဘွဲ့ရရှိသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်၌ အင်္ဂလိပ်စာနည်းပြအဖြစ် အမှုထမ်းခဲ့၏။ ၁၉၅၈ ခုနှစ်တွင် ဂါးဒီးယန်းသတင်းစာ လက်ထောက်အယ်ဒီတာ ဖြစ်လာပြီး ၁၉၆၃ ခုနှစ်မှ ၁၉၆၈ ခုနှစ်အတွင်း လုပ်သားပြည်သူ့ နေ့စဉ် (အင်္ဂလိပ်) သတင်းစာအယ်ဒီတာအဖြစ် ခန့်အပ်ခံခဲ့ရ၏။

ခင်ပွန်း ဦးခင်မောင်လတ်နှင့် ဒေါက်တာခင်မောင်ဝင်းခေါ် သားတစ်ဦး ဖွားမြင်ခဲ့သည်။ ဒေါက်တာခင်မောင်ဝင်းသည်လည်း ပညာရှိဦးဖေ၏ မြစ်တော်စပ်သူ စာပေမျိုးဆက်တစ်ဦးပင် ဖြစ်ပါသည်။ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်သည် ၂ ရက် ဇန်နဝါရီလ ၁၉၉၉ ခုနှစ်တွင် ကွယ်လွန်သွား၏။

## ဒေါ်ခင်မျိုးချစ်၏ စာပေလက်ရာ

စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်သည် စာအုပ်စာတမ်းအမြောက်အမြား ရေးသားပြုစုခဲ့ပေရာ ဆရာမကြီး၏ စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကောလိပ်ကျောင်းသူ (၁၉၃၆)
၂။ မောင်တို့ယောက်ျား (၁၉၄၈)
၃။ သတင်းစာလောက (၁၉၅၂)
၄။ အပျင်းဖြေနည်း (၁၉၅၃)
၅။ ကမ္ဘာကျော်ကြား စာနှင့်စကား (၁၉၅၄)
၆။ ဥရောပစာပေနိဒါန်း (၁၉၇၀)
၇။ တို့လူလေးများ ဆိုသလေ (၁၉၇၀)
(Emil and the Detectives by Erich Kestner)
၈။ နှစ်လောကတိုက်ပွဲ (၁၉၇၀)
၉။ မိုက်ကယ်အိန်ဂျလို (၁၉၇၄)
၁၀။ ဥရောပယဉ်ကျေးမှုအနုပညာ မိတ်ဆက် (၁၉၇၆)
၁၁။ စွန့်ခဲ့ရ ကျွန်မဘဝပါရှင် (၁၉၇၆)





၁၂။ ကိုင်း ပြောလိုက်စမ်းမယ် သောင်းပြောင်းထွေလာ (၁၉၉၉)
၁၃။ အင်္ဂလိပ်စာ အင်္ဂလိပ်စကား (၂၀၀၀)
၁၄။ Three Years Under The Japs (၁၉၄၅)
၁၅။ Anawrahta of Burma (Myanmar) (၁၉၇၀)
၁၆။ Burmese (Myanmar) Scene and Sketches (၁၉၇၇)
၁၇။ Flowers and Festivals Round the Burmese (Myanmar) Year (၁၉၈၀)
၁၈။ Colourful Burma (Myanmar) (၁၉၇၈)
၁၉။ The 13 Carat Diamond and other Stories (၁၉၆၉)
၂၀။ A wonderland of Pagoda Legends (၁၉၈၁)
၂၁။ Gift and Laughter (၁၉၉၅)

ဒေါ်ခင်မျိုးချစ်၏ စာပေလက်ရာများထဲမှ 'သဘာဝကျက်သရေ အလှများကို ထိန်းသိမ်းကြရန်' ဆောင်းပါး (မိုးဂျာနယ်၊ ၁၉၉၃ ဇူလိုင်) တွင်...

'သစ်ပင်တွေဟာ လူ့လောကအဖို့ သိပ်ပြီး အရေးကြီးတယ်။ လူ့လောကသာယာရေးအတွက် အရိပ်အာဝါသ စားစရာ အသီးပေးရုံသာမဟုတ်ဘူး။ ကြည့်လေ။ လူတွေကို ယဉ်ကျေးလိမ္မာအောင် ဆုံးမတဲ့တရားတွေ ဘယ်ကအစပြုလာသလဲ။ လုမ္ဗိနီဥယျာဉ်ထဲမှာ ဖွားမြင်တဲ့ သိဒ္ဓတ္ထမင်းသားက စတာမဟုတ်လား။

ပြီးတော့ လောကကြီးရဲ့ ဆင်းရဲမှုတွေ လွတ်မြောက်နိုင်တဲ့နည်းလမ်းတွေ ရှာဖွေတဲ့အခါမှာ ဘယ်နေရာသွားသလဲ။ ရှာလို့တွေ့ပြီး ရေးဦးစွာ ဟောကြားတော့ကော ဘယ်မှာ ဟောသလဲ။ လူ့လောကကြီးမှာ ချမ်းသာငြိမ်းချမ်းမှုတွေ ရနိုင်ဖို့ ရှာပုံတော်ကြီးကို ကြည့်လိုက်ရင် ရေခံမြေခံဟာ ဥရုဝေဠကော၊ မိဂဒါဝုန်ဆိုတဲ့ နေရာတွေပဲ မဟုတ်လား။ သဘာဝနဲ့နီးစပ်ပြီး သာယာစိုပြည်တဲ့ နေရာအရပ်တွေပဲ မဟုတ်လား။

အဲသလို ပြောပါတယ်။ ဟုတ်သားပဲ။ ဥတုသုံးလီမှာ အပူအအေးမျှတအောင် နည်းအမျိုးမျိုးတွေ၊ ဓိမ်ခံပစ္စည်း သက်မဲ့သက်ရှိ အမျိုးမျိုးနှင့် ဖြေဖျော်မှုတွေနှင့် ဝန်းရံထားတဲ့ ရမသုရမ္မ အစရှိတဲ့ နန်းတော်ကြီးထဲကနေပြီး လူ့လောကကို ငြိမ်းချမ်းမှုပေးနိုင်တဲ့ တရားတွေထွက်လာတာ မဟုတ်ပါဘူး။

ခု မျက်မှောက်ခေတ်စကားနဲ့ ပြောရရင် (Sky Scraper) ခေါ်တဲ့ မိုးပေါ်ထိခမန်း ဆောက်လုပ်ထားတဲ့ တိုက်တာကြီးတွေထဲက 'အဲယားကွန်ဒီးရှင်း' တွေ၊ ဆန်းကြယ်တဲ့ ကော်ဇောတွေ၊ အိစက်ညက်ညောတဲ့ ဆိုဖာကြီးတွေနဲ့

ဆင်ယင်ထားတဲ့ အခန်းတွေထဲက လူ့လောက ငြိမ်းချမ်းရေး၊ ဒုက္ခပေါင်းမှ လွတ်မြောက်ရေးတရားတွေ ထွက်မလာပါဘူး’ ဟူ၍ ရေးသားဖော်ပြခဲ့သည်။

## ဒေါ်ခင်မျိုးချစ်၏သား ဒေါက်တာခင်မောင်ဝင်း

ဒေါက်တာခင်မောင်ဝင်းကို ဆရာမကြီး ဒေါ်ခင်မျိုးချစ်နှင့် ခင်ပွန်း ဦးခင်မောင်လတ်တို့မှ ဖွားမြင်ခဲ့ပြီး တစ်ဦးတည်းသောသား ဖြစ်ပါသည်။ ဒေါက်တာ ခင်မောင်ဝင်းသည် ၁၉၆၀ ပြည့်နှစ်တွင် သင်္ချာဂုဏ်ထူးတန်း တက်ခဲ့၏။ ၂၂ ရက် ဇွန်လ ၁၉၇၀ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ကွန်းတက္ကသိုလ်မှ ပါရဂူဘွဲ့ကို ရရှိခဲ့ပြီး ရန်ကုန်တက္ကသိုလ်၌ သင်္ချာပါမောက္ခအဖြစ် အမှုထမ်းခဲ့၏။ ထို့နောက် ၁၉၇၄ ခုနှစ်တွင် ပုသိမ်မြို့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့ရသည်။ ဇနီး ဒေါ်မိမိနှင့် သားသမီးအမြွှာကို ထွန်းကားခဲ့ရာ ပုသိမ်မြို့သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စဉ်က သားသမီးများမှာ (၆) နှစ်အရွယ်မျှသာ ရှိပါသေးသည်။ ဇနီး ဒေါ်မိမိ (တက္ကသိုလ်ရွှေရီဝင်း) သည်လည်း စာရေးဆရာမတစ်ဦး ဖြစ်သည်။

## ဒေါက်တာခင်မောင်ဝင်း၏ စာပေလက်ရာ

ဒေါက်တာခင်မောင်ဝင်း ရေးသားပြုစုသော စာအုပ်စာတမ်းများအနက် အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ သင်္ချာသစ် (၁၉၈၆)
၂။ ဂိမ်းသီအိုရီနှင့် သင်္ချာအတွေးအခေါ်သမိုင်း
၃။ သင်္ချာပညာတော်သင်ဘဝနှင့် သင်္ချာဆရာတစ်ဦး၏ မျှော်မှန်းချက်များ (၂၀၀၃)
၄။ သင်္ချာမိတ်ဆက်
၅။ သင်္ချာဝေါဟာရများ
၆။ အသက်ကို ဖန်တီးခြင်းနှင့် သိပ္ပံစာတမ်းများ (၂၀၀၃)
(တက္ကသိုလ်ရွှေရီဝင်းနှင့် တွဲဖက်ရေး)
၇။ ဒေးကားမိတ်ဆက်

ဒေါက်တာခင်မောင်ဝင်း၏ စာပေလက်ရာများအနက် ‘ပြင်သစ်နိုင်ငံမှတ်စုများ’ ဆောင်းပါး (အတွေးအမြင်စာစဉ် ၈၈၊ ၁၉၉၃ မတ်) တွင်...

‘ကွန်း (Caen) မြို့နှင့် ပတ်သက်၍ ထင်ရှားသည်မှာ သမိုင်းတွင် ထင်ရှားသော ဝီလျံဘုရင် (Wlliam the Conqueror) ၏ ရဲတိုက်ဖြစ်သည်။ ကွန်း





မြို့သည် မည်သည့်နေရာမှပင် ကြည့်လိုက်စေကာမူ ရဲတိုက်ကြီးကို မြို့ရိုးသဖွယ် မြင်ရသည်။

နောက် ထင်ရှားသော အမှတ်အသားတစ်ခုမှာ စိန့်ပီတာဘုရားရှိခိုးကျောင်း ဖြစ်သည်။ ယင်းဘုရားရှိခိုးကျောင်းကြီးသည် ဒုတိယကမ္ဘာစစ်အခါက ကွန်းမြို့အပေါ် ဗုံးပေါင်း တန်ချိန်လေးရာလောက် ချခဲ့သော်လည်း မပျက်စီးဘဲ ကျန်ခဲ့သည်။ ဤကိစ္စနှင့် ပတ်သက်၍ အယူအဆနှစ်မျိုး ကွဲနေသည်။ ကွန်းမြို့သူမြို့သားများက ဘုရားသခင်၏ တန်ခိုးတော်ကြောင့် ဗုံးမထိဘဲ ကျန်ခဲ့သည်ဟုဆိုသည်။ တစ်ဖက်ကလည်း အပြည်ပြည်ဆိုင်ရာဥပဒေအရ သမိုင်းဝင်အဆောက်အအုံများကို မဖျက်ဆီးဘဲ ချန်ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

စိန့်ပီတာ ဘုရားရှိခိုးကျောင်းရှိသော လမ်းပေါ်တွင် ပြင်သစ်နိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင်တစ်ဦးဖြစ်သော စိန့်ဂျုံ၏ (Joan of Arc) ကျောက်ရုပ်လည်း ရှိသည်’ ဟူ၍ ရေးသားဖော်ပြခဲ့သည်။

ဆရာကြီး ဒေါက်တာခင်မောင်ဝင်းသည် သင်္ချာပညာရပ်ဆိုင်ရာ စာအုပ်များကိုလည်း ရေးသားပြုစုခဲ့ရာ ကျောင်းသား လူငယ်များအတွက် များစွာ ဗဟုသုတ ရရှိစေပါသည်။

## ဂျူနီယာဝင်း

ဒေါက်တာခင်မောင်ဝင်းနှင့်ဇနီး တက္ကသိုလ်ရွှေရီဝင်းတို့မှ သမီး ဂျူနီယာဝင်းကို ဖွားမြင်ခဲ့သည်။ ဂျူနီယာဝင်းက မဟာသိပ္ပံ (သင်္ချာ) ဘွဲ့ရတစ်ဦးဖြစ်၏။ အတွေးအမြင် မဂ္ဂဇင်းတွင် ဆောင်းပါးများ အများအပြား ရေးသားခဲ့ပြီး အဘွားဖြစ်သူ ဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ (Flowers and Festivals Round the Myanmar Year) ကို အတွေးအမြင်မဂ္ဂဇင်း (စာစဉ် ၁၄၅–၁၅၇) ၌ မြန်မာဘာသာ ပြန်ဆိုရေးသားပြုစုခဲ့၏။

## ဂျူနီယာဝင်း၏ စာပေလက်ရာ

ဂျူနီယာဝင်း၏ စာပေလက်ရာအဖြစ် ပုံနှိပ်ထုတ်ဝေပြီး စာအုပ်အချို့မှာ...

၁။ (၁၂) ရာသီပန်းများနှင့် ပွဲတော်များ
၂။ ကောင်းကင်ယံမှ ယှဉ်ပြိုင်မှုများနှင့် သိပ္ပံပညာ၏ တီထွင်ဆန်းသစ်မှုများ

၃။ လူ့စွမ်းအားနှင့် ပျံသန်းခြင်း စသည်တို့ ဖြစ်ကြသည်။

ဂျူနီယာဝင်း၏ 'ကဗျာကို ခံစားခြင်း' ဆောင်းပါး (အတွေးအမြင် စာစဉ် ၁၄၉၊ ၂၀၀၁ ခုနှစ်) တွင် ကဗျာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

'ကဗျာဆိုတာ ဘာလဲတဲ့။ ဒါဟာ ဖြေရခက်တဲ့ မေးခွန်းတစ်ခုဖြစ်ပါတယ်။ ဒီမေးခွန်းကို မဖြေမီ လင်္ကာဆိုတာကို စဉ်းစားကြည့်ပါမယ်။ လင်္ကာဆိုတာဟာ ကဗျာရဲ့ ပုံပန်းသဏ္ဌာန်ကို ဆိုရပါမယ်။ ကဗျာများဟာ တစ်ခါတစ်ရံမှာ လင်္ကာသဏ္ဌာန် ရေးထားကြပါတယ်။ ဒါပေမဲ့ လင်္ကာကို ကဗျာလို့မပြောနိုင်ပြန်ပါဘူး။ လင်္ကာဟာ ကဗျာဖြစ်ချင်လည်းဖြစ်မယ်။ မဖြစ်ချင်လည်း မဖြစ်ဘူး။ လင်္ကာတွေအားလုံးဟာ ကဗျာတွေ မဖြစ်ကြပါဘူး။ လင်္ကာဟာ ကိုယ်ခန္ဓာဆိုရင် ကဗျာဟာ အဲဒီကိုယ်ခန္ဓာရဲ့ ဝိညာဉ်ဖြစ်ပါတယ်။ ဒီတော့ ဝိညာဉ်မရှိတဲ့ ကိုယ်ခန္ဓာဟာ ဘာဖြစ်သွားမလဲ'

## မောင်ရစ်နှင့် သူ၏စာပေလက်ရာ

ဂျူနီယာဝင်း၏ အစ်ကိုဖြစ်သူ မောင်ရစ်၏ စာပေလက်ရာ အချို့ကိုလည်း စာနယ်ဇင်းများတွင် ရံဖန်ရံခါ တွေ့ရတတ်ပါသည်။ မောင်ရစ်၏ စာများထဲမှာ 'ကလေးအတွေး' ဆောင်းပါး (အတွေးအမြင်၊ စာစဉ် ၇၆၊ ၁၉၉၂ ဖေဖော်ဝါရီ) စာပိုဒ်အချို့ကို ကောက်နုတ်တင်ပြအပ်ပါသည်။

'ကျွန်တော်တို့ မျက်စိရှေ့က အခုခေတ်ကလေးတွေကို ကြည့်ကြရအောင်။ သူတို့လက်ထဲမှာ ဖတ်စရာစာတွေဟာ ကျွန်တော်တို့နဲ့ ခြားနားသွားပြီ။ ကျွန်တော်တို့ကလေးဘဝ စိတ်ကူးယဉ်ခဲ့ကြသလို သူတို့တွေ မဟုတ်တော့ဘူး။ ကျွန်တော်ဘာမဟုတ်တဲ့ကိစ္စတစ်ရပ်ကို ရေးကြီးခွင့်ကျယ် လုပ်နေတယ် မထင်ကြပါနဲ့။ အနာဂတ်ကာလကို ဖန်တီးထူထောင်ကြမယ့် မျိုးဆက်သစ်တွေ ငယ်စဉ်က ဖတ်ရှုခဲ့ရတဲ့ စာအုပ်စာပေကို အာရုံထားပြောနေတာ ဖြစ်ပါတယ်။

ဦးဘကြည် သရုပ်ဖော်ဇာတ်တော်ကြီး ဆယ်ဘွဲ့ရုပ်ပြစာအုပ် သူတို့မဖတ်ဖူးဘူး။ ၅၅၀ နိပါတ် ကာတွန်းတွေမမြင်ဖူးဘူး။ ကလေးများအဖို့ ဗုဒ္ဓဝင်သရုပ်ဖော်ဆိုတာ လက်လှမ်းမမီဘူး။ ၃၈ ဖြာ မင်္ဂလာကာတွန်း ပဒေသာဆိုတာလည်း မသိဘူး။ ကျွန်တော်တို့အဖို့ အံ့သြစရာပါပဲ" ဟူ၍ ဖြစ်သည်။

❒



# အခန်း (၅)

# တော်ဝင်မိသားစု

မင်းတုန်းမင်းတရားကြီးနှင့် မင်းတရားကြီးမှ ဆင်းသက်ပေါက်ဖွားလာသူ တော်ဝင်မိသားစုများ၌လည်း စာပေမျိုးဆက်များကို တွေ့ရှိရ၏။

## မျိုးရိုးဆက်နွယ်

သာယာဝတီမင်းနှင့် ကျောက်မော်မြို့စား မိဖုရားမှ မင်းတုန်းမင်းတရားကြီး ဖြစ်လာမည့် မောင်လွင်နှင့် အိမ်ရှေ့စံ ကနောင်မင်းသား ဖြစ်လာမည့် မောင်ကောက်တို့ကို ဖွားမြင်ခဲ့သည်။ တစ်ဖန် မင်းတုန်းမင်းတရားသည် ဘကြီးတော် (စစ်ကိုင်းမင်း) နှင့် နန်းမတော်မယ်နုတို့၏ သမီးတော် ဆင်ဖြူမရှင်နှင့် လက်ဆက်ကာ သမီးတော် စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားလေးတို့ကို ဖွားမြင်ပါသည်။ စုဖုရားလတ်သည် သီပေါမင်း၏ မိဖုရားခေါင်ဖြစ်ပြီး သမီးတော်လေးပါး ထွန်းကားခဲ့ရာ စတုတ္ထသမီးတော် အရှင်ထိပ်စုမြတ်ဖုရားကလေးမှ တော်ဘုရားကလေး (ဦးအောင်ဇေ) ကို ဖွားမြင်ခဲ့၏။

## မင်းတုန်းမင်း၏ အတ္ထုပ္ပတ္တိ

မင်းတုန်းမင်း (ဦးလွင်) ကို သာယာဝတီမင်း (ဦးခင်) နှင့် ကျောက်မော်မြို့စား (ယခင်ပဒေသာတိုက်စား) မိဖုရားတို့မှ ၅ ရက် ဇူလိုင်လ ၁၈၁၄ ခုနှစ်တွင် ဖွားမြင်ပါသည်။ ခမည်းတော် သာယာဝတီမင်း၏ နောင်တော်ရင်းဖြစ်သူ စစ်ကိုင်း

## မျိုးရိုးဆက်နွယ်

အိမ်ရှေ့မင်းဦးပေါ် + ဒေါ်ကေ

သာယာဝတီမင်း + ကျောက်မော်မိဖုရား

စစ်ကိုင်းမင်း (ဘကြီးတော်) + နန်းမတော်မယ်နု

မင်းတုန်းမင်း (ဦးလွင်) + ဆင်ဖြူမရှင် (အလယ်နန်းမိဖုရား)

စုဖုရားကြီး

စုဖုရားလတ် + သီပေါမင်း

ကိုကိုနိုင် + စတုတ္ထသမီးတော်

တော်ဘုရားကလေး (အောင်ဇေ)

မင်းခေါ် ဘကြီးတော်မင်း (ဦးစိန်) သည် စာပေဗဟုသုတလိုက်စားသူတစ်ဦး ဖြစ်၏။ စစ်ကိုင်းမင်းသည် စာပေလောကတွင် ထင်ရှားခဲ့သည့် သာမုန္ဒြိယကျမ်းကို မူရင်းမာဂဓဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည့် ကျမ်းပြုပုဂ္ဂိုလ်ဘုရင် တစ်ပါး ဖြစ်သည်။

မင်းတုန်းမင်းသား မောင်လွင်သည် ငယ်စဉ်က မဟာဇေတိကာရာမ တိုက် ရတနာဘုံစံကျောင်းဆရာတော် ဦးစန္ဒိမာထံတွင် ပညာဆည်းပူးခဲ့သည်။ ၁၇ ရက် ဖေဖော်ဝါရီလ ၁၈၅၃ ခုနှစ်တွင် နန်းတက်လာပြီးနောက် မတ်လ







မင်းတုန်းမင်း

၂၇ ရက်နေ့၌ စကြာဒေဝီအား မိဖုရားခေါင်အရာ ချီးမြှောက်ခဲ့သည်။ စကြာဒေဝီမှာလည်း ပိဋကတ်ဗေဒင်တတ်ကျွမ်းသူ ပညာရှင်မိဖုရားကြီးဖြစ်၏။ မင်းတုန်းမင်းသည် အမရပူရ နေပြည်တော်၌ နောင်တော် ပုဂံမင်းအား နန်းချကာ ထီးနန်းဆက်ခံခဲ့သော်လည်း ၂၉ ရက် ဒီဇင်ဘာလ ၁၈၅၆ ခုနှစ်တွင် မန္တလေးမြို့တော်သစ်တည်ရန် အမိန့်ထုတ်ပြန်ကာ မြို့တော်သစ်ကို တည်ဆောက်ခဲ့၏။ ထို့နောက် ၁၆ ရက် ဇူလိုင်လ ၁၈၅၈ ခုနှစ်တွင် မန္တလေးနန်းတော်အား မြနန်းစံကျော်၊ နန်းမြို့အား လေးကျွန်းအောင်မြေ၊ မြို့တော်အား ရတနာပုံဟု ခေါ်ဝေါ်စေကာ ပြောင်းရွှေ့ နန်းစံခဲ့သည်။

မန္တလေး၌ ထီးနန်းစိုးစံစဉ်အတွင်း မင်းတုန်းမင်းက စာပေပညာရှင် အမြောက်အမြားကို ချီးမြှင့်မြှောက်စားခဲ့၏။ ၂ ရက် စက်တင်ဘာလ ၁၈၆၇ ခုနှစ်တွင် မှန်နန်းရာဇဝင်ကျမ်းကို ဆက်လက် ရေးသားပြုစုကြရန် အဖွဲ့ဝင် (၅) ဦးပါ ဒုတိယမဟာရာဇဝင်တော်ကြီး ပြုစုရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁ ရက် အောက်တိုဘာလ ၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်း နတ်ရွာစံလွန်ပါသည်။

### မင်းတုန်းမင်း၏ စာပေလက်ရာ

မင်းတုန်းမင်းက စာရေးစာဖတ် ဝါသနာပါသည်။ အားလပ်သည့်အချိန်များတွင် မှန်နန်းဆောင်၏တောင်ဘက် ကပ်လျက်ရှိသော ရွှေဆောင်တော်တွင် စံနေကာ စာဖတ်နေတတ်၏။ တစ်ခါတစ်ရံ ကဗျာလင်္ကာများကို ကိုယ်တိုင် ရေးဖွဲ့တတ်

သည်။ ကိုယ်ပိုင်စာကြည့်တိုက် (စာတိုက်) အတွင်း၌ ဘုရင့်လက်ရေးဖြင့် ရေးသားထားသည့် ပုရပိုက်ဖြူများ ရှိပါသည်။ မင်းတုန်းမင်း နတ်ရွာစံလွန်သွားပြီးနောက် သားတော် သီပေါမင်းလက်ထက် အဆောင်တော်ကိုဖျက်ကာ ရွှေကျောင်းတော်ကြီးဆောက်လုပ်ရန် ဟန်ပြင်စဉ် ပုရပိုက်အချို့ကိုရရှိခဲ့၏။ ယင်းပုရပိုက်များထဲတွင် မင်းတုန်းမင်း၏ လက်ရာ တေးထပ်သုံးပုဒ်ကို တွေ့ရှိကြရသည်။

## နန်းမတော်ဘွဲ့တေးထပ်

'ဘီးပုံတော်ခွေစပတ်ကယ်နှင့်၊ ကြွေမတတ်မူရာ၊ ရွှေနားကပ် မကူသာပေါင်၊ မဟူရာဆင်၍၊ သိမ်ရေကျရော့ရီးခြုံတယ်၊ ကြော့နည်းပုံ ဆန်းလိုက်ပါပေ့၊ ဝတ်လဲတော် ကြိုးအဝါ၊ ခိုးနံ့သာမသွေ့၊ ရီးရှာသည့်ဓလေ့မို့၊ ပြကတေ့ယဉ်ပြန်၊ မျက်လုံး တော်တစ်မူသစ်တာက၊ ဇမ္ဗူရာဇ်သိန်းကမတန်၊ ရွှေနန်းသူချောရှာဟန်မှာ၊ သောတာပန် မိသူငွေးကဲ့သို့၊ မြေးရှစ်ကျိပ်ရတောင်ကွယ်၊ ရှေးကထက်ငယ်၊ လေးဆယ်ပြည့် ဇရာရွယ်တောင်၊ ကညာမယ်သာဘူးဗျာ့လေး'

ဤတေးထပ်ကို နန်းမတော်မိဖုရားခေါင် (စကြာဒေဝီ) အား ရည်ညွှန်းစပ်ဆိုခဲ့၏။

## မြောက်နန်းမိဖုရားဘွဲ့တေးထပ်

ရွှေမေတ္တာပိုမိုလှချောင့်၊ ဇန္ဒရပုံလို၊ မြင်တိုင်းပ ရသာချိုတယ်၊ အမယ်အိုသည့်လား၊ ပါးရေကျုံ့ဆံတော်ကေမှာ၊ ဖြူလေလေတိုး၍သနား၊ ခါးတော်က ညွတ်ခွေခွေ၊ ကြင်ဗျာရွှေထပ်ပွား၊ မဲ့နက်နီပုံများနှင့် ချစ်အားက ထပ်မံ၊ သူငယ်ပြန်အရွယ်ရောက်၊ ဘယ်ကလောက်တွေးလို့မမှန်၊ မိုးဏ္ဍသက်နှံငယ်၊ လိုက်စေရန်စကြာမျိုးနဲ့၊ ရှိခိုးလို့အမယ်အို၊ လဲချင်လို့ငို၊ ကြင်ဦးမို့ စေတနာပိုတယ်၊ မလဲလိုမြဲပါငဲ့လေး'

ဟူ၍ ဖြစ်သည်။ ဤတေးထပ်မှာ မိမိ၏ငယ်ချစ် မြောက်နန်းမိဖုရားခင်သဲအား ရည်ညွှန်းစပ်ဆိုထားသည်ဟု ဆို၏။ ခင်သဲသည် အမတ်ကြီး ဦးသာဖြူ၏ သမီးဖြစ်ပြီး ငယ်ရွယ်စဉ်က ကတိသစ္စာပြုခဲ့ကြသော်လည်း မင်းတုန်းမင်းအမှန်တကယ် နန်းတက်လာသောအခါ မိဖုရားခေါင်အရာ မရရှိခဲ့ပေ။ ညီတော်အိမ်ရှေ့စံ ကနောင်မင်းသားကြီးက မင်းသွေးပါသူ အစ်မတော် စကြာဒေဝီကို မိဖုရားခေါင်အရာ တင်မြှောက်မှသာ ဘိသိက်ပွဲ၌ ကန်တော့မည်ဖြစ်ကြောင်း၊





သာမန်မင်းမျိုး မဟုတ်သူကို မိဖုရားခေါင်အရာ မြှောက်ပါက သူ့အနေဖြင့် လက်ခံလိမ့်မည် မဟုတ်ကြောင်း ခြိမ်းခြောက်ပြောဆိုမှုများ ရှိခဲ့သည်ဆိုပါသည်။ မင်းတုန်းမင်း ထီးနန်းရရှိရေး၌ အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ အခန်းကဏ္ဍမှာ အရေးပါလှသည့်အလျောက် ညီတော်၏စကားကို မပယ်ဖျက်နိုင်ခဲ့ပေ။

## အလယ်နန်းတော် မိဖုရားဘွဲ့တေးထပ်

'ရာပြည့်ပြည့် ရှိပန်သ၊ တိုင်းပူရဉသျှောင်၊ ညာနန်းမအခေါင်၊ သက်အယောင်မပြား၊ စန်းငွေလတိမ်စင်လို၊ နှိုင်းမမြင်ထီးဖြူအောက်ဖွား၊ တော်လေးဝနတ်မူနီလို၊ မှတ်တူညီမခြား၊ သို့ပါသော် စိတ်ထားမှာ၊ မျက်အားတော်လွန်ကြွယ်၊ တစ်နာရီအချိန်လောက်၊ အကောက်ကများလှပါတယ်၊ မဖြစ်သင့်မူငယ်ကို၊ ငိုကာကျယ်ဉာဏ်ချဲ့လို့၊ ပူရှာဖွဲ့မကြည်လင်၊ ငြိုးမာန်ဖွဲ့ဆင်၊ ရွှေစိတ်တော် သူ ကြည်လင်အောင်၊ သိကြားပင်လာစမ်းတော့လေး' ဟူ၍ ဖြစ်ပါသည်။

ဤတေးထပ်မှာ ဘကြီးတော် (စစ်ကိုင်းမင်း) နှင့် နန်းမတော်မယ်နုတို့၏သမီးတော် ဆင်ဖြူမရှင်မိဖုရားကြီးအကြောင်း ရေးဖွဲ့ထားခြင်း ဖြစ်သည်။ ဆင်ဖြူမရှင်က မာန်မာနကြီးပြီး တစ်နာရီအတွင်း၌ပင် အကြိမ်ကြိမ် စိတ်ကောက်တတ်သူဖြစ်ကြောင်း ရေးဖွဲ့ခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် အသက်အရွယ်ကြီးရင့်လာသောအခါ တရားဓမ္မ၌သာ မွေ့လျော်ခဲ့သည်။ မင်းတုန်းမင်း၏ လက်ရာစာပေများထဲတွင် နိဗ္ဗိန္ဒတေးထပ်ဟု ခေါင်းစဉ်တပ်ထားသည့် တေးထပ်တစ်ပုဒ်ကိုလည်း တွေ့ရှိရ၏။

## နိဗ္ဗိန္ဒတေးထပ်

'မြသီတာရေကြောဝယ်၊ မျောရှာတဲ့ဆင်သေ၊ မိုက်ပါလှကျီးတွေမှာ၊ စီးကာလေသူတို့၊ ဆင်ဟတ္ထိမံသံကို၊ စားပျော်ရန်ရေးကာမချို့၊ ယမုံနာရေချိုကို၊ သောက်မျိုကာ ငါတို့၊ နေ့ရက်ရှည် လေပို့လို၊ ကမ်းညိုညိုမမြင်၊ ဆင်သေကောင်အပုပ်မြုပ်ကာမှ၊ ပြန်အားထုတ်ကြိုးကြရာတွင်၊ ဆားရေနက်အလယ်ပြင်ဝယ်၊ ကျီးကုန်စင်ပျက်ဟန်ဆုံးလို့၊ ဘုံသုံးရပ်ငါးကာမှာ၊ စွဲတဲ့ဗလား ဆားငံတဲ့ ဇွဲလယ်ချာလို၊ ပါယ်လေးရွာမြုပ်ချည်ငဲ့လေး' ဟူ၍ ဖြစ်ပါသည်။

## မိုင်းနောင်စုဖုရားကြီး



မိုင်းနောင်စုဖုရားကြီး

စုဖုရားကြီး၏ ဘွဲ့မည်က သီရိသုဓမ္မာဒေဝီ ဖြစ်သည်။ စုဖုရားကြီးကို မင်းတုန်းမင်းနှင့် အလယ်နန်းမိဖုရား ဆင်ဖြူမရှင်တို့မှ ၂၆ ရက် ဖေဖော်ဝါရီလ ၁၈၅၄ ခုနှစ်တွင် ဖွားမြင်ပါသည်။ မိုင်းနောင်မြို့ကို မြို့စားအရာ ရရှိခဲ့ပြီး မိုင်းနောင်စုဖုရားကြီးဟု အမည်တွင်ပါသည်။ စုဖုရားကြီး၌ မွေးချင်းညီအစ်မ (၃) ဦးရှိရာ စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားကလေးတို့ ဖြစ်ကြပါသည်။


၂ ရက် အောက်တိုဘာလ ၁၈၇၈ ခုနှစ်တွင် သီပေါမင်း နန်းတက်လာပြီးနောက် နိုဝင်ဘာလ (၆) ရက်နေ့၌ မိဖုရားကြီးအရာတင်သော မဟာသိဘိသိက်ပွဲကို ကျင်းပပါသည်။ ထိုစဉ်က စုဖုရားကြီးကို မိဖုရားခေါင်အဖြစ် လျာထားခဲ့သော်လည်း စုဖုရားလတ်က မိဖုရားခေါင်နေရာကို ဝင်ယူလိုက်သဖြင့် စုဖုရားကြီးမှာ အမည်ခံ မိဖုရားခေါင်မျှသာ ဖြစ်ခဲ့ရ၏။ စုဖုရားကြီးသည် မိမိ၏ ခံစားချက်များကို တရားဓမ္မဖြင့် ဖြေဖျောက်နေထိုင်ခဲ့ရ၏။ ၁၈၈၅ ခုနှစ် သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူသောအခါ စုဖုရားကြီးလည်း မဒရပ်သို့ လိုက်ပါသွားခဲ့သည်။ ထို့နောက် သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ရတနာဂီရိသို့ ပို့ဆောင်စဉ် စုဖုရားကြီးနှင့် မယ်တော် ဆင်ဖြူမရှင်တို့အား ထားဝယ်မြို့သို့ ပို့လိုက်ပါသည်။





စုဖုရားကြီးသည် ထားဝယ်မြို့မှတစ်ဖန် ရန်ကုန်သို့ အပို့ခံရပြန်၏။ ရန်ကုန်၌ရှိစဉ်အတွင်း သီလရှင်ဝတ်သွားသည်ဟူ၍လည်း ဆိုပါသည်။ စုဖုရားကြီးသည် ရန်ကုန်တွင် စံနေရင်း ဘာသာရေးဆိုင်ရာ ကျမ်းအချို့ကို ပြုစုခဲ့၏။ ၂၅ ရက် နိုဝင်ဘာလ ၁၈၉၈ ခုနှစ် အသက် ၄၄ နှစ်အရွယ်တွင် မိုင်းနောင်စုဖုရားကြီး မင်းကွန်း၌ ကံကုန်သွားပါသည်။ ယခင်က အုတ်ဂူရှိခဲ့ဖူးသော်လည်း ယခု မရှိတော့ပေ။

## စုဖုရားကြီး၏ စာပေလက်ရာ




စုဖုရားကြီးသည် ငယ်စဉ်ကပင် စာပေကျမ်းဂန်များ သင်ယူတတ်မြောက်ခဲ့သူဖြစ်ပါသည်။ ၁၈၇၈ ခုနှစ်တွင် သီပေါမင်း နန်းတက်လာပြီးနောက် မိဖုရားခေါင်အရာမြောက်သော်လည်း စုဖုရားလတ်က အမွေသိမ်းယူလိုက်သဖြင့် နောက်ပိုင်း သီလရှင်ဝတ်သွားခဲ့သည်။

စုဖုရားကြီးရေးသော တေးထပ်တွင်...

'ခုဖြစ်ပုံကြောင်းတွေကို သိတာမို့၊ ခေါင်းကြွေရိခွေကာ၊ လောင်းတေမိဆွေမဟာလို၊ နေသာအောင်နေရာ၊ နားမျက်စိခံတွင်းတော်ကို၊ ကင်းသနော်ရွေး

မျှမဟာ၊ ရပ်ပြစ်ရှစ်ဝင်းစင်ကွာအောင်၊ တွေးသကာ်ဃန၊ အေးချင်တာဘဝမို့၊ အအလိုနေမယ်၊ အမှုတွေ လန့်ခမန်းရယ်ကြောင့်၊ ငါးရံ့ကန်း လူလုပ်ပါတော့မယ်၊ ကံ့အခန်းသူဟုတ်ကယ်လျှင်၊ ဖြုဆုတ်မယ်မရှောင်လှပါဘူး၊ ရွှေကြောင်ကျလေးဘက်ပါ၊ ရွှေးထွက်တဲ့ခါ၊ ခုများဖြင့် အေးကွက်ရှာတယ်၊ ဈေးမျက်နှာလုပ်တုန်းမို့လေး'

ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရှိရ၏။
ထို့ပြင် လေးဆစ်ကဗျာတစ်ပုဒ်တွင်လည်း...
မျက်နှာတော်တသိရီမဲ့သူမို့
ရှက်သနော် အရှိန်ကိုငဲ့ပါလို့
မှိန်မဟဲ့... မှိန်ရတယ်။
မချမ်းမြနိုင်ဘူး
နန်းကျခေါ်အသူရာသို့
တစ်ဗျူဟာ ထွက်မလောချင်ဘူး
တောခိုတော့မယ်။
ဘုံသုံးဆယ့်တစ်ဘုံသားကိုဖြင့်
လှုံ့ဦးမယ် မလှုံ့အားပြီဘူး
ယုံစားလို့ မှောက်ပေါ့ကွယ်
ကြောက်တယ်ဗျာ့ခင်မရဲ့။
အားမတူ
သနားဖွယ်သွယ်ဝယ်မြှူတော့
ကယ်ဆယ်သူမြူမရောတာမို့
တောခိုမှပဲ
ဟူ၍ ဖြစ်သည်။

မိုင်းနောင်စုဖုရားကြီးသည် ရန်ကုန်တွင် စံနေစဉ်အတွင်း ၁၄ ရက် ဖေဖော်ဝါရီလ ၁၈၈၉ ခုနှစ်တွင် စိတ်ထိန်းကမ္မဋ္ဌာန်းကျမ်းကို ရေးသားပြုစုပြီးစီးခဲ့သည်။ ယင်းကျမ်းကို ၁၉၀၈ ခုနှစ်တွင် ရန်ကုန်မြို့ ဟံသာဝတီ သတင်းစာတိုက်မှ ရိုက်နှိပ်ထုတ်ဝေခဲ့၏။ စာအုပ်မှာ ၆ လက်မ x ၄လက်မအရွယ်၊ စာမျက်နှာ ၄၈ မျက်နှာ ပါဝင်ပါသည်။ စာအုပ်မျက်နှာဖုံးတွင်...





**သုဒဿန၊ အယုဇ္ဈကြဝှာန်း၊ ရွှေပြည်မန်းကို**
**ဖန်ဆန်းတည်ထောင်တော်မူသော ဇမ္ဗူ**
**နရိန်၊ သမ္မိန်စတ္တဂုတ်၊ ဗောဓိသတ်နှင့်**
**ဆုမြတ်ပတ္ထနာ၊ အတူပါသည်**
**ဆဒ္ဒါဝတီ၊ ဒေဝီညာဘွား**
**မိဖုရားခေါင်ကြီး၏ သမီးတော်**
**မြတ်အရှင်ထိပ်စုကြီးဘုရားကိုယ်တော်တိုင်**
**စီရင်ရေးသားတော်မူသော**
**စိတ်ထိန်းကမ္မဋ္ဌာန်း**

ဟူ၍ ဖော်ပြထားပါသည်။
ကျမ်းစာနိဒါန်းတွင်...

'ရာဇမဟေသီဒေဝီ အခေါင်ပြောင်ဆဒ္ဒန်သခင် အရှင်မိဖုရားခေါင်ကြီးဘုရား၏ သည်းချာညွန့်နှစ်၊ သမီးတော်ချစ်ရတနာ၊ သာကီနွယ်ဝင် ပြစ်ကင်းစင်သော အရှင်ထိပ်စုမြတ်ဘုရားကြီးသည် သရီမွေမြတ်လေးဆူဓာတ်တို့ဖြင့် ကိန်းဝပ်စံပျော်တော်မူရာ မဟာတိဂုမ္ဘစေတီတော်ကြီး၏ မြောက်လျှံအောက်ဝေဝေ၊ ကျက်သရေနှင့် ထွေထွေတင့်ဆန်း၊ လွန်ကျယ်ဝှန်းသော မင်္ဂလာအိမ်တော်တွင် စံပယ်တော်မူစဉ်အခါ'

ဟူ၍ ဖော်ပြထားပေရာ ဤကျမ်းစာကို ရန်ကုန်မြို့၌ ရေးသားပြုစုခဲ့ခြင်း ဖြစ်လေသည်။

ထို့ပြင် စိတ်ထိန်းကမ္မဋ္ဌာန်းကျမ်း၌...


'ဘိက္ခုဝေသံသရာဘေး၊ လေးသောတာဝန်ကို ရှုလေ့ရှိသော သူတော်ကောင်းအပေါင်းတို့... အဂေဟံ တည်ရာအိမ်လည်း မရှိထသော အာဂုတ္တစိတ္တံ မစောင့်ရှောက်သော စိတ်လည်းရှိထသော၊ အနုပရန္တော စိတ်၏နောက်သို့ အစဉ်လိုက်သောသူသည် သဗ္ဗဒုက္ခာ ခပ်သိမ်းသော ဆင်းရဲအပေါင်းတို့သည် ပဝတ္တန္တိ ဖြစ်ကုန်၏'

ဟူ၍ ရေးဖွဲ့ထားသည်ကိုလည်း တွေ့ရှိရသည်။

## စတုတ္ထသမီးတော်နှင့် အရေးတော်ပုံစာတမ်း



စတုတ္ထသမီးတော်




အရေးတော်ပုံစာတမ်း

သီပေါမင်း၏ စတုတ္ထသမီးတော်ကို သီပေါမင်းနှင့် စုဖုရားလတ်တို့မှ ၂၅ ရက် မတ်လ ၁၈၈၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့၌ ဖွားမြင်ပါသည်။ သမီးတော်လေးပါးအနက် အငယ်ဆုံးဖြစ်ပြီး ငယ်စဉ်က မယ်တော် မိဖုရားခေါင်ဟောင်း စုဖုရားလတ်ကိုယ်တိုင် ပညာသင်ကြားပေးခဲ့၏။ ထို့ပြင် စတုတ္ထသမီးတော်သည် အင်္ဂလိပ်စာကိုလည်း ကျနစွာ လေ့လာခဲ့သည်။ ပထမသမီးတော်နှင့် ဒုတိယသမီးတော်တို့ အိမ်ထောင်ပြုသွားကြပြီးနောက် အိမ်တော်ကိစ္စအဝဝကို စတုတ္ထသမီးတော်ကသာ တာဝန်ယူခဲ့ရသည်။

စတုတ္ထသမီးတော် အရှင်ထိပ်စုမြတ်ဖုရားကလေးသည် သီပေါမင်း နတ်ရွာစံပြီးချိန်တွင် မယ်တော်စုဖုရားလတ်အား လက်ဆွဲခေါ်ဆောင်ကာ လက်ထောက်အခွန်ဝန် ဆာခေါလ်ကာထံ သွားရောက်၍ အခွင့်အရေးများ တောင်းဆိုခဲ့ဖူး၏။ နောက်ပိုင်း ရန်ကုန်သို့ ပြန်လာပြီး ၁၉၂၁ ခုနှစ်တွင် ကိုကိုနိုင်နှင့် လက်ထပ်ခဲ့သည်။ ကိုကိုနိုင်သည်လည်း အိန္ဒိယ၌ နေထိုင်ဖူးပြီး ပါဠိသက္ကတ စာပေများကို တတ်ကျွမ်းသူပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါသည်။ ကိုကိုနိုင်နှင့် စတုတ္ထသမီးတော်တို့မှ သားသမီး ၆ ဦး ထွန်းကားခဲ့၏။ သားသမီးများအနက် မြန်မာစာပေလောက၌ ထင်ရှားသူတစ်ဦးမှာ တော်ဘုရားကလေး (အောင်ဇေ) ဖြစ်ပါသည်။

စတုတ္ထသမီးတော်သည် ၁၅ ရက် ဒီဇင်ဘာလ ၁၉၃၁ ခုနှစ် ရက်စွဲပါ





စာတမ်းကို စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့၏။ ယင်းစာတမ်းကို King George V ထံသို့ လိပ်မူကာ အင်္ဂလိပ်အိမ်ရှေ့မင်းသား၊ နန်းရင်းဝန်၊ အိန္ဒိယဆိုင်ရာ အတွင်းဝန်၊ အိန္ဒိယဘုရင်ခံချုပ်နှင့် နိုင်ငံပေါင်းချုပ် အသင်းကြီးတို့သို့တိုင် ပေးပို့ခဲ့သည်။ စာတမ်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထား၏။ စာအုပ်အဖြစ် 'စတုတ္ထသမီးတော်၏ အရေးတော်ပုံစာတမ်း' ခေါင်းစဉ်ဖြင့် ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ယင်းစာအုပ်ပိုဒ်ရေ (၂၂) တွင်...

## ခမည်းတော်နှင့် ဂျော့ဘုရင်

ပဉ္စမမြောက် ဂျော့ဘုရင်သည် အိန္ဒိယနိုင်ငံ၊ ဒေလီမြို့သို့ ဘိသိက်ခံလာစဉ်က မြန်မာနိုင်ငံအတွက် ရှေ့က အင်္ဂလိပ်အစိုးရ၏ ကတိထားချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ပြန်လည်ပေးအပ်ရန်၊ ဂျော့ဘုရင်ကို ခမည်းတော်ဘုရား ကိုယ်တိုင် လက်မှတ်ရေးထိုး စာရေးတောင်းဆိုတော်မူဖူးကြောင်း၊ ၎င်းစာကို ဘိလပ်မြို့ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ကြီးထံသို့ လည်းကောင်း၊ ထက်အောက်ပါလီမန်လွှတ်တော်သို့ လည်းကောင်း ပေးပို့ခဲ့ကြောင်း'

ဟူ၍ ရေးသားဖော်ပြထား၏။

## စတုတ္ထသမီးတော်မှဖွားမြင်သူ တော်ဘုရားကလေး



တော်ဘုရားကလေး

တော်ဘုရားကလေးကို သီပေါမင်း၏ စတုတ္ထသမီးတော် အရှင်ထိပ်မြတ်ဖုရားကလေးနှင့် ကိုကိုနိုင်တို့မှ ၃၀ ရက် ဇူလိုင်လ ၁၉၂၆ ခုနှစ်တွင် ဖွားမြင်ပါသည်။ မွေးချင်း ညီအစ်ကိုမောင်နှမ ၆ ဦးမှာ တော်ဘုရားကြီး (၁၉၄၈ ခုနှစ် တွင် ကွန်မြူနစ်သောင်းကျန်းသူတို့ လက်ချက်ဖြင့် ကျဆုံး)၊ တော်ဘုရား (ဦးထွန်းအောင်)၊ တော်ဘုရားငယ် (ဦးသန့်စင်)၊ တော်ဘုရားကလေး (ဦးအောင်ဇေ)၊ ထိပ်စုဖုရားကြီး (ဒေါ်စုစုခင်) နှင့် ထိပ်စုဖုရားထွေး (ဒေါ်နှင်းမေ) တို့ ဖြစ်ကြပါသည်။

တော်ဘုရားကလေးသည် ငယ်စဉ်က မော်လမြိုင်မြို့၊ စိန့်ဂျိုးဇက်ကွန်ဗင့်၊ စိန့်ပက်ထရစ်တို့၌ ပညာသင်ကြားခဲ့ပြီး ရန်ကုန်မြို့ စိန်ပေါကျောင်း (ယခု ဗိုလ်တထောင် အထက ၆) တွင် ဆက်လက် ပညာဆည်းပူးခဲ့၏။ ဒုတိယ ကမ္ဘာစစ်အတွင်း ကျိုက္ကဆံအာရှလူငယ်အစည်းအရုံး အတွင်းရေးမှူး ဖြစ်လာခဲ့၏။ ၁၉၄၃ ခုနှစ် မြေအောက် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့သည်။ ၁၉၄၄–၄၇ ခုနှစ်များအတွင်း မြို့မအမျိုးသားကျောင်း၌ တက်ရောက်ပညာသင်ကြားခဲ့သဖြင့် အင်္ဂလိပ်အစိုးရက ပေးအပ်သော ပညာသင်စရိတ် ရပ်စဲခံရသည်။ ၁ ရက် အောက်တိုဘာလ ၁၉၄၅ ခုနှစ်တွင် ဦးသိန်းမောင်၊ ဒေါ်စိန်မေတို့၏ သမီး ဒေါ်ခင်မေနှင့် စုံဖက်ခဲ့ပြီး သမီးဒေဝီသန့်စင်ကို ဖွားမြင်ခဲ့သည်။ ဒေဝီသန့်စင်သည် မြိတ်မြို့နေ ဦးလှသင်၊ ဒေါ်သန်းတို့၏သား မောင်အေးကိုနှင့် လက်ဆက်ခဲ့၏။

တော်ဘုရားကလေးသည် ၁၉၅၀ ပြည့်နှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ ထုတ်ကုန် ကုန်သည်များအသင်း **(Union of Burma (Myanmar) Exports Federation)** ကို တည်ထောင်ကာ အထွေထွေ အတွင်းရေးမှူးဖြစ်လာခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် သီပေါအနွယ်တော်များ ဦးသျှောင်အဖွဲ့ အတွင်းရေးမှူး ဖြစ်ခဲ့၏။ ထို့နောက် ၁၉၆၀–၆၄ ခုနှစ်များအတွင်း ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) ၏ ဗဟိုကော်မတီဝင် ဖြစ်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ရွှေပြည်တော်ဂျာနယ် အယ်ဒီတာချုပ်အဖြစ်လည်း တာဝန်ယူခဲ့ပါသည်။ ၁၉၆၅–၆၆ ခုနှစ်များတွင် အင်္ဂလိပ်စာပြ ကျူရှင်ဆရာအဖြစ် အသက်မွေးခဲ့ပြီး ၁၉၈၆ ခုနှစ်၌ စင်ကာပူအိုအာကာအင်တာနေရှင်နယ် လီမိတက်၏ အတိုင်ပင်ခံတစ်ဦး ဖြစ်လာခဲ့သည်။

တော်ဘုရားလေးသည် ၁၉၉၄ ခုနှစ်မှစ၍ ဗုဒ္ဓသာသနာနှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့၏ နာယက ဖြစ်လာခဲ့၏။





## တော်ဘုရားကလေး၏ စာပေလက်ရာ

တော်ဘုရားကလေးသည် ဆောင်းပါးအမြောက်အမြားနှင့် လုံးချင်းစာအုပ်များကို ရေးသားပြုစုခဲ့သူ ဖြစ်ပါသည်။ တော်ဘုရားကလေး၏လက်ရာ လုံးချင်းစာအုပ်စာတမ်းအချို့မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ သီပေါမင်းအတွင်းရေးများ
၂။ လန်ဒန်ရောက် ပတ္တမြားငမောက်နှင့် တော်ဝင်ရတနာပစ္စည်းများ
၃။ ပြည်သူချစ်သော မျိုးဆက်သစ်
၄။ ရတနာပုံမှ ရတနာဂီရိသို့
၅။ မင်းသားက နုနု၊ တိုက်ပွဲက ကြမ်းကြမ်း

စသည်ဖြင့် ဖြစ်ပါသည်။

တော်ဘုရားကလေးသည် မဂ္ဂဇင်း၊ ဂျာနယ်များတွင်လည်း ဆောင်းပါးများကို စဉ်ဆက်မပြတ် ရေးသားပြုစုခဲ့၏။ အင်္ဂလိပ်ဘာသာ ဆောင်းပါးများကိုလည်း လူငယ်အများစုက ကြိုက်နှစ်သက်ကြသည်။ တော်ဘုရားကလေး၏ စာပေဆိုင်ရာ ဆောင်းပါးများထဲတွင်လည်း စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် အချက်အလက်များကို တွေ့ရတတ်၏။

တော်ဘုရားကလေး၏ စာပေလက်ရာများအနက်မှ ‘လန်ဒန်ရောက် ပတ္တမြားငမောက်နှင့် တော်ဝင်ရတနာပစ္စည်းများ’ စာအုပ် မိတ်ဆက်ပါစာပိုဒ်ကို ကောက်နုတ်တင်ပြပါမည်။

‘မြန်မာနန်းစဉ် ရတနာတွေကို အင်္ဂလိပ်အစိုးရလက်ထဲ ဝကွက်ထားမယ့်အစား ပြန်လည်အရယူပြီး ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွားရေးနဲ့ ပြည်သူ့အကျိုးပြုရေးတွေမှာ လိုအပ်သလို အသုံးပြုဖို့ မိမိ လက်လှမ်းမီသလောက်နဲ့ တတ်နိုင်သလောက် ကြိုးပမ်းစွမ်းဆောင်နေတာ ပေါ်လွင်ထင်ရှားလာမှာ ဖြစ်တယ်။

အင်္ဂလိပ်နယ်ချဲ့ဟာ အိန္ဒိယက ကမ္ဘာကျော် ကိုဟီနူးစိန် (**Kohinor diamond** ၁၀၅.၆ ကာရက်အလေးချိန်ရှိ) ကို ၁၈၄၉ ခုနှစ်ကတည်းက မတရားသိမ်းယူသွားပြီး ဒီနေ့အထိ လန်ဒန်က (**Tower of London**) မှာ သိမ်းဆည်းထားဆဲဖြစ်လို့ သက်ဆိုင်ရာအနွယ်တော် (**Beant Singh Sanghawalia** ၇၄ နှစ်) က ပြန်တောင်းနေပြီ။ သူ့ကို ရှေ့နေတွေနဲ့ လွှတ်တော်အမတ်တွေက

ကူညီကြရာမှာ အိန္ဒိယအစိုးရပါ စိတ်ဝင်စားနေပြီဖြစ်လို့ မြန်မာ့နန်းစဉ်ရတနာတွေ ပြန်ရရေးဟာလည်း အခြေအနေကောင်းလာနိုင်မယ် ထင်ပါရဲ့။

၁၈၈၅ ခုနှစ်ကနေ ၂၀၀၃ ခုနှစ်အထိ တစ်နည်း ၁၁၈ နှစ်ကြီးတောင် ကြာလာပြီဖြစ်တဲ့ အခုလို အချိန်ကာလမှာ 'ပါလီမန် ဒီမိုကရေစီမိခင်' ဆိုတဲ့ အင်္ဂလိပ်အစိုးရရဲ့ မြန်မာ့နန်းစဉ် ရတနာတွေနဲ့ ပတ်သက်တဲ့ သဘောထားအမှန်ကို သိကြရတော့မှာဖြစ်တယ် မဟုတ်လား'

❒

PDF Creator - nyeyadhamma@gmail.com



PDF Creator - nyeyadhamma@gmail.com

# အခန်း (၆)

## မိုင်းခိုင်းအတွင်းဝန် ဦးယံ၊ ဝက်မစွတ်ဝန်ထောက် ဦးလတ်တို့မှ ဒဂုန်ခင်ခင်လေးသို့


စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေးသည် ရတနာပုံခေတ်တွင် ထင်ရှားခဲ့သည့် ပိဋကတ်တော်အုပ် မိုင်းခိုင်းမြို့စားအတွင်းဝန် ဦးယံ၏မြစ်ဖြစ်သကဲ့သို့ စာဆိုတော် ဝက်မစွတ်ဝန်ထောက် ဦးလတ်၏မြေးလည်း ဖြစ်ပါသည်။

မိုင်းခိုင်းအတွင်းဝန် ဦးယံနှင့် ဝန်ကတော်တို့မှ နန်းမတော်ကြီး၏ မှန်နန်းအပျိုတော် သုနိမ္မာဘွဲ့ခံ သမီးဒေါ်ခင်လေးလတ်ကို ၁၈၄၆ ခုနှစ်၌ ဖွားမြင်ပါသည်။ ဒေါ်ခင်လေးလတ်သည် ၁၈ ရက် ဖေဖော်ဝါရီလ ၁၈၆၉ ခုနှစ်တွင် အကြီးတော်ဦးမှူး၊ ဒေါ်ဗိုင်းတို့၏သား ဝက်မစွတ်ဝန်ထောက် ဦးလတ်နှင့် စုံဖက်ခဲ့၏။ ဦးလတ်နှင့် ဒေါ်ခင်လေးလတ်တို့မှ မောင်မောင်ကြီး၊ ခင်ခင်ကြီး၊ ခင်ခင်လတ်နှင့် ခင်ခင်လေးဆိုသူ သားသမီး ၄ ဦး ဖွားမြင်ခဲ့သည်။ သမီးလတ် ဒေါ်ခင်ခင်လတ်သည် ပျဉ်းမနားမြို့အုပ် ဦးမောင်မောင်ကျော်နှင့် လက်ဆက်ကာ ဒဂုန်ခင်ခင်လေးနှင့် မောင်မောင်ကလေးတို့ ဖွားမြင်ပါသည်။

### မိုင်းခိုင်းအတွင်းဝန် ဦးယံ

မိုင်းခိုင်းအတွင်းဝန် ဦးယံကား ပိဋကတ်စာပေများအား ကျွမ်းကျင်နိုင်နင်းသူဖြစ်ပြီး ကျမ်းပေါင်းများစွာကိုလည်း ပြုစုခဲ့သည့် စာပေပညာရှင်ကြီး ဖြစ်သည်။

## ဒဂုန်ခင်ခင်လေး၏ မျိုးရိုးဆက်နွယ်




ဦးယံကို ၂၄ ရက် ဇူလိုင်လ ၁၈၁၅ ခုနှစ်တွင် စလင်းနယ်ရင်းရွာ၌ ဦးကျော်စံ၊ ဒေါ်လုံလေးတို့မှ ဖွားမြင်ခဲ့သည်။ အသက် (၁၅) နှစ်အရွယ်တွင် ရှင်သာမဏေ ဝတ်ကာ စာပေ စတင်သင်ကြားခဲ့၏။ ထို့နောက် ရှင်ကေလာသဘွဲ့ခံ ရဟန်း ဖြစ်လာကာ (၂) နှစ်ခန့် ဆက်လက် လေ့လာဆည်းပူးခဲ့ပြန်သည်။





၁၈၃၇ ခုနှစ် သာယာဝတီမင်း နန်းတက်စတွင် ရဟန်းဝတ်မှသာ နန်းတွင်း၌ ဗြဲတိုက်သံတော်ဆင့်အဖြစ် စတင်အမှုထမ်းခဲ့ရ၏။ ပုဂံမင်းလက်ထက်တွင်လည်း ယင်းရာထူးဖြင့်ပင် အမှုထမ်းခဲ့ရ၏။ မင်းတုန်းမင်း နန်းတက်လာသောအခါ မကွေးမြို့စား သံတော်ဆင့်ကို ရရှိပါသည်။ ထို့နောက် ရှေ့တော်ပြေးမှူး၊ ရတနာလှော်ကားမှူး၊ ရွှေနန်းမျှော်ဥယျာဉ်တော်အုပ်ရာထူးများဖြင့် ဆက်လက် တာဝန်ထမ်းဆောင်ရသည်။ မကြာမီ မဟာသီရိဇေယသူဘွဲ့ခံ မိုင်းခိုင်းမြို့စား ပိဋကတ်အုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခံခဲ့ရ၏။ ယင်းရာထူးဖြင့် ခင်မမင်းမိဖုရားခေါင်ကြီးဆိုင်ရာဝန်အဖြစ်လည်း ပူးတွဲတာဝန် ထမ်းဆောင်သည်။

သီပေါမင်း နန်းတက်စတွင် မိုင်းခိုင်းမြို့စား အတွင်းဝန်ရာထူး ခန့်အပ်ခံခဲ့ရသည်။ မကြာမီ အဌမခရိုင်ဝန်အဖြစ် တိုးမြှင့်တာဝန် ထမ်းဆောင်ရပြန်၏။ ဗြိတိသျှအစိုးရလက်ထက် ၂၁ ရက် ဩဂုတ်လ ၁၈၉၁ ခုနှစ် အသက် (၇၇) နှစ်အရွယ်တွင် မိုင်းခိုင်းမြို့စားအတွင်းဝန် ဦးယံ ကွယ်လွန်သည်။ မိုင်းခိုင်းအတွင်းဝန် ဦးယံသည် စာပေဖြင့်သာ အမြဲမပြတ် မွေ့ပျော်လျက်ရှိသည့်အလျောက် မင်းတုန်းမင်းတရားကြီးကပင် 'မောင်ယံမှ သူ့ပိဋကတ်တိုက်နှင့်သာ နေရော့သည်' ဟူ၍ မှတ်ချက်ပြုခဲ့ရသည်ဆို၏။ ပါဠိ၊ ပိဋကတ်စာပေအရာ၌ ကျွမ်းကျင်နိုင်နင်းလှသည့်အတွက် ဦးယံအား မင်းတုန်းမင်းတရားကြီးက ပိဋကတ်တော်အုပ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်ပေသည်။

## မိုင်းခိုင်းအတွင်းဝန်ပြုစုခဲ့သော ကျမ်းများ

မိုင်းခိုင်းအတွင်းဝန်ဦးယံ ပြုစုခဲ့သည့် ကျမ်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဓမ္မသံဟိတဒီပနီ ဓမ္မသတ်ကျမ်း
၂။ ဓမ္မပဒပါဠိတော်နိဿျသစ်
၃။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနိဿျသစ်
၄။ အနာဂတဝင်ပါဠိတော်နိဿျ
၅။ ဒါဌာဓာတုဝင်စာကိုယ်နိဿျ

၆။ သဒ္ဒါရှစ်စောင်နိသျှသစ်
၇။ ဒွါဒသရာသီဒီပနီကျမ်း
၈။ ဆနဝုတိပါသဏ္ဍာဝိသဇ္ဇနာကျမ်း
၉။ ပိဋကတ်သုံးပုံစာတမ်း
၁၀။ မေတ္တာဒကသေစနဒီပနီခေါ် မိုင်းခိုင်းမင်းကြီးမေတ္တာစာ
၁၁။ မဓုရသဝါဟိနီကျမ်း
၁၂။ ကမ္မဘေဒဝိဘာဝနီကျမ်း
၁၃။ သန္ဒေသကထာ
၁၄။ မဟာရဋ္ဌသာရပ္ပတ္တိကထာ
၁၅။ ရာဇသေဝကဒီပနီကျမ်း စသည်တို့ ဖြစ်ကြသည်။

မိုင်းခိုင်းအတွင်းဝန် ဦးယံသည် မင်းတုန်းမင်းလက်ထက် ၂ ရက် စက်တင်ဘာလ ၁၈၆၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် ဒုတိယ မဟာရာဇဝင်တော်ကြီး (မှန်နန်းရာဇဝင်အဆက်) ပြုစုရေးအဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့သကဲ့သို့ သီပေါမင်းလက်ထက် ၁၁ ရက် ဇူလိုင်လ ၁၈၈၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မှန်နန်း ဒုတိယမဟာရာဇဝင်တော် ပြုစုရေးအဖွဲ့၌လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင် ဆောင်ရွက်ခဲ့ရသည်။

မိုင်းခိုင်းအတွင်းဝန် ဦးယံ၏ စာပေလက်ရာများအနက် မေတ္တာဂကသေစနဒီပနီခေါ် မိုင်းခိုင်းမင်းကြီး မေတ္တာစာမှာ မိုင်းခိုင်းအတွင်းဝန် ဦးယံက သားဖြစ်သူ သံတော်ဆင့် စလင်းမြို့အုပ် နေမျိုးသီဟသူထံ ပေးပို့ခဲ့သော စာများဖြစ်သည်။ ကောက်နုတ်ချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်၏။

'ဘာသာလောက၊ သက္ကတထင်ရှား၊ ကျမ်းစကားကို နှလုံးသွင်းသဖြင့်၊ ပွင့်ဖူးစုံမှ အငုံလှသည်၊ အငုံလှမှ ပွပွလန်းလန်း ပန်းလည်းဂုဏ်နဲ့၊ ပျံ့ပျံ့ကြိုင်ကြိုင်၊ ထက်ဝန်းကျင် လှိုင်သကဲ့သို့၊ သံတော်ဆင့် စလင်းမြို့အုပ်မင်း၏ ကောင်းတင်းတည်းဟူ၊ ဂုဏ်မဥ္ဇူကို၊ လှိုင်ကြူပျံ့ရှား၊ ပွားများစေမူ၊ သတိပြုရမည်တစ်တွေ။

ဒိဋ္ဌေဓမ္မေစယောအတ္တော၊ ယောစတ္ထော သမ္ပရာယိကော၊ အတ္တာဘိသမယာဓိရော၊ ပဏ္ဍိတောတိပဝုစ္စတိ။

ဒိဋ္ဌေဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌။ ယောအတ္တော၊ အကြင်အကျိုးစီးပွားသည် လည်းကောင်း။ သမ္ပရာယိကော၊ တမလွန်၌ဖြစ်သော။ ယော





အတ္တောစ၊ အကြင်အကျိုးစီးပွားသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေဥဘောအတ္တော၊ ဤနှစ်ပါးသော အကျိုးစီးပွားတို့ကို။ အဓိဂစ္ဆတိ၊ ရ၏။ အတ္တာဘိသမယာ၊ နှစ်ပါးသော အကျိုးစီးပွားကို ရခြင်းကြောင့်။ သော၊ ထို မမေ့မလျော့သောသူကို။ ဓိရော၊ မြဲမြံတည်ကြည်သော။ ပဏ္ဍိကေတိ၊ ပညာရှိဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏' ဟူ၍ ဖြစ်ပါသည်။

## ဝက်မစွတ်ဝန်ထောက် ဦးလတ်



ဝက်မစွတ်ဝန်ထောက် ဦးလတ်

ဝက်မစွတ်ဝန်ထောက် ဦးလတ်သည် ချေါင်း၊ ယိုးဒယား၊ ကဗျာလင်္ကာ အမြောက်အမြားကို ရေးဖွဲ့ခဲ့သည့် စာဆိုတော်ကြီး ဖြစ်သည်။ ဦးလတ်ကို အကြီးတော်ဦးမှုနှင့် ဒေါ်ဗိုင်းတို့မှ ၂၈ ရက် နိုဝင်ဘာလ ၁၈၄၅ ခုနှစ်တွင် အမရပူရမြို့၌ ဖွားမြင်ပါသည်။ အသက် (၁၅) နှစ်အရွယ် ၁၈၆၀ ပြည့်နှစ်တွင် နေမျိုးမင်းလှသိခ်သူဘွဲ့ဖြင့် စာတော်ဖတ်ရာထူး ရရှိခဲ့ပြီး ၁၈၆၇ ခုနှစ်၌ အင်းဝမြို့ စာရေးဖြစ်လာခဲ့၏။

၁၈၆၈ ခုနှစ်တွင် ဦးလတ်အား နေမျိုးမင်းထင်ဘွဲ့ဖြင့် မြဲတိုက်ရာထူး ခန့်အပ်ခဲ့သည်။ ထို့နောက် ၁၈၇၁ ခုနှစ်၌ သံတော်ဆင့်ဖြင့် ခန့်အပ်ခံခဲ့ရ၏။ သီပေါမင်းနန်းတက်စ ၁၈၈၀ ပြည့်နှစ်တွင် အဝေးကျီဝန်ဖြစ်လာပြီး ၂၁ ရက် ဇူလိုင်လ ၁၈၈၀ ပြည့်နှစ်၌ မင်းကြီးမဟာစည်သူဘွဲ့ခံ ဝန်ထောက် ဖြစ်လာခဲ့

၏။ ၂၃ ရက် ဩဂုတ်လ ၁၈၈၀ ဝက်မစွတ်မြို့ကို မြို့စားအရာ ပေးအပ်ခံခဲ့ရသဖြင့် ဝတ်မစွတ်ဝန်ထောက် ဦးလတ်ဟူ၍ အမည်တွင်လာပါသည်။ ၁၈၈၁ ခုနှစ်တွင် ဦးလတ်သည် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့သွား သံအဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် လိုက်ပါခဲ့ရသည်။

၁၈၈၅ ခုနှစ်တွင် သီပေါမင်း ပါတော်မူသွားပြီးနောက် မန္တလေးမြို့၌ ပင်စင်လစာ အထောက်အပံ့ဖြင့် ဆက်လက်နေထိုင်ရင်း သိမ်းဆည်း စုဆောင်းထားသော ပေ၊ ပုရပိုက်များအား လေ့လာခဲ့သည်။ နေ့စဉ်မှတ်တမ်းကို နေ့စဉ်ဂရုတစိုက်ရေးမှတ်ခဲ့သူ ဖြစ်၏။ ၁၀ ရက် ဩဂုတ်လ ၁၉၃၀ တွင် အသက် (၈၅) နှစ်အရွယ်ရှိ ဝက်မစွတ်ဝန်ထောက် ဦးလတ် ကွယ်လွန်သွားပါသည်။ စာပေအရာ၌ ကျွမ်းကျင်နိုင်နင်းသူဖြစ်သဖြင့် နဝဒေးဘွဲ့ ပေးအပ်ရန် စီစဉ်နေစဉ် ရတနာဂီရိသို့ ပါတော်မူသဖြင့် နဝဒေးဘွဲ့ မရလိုက်တော့ပေ။

## ဝန်ထောက် ဦးလတ်၏စာများ

ဝက်မစွတ်ဝန်ထောက် ဦးလတ်၏ လက်ရာစာများကို အောက်ဖော်ပြပါအတိုင်း တွေ့ရှိရ၏။

၁။ သမီးတော်သုံးပါး၏ မြပုခက်တင် မင်္ဂလာဧချင်း (၃)
၂။ မဟာရာဇဝင်တော်ချုပ်
၃။ တေသနပါမောဇ္ဇဒီပနီကျမ်း
၄။ ဘုန်းတော်ဘွဲ့၊ ဟန်ချင်း၊ ကချင်း၊ ဂုဏ်ချင်း မျိုးစုံပိုဒ်ရေ (၅၀)
၅။ မူလရုပ်ပုံ ဟောနည်းဆောင်းပါးလင်္ကာပိုဒ်ရေ ၃၀
၆။ ၃၇ မင်းနတ် အတ္ထုပ္ပတ္တိ
၇။ နေ့စဉ်မှတ်တမ်း
၈။ ဘုရားတည်၊ ကျောင်းတည်၊ ကုသိုလ်တော်ကျောက်စာများ
၉။ ရတု၊ လေးချိုးနှင့် ဆုတောင်းစာများ
၁၀။ ဆယ့်နှစ်ရာသီဘွဲ့ ရှစ်ဆယ်ပေါ်တေးထပ်များ
၁၁။ ယိုးဒယားသီချင်းများ
၁၂။ မေတ္တာစာများ ဖြစ်ကြ၏။

ဝက်မစွတ်ဝန်ထောက် ဦးလတ်သည် သီပေါမင်းလက်ထက် ၁၁ ရက် ဇူလိုင်လ ၁၈၈၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မှန်နန်းဒုတိယမဟာရာဇဝင်တော်





ပြုစုရေးအဖွဲ့၌ ပါဝင်ဆောင်ရွက်ခဲ့ရသည်။ ဝက်မစွတ်ဝန်ထောက် ဦးလတ်၏ စာများအနက် နေ့စဉ်မှတ်တမ်းစာအုပ်မှာ သမိုင်းတန်ဖိုး ကြီးမားလှသည့်အလျောက် ယခုအခါ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနမှ တာဝန်ယူတည်းဖြတ်ထုတ်ဝေပြီးဖြစ်၏။ ဝန်ထောက် ဦးလတ်က နေ့စဉ်မှတ်တမ်းကို အသက် (၁၅) နှစ်သားအရွယ် ၁၈၆၀ ပြည့်နှစ်မှ စတင်ကာ အသက် (၈၅) နှစ်အရွယ် ကွယ်လွန်ချိန်အထိ နှစ် (၇၀) မျှ နေ့စဉ် မပျက်မကွက် ရေးသားခဲ့သည်။

ဝက်မစွတ်ဝန်ထောက် ဦးလတ်၏ စာပေလက်ရာများထဲမှ နေ့စဉ် မှတ်တမ်းပါ မှတ်သားချက်အချို့ကို ကောက်နုတ်တင်ပြအပ်ပါသည်။

'၁၂၂၆ ခု ပြာသိုလဆန်း (၁၃) ရက်နေ့တွင် သာသနာပြု ဆရာတော် ဦးညေးယျ နေရင်း မောင်းထောင်ရွာသို့ ကြွသွားရာ သေနတ် အမှုထမ်းလူတစ်ရာတို့ လိုက်ပါရသည်။ သားတော်များကိုလည်း ဧရာဝတီမြစ်ဆိပ်အရောက် လိုက်ပို့ကြစေရသည်။

တပို့တွဲလပြည့်ကျော် (၁၄) ရက်နေ့ည သာသနာပြုဆရာတော် မောင်းထောင်ရွာသို့ ပြန်ရောက်သည်။ ၎င်းနေ့ည ၂ ချက်တီးကျော်အချိန်တွင် အိမ်ရှေ့မင်းစံနေရာ အိမ်ရှေ့တော်ဝင်းအတွင်းက ယမ်းအိုးမီးပေါက်၍ အသံပြင်းစွာမြည်ပြီးလျှင် ဝင်းဝင်းထိန်ထိန်အရောင်များ အတန်ကြာ ဖြစ်ပေါ်နေသည်။

တပို့တွဲလပြည့်ကျော် (၃) ရက်နေ့ည ၂ ချက်တီးကျော်အချိန်တွင် နန်းတွင်းနန်းမြို့တော် အနောက်တောင်ထောင့်ရှိ ဇန်းမော်အတွင်းဝန် မြောက်ပေါက်ရှိ အိမ်ကစ၍ မီးသင့်လောင်ရာ ရမည်းသင်းထိပ်ထား၊ မလွန်မင်းသား၊ မက္ခရာမင်းသား၊ သုံးဆယ်မင်းသား၊ လှိုင်းတက်မင်းသားတို့ ဝင်းအိမ်များ၊ ဇန်းမော်အတွင်းဝန်၊ ဝင်းအိမ်တန်းလျားများပါ အိမ်ခြေ ၁၀၀၀ ကျော် ဆုံးပါးကြသည်'

ဟူ၍ ဖြစ်၏။

## တောင်ငူခရိုင်ဝန် ဦးဖား

တောင်ငူခရိုင်ဝန် ဦးဖားကား ဝက်မစွတ်ဝန်ထောက် ဦးလတ်၏ အစ်ကိုကြီးဖြစ်သည်။ ဦးဖားကို ၁၈၃၈ ခုနှစ်တွင် အကြီးတော်မင်း နေမျိုးမင်းလှစည်သူဘွဲ့ခံ ဦးမှုံနှင့် ဒေါ်မိုင်းတို့မှ ၁၈၃၈ ခုနှစ်တွင် ဖွားမြင်သည်။ ငယ်စဉ်က အမရပူရမြို့ အရှေ့ပြင် မိုးထိတိုက်ဆရာတော် ဦးသုတထံ သာမဏေဝတ်ကာ ပညာသင်ကြားခဲ့ဖူး၏။ အသက် (၁၈) နှစ်အရွယ်တွင် လွှတ်တော်စာရေးကြီး

ဦးဘိုး၏ လက်အောက်၌ စာရေးကလေးအဖြစ် စတင်အမှုထမ်းရွက်ခဲ့သည်။ ထို့နောက် စာရေးတော်ကြီး ဦးကောင်း (နောင် ကင်းဝန်မင်းကြီး) ထံ ပြောင်းရွှေ့ အမှုထမ်းရ၏။

ဦးဖားသည် မင်းတုန်းမင်းလက်ထက်၌ပင် စာရေးတော်အရာမှ သံတော်ဆင့်၊ လက်နက်တိုက်ဝန်၊ မြီးပြန်ဟသာ်လေ့တော်အုပ် စသည့်ရာထူးများ တိုးမြှင့်ခန့်အပ်ခြင်း ခံခဲ့ရသည်။ ၁၈၈၄ ခုနှစ် ဒီဇင်ဘာလ သီပေါမင်းလက်ထက်တွင် ခရိုင်ဝန်များ ခန့်ထားသောအခါ တောင်ငူခရိုင်ဝန် ဖြစ်လာပါသည်။ ဦးဖား၏ မင်းပေးဘွဲ့မည်မှာ မင်းကြီး မဟာမင်းထင်ရာဇာ ဖြစ်သည်။ ဦးဖားသည် ကိုလိုနီခေတ်ဦးကာလ၌ ကွယ်လွန်ခဲ့သည်။ ခရိုင်ဝန် ဦးဖားအနေဖြင့် စာပေကျမ်းဂန်အချို့ ပြုစုခဲ့ကြောင်း သိရှိရသော်လည်း ‘သုဝိစိတ္တဂဏဝိဇ္ဇာကျမ်း’ တစ်စောင်ကိုသာ ရှာဖွေတွေ့ရှိရပါသေးသည်။

## တောင်ငူခရိုင်ဝန် ဦးဖား၏ စာပေလက်ရာ

ဦးဖားပြုစုခဲ့သည့် ‘သုဝိစိတ္တဂဏဝိဇ္ဇာကျမ်း’ မှာ ဂဏန်းသင်္ချာဆိုင်ရာ ကျမ်းတစ်စောင် ဖြစ်၏။ ကျမ်းကို ရှေ့ပိုင်း၌ လင်္ကာ (၃၄) ပုဒ်၊ နောက်ပိုင်း၌ တေးထပ် (၇၄) ပုဒ်ဖြင့် ရေးဖွဲ့ထားပေရာ တောင်ငူခရိုင်ဝန်မင်းသည် ဂဏန်းသင်္ချာဘာသာရပ်ကိုသာမက ကဗျာလင်္ကာအဖွဲ့အနွဲ့ကိုပါ ကျွမ်းကျင်နိုင်နင်းသည်ဟု ဆိုနိုင်၏။ ဦးဖားက ဤကျမ်းကို ၁၇ ရက် ဖေဖော်ဝါရီလ ၁၈၇၉ ခုနှစ်တွင် ရေးသားပြုစုပြီးစီးခဲ့ပြီး စာ (၁) အင်္ဂါ ရှိပါသည်။ စာပုဒ်တစ်ပုဒ်တွင်...

‘သစ်တွက်ပုံနယကို
စွဲမှတ်ကြကုန်ပါ
ရှစ်ဆုပ်ကို သုံးကျပ်သာ
နှုန်းမှတ်ရာအများ
ခွဲငါးမူးဆုပ်ကျပ်မှန်ကို
တိုးယုတ်ရန်ခြောက်ဆုပ်ထိသွား
ငါးဆုပ်နှင့် ခွဲသာမှာ
ပဲပါနှင့် သတ်ထား။
တစ်မူးစီလျှော့ကြားက
သုံးဆုပ်ကား မတ်ငွေ
သစ်နှုန်းစံမှန်မဖောက်ပ
ခြေဆုပ်အောက်ရပ်ထက်လွှပေ
လိုရာသစ်နှုန်းရင်းငွေတွင်
သုံးခွင်းချေ ပေါက်ဈေးနှင့်
မြှောက်ရေးလျှင် ဖိုးသင့်သာ
ပေးတော့မှန်စွာ
တစ်လုံးဖိုးရှိပါလျှင်
များသိသာ ကောင်းတန်ပေါ့လေး’
ဟူ၍ ဖြစ်သည်။

## စာပေမျိုးဆက် ဒဂုန်ခင်ခင်လေး



ဒဂုန်ခင်ခင်လေး

မိုင်းခိုင်းအတွင်းဝန် ဦးယံ၏မြစ်၊ ဝက်မစွတ်ဝန်ထောက် ဦးလတ်၏မြေးတော်စပ်သူ ဒဂုန်ခင်ခင်လေးသည် ထင်ရှားသော စာရေးဆရာမတစ်ဦးဖြစ်သည်။ ဒဂုန်ခင်ခင်လေးကို ၂၁ ရက် ဖေဖော်ဝါရီလ ၁၉၀၄ ခုနှစ်တွင် မန္တလေးမြို့၌ ရဲအရာရှိ ဦးမြတ်ကျော်၊ ဒေါ်ခင်ခင်လတ်တို့မှ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ခင်လေးခင် ဖြစ်သည်။

ရွှေဘိုမြို့ အထက်တန်းကျောင်းတွင် သတ္တမတန်းအထိ ပညာသင်ကြားခဲ့ပြီး အသက် (၁၂) အရွယ်မှာ စတင်ကာ ဝတ္ထုများ ရေးဖွဲ့ခဲ့သည်။ ၁၉၁၇

ခုနှစ်တွင် 'နွဲ့နွဲ့' ဝတ္ထုဖြင့် ဝတ္ထုတိုပြိုင်ပွဲ အကောင်းဆုံးဆုကို ရရှိကာ ယင်းနှစ် အောက်တိုဘာလထုတ် သူရိယမဂ္ဂဇင်း၌ ဖော်ပြခံခဲ့ရ၏။ ထို့နောက် အသက် (၁၈) နှစ်အရွယ်တွင် မန္တလေးမြို့၌ ကြည်တော်ဆက် မဂ္ဂဇင်းကို ထုတ်ဝေခဲ့သည်။ ဒဂုန်ခင်ခင်လေးသည် ဒဂုန်မဂ္ဂဇင်း၏ ပင်တိုင်စာရေးဆရာတစ်ဦးလည်း ဖြစ်၏။ ထို့ပြင် နေရှင်နယ်ဂျာနယ်တွင်လည်း တာဝန်ခံ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ဒဂုန်ခင်ခင်လေးသည် ဒဂုန်မဂ္ဂဇင်းတွင် ကိုကိုလေး ကလောင်အမည်ဖြင့် မော်ဆရာ မှတ်တမ်းဝတ္ထုများ၊ ရတနာပုံထိပ်တင်လှိုင်အမည်ဖြင့် ယုဝတီစက္ခုခုန်းတို့ကို ရေးသားခဲ့သည်။ ဒဂုန်မဂ္ဂဇင်းပါ 'တစ်မြေစံ' ဝတ္ထုကို ၁၉၂၇ ခုနှစ်တွင် 'မြအေးယဉ်' အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့ရသည်။ ထို့နောက် ညဥ့်သုံးယံ၊ ချစ်စနိုး၊ ခိုင်သစ္စာ၊ မြိုင်ယံဘွားဝတ္ထုများကို ရုပ်ရှင် ဆက်လက်ရိုက်ကူးခဲ့ရ၏။

ဒဂုန်ခင်ခင်လေးသည် ၁၉၂၉ ခုနှစ်တွင် ဟိုက်စကူးကျောင်းသားတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သော်လည်း တစ်နှစ်အကြာတွင် သဘောမတိုက်ဆိုင်၍ ကွာရှင်းခဲ့ကြသည်။ ထို့နောက် ၁၉၄၀ ပြည့်နှစ်တွင် ဦးအုန်းခင်နှင့် လက်ထပ်ခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဗမာ့ခေတ်သတင်းစာကို ဦးစီးထုတ်ဝေခဲ့သည်။ ထို့နောက် ၁၉၄၆ ခုနှစ်တွင် ယုဝတီဂျာနယ်ကို ဦးစီးထုတ်ဝေခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် အမျိုးသမီး ကလောင်ရှင်များအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့၏။ ၁၉၅၂ နှင့် ၁၉၅၄ ခုနှစ်များတွင် ပြည်ပသို့ ဗဟုသုတရှာမှီးရန် ခရီးထွက်ခွာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ခင်ပွန်း ဦးအုန်းခင်နှင့် ကွာရှင်းပြတ်စဲကာ ဗမာ့ခေတ်သတင်းစာကို တစ်ဦးတည်း ဆက်လက်ထုတ်ဝေခဲ့၏။ ၁၉၆၁ ခုနှစ်တွင် ဗမာ့ခေတ်သတင်းစာ အကြောင်းအမျိုးမျိုးကြောင့် ပိတ်လိုက်ရပြီးနောက် ယုဝတီသတင်းစာကို ဆက်လက် ထုတ်ဝေခဲ့သေး၏။ သို့သော် ယုဝတီသတင်းစာမှာလည်း ၁၉၆၄ ခုနှစ်တွင် ရပ်စဲသွားပါသည်။

ဒဂုန်ခင်ခင်လေးသည် ၁၉၆၉ ခုနှစ်တွင် ယုဝတီဂျာနယ်ကို တစ်လနှစ်ကြိမ် ဆက်လက် ထုတ်ဝေပြန်သည်။ တစ်ဖက်မှလည်း ယုဝတီလေနီအမည်ဖြင့် 'ဟိုအရေး ဒီအရေး' ဆောင်းပါး၊ ဒဂုန်ခင်ခင်လေးအမည်ဖြင့် ကျွန်းဦးတည့် သန်လျက်ခုံ၊ ရတနာပုံ၏ နိဒါန်းနှင့် နိဂုံးအခန်းဆက် ဆောင်းပါးများကို ရေးသားခဲ့သည်။ သွေးသောက်မဂ္ဂဇင်းတွင်လည်း ယုဝတီလေနီ ကလောင်အမည်ဖြင့် 'မြန်မာ့ရုပ်ရှင်အစ မှတ်မိသမျှ' ဆောင်းပါးကို ရေးသားပြုစုခဲ့၏။





ဒဂုန်ခင်ခင်လေးသည် အမျိုးသမီး ကလောင်ရှင်များကို မွေးထုတ်ပေးရာ၌ ယုဝတီဂျာနယ်တွင် ဝတ္ထုတို (၁၀) ပုဒ် ဖော်ပြခံရလျှင် 'ယုဝတီကလောင်ရှင်' ဘွဲ့၊ ဝတ္ထုတို (၂၅) ပုဒ် ဖော်ပြခံရလျှင် ယုဝတီဘွဲ့များ ချီးမြှင့်ပေးခဲ့၏။ ဤသို့ဖြင့် ယုဝတီနှင့် ယုဝတီကလောင်ရှင်ဘွဲ့ရ စာရေးဆရာမ (၅၀) ကျော် ရွေးထုတ် စင်တင်ပေးနိုင်ခဲ့သည်။

ယုဝတီဘွဲ့ရ စာရေးဆရာမကြီးများမှာ ယုဝတီစောလှမြင့်၊ ယုဝတီခင်ဦး၊ ယုဝတီတင်လေးဝေ၊ ယုဝတီရီရီဆွေ၊ ယုဝတီမာလာသိန်း၊ ယုဝတီဂျင်းဖောမယ်၊ ယုဝတီခင်စိန်လှိုင်၊ ယုဝတီကြည်ဝေ စသူတို့ ဖြစ်ကြသည်။ ဆရာမဒဂုန်ခင်ခင်လေးသည် ဝတ္ထုရှည် (၃၀) ကျော်၊ ဝတ္ထုတို (၇၀၀) ကျော်၊ ဆောင်းပါးတစ်ထောင်ကျော် ရေးဖွဲ့ခဲ့သူ စာပေပညာရှင် စာရေးဆရာမဖြစ်ပြီး ၂၃ ရက် ဇွန်လ ၁၉၈၁ ခုနှစ်၌ ရန်ကုန်မြို့၊ သိမ်ဖြူလမ်း၊ အမှတ် (၁၁၉) နေအိမ်တွင် ကွယ် လွန်ခဲ့သည်။

## ဒဂုန်ခင်ခင်လေး၏ စာပေလက်ရာအချို့

ဒဂုန်ခင်ခင်လေးသည် ကိုကိုလေး၊ ယုဝတီလေနီ၊ ဒဂုန်ခင်ခင်လေး စသည် ကလောင်အမည်များဖြင့် ဝတ္ထုဆောင်းပါးများစွာကို ရေးသားခဲ့၏။ ထို့ပြင် မြန်မာစာပေလောကတွင် ပထမဆုံး အမျိုးသမီးရုပ်ရှင် ဝတ္ထုဇာတ်ညွှန်းရေးဆရာမ ဖြစ်သည်။

ဒဂုန်ခင်ခင်လေး၏ ထင်ရှားသော စာပေလက်ရာ စာအုပ်စာတမ်းအချို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ ဂုဏ်မြင့်သူ
၂။ ချစ်အဏ္ဏဝါ
၃။ ရွှေစွန်ညို (၁၉၃၃)
၄။ ငယ်ကျွမ်းခင်
၅။ နှစ်ပေါင်း ၆၀ ကိုယ်ရေးအတ္ထုပ္ပတ္တိ (၁၉၆၀)
၆။ ကျွန်းဦးတည့်သန်လျက်ခုံ (၁၉၇၂)
၇။ ကမ္ဘာလှည့်ဆောင်းပါးပေါင်းချုပ် (၁၉၇၃)
၈။ ဝက်မစွတ်အတ္ထုပ္ပတ္တိနှင့် စာပေများ (၁၉၇၅)
၉။ ကမ္ဘာ့ရန်သူ (၁၉၃၉)

၁၀။ စာဆိုတော် (၁၉၅၂)
၁၁။ ပြည်တွင်းဆောင်းပါးပေါင်းချုပ် (၁၉၅၅)
၁၂။ ရတနာပုံနိဒါန်းနှင့် နိဂုံး (၁၉၇၉)
၁၃။ ရွှေဥမင်ဘုရားသမိုင်းနှင့် ပင်းတယမြို့ရာဇဝင် (၁၉၅၉)
၁၄။ အမျိုးသမီး အနုပညာရှင်များ (၁၉၆၇)
၁၅။ မြဝတီစာစုနှင့် သီချင်းစု (၁၉၇၅)
၁၆။ ဓာတ်လမ်းစုံလင် သိစေချင် (၁၉၈၀)
၁၇။ မော်ဆရာမှတ်တမ်းဝတ္ထု (၁၅) အုပ်
၁၈။ ရတနာပုံ၏ နိဒါန်းနှင့်နိဂုံးတို့ ဖြစ်ကြသည်။

ဒဂုန်ခင်ခင်လေး၏ စာပေလက်ရာများအနက် 'ကျွန်းဦးတည့်သန်လျက်ခုံ' စာအုပ်ပါ ကောက်နုတ်ချက်အချို့ကို တင်ပြလိုပါသည်။

'မောင်တော်ဘုရား အဆောင်တော် မကြွမြန်းသည့် အခိုက်အခါကလေးကိုပင် နေမထိထိုင်မသာ လွမ်းဗျာပါ ဗိုလှသဖြင့် ရင်ဖွင့်ပြခဲ့မိသော 'နေမှိန်မှိန်'၊ 'ကြာခြည်ယံ' စသည့် အမျှော်စိုက်များက သက်သေပြလျက် ရှိလေသည်။ ဤသက်သေများသည် အနှစ်တစ်ရာ၊ နှစ်ရာကြာသော်လည်း ပျက်ပြယ်၍မသွား၊ ကျောက်သားများ ထွင်းထုထားရစ်ခဲ့သလို လူတိုင်း၏ နှုတ်ဖျား၊ လျှာဖျားတို့၌ ယနေ့ထိ စွဲတင်ကျန်ရစ်ခဲ့လေသည်။ ဒါတွေကို ရွှေဘိုမင်းတရားကြီးသည် လည်းကောင်း၊ ကဗျာရေးခဲ့သူ ကာယကံရှင် မမြကလေးကိုယ်တိုင် လည်းကောင်း သိမြင်ရာကြတော့မည် မဟုတ်ပါလေ။

ထို့ကြောင့် မမြကလေးမှာ မင်းတရားကြီး အထင်တော်လွဲခြင်း ခံရသောအခါ၌ မခံချိမခံသာဖြစ်ရခြင်း ဖြစ်သည်။ အခုလို အမျက်တော်ရှိ၍ ထောင်သွင်းထားခြင်း ခံရသည်မှာလည်း အချစ်အတွက် အမျက်တော်ရှခြင်းမျိုးက တစ်စွန်းတစ်စ ပါဝင်ရမည်ဟု နှလုံးပိုက်မိသောကြောင့် မင်းတရားကြီး အထင်တော်လွဲမှား၍ အမျက်တော်ပွားခြင်းမှ သံသယ ပြေပျောက်တော်မူစေခြင်းငှာ မိမိ၏ အချစ်ထုထည်ပမာဏသည် မည်မျှရှိကြောင်း တင်ပြလိုလာသည်။ စာဆိုပုဂ္ဂိုလ်တစ်ဦးပီသစွာလည်း အကျဉ်းထောင်ထဲ ကျနေခိုက်ပင်ဖြစ်ပါစေ ရွှေနားတော်ကြား သီချင်းရေးသား ဆက်သရန် ချစ်သမျှကို ပတ်ပျိုးကို သီကုံးနှုန်းဖွဲ့ခဲ့လေသည်။

❒



# အခန်း (၇)
## မင်းလက်ဝဲးမှ ရွှေဘိုမိမိကြီးသို့

မင်းလက်ဝဲးခေါ် အောက်မြစ်စဉ်ခရိုင်ဝန်မင်းကြီး သူရမဟာမင်းခေါင် သမိန်ဗရမ်းကား လက်ရုံးရည်အရာ၌ ယှဉ်ပြိုင်ဝံ့သူမရှိသည့် သူရဲကောင်းကြီး တစ်ဦးပင်ဖြစ်သည်။ အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ဆန်တက်လာကြသည့် ဗြိတိသျှတပ်များကို မခုခံရန်နှင့် ခုခံလျှင် သူပုန်ဟုသတ်မှတ်မည်ဖြစ်ကြောင်း လွှတ်တော်ကြေးနန်းအား အန်တုကာ ဗြိတိသျှတို့အား တွန်းလှန်တိုက်ခိုက်ခဲ့သူလည်း ဖြစ်သည်။ မင်းလက်ဝဲးကြီး၏ လက်ရုံးရည်ကို အများသိကြသော်လည်း နှလုံးရည်ဖြင့် ရေးဖွဲ့သီကုံးခဲ့သည့် ကဗျာလင်္ကာတို့နှင့် ပတ်သက်၍မူ လူသိနည်းကြ၏။ မင်းလက်ဝဲးကြီး၏ စာပေမျိုးဆက်ဖြစ်သူ ဆရာမကြီး ရွှေဘိုမိမိကြီးက ပြန်လည် ဖော်ထုတ်ခဲ့သဖြင့်သာနှောင်းခေတ်သုတေသီတို့ သိရှိလေ့လာခွင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်။

မင်းလက်ဝဲးကြီးနှင့် ဝန်ကတော် ဒေါ်ခင်သက် (ခေါ်) ဒေါ်သက်ရှည်တို့မှ ဦးမောင်မောင်မိုး၊ ဦးမောင်မောင်စိုး၊ ဦးမောင်မောင်ညွှန့်၊ ဒေါ်သောင်းမှန်ဟူသော သားသမီး (၄) ဦး ဖွားမြင်ပါသည်။ ဒေါ်ခင်သက်သည် မင်းလက်ဝဲးကြီး၏ ဝန်ကတော်များအနက် အချောအလှဆုံးဟု ဆိုကြ၏။ ဒေါ်ခင်သက်သည် ရုံဖန်ရုံခါဆိုသကဲ့သို့ ချွေးမ ဒေါ်ရွှေပုံနှင့် စစ်တုရင်ကစားလေ့ရှိသည် ဆိုပါသည်။ မင်းလက်ဝဲး၏သား ဦးမောင်မောင်စိုးနှင့် ဒေါ်ရွှေပုံတို့မှ သမီးဒေါ်သန်းတင်ကို ဖွားမြင်ခဲ့သည်။ ဒေါ်သန်းတင်သည် ဦးယုနှင့် စုံဖက်ကာ ဆရာမကြီး ဒေါ်ရွှေဘိုမိမိကြီးကို ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ရွှေဘိုမိမိကြီးသည် မင်းလက်ဝဲးကြီး၏ စတုတ္ထမြောက်အဆက်အနွယ် 'မြစ်' တော်စပ်သူ ဖြစ်ပါသည်။

## ရွှေဘိုမိမိကြီး၏ မျိုးရိုးဆက်နွယ်

ဒေါ်ခင်သက် + မင်းလက်ဝါး (ဦးလတ်)　　ခင်ခင်ကြီး + သူရဲဝန် ဦးရွှေလုံး

ဦးမောင်မောင်စိုး + ဒေါ်ရွှေပုံ　　ပင်းသာခင်ဖူး

ဦးယု + ဒေါ်သန်းတင်

ရွှေဘိုမိမိကြီး

### အောက်မြစ်စဥ်ခရိုင်ဝန် မင်းလက်ဝါး

မင်းလက်ဝါး၏ အမည်ရင်းက ဦးလတ်ဖြစ်သည်။ ဦးလတ်ကို ပုသိမ်မြို့ဝန် သမိန်တောရာဇာဘွဲ့ခံ ဦးမြတ်နှင်းနှင့် ဝန်ကတော် ဒေါ်မမကြီးတို့မှ ၁၈၂၃ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ ဦးမြတ်နှင်းသည် သာရဝေါ်မြို့သူကြီး ဖိုးထော်ရာ၏သားဖြစ်ပြီး မွန်တိုင်းရင်းသားအဆက်အနွယ်များ ဖြစ်ကြ၏။ ဦးလတ်တွင် ခင်ခင်ကြီးဆိုသူ မွေးချင်းအစ်မတစ်ဦးလည်း ရှိပါသည်။ ခင်ခင်ကြီးသည် နောင်သူရဲဝန် ဦးရွှေလုံး ကတော် ဖြစ်လာခဲ့၏။ ၁၈၅၆ ခုနှစ် မင်းတုန်းမင်းလက်ထက်တွင် ဦးလတ် အမြင့်ငါးမြို့ဝန်ရာထူး ခန့်အပ်ခဲ့ရ၏။ ထို့နောက် ၁၈၆၄ တွင် အလုံမြို့ဝန် ရာထူး ခန့်အပ်ခံခဲ့ရပြန်သည်။ ထိုစဥ်အတွင်း မင်းကြီး မဟာသမိန် ဗရမ်းဘွဲ့ ကို ရရှိခဲ့သည်။

ဦးလတ်သည် အလုံမြို့ဝန်ရာထူးအပြင် ရွှေပြည်ရန်အောင်မြင်းဝန်အဖြစ် ပါ ပူးတွဲတာဝန် ထမ်းဆောင်ရ၏။ ၁၈၇၆ ခုနှစ် အင်္ဂလိပ်အရေးပိုင်ထံ ပေးစာ အရဆိုလျှင် မင်းကြီး မဟာ်သက်တော်ရှည်ဘွဲ့ပင် ရရှိခဲ့ပါသည်။ ၁၈၇၉ ခုနှစ် တွင် သီပေါမင်း နန်းတက်လာပြီးနောက် ဦးလတ်ကို မင်းကြီးမဟာသမိန်ဗရမ်း ဘွဲ့ ပြန်လည်ပေးအပ်ပါသည်။ ထို့နောက် အောက်မြစ်စဥ် ခရိုင်မင်းကြီး ဖြစ်







အောက်မြစ်စဥ်ခရိုင်ဝန် မင်းလက်ဝါး

လာကာ ၁၈၈၅ ခုနှစ် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲ၌ မင်းလှခံတပ်မှ တာဝန် ယူ စစ်မှုထမ်းခဲ့ရခြင်း ဖြစ်သည်။ ဗြိတိသျှအစိုးရလက်ထက် ကိုလိုနီခေတ်ဦး ကာလ၌ပင် မင်းလက်ဝါးကြီးအဖြစ်ထင်ရှားသူ ဦးလတ် အမြင့်မြို့၌ ကွယ်လွန် သွား၏။

### မင်းလက်ဝါးကြီးကိုယ်တိုင်ရေး လက်ာရှည်

မင်းလက်ဝါးကြီးသည် မိမိ၏ဘဝထုပ္ပတ်နှင့် ပတ်သက်၍ နောင်လာနောက် သားများ သိရှိကြစေရန် ရည်သန်ပြီး လင်္ကာရှည်ကြီးတစ်ပုဒ်ကို ကိုယ်တိုင် ရေး ဖွဲ့ခဲ့၏။ ယင်းလင်္ကာရှည်ကြီးကို...

'သားသမီးက၊ မြေးမြစ်စသည်၊ မှတ်ကြစေရာ၊ မျိုးစဥ်လာကို၊ သိသာ လွယ်အောင်၊ မတ်ခေါင်သာနေ၊ သက်တော်ရှည်ဟု၊ အဖေသခင်၊ ကျေးဇူးရှင် က၊ လင်္ကာရေးသား၊ မှာခဲ့ထားမည်၊ ထောင်နားလည်လော့"

ဟု အစပြုထား၏။ မင်းလက်ဝါးကြီးက သူ၏ မျိုးရိုးကို...

'တိုင်းပြည်နိုင်ငံ၊ စိုးစံကျော်ကြား၊ လောင်းဘုရားက၊ စ၍အမှန်၊ ကျွန် ရင်းခံသည်၊ လျှင်မြန်လှစွာ၊ မဟာသမိန်၊ မင်းဣန္ဒဇာတ်၊ ဘိလက်ထက်က၊ ဟင်္သာတမြို့ဝန်၊ ဇလွန်မြို့သူကြီး၊ ခန့်အပ်ပြီးမှ၊ မိန့်ဆော်ရသည်၊ စ၍ရိုးရာ၊ ဘေးမှာသမိန်၊ လဂွမ်းအိမ်တဲ့၊ သမိန်လောက်ဖျား၊ မြောင်းမြစားကို၊ ဘိုးအေ ဆိုသည်' ဟူ၍ ရေးဖွဲ့ထားပါသည်။

မြောင်းမြမြို့စား သမိန်လောက်ဖျား၏ သမီးဒေါ်မမကြီးသည် ပုသိမ်မြို့ဝန် မဟာသမိန်ထောနှင့် စုံဖက်ခဲ့၏။ မဟာသမိန်ထော ကွယ်လွန်သွားပြီးနောက် မိသားစုမှာ ဒုက္ခရောက်ကြရသည်။ ဤအကြောင်းကို…

"ဘိုးအေသမီး၊ မမကြီးမှာ၊ အကြောင်းပါ၍၊ မဟာသမိန်တော၊ ကျော်စောထင်ရှား၊ စားရစ်ရွေး၊ ဘိုးခေါင်ကျေးပါ၊ နှစ်ရွာတိုက်လုံး၊ သိမ်းကျုံးပိုင်သ၊ အစိုးရနှင့်၊ ကာလရှည်ကြာ၊ စုံဖက်ရာတွင်၊ မဟာသမိန်ထော၊ ရွှေ့လျောအသက်၊ ခန္ဓာပျက်၍၊ မသက်မသာ၊ ညှိုးမျက်နှာနှင့်၊ မာတာမိခင်၊ ကျေးဇူးရှင်သည်၊ ချစ်ခင်ယုယ၊ မောင်နှမကို၊ နေ့ညပိုက်ထွေး…

စသည်ဖြင့် ရေးဖွဲ့ခဲ့၏။

မင်းလက်ဝါး၏ ငယ်စဉ်ဘဝက ကြမ်းတမ်းလှ၏။ ဖခင်မှာ သွေးရိုးသားရိုး ကွယ်လွန်ခဲ့ဟန်မတူဘဲ ရာဇဝတ်သင့်ခဲ့ဟန် ရှိပါသည်။ ဖခင်ကွယ်လွန်ပြီး မကြာမီ အစ်မက နေပြည်တော်တွင် သူရဲဝန် ဦးရွှေလုံးနှင့် အိမ်ထောင်ကျသွား၏။ မင်းလက်ဝါးမှာမူ မိခင်၊ အစ်မတို့နှင့် ကွဲကွာသွားခဲ့ရပြီးနောက် အစ်မရှိရာ နေပြည်တော်သို့ ၁၈၅၄ ခုနှစ်ခန့်တွင် လှေတစ်တန်၊ လှည်းတစ်တန်၊ ခြေကျင်တစ်တန်ဖြင့် သွားရောက်ခဲ့သည်။ ထို၌ အစ်မဖြစ်သူ ကောင်းစားနေသည်ကို တွေ့ရှိရပုံနှင့် ပတ်သက်၍…

'ချစ်ခင်ကြင်နာ၊ အစ်မမှာကား၊ မိဖုရားတန်ဆာ၊ ဘွဲ့မှာဒေဝီ၊ နာရဏီကွမ်းအစ်၊ ကျောက်ရစ်စီမှန်၊ ရွှေထွေးခံ ရွှေကလပ်၊ နေရာမြတ်မေးတော်ခံ၊ ကတော်ရံ ကတော်အုပ်၊ လုပ်ရအံ့ချီး၊ ရွှေယဉ်ရွှေလှည်း၊ အမြဲစီး၍၊ ရွှေထီးနှစ်လက်၊ စိန်ဘယက်ဖြင့်၊ လက်လက်ဝင်းထိန်၊ စည်းစိမ်သုခ၊ ခံစားရသည်၊ ကျေးဇူးရှင်အစ်မအကြောင်းတည်း' ဟု ဖွဲ့ဆိုခဲ့သည်။

ယောက်ဖဖြစ်သူ သူရဲဝန်၏ ပံ့ပိုးကူညီမှုဖြင့် မင်းတုန်းမင်းထံ ခစားမင်းမှုထမ်းခွင့် ရခဲ့ရာမှ ချောင်းဦးဆယ်ရွာစား၊ အမြင့်ငါးမြို့ဝန်ရာထူးများ အဆင့်ဆင့် ရရှိခဲ့သည်။ မင်းကြီး၏လက်ရာရှည်တွင်…

"ယောက်ဖမထင်၊ သားသို့ပင်ဟု၊ သွန်သင်ပြသ၊ တင်လျှောက်မ၍၊ ဘဝသခင်၊ အရှင်မင်းတရား၊ သနားစုံမက်၊ ရေစက်တော်ပါ၊ ဆယ်ရွာချောင်းဦး၊ ထူး၍ထပ်ဆင့်၊ အမြင့်မြို့ဝန်၊ မိန့်တော်ညွှန်လစ်…"

ဟု တွေ့ရှိရ၏။ ထို့ပြင် မင်းလက်ဝါးဟု ခေါ်ဆိုကြပုံနှင့် ပတ်သက်၍လည်း…





'ဒါနအကြောင်း၊ ကောင်းဖို့ဖြစ်လာ၊ ဓာတာပွင့်ညား၊ လူအများကို၊ လက်ဝါးကျော့ပြင်၊ ရိုက်နှက်လျှင်က၊ မရှင်အသက်၊ ထွက်သည်အမှန်၊ ထက်သန်မောင်းကြော၊ တအံ့သြတည့်၊ ကျော်စောထင်ရှား၊ မင်းလက်ဝါးဟု၊ အများလူဗိုလ်၊ ခေါ်ကြဆိုသော်' ဟူ၍ ရေးဖွဲ့ခဲ့သည်။

ပတိမ်းမင်းသား ပုန်ကန်မှုအပြီး အလုံမြို့ဝန်အဖြစ်ချီးမြှင့်ခံရပုံကိုလည်း…

'ပတိမ်းစားကို၊ ထင်ရှားရမိ၊ ရှိကာလတ်သော်၊ အရေးတော်ပြီး၊ မင်းကြီးမင်းခေါင် သူရိန်မဟာသမိန်ဗရမ်း၊ အမှုထမ်းကောင်း၊ တစ်သောင်းဒင်္ဂါး၊ နှစ်ထောင်အားဖြင့်၊ စား၍နှစ်စဉ်၊ ကြည်လင်စေတနာ၊ သဒ္ဒါကဲလွန်၊ အလုံဝန်ဟု၊ မတ်မွန်မြှောက်ချီး…'

စသည်ဖြင့် ရေးဖွဲ့ခဲ့၏။ မင်းလက်ဝါးကြီး၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိလက်ရာရှည်ကြီးမှာ အရေးအဖွဲ့ ထိမိပြောင်မြောက်လှသည်သာမက ဓာတိသွေး ဓာတိမာန်လည်း တက်ကြွဖွယ် ဖြစ်ပါသည်။

## မင်းလက်ဝါးကြီး၏ ပေစာထုပ်ကြိုးမှဆုတောင်းစာ

ရှေးမြန်မာမှူးကြီးမတ်ရာတို့သည် ဘုန်းတော်ကြီးကျောင်းများသို့ ဘာသာရေးဆိုင်ရာကျမ်းများ လှူဒါန်းကြရာတွင် ပေစာထုပ်သည့် ကြိုးပေါ်၌ ဆုတောင်းစာကို ရက်လုပ်ဖော်ပြလေ့ရှိကြ၏။ အမြင့်မြို့ဟောင်း ဘုံပျံကျောင်းဆရာတော် ဦးနန္ဒိယထံတွင် မင်းလက်ဝါးကြီးနှင့် ဝန်ကတော် ခင်လေးကြီးတို့၏ ပေစာထုပ်ကြိုးနှစ်ခုကို သိမ်းဆည်းထားရှိပါသည်။ ဆရာမကြီး ဒေါ်ရွှေဘိုမိမိကြီးက သူ၏ 'ပေစာထုပ်ကြိုးမှ ဆုတောင်းစာများ' စာအုပ်၊ စာမျက်နှာ ၃၄ တွင် 'အလှူရှင်သည် စာပေပညာ တတ်ကျွမ်းသူဖြစ်ပါက မိမိတို့ ကုသိုလ်ကြိုးစာကို မိမိတို့ကိုယ်တိုင် သီကုံးရေးဖွဲ့ကြခြင်း ဖြစ်ပါ၏' ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်၍ မင်းလက်ဝါးကြီးနှင့် ဝန်ကတော်တို့၏ ပေစာထုပ်ကြိုးထက်မှ ဆုတောင်းစာကို မင်းကြီးကိုယ်တိုင် ရေးဖွဲ့ခဲ့ခြင်းဖြစ်မည်ဟု မှန်းဆမိပါသည်။

မင်းလက်ဝါးကြီး၏ ပေစာထုပ်ကြိုးတွင် 'မင်္ဂလာကျက်သရေ၊ ရွှန်းရွှန်းဝေသည်' အစချီလျက်…

'သင်းကျစ်နွဲ့နွဲ့၊ မင်းကြီးဘွဲ့ဖြင့်၊ မက်တဲ့အလယ်၊ ထွန်းလင်းထည်သည်၊ ရှုဖွယ်ဝင်းထိန်၊ သိမ့်ဗရမ်း၊ မသန်းဖြူစင်၊ သိဒ္ဓိတင်၍၊ နတ်သေနင်္ဂ၊ ကုဝေရသို့၊ ချီးပအောင်မျိုး၊ မြင့်ငါးမြို့နှင့်၊ ချောင်းဦးအလုံ၊ ဝေပုံမကျန်၊ ယုံကျွန်မှန်၏'

ဟု ရေးဖွဲ့ထားသည်ကို တွေ့ရှိရ၏။ အလားတူ ဝန်ကတော် ဒေါ်ခင်လေးကြီး၏ ပေစာထုပ်ကြိုး ဆုတောင်းစာ၌လည်း 'ဖေယျတု၊ သစ္စာလေးတန်၊ ရွှေဉာဏ်တော်မြတ်၊ ထုတ်ချင်းခတ်၍' အစချီလျက်...

'အမြင့် ၅ မြို့ဝန်၊ လူတံခွန်ဇနီး၊ ခင်လေးကြီး၊ အသရေအစုံ၊ ဂုဏ်နှစ်ဂုဏ်ထူး၊ နိဗ္ဗာန်သို့ကူးရအောင်၊ နှစ်ဦးအကြံ၊ စိတ်အာရုံမှန်သောကြောင့်၊ သံသရာဘေးမှ၊ ကင်းဝေးပါစေ၊ အမျှဝေသည်၊ များထွေသာဓု ခေါ်စေသော်'

ဟူ၍ နိဂုံးချုပ်ထားပါသည်။

## မင်းလက်ဝါးကြီး၏ ကိုယ်ပိုင်စာကြည့်တိုက်

မင်းလက်ဝါးကြီးက အလုပ်တာဝန်များ အားလပ်သည့်အခါ နေအိမ်ကြီးရှိ ကိုယ်ပိုင်စာကြည့်တိုက်အတွင်း၌ စာပေကျမ်းဂန်များကို လေ့လာဖတ်ရှုလေ့ ရှိပါသည်။ စာပေမှတ်တမ်းများကိုလည်း လူမှုရေး၊ ဘာသာရေး၊ လောကီ ရေး စသည်ဖြင့် ကဏ္ဍအလိုက် ခွဲခြားစုဆောင်းထားသည်။ သီပေါမင်း ပါတော်မူပြီးနောက် မန္တလေးမှ အမြင့်မြို့သို့ ပြောင်းရွှေ့နေထိုင်ရာတွင် သူ၏ စာတိုက်သေတ္တာကြီးများအား ဂရုတစိုက် သယ်ယူသွားခဲ့၏။

မင်းကြီး၏ ကိုယ်ပိုင် စာကြည့်တိုက်တွင် ဗေဒင်လက္ခဏာကျမ်းများ၊ ဆေးဝါးကုသနည်းနှင့် ဖော်စပ်နည်းများ၊ စကားပုံဆုံးမစာ၊ ဒူးဂဏန်း၊ ကျေးဂဏန်း စသည့် စကားဝှက်ရေးနည်းများ စသည်ဖြင့် စုံလင်စွာ တွေ့ရှိနိုင်၏။ မှတ်တမ်းစာတစ်စောင်တွင် 'ဥရောပတိုက်တွင်ရှိသော ထီးဆောင်းနန်းစံ မင်းလောင်းဖွားသက္ကရာဇ် နန်းတက်နေ့နံများ ပြပေအံ့' ဟု ခေါင်းစည်းတပ်လျက်...

- နိုင်ငံအမည် ဂရိတ်ဗြိတံ၊ မင်းမည်–ဝိတ်ိရိယာ၊ ဖွားသက္ကရာဇ်–၁၈၁၉ မေလ ၂၄၊ နန်းတက်သက္ကရာဇ် ၁၈၃၇ ဇွန်လ ၂၀။
- နိုင်ငံအမည် ပြင်သစ်၊ မင်းမည်–နပိုလီယံ၊ ဖွားသက္ကရာဇ်–၁၈၀၈ ဧပြီလ ၂၀၊ နန်းတက်သက္ကရာဇ် ၁၈၅၂ ဒီဇင်ဘာလ ၂။
- နိုင်ငံအမည် ရုရှား၊ မင်းမည်–အာလေဇံတာ၊ ဖွားသက္ကရာဇ်–၁၈၁၈ ဧပြီလ ၁၈၊ နန်းတက်သက္ကရာဇ် ၁၈၅၅။

စသည်ဖြင့် နိုင်ငံအလိုက် မှတ်တမ်းများကို တွေ့ရှိရ၏။

'အာရှတိုက်တွင် ပါဝင်သော တိုင်းနိုင်ငံမြို့များ 'ခေါင်းစည်းပါ မှတ်တမ်းတွင်လည်း...





- ရာမညတိုင်း သထုံပြည်မှ ရှင်ဗုဒ္ဓဃောသ သွားပြီးလျှင် မြန်မာပိဋကတ်ကျမ်းစာများကို ကူးယူသော သီဟိုဠ်ကျွန်းကြီး၊ အကျယ်အဝန်း တိုင်ပေါင်း ၂၄၇၀၀၊ လူပေါင်း ၁၈၇၆၄၆၇ ရှိသော ကျွန်းကို အင်္ဂလိပ်သက္ကရာဇ် ၁၇၉၆၊ မြန်မာသက္ကရာဇ် ၁၁၀၅ ခုနှစ်တွင် လက်ရသိမ်းပိုက်။ ယခုတိုင် အင်္ဂလိပ်တို့ ကြီးစိုးအုပ်ချုပ်လျက်ရှိ၏။
- ဟောင်ကံ ပြုစုသည့်ခုနှစ် အင်္ဂလိပ်သက္ကရာဇ် ၁၈၄၃၊ မြို့အကျယ်အဝန်း၊ တိုင် ၂၉၊ လူဦးရေ ၉၄၉၁၇၊ ထွက်သော အခွန်တော် ငွေပေါင်း ၉၄၁၈၂၀၊ ထွက်သောကျွန်းကို အင်္ဂလိပ်သက္ကရာဇ် ၁၈၄၃ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၀၅ ခုနှစ်တွင် တရုတ်မင်းဧကရာဇ်က စာချုပ်ခံပြီးလျှင် အင်္ဂလိပ်မင်းသို့ ပေးအပ်ရလေ၏။ စသည်ဖြင့် တွေ့ရှိရပါသည်။

ကမ္ဘာပေါ်ရှိ ထင်ရှားသောနယ်မြေအချို့၏ မှတ်တမ်းတွင်လည်း...

'စန္တာလီနာကျွန်း၊ အလျားအနံ အဝန်း တိုင်ပေါင်း ၁၄၇၊ လူဦးရေ ၅၄၉၀၊ အခွန်တော်ပေါင်း ၂၃၁၆၈၀ ထွက်သော ကျွန်းငယ်ကို အင်္ဂလိပ်မင်း ပြုစုကြီးစိုးလေ၏။ ထိုကျွန်းမှာ ဥရောပတိုက်တွင် တန်ခိုးအာဏာ ဘုန်းကျက်သရေနှင့်ဒိပရာဇ်အမည်ခံယူသော နပိုလီယံ၊ ပြင်သစ်နိုင်ငံ၏ ဘုရင်မင်းမြတ်ကို အင်္ဂလိပ်မင်းများက လက်ရသိမ်းယူဖမ်းဆီးပြီးလျှင် ချုပ်ထားသော အရပ်ဒေသဖြစ်၍ အလွန်ထင်ရှားသောကျွန်း ဖြစ်၏'

ဟု တွေ့ရှိရ၏။ မင်းလက်ဝါးကြီး၏ နိုင်ငံတကာ ဗဟုသုတမှာ သူ့ခေတ်သူ့ခါအလျောက် အလွန်ပင် ချီးမွမ်းဖွယ်ရာ ဖြစ်သည်။

အမေရိကန် သမ္မတဂျော့ဝါရှင်တန်အကြောင်းနှင့် ပတ်သက်၍မူ...

'ဇော်ရဂျိဝါရှိန်တံ၊ အင်္ဂလိပ်သက္ကရာဇ် ၁၇၆၄ ခုနှစ်မှ လွန်သော် အာမေရိကာတိုက် မြောက်ပိုင်းတွင် အင်္ဂလိပ်မင်းများက တံဆိပ်တော် စက္ကူများကို သုံးစွဲရန် ဥပဒေထားသည့်အကြောင်းအရာများကို အာမေရိကာ ပြည်သူပြည်သားတို့ကြားသိရလျှင် မြို့ရွာတုန် (လှုပ်) လျက် မငြိမ်မသက်ရှိသည်အတွင်း ဘိလပ်မြို့မှ အာမေရိကာပြည်တွင် တရားစွဲဆိုရန် ယူလာသောသင်္ဘော အမေရိကာပြည်ဝသို့ ရောက်သည့်အခါ ခုခံခြင်းအမှုကိုပြုသောကြောင့်...'

စသည်ဖြင့် တွေ့ရှိရပါသည်။ ဤမှတ်တမ်းမှာ ၁၇၇၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဗြိတိန်အမေရိကန်စစ်ပွဲဆိုင်ရာ အကြောင်းအရာများ ဖြစ်၏။

မင်းလက်ဝါးကြီး၏ ကိုယ်ပိုင်စာကြည့်တိုက်မှ ပေပုရပိုက် အားလုံးကို မင်းကြီး အမြင့်မြို့၌ ကွယ်လွန်သွားပြီးနောက် အမြင့်မြို့ရှိ ဘုံပျံကျောင်းဆရာ

တော်ထံ အပြီးအပိုင်လှူဒါန်းလိုက်ကြသည်။ မင်းကြီး၏ကိုယ်ပိုင် ပေ၊ ပုရပိုက် အချို့သာလျှင် အဆက်အနွယ်များထံ၌ ကျန်ရစ်သည်ကို တွေ့ရှိရ၏။ ဤကိုယ်ပိုင် စာကြည့်တိုက်ကြီးကို မှန်းဆကြည့်လျှင်ပင် မင်းလက်ဝါးကြီးသည် စာပေဗဟုသုတ ကြွယ်ဝသူ ပညာရှင်တစ်ဦးဟု ဆိုနိုင်ပါသည်။

## ပင်းသာခင်ဖူး



ပင်းသာခင်ဖူးနှင့် မိသားစု

အမျိုးသမီး စာဆိုတော်တစ်ဦးအဖြစ် ထင်ရှားခဲ့သူ ပင်းသာခင်ဖူးမှာ မင်းလက်ဝါးကြီး၏ အစ်မရင်း ဒေါ်ခင်ခင်ကြီးနှင့် ခင်ပွန်း သူရဲဝန် ဦးရွှေလုံးတို့မှ ဖွားမြင်သော မင်းလက်ဝါးကြီး၏ တူမရင်း ဖြစ်ပါသည်။ သူရဲဝန် ဦးရွှေလုံးနှင့် ဒေါ်ခင်ခင်ကြီးတို့၌ သမီးသုံးဦးဖွားမြင်ရာ သမီးကြီးခင်ခင်သာမှာ အပျိုကြီးဖြစ်ပြီး ခင်ခင်ညှာက လေ့သင်းအတွင်းဝန် ဦးရွှေမောင်ကတော် ဖြစ်ပါသည်။ သမီးထွေး ခင်ဖူးက ရေနံချောင်းမြို့စားဝန်ကြီး ဦးမောင်ကလေးခေါ် ဦးပိန်၏သား ပင်းသာမြို့စား သူရဲဝန်မောင်မောင်ပြောင် (ရနောင်မောင်မောင်တုတ်၏ညီ) နှင့် စုံဖက်ခဲ့သည်။ ပင်းသာမြို့စား၏ဇနီးမို့ ပင်းသာခင်ဖူးဟု အမည်တွင်ခဲ့သည်။

ပင်းသာမောင်မောင်ပြောင်သည် အစ်ကိုရနောင်မောင်မောင်တုတ် ရာဇဝတ်သင့်စဉ် ရာထူးမှ ထုတ်ပယ်ခံခဲ့ရ၏။ အပြစ်မရှိ၍ ရာဇဝတ်ဘေးမှ လွတ်မြောက်ခဲ့သော်လည်း ရာထူးပြန်မရတော့ပေ။ ပင်းသာခင်ဖူးနှင့် ခင်ပွန်းမောင်မောင်ပြောင်တို့မှ သားသမီး (၄) ဦး ဖွားမြင်ရာ ခင်ခင်ကြီး၊ ခင်ခင်လတ်၊ ခင်ခင်လေး၊





ခင်မောင်ကြီးတို့ ဖြစ်ကြသည်။ သီပေါမင်း ပါတော်မူသွားပြီးနောက် ပင်းသာ မိသားစုသည် မန္တလေးမြို့၊ ပုလဲငွေရောင်ရပ် (၂၂) လမ်းတွင် နေထိုင်ခဲ့ကြ၏။ ပင်းသာခင်ဖူးသည် ကိုလိုနီခေတ်ဦးကာလအထိ သက်ရှိထင်ရှားရှိနေဆဲ ဖြစ်ပါသည်။ သား ဦးခင်မောင်ကြီးသည် ဒေါ်ခင်ခင်လှနှင့် စုံဖက်ကာ ဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် ဗိုလ်မှူးကြီး ခင်မောင်လှတို့ကို ဖွားမြင်ခဲ့၏။

ပင်းသာခင်ဖူး၏သမီး ပင်းသာခင်ခင်ကြီးသည် ရုပ်ရည်ချောမောလှပသဖြင့် အင်္ဂလိပ်အစိုးရလက်ထက်တွင် ဓာတ်ပုံဆရာတစ်ဦးက ဓာတ်ပုံရိုက်ကာ ပို့စကတ်အဖြစ် ဖြန့်ဝေခဲ့ဖူးကြောင်း သိရှိရ၏။ ပင်းသာခင်ဖူးသည်ကား စာရေးဆရာမကြီး ဒေါ်ရွှေဘိုမိမိကြီး၏ အဘွားဝမ်းကွဲတော် ဖြစ်ပါသည်။

## ပင်းသာခင်ဖူး၏ စာပေလက်ရာ

ပင်းသာခင်ဖူး၏ စာပေလက်ရာများထဲတွင် 'နွေချိန်ခါလု ပြန်တော့တယ်' အစချီ ပတ်ပျိုးသီချင်းမှာ ထင်ရှားလှ၏။ ယင်းပတ်ပျိုးတွင် သဖြန်တစ်ပုဒ်ဖြင့် ထည့်သွင်းအဆုံးသတ်ထားပါသည်။ စာပေလက်ရာပတ်ပျိုးမှာ အောက်ပါအတိုင်း ဖြစ်၏။

နွေချိန်ခါလုပြန်တော့တယ်၊ ရတုသာတဲ့လရာသီ၊ ရွက်ကျင်ပင်ကျွတ်၊ လေဆွတ်လို့ ဆွေးပုံချီ၊ ညှာညီခဲ့ပြန်၊ မွေးဝတ်ကယ်ကြိုင်သင်း၊ မြိုင်မင်းက လွမ်းဖို့ငယ်ပန်။

ကိုက်ဖူးငယ်တည့်ပြုလျှံ၊ စုံနယ်ယံ၊ ကြုံတယ်ကံ၊ လေပြန်ဆော်သွင်း၊ ရွှေအလျှံမတန် သဇင်ကြွင်းငယ်နှင့်လေး၊ ဝိသမာလေသာဖန်၊ မြေခင်းမှာတဲ့လေး၊ ဆွေးစေအောင်ဖန်ဆင်း၊ ပင်ပင်းကြော့ကြာမယ်၊ နတ်ကယ်မြင်အုံး၊ ရုံသုံးရွှေများလယ်၊ ပူတယ်တဲ့နိုင်၊ မြင်တော်မူလဲ၊ ဆူသဲက ထပ်ကာဆိုင်၊

ပန်းလွှာဘုံမြိုင်၊ သင်းကြိုင်နံ့ထူး၊ ပျော်လဲပျော်လို့ဘူး၊ သုံးယံကကြူး၊ ရှစ်တိုင်းဝယ် ဝန်းရံခိုးမြူမှုန်၊ လွမ်းဖို့ငယ်ဆုံ၊ ပစ္စုန်ကျူး ပြန်ဆိုတော့မယ်၊ တမာရန်၊ နတ်ဟန်ကြာပွား၊ ပူတော့ကား သလေလေ့လေ့။

မြသားငယ်ခွေ၊ တောင်ပေါင်းရံကာလို့၊ တမာရာရွှေဖွေစွန်းကို၊ လွမ်းသည်နှင့်ပွေ၊ မြူခိုးငယ်ဝေ၊ သည်လေကျွမ်းပြန်ချည်တော့မယ်၊ မတင်သာမြင်လာဆိုထမ်းတော့၊ အိုပန်းဖွယ့်ရေးလေလေ့လေ့။

ဒွေးချိုးသဖြန်။ ။ ဘယ်မှာဖန်မယ်၊ ကြံနယ်ကဝေး။
သမုဒ်ကယ်ပင်လယ်ဖို့၊ လောင်းလှေငယ်
ဟိုဘက်ကမ်းကို၊ လှမ်းနိုင်ဖို့သေး။

## စာပေမျိုးဆက် ရွှေဘိုမိမိကြီး



ရွှေဘို မိမိကြီး

ရတနာပုံခေတ်တွင် လက်ရုံးရည်ရော၊ နှလုံးရည်ပါ ထက်မြက်လှသူ စာပေပညာရှင် မင်းလက်ဝါးကြီး၏ စာပေအမွေကို မြစ်ဖြစ်သူ ဆရာမကြီး ရွှေဘိုမိမိကြီးက ဆက်ခံခဲ့၏။

ရွှေဘိုမိမိကြီး၏ အမည်ရင်းမှာ ဒေါ်မိမိခင် ဖြစ်ပါသည်။ ရွှေဘိုမိမိကြီးကို ၁၁ ရက် စက်တင်ဘာလ ၁၉၂၇ ခုနှစ်တွင် ရှေ့နေဦးယုနှင့် ဒေါ်သန်းတင်တို့မှ စစ်ကိုင်းတိုင်း၊ မြောင်မြို့၌ ဖွားမြင်ခဲ့သည်။ မန္တလေးမြို့ အေဘီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၄၄ ခုနှစ်တွင် ဝတ်လုံတော်ရ ဦးဖေတင်နှင့် လက်ဆက်ကာ ရွှေဘိုမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဆရာမကြီး ရွှေဘိုမိမိကြီးတွင် သားသမီး (၅) ဦး ဖွားမြင်ခဲ့၏။

## ရွှေဘိုမိမိကြီး၏ စာပေလက်ရာ

ရွှေဘိုမိမိကြီးသည် မြန်မာသမိုင်းနှင့် စာပေယဉ်ကျေးမှုဆိုင်ရာ စာအုပ်စာတမ်းများ၊ ဆောင်းပါးများကို ရေးသားပြုစုခဲ့၏။ ထင်ရှားသော စာအုပ်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။





၁။ မင်းလက်ဝါး
၂။ ဗုဒ္ဓဝင်နေရာတော် နှစ်ဆယ် ဘုရားဖူးမှတ်တမ်း (၁၉၈၀ စာပေဗိမာန်စာမူဆု)
၃။ လှေသင်းအတွင်းဝန် ဦးရွှေမောင်အတ္ထုပ္ပတ္တိ
၄။ ရွှေရည်မင်းစံဆောင်းပါးများ
၅။ ပေစာထုပ်ကြိုးမှ ဆုတောင်းစာများ (၁၉၉၃ စာပေဗိမာန်စာမူဆု)
၆။ မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီးဦးဘိုးလှိုင်
၇။ ကုန်းဘောင်မြို့ဝန်းမိုး
၈။ အနာဂါရိက ဓမ္မပါလ
၉။ နန်းတွင်းသူခိုးနှင့် မိန်းမစိုး တို့ဖြစ်ကြ၏။

ဆရာမကြီး ရွှေဘိုမိမိကြီး၏ စာပေလက်ရာများထဲမှာ 'ပေစာထုပ်ကြိုးမှ ဆုတောင်းစာများ' စာအုပ်ပါ ရေးသားချက်အချို့မှာ အောက်ပါအတိုင်း ဖြစ်၏။

'မြန်မာစာ၏ အခြေခံအုတ်မြစ် ပေစာထုပ်များ၏ အစိတ်အပိုင်းအင်္ဂါတစ်ရပ်ဖြစ်သော စာစည်းကြိုးဆုတောင်းစာများကို လေ့လာသူ သုတေသီများသာမက 'ယနေ့လူငယ်၊ နောက်ဝယ်လူကြီး' ဖြစ်လာကြမည့် နိုင်ငံ၏ အညွန့်အဖူးဖြစ်သော လူငယ်ထုနှင့်လည်း သိကျွမ်းစေချင်ပါသည်။ ထို့နောက် နားလည်ရင်းနှီးစေချင်ပါသည်။ လူငယ်ထုက ထိန်းသိမ်းစောင့်ရှောက်ကြစေချင်ပါသည်။ ဤအချက်သည်လျှင် ကျွန်မ၏ ရည်ရွယ်ရင်း စေတနာမှန် ဖြစ်ပါ၏။

သို့ ထိန်းသိမ်းစောင့်ရှောက်ထားထိုက်သည့်အတိုင်း ကျွန်မသည် နှစ်ပေါင်းများစွာအတွင်း နေရာဒေသအတော်များများ၌ ရှာဖွေစုဆောင်းရသမျှ စာစည်းကြိုးဆုတောင်းစာများအနက် အများစိတ်ဝင်စားမည်ဟု ထင်ရသော ကြိုးဆုတောင်းစာ အပုဒ်ရေ ၂၀၀ ကို ယခု ဤစာမူတွင် အခန်းကဏ္ဍခွဲ၍ တင်ပြလိုက်ပါသည်။ စာသားကွဲသော်လည်း သဘောချင်းတူသော ကြိုးစာများကိုမူ စာလေးမည်စိုး၍ ဝမ်းနည်းစွာ ချန်လှပ်ထားခဲ့ရပါသည်' ဟူ၍ ရေးသားထား၏။

❐

# အခန်း (၈)

## ဗြဲတိုက်စာရေး ဦးထွန်းဝမှ ကံဆက် (ကသာ) သို့

ဆရာကံဆက် (ကသာ) သည်ကား စာဆိုတော်ဗြဲတိုက်စာရေး ဦးထွန်းဝ၏ မြေးအရင်းဖြစ်ပါသည်။ ဗြဲတိုက်စာရေး ဦးထွန်းဝကို စာဆိုတော်ကြီး အချုပ်တန်းဆရာဖေနှင့် တွဲဖက်သိရှိကြ၏။ အချုပ်တန်း ဆရာဖေ၏ မိတ်ဆွေအရင်း အချာလည်းဖြစ်ပြီး ရှမ်းပြည်နယ်သို့ ထွက်ခွာကြစဉ်ကလည်း အတူတကွ သွားရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ အချုပ်တန်းဆရာဖေ၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုသည့်အခါတိုင်း မိတ်ဆွေရောင်းရင်းဖြစ်သူ ဗြဲတိုက်စာရေး ဦးထွန်းဝအကြောင်း မပါလျှင်မပြီးပေ။

### ကံဆက် (ကသာ) ၏ မျိုးရိုးဆက်နွယ်

ပွဲစားကြီးဦးဖိုးနှင့် ဒေါ်မမခက်တို့၏သား ဦးထွန်းဝမှ ဒေါ်သက်ထွန်းတို့ ဖွားမြင်ပါသည်။ ဒေါ်သက်ထွန်းသည် တကောင်းမြို့သားတစ်ဦးနှင့် အိမ်ထောင်ကျရာမှ ဆရာကံဆက် (ကသာ) ကို ဖွားမြင်ပါသည်။ ဆရာကံဆက်ကား တစ်ချိန်က မြစ်ကြီးနားခရိုင် ဟိုပင်မြို့တွင် ထင်ရှားခဲ့သည့် မြသီတာဆေးတိုက်ပိုင်ရှင် ဖြစ်ပါသည်။


### ဗြဲတိုက်စာရေး ဦးထွန်းဝ

ဦးထွန်းဝကို ၈ ရက်၊ ဖေဖော်ဝါရီလ ၁၈၆၂ ခုနှစ်တွင် ပွဲစားကြီးဦးဖိုးနှင့် ဒေါ်မမခက်တို့မှ အင်းဝမြို့ နန်းတော်ရှေ့ရပ်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းညီ





ကံဆက် (ကသာ) ၏ မျိုးရိုးဆက်နွယ်




တစ်ဦးမှာ ဦးဘကြီး ဖြစ်၏။ ဦးထွန်းဝ (၅) နှစ်သားအရွယ်တွင် မိသားစု မန္တလေးသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ထိုစဉ်က ဒေါ်မမခက်၏ အစ်ကိုကြီး ပုဂံဝန်ထောက်မင်းကြီး မဟာရာဇသင်္ကြန်ဘွဲ့ခံ တရားသူကြီး ဦးဘိုး၏နေအိမ်၌ အတူနေထိုင်ခဲ့ကြခြင်း ဖြစ်သည်။ တရားသူကြီး ဦးဘိုးမှာ ဓမ္မသတ်ကျမ်းပြု ပုဂ္ဂိုလ်ကြီးဖြစ်ပြီး သူ၏သား ဦးဘိုးလှိုင်မှာလည်း နောင် တရားသူကြီးတစ်ဦး ဖြစ်လာခဲ့၏။

ဦးထွန်းဝသည် အသက် (၇) နှစ်အရွယ်တွင် မြို့အရှေ့ပြင် ဝိသုကာရာမတိုက်ရုံကျောင်းမှ ပခန်းဆရာတော်ထံ ပညာသင်ကြားခဲ့သည်။ အသက် (၈) နှစ်မှ (၁၅) နှစ်အရွယ်အတွင်း ရှင်သာမဏေဝတ်ခဲ့သည်။ အသက် (၁၆) နှစ်အရွယ်တွင် လူဝတ်လဲပြီး အစ်ကိုဝမ်းကွဲ စာရေးကြီး ဦးဘိုးလှိုင်ထံ စာရေးအဖြစ် ရေးမှတ်အမှုထမ်းရသည်။ မင်းတုန်းမင်းလက်ထက်တွင် လွှတ်တော်စာရေးဖြစ်လာကာ ခန်းပတ်မင်းကြီး ဦးရွှေမောင်လက်အောက်၌ အမှုထမ်းရ၏။ သီပေါမင်းလက်ထက်သို့ ရောက်သောအခါ ဗြဲတိုက်စာရေးတစ်ဦး ဖြစ်လာပါသည်။ ဦးထွန်းဝ အသက် (၂၄) နှစ်အရွယ်တွင် သီပေါမင်း ပါတော်မူသွားပါသည်။ ပါတော်မူပြီးနောက် နန်းပြင်တွင် အချုပ်တန်းဆရာဖေနှင့် အိမ်ချင်းကပ်လျက် နေထိုင်ခဲ့ရာ မူလကပင် ခင်မင်ကြသည့်အလျောက် ပိုမို ရင်းနှီးသွားကြ၏။



PDF Creator - nyeyadhamma@gmail.com
PDF Creator - nyeyadhamma@gmail.com

ဤသို့ဖြင့် ရှမ်းပြည်နယ်မှ နယ်ချဲ့ဆန့်ကျင်ရေးစစ်ပွဲ ဆင်နွှဲရန် အချုပ်တန်းဆရာဖေ ၁၈၉၇ ခုနှစ်၌ ထွက်ခွာသွားစဉ် ဦးထွန်းဝလည်း အတူလိုက်ပါသွားခဲ့လေသည်။ ဆရာဖေ ကွယ်လွန်ပြီးနောက် ဦးထွန်းဝ မန္တလေးသို့ ပြန်ရောက်လာ၏။ ဦးထွန်းဝ၏ ဇနီးအမည်ကို မသိရသော်လည်း သမီးဒေါ်သက်ထွန်းကိုမူ ၂၇ ရက် ဒီဇင်ဘာလ ၁၈၉၇ ခုနှစ်၌ ဖွားမြင်ပါသည်။ ဦးထွန်းဝသည် မျိုးချစ်စိတ်ဓာတ် ထက်သန်သူဖြစ်ပြီး မြေးဖြစ်သူကိုပင် အင်္ဂလိပ် အလွတ်ပညာသင်ကျောင်းသို့ထားသည်ကို သိသောအခါ ချက်ချင်း ပြန်လည် ကျောင်းနုတ်ခိုင်းခဲ့၏။ မြဲတိုက်စာရေးဟောင်း ဦးထွန်းဝသည် ၁၉၂၃ ခုနှစ်ဝန်းကျင်တွင် သမက်များရှိရာ တကောင်းသို့ ပြောင်းလာသော်လည်း တစ်နှစ်ခန့်သာ နေထိုင်ပြီး အားလုံး ကသာမြို့နယ်၊ ရွှေလီချောင်းဝ အင်းရွာသို့ ပြောင်းရွှေ့ခဲ့ကြ၏။ ဦးထွန်းဝသည် အင်းရွာတွင် ဆေးဆရာအဖြစ် ဆေးဝါးကုသရင်း အသက်မွေး၏။ တစ်ခါတစ်ရံ၌ အင်္ဂရတ်ထိုးသည်။ ကဗျာလင်္ကာများကိုလည်း ရေးဖွဲ့နေတတ်ပါသည်။

၁၉၃၆ ခုနှစ်တွင် ရွှေလီ တို့ဗမာအစည်းအရုံး သခင်အသင်း ထူထောင်ရာ၌ နာယကဖြစ်လာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘီအိုင်အေတပ်များ ဝင်ရောက်လာစဉ်က ဘီအိုင်အေဗိုလ်အချို့က ဦးထွန်းဝအား လာရောက်ဦးခိုက် ကန်တော့ခဲ့ကြသည်။ ၁၃ ရက် စက်တင်ဘာလ ၁၉၄၂ ခုနှစ်တွင် မြဲတိုက်စာရေးဟောင်း ဦးထွန်းဝ ကွယ်လွန်သွားပါသည်။

## မြဲတိုက်စာရေး ဦးထွန်းဝ၏ စာပေလက်ရာ

မြဲတိုက်စာရေး ဦးထွန်းဝ၏ စာပေလက်ရာအမြောက်အမြားမှာ မီးလောင် ပျက်စီးသွားသဖြင့် စာပေလက်ရာအချို့ကိုသာ တင်ပြနိုင်ပါတော့သည်။ သီပေါမင်းပါတော်မူပြီးစ မိတ်ဆွေရောင်းရင်းများက ထိုခေတ်အခါက နာမည်ကြီးနေသော အမျိုးသမီးတစ်ယောက်အကြောင်း စာဖွဲ့စေရာ လေးဆစ်တစ်ပုဒ်ကို ရေးစပ်သီကုံးခဲ့၏။

ဉာဏ်ရတနာ ပလီအိုးငယ်တို့
မန္တလာ ပြည်တစ်ရိုးမှာဖြင့်
မဒီမျိုးစုံခဲ့ပြီ။





ကိုယ်တစ်ယောက်တွင်မှ
အိုမှောက်ကပြီ ထပ်မလောချင်ဘူး
ဩချတော့သည်။
ထိရင်လေ မြွေပေါက်မကဲ့သို့
သိသိကြေ မအေက ပေါက်မှာကြောင့်
ငွေထောက်မှ ကပ်တော့မည်
အမယ်မင့်တွယ်ဝံ့ဘူး။
ဆုတ်တော့မယ်ခင်
အဟုတ်တော်တော်ထင်ပါ့
သရုပ်ဆင် ဒီဉာဏ်မျိုးကိုကွယ်
ချိုးကပ်လို့တူး။

ဦးထွန်းဝသည် အချုပ်တန်းဆရာဖေနှင့် စစ်တုရင်ထိုးလေ့ရှိရာ ဆရာဖေက မောင်ထွန်းဝ တေးထပ်တစ်ပုဒ် စပ်စမ်းပါဆို၍ စပ်ပေးရသောတေးထပ်မှာ အောက်ပါအတိုင်း ဖြစ်၏။

စစ်တုရင် တူပြိုင်ကျင်းကြတော့၊ လစ်မမြင် ပူလှိုင်ပြင်းစေဖို့၊ သူပိုင်မင်းဖြစ်ရတယ်။ တပ်မပျက်ခင်က၊ ညှပ်လျက်ဆင်ရထားတွေနဲ့၊ အပ်ကွက် အရင်သွားရ၊ အားကငယ်ငယ်။

မြင်းနယ်ပါ တိုက်စစ်ကဲတွေနဲ့၊ မင်းငယ်ကို ရိုက်ပစ်လှဲမယ်လို့၊ ဝိုက်ရစ်တွဲယူကြတယ်၊ ကူကယ်ပ မဆွံတစ်ပါး။

သဠာဘွေ မြင်လာမေ တဖေနတ်ကိုလ၊ ဆင်ခါလေ အသေသတ်မလို့ထင့်၊ ကျေနပ်အောင်သေပဲ့လို၊ ကြိမ်းလိုက်တယ်၊ စိမ်းရက်လေအား။

မြဲတိုက်စာရေးဟောင်း ဦးထွန်းဝသည် ၁၂၅၉ ခု ပြာသိုလဆန်း (၅) ရက်နေ့ တနင်္လာနေ့ (၂၇ ရက် ဒီဇင်ဘာလ ၁၈၉၇) တွင် သမီး ဒေါ်သက်ထွန်းကို ဖွားမြင်ရာ ရေးဖွဲ့ခဲ့သည့် ရက်ချုပ်တေးထပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'နောပဋ္ဌာဒွာဧကော၊ ခါပေမပြာသို၊ သာရွှေလဆန်းပိုသည်၊ ပန်းခွာညိုပေါ်စ၊ ငါးရက်ညဥ့်လေးနာရီသာမှာ၊ နေ့ဇီဝါကျားပျော်၍ခ။ ကြင့်လင်္ကာစန်းစံသည်၊ ကန်နန်းရုံဇီဝ၊ ဘုံဗြိဏ္ဍာ နာရေခပါလို့၊ မကာရတိုင်းကျော် နှစ်ပတ်ကျော် လေး

ဗီနရယ်နဲ့၊ ရှေးသီလကုသိုလ်တော်၊ ဖွားခဲ့ပြန်သော် အေးကြာငြိမ့်နာမည်ခေါ်သည်၊ မြန်ပြည်ပေါ် ထင်ရှားလိမ့်လေး' ဟူ၍ ဖြစ်သည်။

ဗြဲတိုက်စာရေးဟောင်း ဦးထွန်းဝနှင့် အချုပ်တန်းဆရာဖေတို့ ရှမ်းပြည်နယ်သို့ တက်သွားကြစဉ်က ဦးထွန်းဝက တေးထပ် (၆) ပုဒ်၊ အချုပ်တန်း ဆရာဖေက (၇) ပုဒ် ရေးဖွဲ့ခဲ့ကြ၏။ ဦးထွန်းဝ၏ တေးထပ် (၆) ပုဒ်အနက် တစ်ပုဒ်မှာ...

'မြတောင်ကမ်းပါးချပ်၊ ဝါးကြခပ်တောစွယ်၊ မသွားတတ်မောနယ်ကို၊ စောတမယ်မြင်လှည့်၊ ငွေကျောက်တက် ဂျင်းအခိုင်တွင်၊ မနင်းနိုင်အားတော်ကန္တ့၊ ဖဝါးတော်လန့်လေးဖိပြီ၊ တန့်ဆွေးချည်တွေနဲ့၊ ပျံ့မွှေးချီလေသွဲ့က၊ ကြွေမတဲ့ပမာ၊ ကျောက်စမ်းရေ သယ်ခါဆုံးရက်ကနဲ့၊ ကယ်ပါဦး တရတော့သာ၊ ဘယ်ညာလုံးကြွမပါပြီ၊ လှရတနာတဘုန်းငဲ့၊ ဂမုန်းနွဲ့လျှိုခင်စွယ်၊ လဲလိမ့်ထင်ဝာယ်၊ ကမ္ဘောဇ မနီးလွယ်သည်၊ ခရီးသည် သေလိမ့်ထင့်လေး' ဟု ဖြစ်ပါသည်။

တစ်ကြိမ်တွင် သမီးဖြစ်သူ ဒေါ်သက်ထွန်းက မန္တလေးအချုပ်တန်းရှိ မိတ်ဆွေများရှိရာသို့ သွားရောက်လည်ပတ်လိုကြောင်း ပြောသော်လည်း အဆင်မပြေ၍ မသွားဖြစ်ကြောင်းကို ဦးထွန်းဝက လေးဆစ်တစ်ပုဒ် ရေးဖွဲ့ခဲ့သည်။

'ကေသီရွှေဆီမှာ မသေချင်ဘု၊ နေရီရင် ရွှေပြည်တပါလို့၊ ဆွေညီအစ်မတို့ကိုတဲ့ လွမ်းဗျာသွယ်။

သက်အကြောင်းကိုလ၊ စက်ဒေါင်းဖန်နေဝါသုံး၊ မှန်သေချာ ရွှေစာရေးပါလို့၊ ပြန်ခြွေကာ ငွေလွှာလေးရယ်နဲ့၊ ပေး... ပေးလိုက်ပါမယ်။

လဝါဆို ပန်းလှူတဲ့ပွဲမှာလ၊ မအခရာပိုနန်းသူတို့နှင့် ကွဲရလို့၊ အသည်းမှာတဲ့ ကြွေလုပ်ဖွယ်၊ ပွေမှုကြွယ်ပါပေါ့ အစ်မညီမများ၊

ဗျာအင်္ဂါရယ်၊ ယဉ်ရတနာစကြာနှင့် လှည့်ရင်ဖြင့်၊ မန္တလာလက်ရာ ရှိပါလေရဲ့၊ မချိသူတင်းရွာဖြင့် ရှုးပြီလို့၊ တိမ်ဦးဝေယံထိပ်ဆီက၊ တံဆိပ်တင်ငွေလွှာသပါလို့၊ တမိတ်ခင် ဆွေသဟာမတို့ကို (ဒေါင်းနတ်ရှင်ရယ်) ပြော... ပြောပါဘုရား' ဟူ၍ ဖြစ်သည်။

ဗြဲတိုက်စာရေး ဦးထွန်းဝ၏ စာပေလက်ရာများအနက် ၁၉၃၀ ပြည့်နှစ်တွင် ရေးဖွဲ့ခဲ့သည့် ကိုးတောင်ပြည့်စေတီတော် ထီးတင်ပွဲ ရတုပိုဒ်စုံမှာလည်း ထင်ရှားလှ၏။





## ပုဂံဝန်ထောက်ဦးဘိုး

ဦးဘိုးကား ဒေါ်မမခက်၏ အစ်ကိုဖြစ်ပြီး ဗြဲတိုက်စာရေး ဦးထွန်းဝ၏ ဦးကြီးလည်း ဖြစ်သည်။ ဦးဘိုးသည် မင်းတုန်းမင်းလက်ထက်တွင် နေမျိုးရာဇသင်္ကြန်ဘွဲ့ခံ တရားသူကြီးစာရေး၊ ထို့နောက် မင်းလှရာဇသင်္ကြန်ဘွဲ့ဖြင့် လွှတ်တော်စာရေးကြီးရာထူးများဖြင့် အမှုထမ်းခဲ့သည်။ ထို့နောက် ၁၈၅၆ ခုနှစ်ဝန်းကျင်တွင် မဟာရာဇသင်္ကြန်ဘွဲ့ဖြင့် ပုဂံမြို့ဝန် ရာထူးရရှိခဲ့၏။ မကြာမီ မင်းကြီးမဟာရာဇသင်္ကြန်ဘွဲ့ခံ ဝန်ထောက်ဖြစ်လာသောအခါ ပုဂံဝန်ထောက်ဟု အမည်တွင်ပါသည်။

ပုဂံဝန်ထောက် ဦးဘိုးသည် တရားသူကြီးအဖြစ်ပါ တာဝန်ထမ်းဆောင်ခဲ့ဖူး၏။ သီပေါမင်းလက်ထက်၌ ဝန်ထောက် ကိုးခရိုင်အုပ်ဟူ၍လည်း အမည်တွင်ပါသည်။ ဦးဘိုးသည် ၁၈၈၄ ခုနှစ် အောက်တိုဘာလတွင် ရှမ်းပြည်နယ်မိုင်းနောင်မြို့၌ အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ဦးဘိုး၏ သားတစ်ဦးမှာ စာရေးကြီးဦးဘိုးလှိုင်ဖြစ်ပြီး နောင်ဖခင်ကဲ့သို့ တရားသူကြီး ဖြစ်လာပါသည်။ ထို့ပြင် သမီး ရှင်မကြီးနှင့် ရှင်မယ်ပုတို့လည်း ရှိပါသေးသည်။ ပုဂံဝန်ထောက်ဦးဘိုး၏ ဝန်ကတော်များအနက် ဒေါ်သင်မှ သမီးမကျီးတော်၊ ဒေါ်ညွန့်မှ သားမောင်စော်ဘွား၊ ဒေါ်ဟသ်ာမှ သမီး မအေးကြူတို့ကို ဖွားမြင်ပါသည်။ ဒေါ်အေးကြူသည် စာရေးကြီးတစ်ဦးနှင့်စုံဖက်ကာ သား မောင်အောင်ဘကို ဖွားမြင်၏။

ပုဂံဝန်ထောက် တရားသူကြီးဦးဘိုးသည် ဓမ္မသတ်ကျမ်းများကို ပြုစုခဲ့ကြောင်း ဦးဘိုး၏ညီဖြစ်သူ ဗြဲတိုက်စာရေး ဦးထွန်းဝ၏မြေး ကံဆက် (ကသာ) က ဆိုပါသည်။

## ဗြဲတိုက်စာရေး ဦးထွန်းဝ၏မြေး ဆရာကံဆက် (ကသာ)

ဗြဲတိုက်စာရေး ဦးထွန်းဝ၏ စာပေမျိုးဆက်ဖြစ်သည့် မြေးဖြစ်သူ ဆရာကံဆက် (ကသာ) ကို ၁၉၁၆ ခုနှစ်တွင် မန္တလေးမြို့ တောင်ပြင် ကျုံးထိပ် အချုပ်တန်း၌ ဖွားမြင်ခဲ့သည်။ မိခင်မှာ ဗြဲတိုက်စာရေး ဦးထွန်းဝ၏သမီး ဒေါ်သက်ထွန်းဖြစ်၏။ ဆရာကံဆက်သည် အဘိုးဖြစ်သူ ဗြဲတိုက်စာရေး ဦးထွန်းဝထံမှ စာပေအမွေကို ရရှိဆက်ခံခဲ့သူ ဖြစ်သည်။ ဆရာသည် ကလောင်အမည် သုံးမျိုးခန့်ဖြင့် ဝတ္ထု၊ ဆောင်းပါးများကို ရေးသားပြုစုခဲ့သည်။ ဆရာ၏ ဇနီးအမည်မှာ



ဖြူတိုက်စာရေး ဦးထွန်းဝ၏မြေး ဆရာကံဆက် (ကသာ)

ဒေါ်စောခင်ဖြစ်သည်။ ဆရာကံဆက်သည် အဘိုးဖြစ်သူထံမှ စာပေအမွေကို သာမက ဆေးပညာကိုပါ အမွေအဖြစ် ရရှိခဲ့၏။ တစ်ချိန်က ထင်ရှားလှသည့် နန်းတွင်းလျှာပွတ်ဆေးမှာ ဆရာကံဆက် ဖော်စပ်ထုတ်လုပ်သောဆေး ဖြစ်ပါသည်။

ကံဆက် (ကသာ) သည် အသက် (၇၀) နှစ်အရွယ် (၂၄၊ ၆၊ ၈၆) တွင် မန္တလေးမင်းသားစုရပ် ၈၄ လမ်း၊ အမှတ် (၅၀၀) နေအိမ်၌ ကွယ်လွန်ပါသည်။ သားသမီးများမှာ မလှမြင့် (ကိုဒေါင်း)၊ ကိုအောင်မြင့်နှင့် မသိန်းရီတို့ ဖြစ်ကြသည်။

## ကံဆက် (ကသာ) ၏ စာပေလက်ရာ

ဆရာကံဆက်၏ စာပေလက်ရာများအနက် ထင်ရှားသော လုံးချင်း စာအုပ်တစ်အုပ်မှာ 'ရွှေမဥ္ဇူဘုရားနှင့် အင်းတော်ကြီးသမိုင်း' စာအုပ် ဖြစ်သည်။ ဆရာကံဆက်သည် ၁၉၄၀၊ ၄၇၊ ၄၉ နှင့် ၁၉၅၀ ပြည့်နှစ်များတွင် မြစ်ကြီးနားခရိုင်ရှိ အင်းတော်ကြီးအိုင်သို့ အကြိမ်ကြိမ်သွားရောက်ကာ ၁၉၅၁ ခုနှစ်၌ စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ယင်းစာအုပ်မှာ တွင်ကျယ်လှသည့်အလျောက် ဒုတိယအကြိမ်ပင် ထပ်မံရိုက်နှိပ်ခဲ့ရ၏။

ဆရာကံဆက် (ကသာ) က ဤစာအုပ်နိဒါန်းတွင်

'ဦးညွတ်လျက် အကျွန်ုပ်အား စာပေလောကသို့ ပို့ဆောင်ပေးသည့် မင်းတုန်းမင်း တရားကြီးလက်ထက် ဖြူတိုက်စာရေးကြီး၊ သီပေါမင်းလက်ထက်





လွှတ်တော်ဝန် စာရေးမင်း၊ အင်္ဂလိပ်လက်ထက် သမားတော်ဖြစ်သူ အဘိုးဘိုးဘိုးဝသို့ ဦးညွတ်လျက် ဤသမိုင်းကို ရေးပါသည်'

ဟူ၍ ဖော်ပြထားပါသည်။ ထို့ပြင် ရုပ်ရှင်ရိုက်ကူးရန် ဇာတ်ညွှန်းရေးသားပြုစုနေပြီဖြစ်ကြောင်းကိုလည်း ဖော်ပြထား၏။ ဆရာကံဆက် (ကသာ) ၏ စာပေလက်ရာ အင်းတော်ကြီးအိုင်ဖွဲ့ တေးထပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

'ဝလာတောင်မှိုင်းညို့ညို့၊ လှိုင်းမို့မို့ အင်းခြေ၊ နှိုင်းဆိုစို့ ဆင်းငွေကို၊ ညင်းလေပြည်ဆော်လို့၊ ကမ္ဘာထိပ်ညှာ ယိမ်းရိုတယ်၊ မြစိမ်းညိုတောကမို့မို့၊ ကျောက်သဲပွင့်ချပ်တန်းပြာသည်၊ နတ်လမ်းလာသွင်သို့၊ ပတ်သန်းခါ ရေယဉ်ကြို့ပါတဲ့၊ နွေဝင်လို့ ဆောင်းကျော်၊ ပန်းထိုထိုပွင့်ချပ်ပေါင်းတွေက၊ ဆင့်ထပ်လောင်းမွှေးပျံ့ကြိုင်သော်၊ မြတ်ပုထိုးစေတီတော်ကို၊ ဖေရည်ရော်မျှော်ဖူးလို့၊ အော်ထူးတဲ့ မဥ္ဇူမှာ၊ အံ့ဖွယ်ကိုးဖြာ၊ အင်းတော်ကြီး ရှုတိုင်းသာသည်၊ မူ့သမိုင်းမှာ အိုထူးပါလှလေး'

ဟူ၍ ဖြစ်သည်။

ဆရာကံဆက် (ကသာ) သည် မဂ္ဂဇင်းအချို့၌ စာပေဆောင်းပါးများလည်း ရေးသားခဲ့၏။ ၁၉၈၄ ဒီဇင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် 'အချုပ်တန်းဆရာဖေနှင့် ဝန်စာရေးကြီး ဦးထွန်းဝ' ဆောင်းပါးကို ရေးသားခဲ့သည့်နည်းတူ ၁၉၈၅ ခု ဇန်နဝါရီလထုတ် စာပေလုပ်သားမဂ္ဂဇင်း၌လည်း 'ငေါင်းဆိုသောသတ္တဝါ' ဆောင်းပါးကို သုတေသနပြု ရေးသားခဲ့ပါသည်။ ငေါင်းသတ္တဝါအကြောင်း ဆောင်းပါးမှာ နှစ်နှစ်ကြာ သုတေသနပြု ရေးသားခဲ့ရသော ဆောင်းပါးဖြစ်သည်။

❐

## အခန်း (၉)

## ကင်းဝန်မင်းကြီး ဦးကောင်း၏ စာပေမျိုးဆက်များ

သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူကြရခြင်းမှာ ကင်းဝန်မင်းကြီး ဦးကောင်း ကြောင့်ဖြစ်ကြောင်း စွပ်စွဲပြောဆိုမှုများ ရှိခဲ့ကြဖူးသော်လည်း ကင်းဝန်မင်းကြီး သည် စာပေပညာရှင်ကြီးတစ်ဦး ဖြစ်ကြောင်းကိုမူ မည်သူမျှ မငြင်းနိုင်ပေ။ ကင်းဝန်မင်းကြီး၏ အဆက်အနွယ်များထဲမှ စာပေမျိုးဆက်များ ပေါ်ထွန်းခဲ့ရာ တွင် ထင်ရှားသူအချို့မှာ သံအမတ်ကြီးဟောင်း ဦးမောင်မောင်စိုးတင့်၊ လင်းယုန် မောင်မောင်နှင့် ဦးအောင်သန်းထွန်းတို့ ဖြစ်ကြပါသည်။


### ဦးမောင်မောင်စိုးတင့်၏ မျိုးရိုးဆက်နွယ်

ကင်းဝန်မင်းကြီး ဦးကောင်းတွင် မွေးချင်းညီအစ်ကိုမောင်နှမ (၇) ဦးရှိရာ ဒေါ်အိမ်ကြွယ်၊ ဦးကောင်း (ကင်းဝန်မင်းကြီး)၊ ဦးချောင်း (စစ်ကဲ)၊ ဒေါ်ဘူး၊ ဦးရွှေ၊ ဦးတဝါး (ကင်းတပ်စစ်ကဲ) နှင့် ဒေါ်ထူးတို့ ဖြစ်ကြပါသည်။ ဒေါ်ထူး မှာ နှမအငယ်ဆုံး ဖြစ်သည်။ ဒေါ်ထူး၏ခင်ပွန်းမှာ ဦးကံတော်ဖြစ်ပြီး သား ဦးဖိုးအိုကို ဖွားမြင်ပါသည်။ ဦးဖိုအိုသည် ပထမဆုံး ပုလဲမြို့ပိုင်ဖြစ်ခဲ့ပြီး သား သမီး (၆) ဦး ထွန်းကားခဲ့၏။ အကြီးဆုံးသားမှာ ရှေ့နေဦးကိုကြီး (မင်း တိုင်ပင်အမတ်) ဖြစ်ပြီး အငယ်ဆုံးသားက ဦးမောင်မောင် ဖြစ်ပါသည်။ ဦးမောင် မောင်သည် ဒေါ်သိန်းနှင့် စုံဖက်ရာမှ အငြိမ်းစားသံအမတ်ကြီး ဦးမောင်မောင် စိုးတင့်ကို ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။





### ဦးမောင်မောင်စိုးတင့်၏ မျိုးရိုးဆက်နွယ်




ကင်းဝန်မင်းကြီး ဦးကောင်းတွင် ဝန်ကတော်နှစ်ဦး ရှိပါသည်။ ပထမ ဝန်ကတော်ကြီးမှာ တရားသူကြီး ဦးဘိုး၏ဇနီးဟောင်း ဆင်ကြန်သခင်ဖြစ်ပြီး ဒုတိယဝန်ကတော်က အလုံမြို့သူကြီး၏ နှမ ဒေါ်ရွှေမေ ဖြစ်သည်။ ဝန်ကတော် နှစ်ဦးစလုံးမှ သားသမီး မထွန်းကားသဖြင့် ကင်းဝန်မင်းကြီးဦးကောင်းတွင် သားသမီးအရင်းအချာ မရှိပေ။ သို့ဖြစ်၍ မောင်ကြာဥနှင့် မောင်ဘိုကြီးဆိုသော ဇနီးဘက်မှ တူတော်သူများအား သားအဖြစ် မွေးစားခဲ့၏။ ကင်းဝန်မင်းကြီး၏ မြစ်တော်စပ်သူ ဦးမောင်မောင်စိုးတင့်မှာ ကင်းဝန်မင်းကြီး၏ နှမအငယ်ဆုံး ဒေါ်ထူး၏မြစ် ဖြစ်ပါသည်။

## ကင်းဝန်မင်းကြီး ဦးကောင်း

မြန်မာစာပေသမိုင်းတွင် ထင်ရှားလှသည့် စာပေပညာရှင်ကြီးတစ်ဦးဖြစ်သူ ကင်းဝန်မင်းကြီး ဦးကောင်းကို မုံရွာခရိုင်၊ ဆင်ရှင်မြို့နယ်၊ မုန်တိုင်ပင်ရွာ၌ သွေးသောက်ကြီး ဦးမှိုနှင့် ဒေါ်နှင်းဆီတို့မှ ၃ ရက် ဖေဖော်ဝါရီလ ၁၈၂၂ ခုနှစ်တွင် ဖွားမြင်ပါသည်။ ငယ်စဉ်က သာမဏေဝတ်၊ ရဟန်းဝတ်တို့ဖြင့် ပညာ ဆည်းပူးလေ့လာခဲ့၏။ အမရပူရမြို့ ဗားကရာတိုက်တွင် ဦးအာသဘဘွဲ့ဖြင့် ရဟန်းဝတ်နေရာမှ ၁၈၄၉ ခုနှစ်တွင် လူထွက်ကာ မင်းတုန်းမင်းသား၏ အိမ်တော်၌ အမှုထမ်းခဲ့သည်။ ထို့နောက် ၁၈၅၃ ခုနှစ် မင်းတုန်းမင်း နန်းတက်လာသောအခါ မင်းလှသိခ်သူဘွဲ့ဖြင့် ရွာသစ်ကြီးရွာစား ရွှေတိုက်စိုးဖြစ်လာ၏။

ထို့နောက် ၁၈၅၇ ခုနှစ်တွင် သပြေ ၅ ရွာစား အမှာတော်ရေးအဖြစ်မှ လွှတ်တော်စာရေးကြီး ဖြစ်လာခဲ့သည်။ ၁၂ ရက် အောက်တိုဘာလ ၁၈၆၁ ခုနှစ်တွင် အလုံမြို့ဝန်၊ ၁၈၆၅ ခုနှစ်တွင် တောင်ငူ၊ ရမည်းသင်းနှစ်မြို့ အခွန်ဝန်၊ ၁၈၆၆ ခုနှစ်တွင် မင်းကြီး မဟာစည်သူဘွဲ့ခံဝန်ထောက် စသည်ဖြင့် အဆင့်ဆင့် တိုးမြှင့်ခန့်ထားခံခဲ့ရ၏။ ၁၈၇၀ ပြည့်နှစ်တွင် ကင်းဝန်ရာထူးကို ပါ ပူးတွဲထမ်းဆောင်ရသဖြင့် ကင်းဝန်မင်းကြီးဟု အမည်ထင်ရှားလာခဲ့လေသည်။ ၁၈၇၁ ခုနှစ်တွင် ကင်းဝန်မင်းကြီးသည် ဥရောပနိုင်ငံများသို့ ဦးဆောင်သွားရောက်ခဲ့ရပြီး ၁၅ ရက် ဇန်နဝါရီလ ၁၈၇၂ ခုနှစ်တွင် မဟာစည်သူဘွဲ့ခံဝန်ကြီးရာထူး ခန့်အပ်ခံခဲ့ရ၏။

သီပေါမင်းလက်ထက်တွင် သတိုးသုဓမ္မ မဟာသက်တော်ရှည်ဘွဲ့ဖြင့် လည်ကိုင်းမြို့စားဝန်ကြီးအဖြစ် ဆက်လက်အမှုထမ်းရွက်ခဲ့ရသည်။ သီပေါမင်း ပါတော်မူသွားပြီး နောက်ပိုင်းတွင်လည်း ဗြိတိသျှအစိုးရထံ ဆက်လက်အမှုထမ်းခဲ့ရ၏။ ၃၀ ရက် ဇွန်လ ၁၉၀၈ ခုနှစ်တွင် ကင်းဝန်မင်းကြီးဟောင်း ဦးကောင်း





ကွယ်လွန်သွားပါသည်။ မင်းကြီး၏ ဈာပနအခမ်းအနားကို မန္တလေးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့၏။ အင်္ဂလိပ် ဘင်ခရာတီးဝိုင်းဖြင့် အသုဘချခဲ့ပြီး ထိုနေ့ကိုလည်း အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်။

## ကင်းဝန်မင်းကြီး၏ စာပေလက်ရာများ

ကင်းဝန်မင်းကြီး ဦးကောင်း၏ စာပေလက်ရာများကား အထူးများပြားလှပါသည်။ ထင်ရှားသော လက်ရာများမှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ တိန္ဒြကပျို့
၂။ နေမိရကန်
၃။ ရတနာပုံမြို့တည်စာတမ်း
၄။ စိတ္တပ္ပကိုလေသ စာတမ်း
၅။ ဓမ္မောဇမော်ကွန်း
၆။ ရတနာနန္ဒီမော်ကွန်း
၇။ အဋ္ဌသံခိပ်ဓမ္မသတ်လင်္ကာ
၈။ ပကိဏ္ဏက ဓမ္မသတ်လင်္ကာ
၉။ လန်ဒန်သွားနေ့စဉ်မှတ်တမ်း
၁၀။ ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်တမ်း
၁၁။ မင်္ဂလာချောင်း
၁၂။ ဓမ္မသတ် ၃၆ စောင်တွဲ
၁၃။ ဓမ္မသတ် ၃၄ စောင်တွဲ
၁၄။ ရတု၊ လေးချိုး၊ ဒုံးချင်း၊ ဟန်ချင်း၊ တေးထပ်များ
၁၅။ ဆေးလိပ်စာတမ်း
၁၆။ လက်ဖက်စာတမ်း
၁၇။ ကလကတ္တားသွားနေ့စဉ်မှတ်တမ်း စသည်တို့ ဖြစ်ကြသည်။

ကင်းဝန်မင်းကြီး ဦးကောင်းသည် သီပေါမင်းလက်ထက် ၁၁ ရက် ဇူလိုင်လ ၁၈၈၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် မှန်နန်းဒုတိယ မဟာရာဇဝင်တော် ပြုစုရေးအဖွဲ့တွင် လည်း ထိပ်တန်းမှ ပါဝင်ခဲ့၏။


ကင်းဝန်မင်းကြီး ဦးကောင်း၏ စာပေလက်ရာများအနက် သသမေခ အခွန်တော်များ သိမ်းယူရေးကိစ္စနှင့် တောင်ငူသို့သွားရစဉ် အိမ်တွင် ကျန်ရစ်

သည့် ဝန်ကတော်အား ပေးပို့သော ဆောင်းပါးလက်ာမှ အောက်ပါစာပိုဒ်ကို ကောက်နုတ်တင်ပြပါသည်။

'စိတ်လက်ညစ်လောက်၊ ကံဆိုးလို့ ရောက်ရသည်၊ တစ်ယောက်ကယ်လူသူ၊ ဟာများနှင့် တူပါဘူး၊ ရှာသူရှာနေ၊ အတွေတွေကို၊ မြင်လေစိတ်နောက်၊ တောတစ်လျှောက်လည်း၊ ပြောလောက်စရ၊ ဒေသတို့ကို၊ ရာမမင်းနောင်ညီ၊ မြားတော်နှင့် သီရာတွင်၊ ဂမ္ဘီရွှေရုပ်၊ သမင်ပုံလုပ်ပေသည်၊ တောအုပ်နှင့် တူတန်လှ၏။

မျှော်က တောင်မြောက်၊ ရှေ့နှင့်နောက်ကို၊ ချင့်ထောက်ကယ်မှန်းလျှင်၊ ကမ်းမမြင်တည့် မြိုင်စွန်တစ်လျှောက် ရီလို့မှောင်။ လှည်းဖြင့်ကွဲဟူ၊ လူသူမနီး၊ ဇရပ်ကြီး၊ ခရီးမောပန်း၊ တောစခန်းဟာမို့၊ ညိုးမြန်းဖွယ်ဖွယ်၊ ကြီးကျယ်တဲ့မြိုင်ခွင်၊ သိန်းယိုရှင်ငယ်၊ ဘန်လွင်ခြုံလွှမ်း၊ သစ်သီးဆွမ်းကို၊ ကမ်းလော့ဆိုရာ၊ မင်းသီတာငယ်၊ သဒ္ဒါကြီးပွား အလှူမွှားတဲ့၊ မြိုင်ဖျားဟု ထင်မိယောင်သည်၊ မြိုင်ချောင်ပြန်တောခြေမှာ၊ ဝံပုလွေသစ်ဆင်၊ ချေသမင်စိုင်ဆတ်တို့၊ နေရပ်ကို လွန်ကျော်လို့၊ စုံအဘော်ပါလူနှင့်၊ တောင်ငူကိုနီး'

## ကင်းဝန်မင်းကြီး၏မြစ် မြန်မာသံအမတ်ကြီး



ကင်းဝန်မင်းကြီး၏မြစ် မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးတင့်





ကင်းဝန်မင်းကြီး ဦးကောင်း၏ နှမရင်းဖြစ်သူ ဒေါ်ထူးသည် ဦးကံတော်နှင့် စုံဖက်ကာ သားသမီး (၈) ဦး ဖွားမြင်ပါသည်။ သားကြီး ဦးဖိုးသာမှာ မန္တလေး၌ ကျောက်ချောင်းစာရေးကြီးအဖြစ် အမှုထမ်းရပြီး ဇနီးမဖွားကြီး နှင့်အတူ ပါတော်မူချိန်၌ မန္တလေးတွင် ရှိနေခဲ့သည်။ ဒုတိယသားမှာ ခုံမင်းကြီး ဦးသာမှို ဖြစ်ပြီး ကင်းဝန်မင်းကြီးထံ တစ်ကြိမ် နှစ်ကြိမ်ခန့်သာ သွားရောက်ဖူးပါသည်။ တတိယသား ဦးဖိုးအိုမှာ မင်းတိုင်ပင် သူကြီးဖြစ်ပြီး ၁၈၈၈ ခုနှစ် ဩဂုတ်လ၌ အနောက်ဇန့်ကျီမြို့အုပ် ဖြစ်လာပါသည်။ ၁၈၈၉ ခုနှစ်တွင် ဓားပြဗိုလ် ဗိုလ်စံကားအား ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သူအဖြစ် ထင်ရှားပါသည်။ ဦးဖိုးအိုသည် ဆရာကြီး ဦးမောင်မောင်စိုးတင့်တို့ အဘိုးဖြစ်ပြီး ၁၉၀၃ ခုနှစ်၌ ကွယ်လွန်သွားပါသည်။ ဒေါ်ထူးမှ ဖွားမြင်သော ကျန်သားသမီးများမှာ ဦးတောက်ထွန်း၊ ဦးရေချမ်း၊ ဦးအုန်းခိုင်နှင့် သမီးနှစ်ဦးတို့ ဖြစ်ကြ၏။

ဦးဖိုးအိုနှင့် ဒေါ်သောင်းတို့၏သား ဦးမောင်မောင်သည် ဒေါ်သိန်းနှင့် စုံဖက်ရာမှ ဦးမောင်မောင်စိုးတင့်ကို ၁၁ ရက် မတ်လ ၁၉၃၃ ခုနှစ်၌ ဖွားမြင်ခဲ့သည်။ ဇာတိမှာ ကျိုက်လတ်မြို့ ဖြစ်၏။ ၁၉၃၈ ခုနှစ်တွင် ကျိုက်လတ်မှ မုံရွာသို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ ဖခင် ဦးမောင်မောင်မှာ ချောက်မြို့ အလယ်တန်းကျောင်းအုပ်အဖြစ်မှ ပုလဲမြို့ပိုင်ရာထူး ခန့်အပ်ခံရသူ ဖြစ်၏။ ၁၉၄၉ ခုနှစ် တွင် ဦးမောင်မောင်စိုးတင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီး မန္တလေးကောလိပ်သို့ တက်ရောက်ခဲ့၏။ ၁၉၅၃ ခုနှစ်တွင် B.A (Ed) ဘွဲ့ ရရှိကာ မုံရွာမြို့ အထက (၂) ကျောင်းအုပ် ဖြစ်လာသည်။ ၁၀ ဧပြီ ၁၉၅၇ ခုနှစ်တွင် ဒေါ်ခင်ကြည်နှင့် လက်ဆက်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် အလုပ်မှထွက်ကာ ပြည်ပ ပညာတော်သင် သွားရောက်ခဲ့ရာ ၁၉၆၃ ခုနှစ် ဇွန်လတွင် M.Ed ဘွဲ့ရရှိခဲ့သည်။ ထို့နောက် မြောက်ဥက္ကလာပကျောင်းအုပ်၊ မိတ္ထီလာ ဆရာအတတ်သင်ကျောင်းအုပ်၊ ခရိုင်ပညာဝန် (၂) ရာထူးများ ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ဆိုဗီယက်သံရုံး ယဉ်ကျေးမှုသံမှူး ဖြစ်လာ၏။ ၁၉၇၃ ခုနှစ်တွင် လန်ဒန်ယဉ်ကျေးမှုရေးရာ သံမှူးအဖြစ် ပြောင်းရွှေ့ ခန့်အပ်ခံခဲ့ရသည်။ ဆရာ ဦးမောင်မောင်စိုးတင့်သည် ၁၉၇၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာပြီးနောက် ၁၉၈၀ ပြည့်နှစ်၌ အခြေခံပညာ ဦးစီးဌာနတွင် ဒုညွှန်ကြားရေးမှူး (ပညာ) ရာထူး ရရှိခဲ့သည်။ ထို့နောက် မြန်မာစာအဖွဲ့ ဦးစီးဌာန၌ အဖွဲ့ဝင်တစ်ဦး ဖြစ်လာပါသည်။ ၁၉၈၅ ခုနှစ် စက်တင်ဘာလမှ ၁၉၈၈ ခု စက်တင်ဘာလအထိ

ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၏။ ဆရာဦးမောင်မောင်စိုးတင့်သည် ငယ်စဉ်ကပင် စာပေဝါသနာပါသူတစ်ဦးဖြစ်ပြီး ဖခင်မှာလည်း ကျောင်းအုပ်ဆရာကြီးတစ်ဦး ဖြစ်သဖြင့် စာပေအမွေ ဆက်ခံရန်အတွက် အခြေအနေတစ်ရပ်ကို ဖန်တီးပေးခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့ဖြင့် ဆရာဦးမောင်မောင်စိုးတင့်က အငြိမ်းစားယူပြီးနောက် မိမိ၏ ဘဝအတွေ့အကြုံများကို စာအုပ်တစ်အုပ် ရေးသားပြုစုတော့သည်။

## ဦးမောင်မောင်စိုးတင့်၏ စာပေလက်ရာ

ကင်းဝန်မင်းကြီး၏ မြစ်တော်စပ်သူ ဆရာဦးမောင်မောင်စိုးတင့်သည် လုံးချင်းစာအုပ်အချို့ကို ရေးသားခဲ့သည့်အပြင် ဂျာနယ်၊ မဂ္ဂဇင်းများ၌လည်း ဆောင်းပါးများကို ရေးသားပြုစုခဲ့သည်။ ထင်ရှားသော စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကင်းဝန်မင်းကြီး၏မြစ် မြန်မာသံအမတ်ကြီး
၂။ လူတိုင်းအတွက် ပိဋကတ်သုံးပုံ
၃။ သနားလိုက်တာ ညီလေးရာနှင့် ဆောင်းပါးများ (၂၀၀၃) စာအုပ်တို့ ဖြစ်ကြသည်။

## ကင်းဝန်မင်းကြီး၏ စာပေမျိုးဆက် ဦးအောင်သန်းထွန်း

စာရေးဆရာကြီး အောင်သန်းထွန်း (မုံရွာ)၊ မဟာဝိဇ္ဇာ (ဂုဏ်ထူး) ဥပဒေဝိဇ္ဇာသည် ကင်းဝန်မင်းကြီး ဦးကောင်း၏ မြစ်တော်စပ်သူတစ်ဦး ဖြစ်ပါသည်။ ဇာတိမှာ စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဆင်ရှင်မြို့နယ်၊ မင်းတိုင်ပင်ရွာ ဖြစ်၏။ ဆရာကြီး ဦးအောင်သန်းထွန်းကိုယ်တိုင် ပြုစုခဲ့သည့် (၃၁၊ ၈၊ ၂၀၀၄) ရက်စွဲပါ အတ္ထုပ္ပတ္တိစာတမ်း (အဓိကသမိုင်းဆိုင်ရာ ဝေါဟာရများစာအုပ်နိဒါန်း) တွင်

'ဦးအောင်သန်းထွန်း၏ မျိုးရိုးဇာတိမှာ စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်၊ ဗန့်ကျီတိုက်၊ ဆင်ရှင်မြို့နယ်၊ မင်းတိုင်ပင်ရွာမှ ဖြစ်သည်။ ၎င်း၏ ဘေးဖြစ်သူမှာ မင်းတိုင်ပင်မြို့စား သတိုးသုဓမ္မ မဟာသက်တော်ရှည် သေနတ်ဝန်၊ လယ်ကိုင်းမြို့စား ကင်းဝန်မင်းကြီး ဦးကောင်း ဖြစ်သည်'

ဟူ၍ ဖော်ပြထားပါသည်။ ထို့ကြောင့် ဆရာကြီး ဦးအောင်သန်းထွန်းကား ကင်းဝန်မင်းကြီး၏ စာပေမျိုးဆက်တစ်ဦးပင် ဖြစ်သည်။ ဦးအောင်သန်းထွန်းသည် ကင်းဝန်မင်းကြီး၏နှမ ဒေါ်ထူးနှင့် ဦးကံတော်တို့မှ ဖွားမြင်သော





ဦးဖိုးအို ဇနီးဒေါ်သောင်းတို့၏ သမီးကြီး ဒေါ်မမကြီးမှ ဆင်းသက်လာခြင်း ဖြစ်၏။ ဒေါ်မမကြီးနှင့် ဝန်ထောက်ကြီး ဦးထွန်းဇံတို့ သမီး ဒေါ်ခင်ပုသည် အစိုးရရှေ့နေ ဦးသန်းစိန်နှင့် စုံဖက်ကာ ဦးအောင်သန်းထွန်းကို ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။

ဦးအောင်သန်းထွန်းသည် ငယ်စဉ်က မုံရွာမြို့ ဝက်စလီအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး (၇) တန်း စကောလားရှစ်ကို မြန်မာတစ်နိုင်ငံလုံး ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ စစ်ပြီးကာလတွင် မုံရွာအစိုးရအထက်တန်းကျောင်း အမှတ် (၁) မှ ၁၀ တန်းဖြေဆိုအောင်မြင်ပြီး ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဂုဏ်ထူး)၊ မဟာဝိဇ္ဇာ (ဂုဏ်ထူး) နှင့် ဥပဒေဝိဇ္ဇာဘွဲ့များ ရရှိခဲ့သည်။ ဦးအောင်သန်းထွန်းသည် ရခိုင်တိုင်း၊ ကျောက်ဖြူမြို့ ဥပစာကောလိပ်၊ ရန်ကုန်တက္ကသိုလ်၊ သက်ကြီးတက္ကသိုလ်၊ လုပ်သားကောလိပ်နှင့် မန္တလေးတက္ကသိုလ်တို့၌ သမိုင်းနှင့် နိုင်ငံရေးသိပ္ပံကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့ Soorma & Boon Law Firm တွင် အဖွဲ့ဝင် ဥပဒေအကျိုးဆောင် လွှတ်တော်ရှေ့နေကြီးအဖြစ် လည်းကောင်း၊ ရှေ့နေချုပ်ရုံးတွင် အစိုးရလွှတ်တော်ရှေ့နေကြီးနှင့် ကချင်ပြည်နယ် ဥပဒေရုံး အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့၏။

## ဦးအောင်သန်းထွန်း၏ စာပေလက်ရာအချို့

အောင်သန်းထွန်း မဟာဝိဇ္ဇာ (ဂုဏ်ထူး)၊ ဥပဒေဝိဇ္ဇာသည် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူ (ပထမ) ဆုများ ဆွတ်ခူးရရှိခဲ့ဖူးသူ စာပေပညာရှင်တစ်ဦး ဖြစ်ပါသည်။ စာပေလက်ရာ စာအုပ်စာတမ်းအချို့မှာ...

၁။ ခေတ်လေးခေတ် မြန်မာ့တရားဥပဒေ
၂။ မြန်မာမင်းများ တရားစီရင်ရေး
၃။ မြန်မာဓမ္မသတ်သမိုင်း
၄။ Legal Traditions of Myanmar စာတမ်း
၅။ အဓိကသမိုင်းဆိုင်ရာ ဝေါဟာရများ
၆။ ကုမ္ပဏီစီးပွားရေးလုပ်ငန်း
၇။ ငွေလက်မှတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (၂၀၀၃)
၈။ ကုန်စည်များ ရောင်းဝယ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
၉။ စာချုပ်စာတမ်းရေးဆွဲခြင်းဆိုင်ရာ နည်းပညာ

၁၀။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော အသင့်သုံးစာချုပ်စာတမ်း ပုံစံများ
၁၁။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
၁၂။ အစုစပ်လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
၁၃။ တရားဝင် ပဋိညာဉ်များပြုလုပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
၁၄။ သယ်ယူပို့ဆောင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
၁၅။ အသိဉာဏ်ပစ္စည်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ
၁၆။ ထုတ်ကုန်သွင်းကုန် လုပ်ငန်း၊ တစ်ဆင့်သယ်ယူ ပို့ဆောင်ရေး လုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးဆိုင်ရာ လုပ်နည်းလုပ်ထုံးများနှင့် စည်းမျဉ်းစည်းကမ်းများ။
၁၇။ မြန်မာဓမ္မသတ်များက ဖော်ထုတ်ပြသသော မြန်မာ့ယဉ်ကျေးမှု လူမှုရေးဘဝနှင့် အတွေးအခေါ်များစာတမ်း (၁၅၊ ၉၊ ၂၀၀၂)
၁၈။ အဓိက ဗုဒ္ဓဘာသာဆိုင်ရာ ဝေါဟာရများ။

## ကင်းဝန်မင်းကြီး၏စာပေမျိုးဆက် လင်းယုန်မောင်မောင်

ဆရာ လင်းယုန်မောင်မောင်သည်လည်း ကင်းဝန်မင်းကြီး၏ အဆက်အနွယ်မှ ပေါက်ဖွားလာသူ စာပေမျိုးဆက်တစ်ဦး ဖြစ်ပါသည်။ ဆရာလင်းယုန်မောင်မောင်က သူ၏ 'နှစ်ပေါင်း (၇၀) ကိုယ်တိုင်ရေး အတ္တုပ္ပတ္တိ' ခေါ် အခန်းဆက်ဆောင်းပါးရှည် (စတိုင်သစ်မဂ္ဂဇင်း၊ ၁၉၉၆ အောက်တိုဘာ) တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်ကို တွေ့ရှိရ၏။

'အဘယ်ကြောင့်ဆိုသော် ဖခင်ကြီးထံမှ စာရေးသား ပေးပို့လိုက်သည့် ဆွေစဉ်မျိုးဆက်စာရင်းတွင် ထိပ်ဆုံးမှ ကင်းဝန်မင်းကြီး ဦးကောင်း၏အမည်ကိုလည်းကောင်း၊ တစ်နေရာတွင် လေသင်းအတွင်းဝန် ဦးချိန်၏အမည်ကို လည်းကောင်း တွေ့လိုက်ရပေသောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ အကျွန်ုပ်မှာ ဆွေစဉ်မျိုးဆက်စာရင်းအရ ကင်းဝန်မင်းကြီးနှင့် လေသင်းအတွင်းဝန် ဦးချိန်တို့၏ မျိုးဆက်ဖြစ်နေသည်ဖြစ်ရာ ရုတ်တရက်အားဖြင့် မှူးမျိုးမတ်မျိုးဖြစ်နေသည့်အတွက် ရုတ်တရက်ကြီး ဝမ်းသာရမလို အခြောက်တိုက် ဘဝင်မြင့်ကာ စိတ်ကြီးဝင်ရမလို ဖြစ်သွားခဲ့သည်။ သို့သော် အသေအချာ ပြန်စဉ်းစားလိုက်သောအခါ 'ဦးကောင်း လိမ်ထုတ်၊ မင်းဆက်ပြုတ်' ဟူသော အဆိုအမိန့်စကား





တစ်ခုကို ကြားဖူးနားဝရှိနေပြန်သဖြင့် သီပေါမင်း ပါတော်မူခဲ့ရပြီး ကုန်းဘောင်မင်းဆက်ပြုတ်အောင် လုပ်ခဲ့သည့် ကင်းဝန်မင်းကြီး၏ မျိုးဆက်တစ်ယောက်ဖြစ်နေပါကလားဟု စဉ်းစားမိပြီး ဝမ်းနည်းရမလို၊ ရှက်ရမလို ဖြစ်ခဲ့ရပြန်သည်'

ဟူ၍ ဖြစ်ပါသည်။

ဆရာလင်းယုန်မောင်မောင်က မိမိသည် ကင်းဝန်မင်းကြီး ဦးကောင်းမှ လည်းကောင်း၊ လေသင်းအတွင်းဝန် ဦးချိန်မှ လည်းကောင်း ဆင်းသက်လာသည့် စာပေမျိုးဆက်ဖြစ်ကြောင်း ရိုးသားပွင့်လင်းစွာ ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။ ဆရာလင်းယုန်မောင်မောင်သည် ပါမောက္ခ ဒေါက်တာနိုင်ပန်းလှ၏ (၇၅) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် 'ပန်းတို့ပွဲ' စာအုပ်အတွက် 'ကင်းဝန်မင်းကြီး ဦးကောင်း၏ စာအုပ်ကောင်းတစ်အုပ်' ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့ရာ၌လည်း အောက်ပါအတိုင်း ထည့်သွင်းရေးသားထားခဲ့၏။

'လွန်ခဲ့တဲ့နှစ် ၂၀ လောက်က ဆုံးသွားတဲ့ ကျွန်တော့်ဖခင်က သူ မကွယ်လွန်မီ ကျွန်တော်တို့မိသားစုဟာ ကင်းဝန်မင်းကြီးက ဆင်းသက်လာတဲ့ ဆွေစဉ်မျိုးဆက်ဖြစ်ကြောင်း တစ်ခါက ပြောဖူးပါတယ်။ ပြောဖူးရုံတင်မကပါဘူး။ ကင်းဝန်မင်းကြီးရဲ့ ဆွေစဉ်မျိုးဆက် ဆင်းသက်လာတဲ့ မိသားစုစာရင်း (Family Tree) ကို နာမည်နာမတွေနဲ့ ရေးပေးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့ ပေါ့ဆမှုကြောင့် အဲဒီဆွေမျိုးဆက် စာရင်းဇယားဟာ ရှာမတွေ့တော့ဘဲ ပျောက်ဆုံးသွားခဲ့ပါတယ်။ အထောက်အထားအနေနဲ့ ကျွန်တော် မှတ်မိသလောက် ပြောရရင် မုံရွာက ကျွန်တော့်ဖခင် နေသွားခဲ့တဲ့အိမ်မှာ ကင်းဝန်မင်းကြီးရဲ့ ဓာတ်ပုံတစ်ပုံ ချိတ်ဆွဲထားတာ ဒီနေ့အထိ ရှိနေပါသေးတယ်'

ဟူ၍ ဖြစ်သည်။

ဤဆောင်းပါးကို ဆရာလင်းယုန်မောင်မောင်သည် (၁၊ ၁၁၊ ၁၉၉၇) တွင် ရေးသားပြုစုခဲ့ပါသည်။ ဤဆောင်းပါးကို ဖတ်ရှုရပြီးနောက် စာရေးသူသည် (၂၁၊ ၁၊ ၁၉၉၉) တွင် ဆရာလင်းယုန်မောင်မောင် နေထိုင်ရာ တာမွေအဝိုင်းအနီး နေအိမ်သို့ သွားရောက်တွေ့ဆုံဖြစ်ခဲ့ပါသည်။ အထူးသဖြင့် ကင်းဝန်မင်းကြီးနှင့် မည်သို့မည်ပုံ ဆွေမျိုးတော်စပ်ကြောင်း အသေးစိတ် မေးမြန်းဖြစ်ခဲ့ပါသည်။ သို့သော် ဆရာသည် ဤကိစ္စကို သိပ်စိတ်ဝင်စားဟန် မတူပါ။ မုံရွာသို့ နောက်တစ်ခေါက်ရောက်လျှင် ဆွေမျိုးသားချင်းတွေထံ အသေအချာ ပြန်မေးလာမည်ဖြစ်ကြောင်း ပြောပါသည်။ စာရေးသူ မေးမြန်းသဖြင့် ဆရာလင်းယုန်

မောင်မောင်က ဖခင်ဖြစ်သူ ဦးအောင်သိန်း၏ အမေ ဒေါ်ရွှေသင်သည် ကင်းဝန်မင်းကြီး၏ ဆွေမျိုးရင်းချာတစ်ဦးဖြစ်ကြောင်း ရှင်းပြပါသည်။

## လင်းယုန်မောင်မောင်၏ အတ္ထုပ္ပတ္တိ

ဆရာလင်းယုန်မောင်မောင်ကို စစ်ကိုင်းတိုင်း၊ မုံရွာမြို့တွင် ဦးအောင်သိန်း၊ ဒေါ်လှကြည်တို့မှ ၇ ရက် ဧပြီလ ၁၉၂၅ ခုနှစ်၌ ဖွားမြင်ပါသည်။ ငယ်နာမည် မောင်ရွှေဖြစ်၏။ လင်းယုန်မောင်မောင်သည် ငယ်စဉ်က မုံရွာဆရာလှ မြန်မာစာသင်ကျောင်းတွင် ပညာသင်ကြားခဲ့ဖူးပြီး မိတ္ထီလာအမျိုးသားကျောင်း၊ ရွှေဘိုချမ်းသာကြီး အလွတ်သင်ပညာသင်ကျောင်း၊ ရန်ကုန်စိန်ပေါ်ကျောင်းတို့တွင် အလယ်တန်း၊ ရန်ကုန်မြို့မကျောင်းတွင် အထက်တန်း၊ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် ၁၉၄၅ မှ ၁၉၄၇ ခုနှစ်အထိ ဥပစာ အထက်တန်းပညာများ ဆည်းပူးခဲ့၏။

၁၉၅၁ ခုနှစ်တွင် အလင်းရောင်ဂျာနယ် အယ်ဒီတာ၊ ၁၉၅၂ ခုနှစ်တွင် ပြည်သူ့စာပေမဂ္ဂဇင်း အယ်ဒီတာများဖြစ်ခဲ့ပြီး ၁၉၅၇ ခုနှစ်၌ ဗန်းမော်တင်အောင်ထုတ်ဝေသည့် လင်းယုန်ဂျာနယ်တွင် အယ်ဒီတာဖြစ်လာရာမှ လင်းယုန်မောင်မောင်ဟု အမည်တွင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ဆရာလင်းယုန်မောင်မောင် ဗိုလ်တထောင် သတင်းစာအယ်ဒီတာ ဖြစ်လာခဲ့၏။ ဆရာသည် စာပေဝါသနာပါသူဖြစ်သည့်အလျောက် ငယ်စဉ်ကပင် စာရေးခဲ့သူ ဖြစ်သည်။ တစ်ဖက်တွင်လည်း နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများ၌ ဦးဆောင်ပါဝင်ခဲ့သည်။ အင်္ဂလိပ်ဘာသာရော၊ မြန်မာဘာသာပါ ကျွမ်းကျင်နိုင်နင်းသည့်အလျောက် ဘာသာပြန်စာအုပ်အမြောက်အမြားကို ပြုစုခဲ့၏။

ဆရာလင်းယုန်မောင်မောင်သည် လုံးချင်းစာအုပ် (၅၀) ခန့် ရေးသားပြုစုခဲ့ပြီး အများစုမှာ ဘာသာပြန်စာအုပ်စာတမ်းများ ဖြစ်ပါသည်။ ၂၀၀၂ ခုနှစ် မေလ (၂၅) ရက်နေ့တွင် ကွယ်လွန်သွားရာ ဇနီးဒေါ်စန်းမြင့်နှင့် သားသမီး (၄) ဦး ကျန်ရစ်ပါသည်။

## လင်းယုန်မောင်မောင်၏ စာပေလက်ရာအချို့

ဆရာလင်းယုန်မောင်မောင်၏ စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။





၁။ အိုက်ခမန်း၏ ငရဲခန်းများ (၁၉၆၅)
၂။ ဟာစ်တလာ (၁၉၆၅)
၃။ ကက်စထရို (၁၉၆၆)
၄။ သွေးစွန်းသော နေ့ရက်များ (၁၉၆၆)
၅။ ယနေ့ကမ္ဘာ (၁၉၆၇)
၆။ ချေဂွေဗားရား (၁၉၆၈)
၇။ အက်ဖ်ဘီအိုင်အတွင်းရေး (၁၉၆၉)
၈။ ဟိုချီမင်း (၁၉၇၁)
၉။ အက်ဖ်ဘီအိုင်မှုခင်းများ (၁၉၇၁)
၁၀။ မှောင်မိုက်သော နေ့ရက်များ (၁၉၇၁)
၁၁။ တောင်ကုန်းအမှတ် ၁၉၂ (၁၉၇၂)
၁၂။ ကြီးသုံးကြီးလုပ်ကြံရန် ဟာစ်တလာအကြံ (၁၉၇၃)
၁၃။ နျူရင်ဘတ်စစ်ခုံရုံးမှတ်တမ်းများ (၁၉၇၃)
၁၄။ တိုကျိုစစ်ခုံရုံးမှတ်တမ်း (၁၉၇၄)
၁၅။ ကျွန်မချစ်သော စပိုင် (၁၉၇၄)
၁၆။ ဟာစ်တလာ သေမသေ (၁၉၇၄)
၁၇။ လိုင်လာခါလက်၏ ၂၅ ရက်ဇာတ်လမ်း (၁၉၇၅)
၁၈။ ချစ်စရာအမေရိကန် (၁၉၇၅)
၁၉။ ပျောက်ဆုံးနေသော စစ်တရားခံမာတင်ဘောမန်း (၁၉၇၆)
၂၀။ ဂျူးမလေးအီဗာ (၁၉၇၇)
၂၁။ ကမ္ဘာကျော် ကွန်မန်ဒိုစကောဇနီ (၁၉၇၈)
၂၂။ အချစ်နှောင်ထုံးစစ်တောင်ကုန်း (၁၉၇၉)
၂၃။ စပိုင်ဇာတ်လမ်းစုံ (၁၉၈၁)
၂၄။ ဂျူလီယာ (၁၉၈၁)
၂၅။ စုံထောက်ဆရာဝန် (၁) (၂) (၁၉၈၂၊ ၁၉၈၃)
၂၆။ အိုက်ခ်မန်းစစ်ဆင်ရေး (ပ) (ဒု) (၁၉၈၃)
၂၇။ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ကြီး (၁၉၈၃)
၂၈။ လက်နှစ်ဖက်ပြတ် အလွတ်စုံထောက် (၁၉၈၄)
၂၈။ စာပေရုပ်ပုံလွှာ (၁၉၈၅)

၃၀။ တောင်ပြေးစပိုင် (၁၉၈၅)
၃၁။ မဃဒေဝသုတပဒေသာ (၁၉၈၅)
၃၂။ ကျွန်မနာမည် မာရီယာ (၁၉၈၈)
၃၃။ ဂျိန်းစ်ဘွန်းကို ရွေးသူများ (၁၉၉၁)
၃၄။ ခေတ်သစ်လက်တန်းကဗျာများ (၁၉၉၂)
၃၅။ သစ္စာဖောက် (၁၉၉၂)
၃၆။ နေထွက်ချိန် စစ်ဆင်ရေး (၁၉၉၅)
၃၇။ ရင်၌ဖြစ်သောသားများ (၁၉၉၅)
၃၈။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ ပြောင်ချက်နှင့် လှောင်ကွက်များ (၂၀၀၄)
၃၉။ သေရွာပြန်စာရင်း
၄၀။ နှစ်ပါးရပ်နာမ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ စသည်တို့ ဖြစ်သည်။

ဆရာလင်းယုန်မောင်မောင်၏ စာများထဲမှ 'မုံရွာအာရှလူငယ်သမိုင်း တစ်စိတ်တစ်ပိုင်း ဖြည့်စွက်ချက်' ဆောင်းပါး (မုံရွာရာပြည့်မဂ္ဂဇင်း၊ ၁၉၈၉ မတ်) တွင်...

'ထိုစဉ်က အာရှလူငယ် အစည်းအရုံး ဖွဲ့စည်းတည်ထောင်ရေးအတွက် ကိုဒွေး၊ ကိုချစ်နှင့် ကျွန်တော်တို့ ၃ ယောက် မုံရွာမြို့ပေါ်ရှိ ရပ်ကွက်တကာ အိမ်တကာသို့ လှည့်လည်၍ ဝင်ထွက်သွားလာ စည်းရုံးလှုပ်ရှားခဲ့ကြရပါသည်။ ထိုသို့ နေ့စဉ်နှင့်အမျှ အမြဲတစေ တပူးတွဲတွဲ သွားလာနေကြသော ကျွန်တော်တို့ (၃) ဦးကို လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ သခင်ချိုက Three Dwarfs (လူပုကလေး ၃ ယောက်) ဟူ၍ပင် နောက်ပြောင်ခေါ်ဝေါ်ခဲ့ပါသည်။ အမှန်တကယ်အားဖြင့်လည်း ကျွန်တော်တို့ ၃ ယောက်စလုံးမှာ အရပ် ၅ ပေ ၁ လက်မ၊ ၂ လက်မခန့်သာ ရှိကြပါသည်။ သခင်ချိုကတော့ ၅ ပေ ၆ လက်မခန့်ရှိ၍ ကျွန်တော်တို့ထက် အရပ်ပိုရှည်ပါသည်' ဟူ၍ ရေးဖွဲ့ခဲ့သည်။

❐

PDF Creator - nyeyadhamma@gmail.com



PDF Creator - nyeyadhamma@gmail.com

## အခန်း (၁၀)

## ကန္နီအတွင်းဝန် ဦးဝိုက်မှ ကနီဦးလူညွန့်သို့

စာရေးဆရာ 'ကနီဦးလူညွန့်' သည် တစ်ချိန်က မြဝတီမဂ္ဂဇင်းတွင် မြန်မာမှုစာပေ၊ ဂီတ၊ ဇာတ်သဘင်ဆိုင်ရာ ဆောင်းပါးများကို ရေးသားပြုစုခဲ့သူ ဖြစ်သည်။ ကနီဦးလူညွန့်က မင်းတုန်းမင်းလက်ထက် ကန္နီအတွင်းဝန် ဦးဝိုက်၏ အဆက်အနွယ်မှ ပေါက်ဖွားလာသူဖြစ်၏။

ကန္နီအတွင်းဝန် ဦးဝိုက်တွင် ဦးဒွေးနှင့် ဦးတုတ်ဆိုသူ ညီနှစ်ဦးရှိပါသည်။ နှစ်ဦးစလုံးမှာ ရတနာပုံနေပြည်တော်ရှိ ကန္နီအတွင်းဝန်မင်းနေအိမ်၌ အတူတကွ နေထိုင်ကြ၏။ ဦးဒွေးသည် နောင် မင်းကျော်သူရိန်ဘွဲ့ခံ အလုံမြို့ဝန် ဖြစ်လာခဲ့၏။ ဦးဒွေး၏ညီ ဦးတုတ်က မင်းထင်ရာဇာဘွဲ့ခံ ကန္နီမြို့ဝန်ရာထူးကို ရရှိခဲ့သည်။ ဦးတုတ်နှင့် ဝန်ကတော် ဒေါ်ပုတို့မှ သား ဦးလူညွန့်ကို ဖွားမြင်ပါသည်။

### ကန္နီအတွင်းဝန်ဦးဝိုက်

ဦးဝိုက်သည် မင်းတုန်းမင်း နန်းတက်စကာလကပင် နန်းတွင်း၌ အမှုထမ်းခဲ့သူဖြစ်၏။ သူသည် မင်းလှသီရိသင်္ခယာ၊ မဟာမင်းကျော်သင်္ခယာနှင့် မဟာသီရိသင်္ခယာဘွဲ့များကို ရရှိခဲ့ပြီး ကန္နီမြို့ဝန်အဖြစ်လည်း ခန့်အပ်ခံခဲ့ရသည်။ ၁၈၅၆ ခုနှစ်တွင် မန္တလေးမြို့တည်ရန် ချင်းနင်းဝင်ရောက် ကြည့်ရှုကြသူများထဲတွင်

## ကနီဦးလူညွန့်၏ မျိုးရိုးဆက်နွယ်

ကန္နီအတွင်းဝန်ဦးဝိုက် ဦးဒွေး ဦးတုတ် + ဒေါ်ပု

ဦးလူညွန့်

ကန္နီမြို့ဝန် ဦးဝိုက်လည်း ပါဝင်၏။ ၁၃ ရက် ဧပြီလ ၁၈၆၁ ခုနှစ် အမိန့်တော်အရ ကန္နီမြို့ဝန်ဦးဝိုက်နှင့် စာရေးကြီး ဦးကောင်းတို့ အောက်မြစ်စဉ်တစ်လျှောက် စုန်ဆင်းကာ အခွန်ငွေကောက်ခံကြရကြောင်း သိရှိရ၏။

၁၈၆၁ ခုနှစ် နောက်ပိုင်းကာလ၌ ကန္နီမြို့ဝန် ဦးဝိုက်အား ကန္နီမြို့စားအတွင်းဝန်ရာထူး တိုးမြှင့်ခန့်အပ်လိုက်ပါသည်။ အတွင်းဝန်ဦးဝိုက်သည် ၁၈၇၀ ပြည့်နှစ်တွင် လယ်ယာစိုက်ပျိုးရေးဌာနကို တာဝန်ယူခဲ့ရပြီးနောက် မကြာမီ ရာထူးချထားခံခဲ့ရ၏။ သို့သော် ၂၉ ရက် စက်တင်ဘာလ ၁၈၇၁ ခုနှစ်ထုတ် မြန်မာ့ဂေဇက် သတင်းစာ၌ ကန္နီအတွင်းဝန် ဦးဝိုက်အား မူလရာထူး ပြန်လည် ခန့်အပ်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရ၏။ သီပေါမင်းနန်းတက်လာသောအခါ ဦးဝိုက်ကို မင်းကြီး မဟာမင်းထင်သခ်ယာဘွဲ့ဖြင့် အတွင်းဝန်ရာထူး ဆက်လက် ခန့်အပ်ပါသည်။

၁၁ ရက် နိုဝင်ဘာလ ၁၈၇၈ ခုနှစ်တွင် ဝေပုံကျ (၁၄) ဌာန ခွဲဝေအုပ်ချုပ်စဉ် ကန္နီအတွင်းဝန် ဦးဝိုက်က သာသနာပညာဌာနကို တာဝန်ယူခဲ့ရသည်။ သို့သော် ၁၈၇၉ ခုနှစ်တွင် ဦးဝိုက်ရာထူးမှ ဖယ်ရှားခံခဲ့ရ၏။ ကန္နီအတွင်းဝန်မင်း ဦးဝိုက်တွင် ဦးဖုံးမိုဆိုသူ သားတစ်ဦးရှိကြောင်း သိရှိရပါသည်။

### ကန္နီအတွင်းဝန်မင်း၏ စာပေလက်ရာ

ကန္နီအတွင်းဝန် ဦးဝိုက်က နက္ခတ္တဗေဒပညာရှင်တစ်ဦး ဖြစ်သကဲ့သို့ စာပေကျမ်းဂန်များပြုစုခဲ့သည့် ကျမ်းပြုပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ အတွင်းဝန်မင်းက သူရိယသိဒ္ဓန္တကျမ်းကဲ့သို့သော နက္ခတ္တဗေဒကျမ်းများကို လေ့လာသည်။





ထို့နောက် မိဖုရားခေါင်ကြီး စကြာဒေဝီအမိန့်တော်ဖြင့် လက်တွေ့ သုတေသနပြုကာ နက္ခတ္တဗေဒကျမ်းများကို ပြုစုရေးသားခဲ့သည်။ ထင်ရှားသော ကျမ်းတစ်ကျမ်းက 'ဗိုလ်ဋီကာ၊ မကာရန္တဗေဒင်လက်ရိုးဋီကာ' ကျမ်း ဖြစ်ပါသည်။ အတွင်းဝန်မင်းသည် သူရိယသိဒ္ဓန္တကျမ်းလာ ကိန်းဂဏန်းများကို လက်တွေ့တိုင်းတာ သုတေသနပြုလျက် ကျမ်းတစ်စောင်ပြုစုခဲ့ခြင်း ဖြစ်သည်။

ကန္နီအတွင်းဝန်မင်းက သူ၏ကျမ်းတွင် ကမ္ဘာတိမ်းစောင်းမှု အနေအထား (Declination) နှင့် ပတ်သက်၍ လက်တွေ့သုတေသနပြု ဖော်ထုတ်ချက်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားပါသည်။

'သိဒ္ဓန္တကျမ်းတွင် မဇ္ဈေမှ တောင်သို့ ၂၄၊ မြောက်သို့ ၂၄၊ အံသာကြန္တိဆုံးထားသည်။ တိုင်းသောအခါ ၂၃ အံသာနှင့် ၂၈ လိတ္တာခန့်သာရ၏။ ဒက္ခိဏာယာဉ်ဆုံး၊ ဥတ္တရာယာဉ်ဆုံး၊ နတနှစ်ရပ် (၄၈) အံသာ ရှိ၊ မရှိ သေချာစွာတိုင်း၍ မည်မျှရှိသည် ဆုံးဖြတ်ရသည်'

ဟူ၍ ဖြစ်ပါသည်။ ယခုခေတ်တွင် ကမ္ဘာတိမ်းစောင်းမှုကို ၂၃° ၂၇' ဟူ၍ မှတ်သားထားကြပေရာ ကန္နီအတွင်းဝန်မင်း၏ သုတေသနကျမ်းနှင့် (၁) မိနစ်သာ ကွာခြားမှုရှိ၏။

ကန္နီအတွင်းဝန်ဦးဝိုက်က ဤကျမ်းကို ခရစ်နှစ် ၁၈၆၈ ခုနှစ်၌ ရေးသားပြုစုခဲ့ခြင်း ဖြစ်သည်။ ယင်းကျမ်း၌...

'မချလေခအလယ်ရေးမျဉ်းမှ သုနာပရန်၊ တမ္ဗဒီပတိုင်း မချက်ချာ၊ ရတနာပုံရွှေပြည်တော်ကြီးသို့ ၃ နာရီကွာ၏'

ဟူ၍ သူရိယသိဒ္ဓန္တကျမ်းအခြေတည် တွက်ချက်ရာ အိန္ဒိယနိုင်ငံ ဥဇ္ဇေနေပြည် (ယခု Ujjain မြို့) နှင့် မြန်မာစံတော်ချိန် ကွာခြားချက် (မြန်မာနာရီ ၃ နာရီ၊ စက်နာရီ ၁ နာရီ ၁၂ မိနစ်) ကို ထည့်သွင်းဖော်ပြထားပေရာ သူ့ခေတ် သူ့အခါအလျောက် ခေတ်မီကျမ်းတစ်ကျမ်း ဖြစ်ပါသည်။

### ကန္နီအတွင်းဝန်မင်း၏တူ ကနီဦးလူညွန့်

ကန္နီအတွင်းဝန် ဦးဝိုက်၏ညီငယ် ဦးတုတ်က မင်းထင်ရာဇာဘွဲ့ခံ လက်ဖက်ရည်တော် သင်း သေနတ်ဗိုလ် ဖြစ်သည်။ အစ်ကိုလတ်ဖြစ်သူ ကန္နီမြို့ဝန် ဦးဒွေး ကွယ်လွန်သောအခါ ဦးတုတ် ကန္နီမြို့ဝန်ရာထူး ရရှိသည်။ ဦးတုတ်နှင့် မြို့ဝန်ကတော် ဒေါ်ပုတို့တွင် သားသမီး (၉) ဦး ထွန်းကားခဲ့ရာ ဦးလူညွန့်က အငယ်



ကန္နီအတွင်းဝန်မင်း၏တူ ကနီဦးလူညွန့်

ဆုံးဖြစ်ပြီး ၁၉၀၄ ခုနှစ်၌ ဖွားမြင်ခဲ့သည်။ ၁၈၈၆ ခုနှစ်တွင် မြန်မာတစ်နိုင်လုံး ဗြိတိသျှအစိုးရလက်အောက်သို့ ကျရောက်သွားသောအခါ ကန္နီမြို့ဝန်ဟောင်း ဦးတုတ်လည်း မင်းမှုထမ်းတစ်ဦး ဖြစ်လာ၏။ ဗြိတိသျှအစိုးရလက်ထက်တွင် T.D.M ဘွဲ့ကို ရရှိခဲ့သည်။

ဦးလူညွန့်မှာမူ ဘုတလင်နယ် သမဝါယမအသင်းတွင် ပထမဆုံး အင်စပက်တော်ဖြစ်ခဲ့၏။ ထို့နောက် ကန္နီမြို့၌ ဘုံဘေဘားမားသစ်ကုမ္ပဏီကိုယ်စားလှယ် ဝင်လုပ်သည်။ ယင်းသို့ လုပ်ရင်းကိုင်းရင်း ဗြိတိသျှအရာရှိတို့နှင့် ပေါင်းသင်းဆက်ဆံရာမှ အင်္ဂလိပ်စာနှင့် စကားကို ကောင်းစွာ ရေးဖတ်ပြောဆိုတတ်လာလေသည်။ ဦးလူညွန့်သည် ဒုတိယကမ္ဘာစစ်ဖြစ်ပွားသည်အထိ ဘုံဘေဘားမားကုမ္ပဏီ၌ အလုပ်လုပ်ကိုင်ခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် မန္တလေးသို့ ရောက်ရှိလာပြီး စောင်းမောင်မောင်လတ်နှင့် အဆိုတော် ဆရာမှန်းကြီးတို့ထံ သီချင်းကြီး သီချင်းခံများ သင်ယူဆည်းပူးသည်။ စစ်ကြီး ပြီးဆုံး၍ ဗြိတိသျှတပ်များ ပြန်လည်ဝင်ရောက်လာသောအခါ ဦးလူညွန့် ကန္နီမြို့၊ ပုလဲမြို့တို့၌ မြို့အုပ်အဖြစ် ခန့်အပ်ခံရ၏။

လွတ်လပ်ရေးရရှိလျှင် မုံရွာသို့ ပြောင်းရွှေ့ကာ အင်္ဂလိပ်စာ အလွတ်သင်ကျောင်းဖွင့်သည်။ ထို့နောက် ရန်ကုန် ပြောင်းလာလျက် ဂါးဒီးယန်းသတင်းစာတိုက်တွင် မန်နေဂျာအဖြစ် လုပ်ကိုင်ပြန်၏။ သို့သော် အလုပ်တွင် မပျော်ပိုက်





ဟုဆိုကာ နုတ်ထွက်လိုက်ပြီး မြန်မာ့အသံ၌ 'အိမ်သူကညာ မှတ်စရာ' နှင့် 'ဓာတ်သဘင်လောက' ကဏ္ဍတို့ကို အသံလွှင့်ဟောပြောခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ကနီဦးလူညွန့် ကွယ်လွန်ခဲ့ရာ ဇနီးဒေါ်မြနှင့်သမီး ဒေါ်တင်ဦးတို့ ကျန်ရစ်ပါသည်။

## ကနီဦးလူညွန့်၏ စာပေလက်ရာ




ကနီဦးလူညွန့်၏ စာပေလက်ရာ

ဦးလူညွန့်သည် မြန်မာစာပေ၊ တရားဓမ္မသတ်၊ ရာဇဝင်၊ သဘင်ဂီတ စသည်တို့ကို အလေးအနက်ပြု လိုက်စားခဲ့သူဖြစ်၏။ ၁၉၅၄–၅၅ ခုနှစ်ဝန်းကျင်က မုံရွာခရိုင် စာဆိုတော်နေ့ ကျင်းပရာ၌ ဆရာဦးလူညွန့် ဟောပြောခဲ့ဖူးသည်။ ၁၉၅၈–၅၉ ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ရာ၌ စာပေနယ်သို့ ရောက်ရှိလာခဲ့၏။ ဦးလူညွန့်သည် 'ကနီဦးလူညွန့်' ကလောင်အမည်ဖြင့် မြဝတီမဂ္ဂဇင်းတွင် လင်္ကာ၊ ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ မြဝတီမဂ္ဂဇင်းပါ စာများအနက် 'စုံဝနာမြိုင်မှ ဒီမိုကရေစီ ရာပုံတော်ကြီး' လင်္ကာမှာ အထူးထင်ရှား ပါသည်။ တပ်မတော်စိတ်ဓာတ်စစ်ဆင်ရေးဌာနက ယင်းရာပုံတော်ကြီးကို မူပိုင်ဝယ်ယူကာ ပုံနှိပ်ပြီး တောတွင်းသို့ ကြဲဖြန့်ခဲ့သည်ဆို၏။

ဆရာဦးလူညွန့်သည် စာဆိုတော် မောင်းထောင်ဦးကျော်လှကို ကောင်းစွာ သိမီလိုက်သူ ဖြစ်သည်။ မောင်းထောင်ဦးကျော်လှသည် ဦးလူညွန့်၏အဘိုး

ဖြစ်သူ ဦးဦးခိုင်ထံသို့ လာရောက်လည်ပတ်ကာ စာပေနှီးနှောဖလှယ်လေ့ ရှိပါသည်။ ထိုစဉ်ကပင် ကနီဦးလူညွန့်က မောင်းထောင် ဦးကျော်လှ၏ သံချို အချို့ကို ကျက်မှတ်ထားခဲ့၏။ သံချိုအရေးအဖွဲ့ကိုလည်း ကောင်းစွာ လေ့လာခွင့်ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ် ဆဋ္ဌသင်္ဂါယနာတင်ပွဲအတွက် သံဃာတော်များ ပင့်ဖိတ်စဉ်က ကန္နီမြို့မှ ဆရာတော် ဦးသောဘိတ ကြွင်းကျန်ရစ်၍ ဦးလူညွန့်က သံချိုရေးစပ်ကာ ဝန်ကြီးချုပ်ထံ ပေးပို့ခဲ့ရာ ထပ်မံပင့်ဖိတ်ခဲ့ရသည် ဆိုပါသည်။

၁၉၆၃ ခုနှစ်တွင် ကနီဦးလူညွန့်က မောင်းထောင်ဦးကျော်လှ၏ သံချိုအချို့ (ပိုဒ်ရေ ၃၀ ခန့်) ကို စုစည်းကာ ရှင်းလင်းချက်များနှင့်တကွ တည်းဖြတ်လျက် 'ဦးကျော်လှသံချိုကဗျာများ' စာအုပ်ကို ရေးသားပြုစု ထုတ်ဝေခဲ့၏။

ကနီဦးလူညွန့်၏ စာပေလက်ရာများထဲမှ 'စိန္တကျော်သူ ဝန္ဒနာသံချို' ပိုဒ်ရေ (၄) ပိုဒ်အနက် စာပိုဒ် (၁) ကို ဖော်ပြလိုပါသည်။ ကနီဦးလူညွန့်သည် ယင်းသံချိုကို မြန်မာစာပြန့်ပွားရေးအသင်း၏ စိန္တကျော်သူ ဦးဩ နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်စာအုပ်၌ ဖော်ပြထား၏။

အောင်သပြေ အောင်မြေချက်မှာလ
အောင်စကြာ ခြေတော်တင်လို့
သမိုင်းတွင် တိုင်းခွင်လှည့်စဉ်က
မင်းမဏိစည်သူ၏
တည်တော်မူစံဌာနပေမို့
သံဃရာဇာနှစ်ဆူနှင့်
ပါရဂူအတူမရှိနိုင်တဲ့
လူကဝိစုံပွားကာလောင်းပေတည့်
ရွာမောင်းမြေသာရွှေထောင်က
အရှေ့နောင်ထူးဒေသတွင်မှ
ဦးဇေယျပဝေကံကြောင့်
ဂဟောနံအဖော်ပြုပေခဲ့
ဒေါ်မေမူ့ဝမ်းကြာတိုက်တွင်မှ
နန်းအမရာထိုက်သူ သန္ဓေယူလို့
ပမေတူဝေဘူမျက်ကယ်သို့
မြင်မျက်နှာသက်လျှာချောကိုလ





မောင်ဩဆောင်သညာနှင့်
တစ်ထောင်မှာ ဖြိုးကြွယ်လှစ်ပါတဲ့
ကိုးဆယ်ရှစ်သက္ကရာဇ်တွင်
စသည်ဖြင့် ဖြစ်ပါသည်။

ကနီဦး လူညွန့်၏မြေး ချိုချိုအောင် (ဦးစီးအရာရှိ၊ ငြိမ်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) သည်လည်း စာပေဝါသနာပါသူတစ်ဦးဖြစ်ရာ တိုင်းဇေယျာမဂ္ဂဇင်း၌ အဘိုးဖြစ်သူ၏ အတ္ထုပ္ပတ္တိကို ရေးသားပြုစုခဲ့သည်။

❐

# အခန်း (၁၁)

## စာဆိုတော်ဦးကြော့နှင့် သမီး

စုံနံ့သာမြိုင်ရာပုံတော်ကြီးကို ရေးဖွဲ့သီကုံးခဲ့သည့် စာဆိုတော် ဦးကြော့က မြန်မာစာပေသမိုင်းတွင် ထင်ရှားလှသကဲ့သို့ သူ၏သမီးကိုလည်း အမျိုးသမီးစာဆိုများထဲတွင် ဦးကြော့သမီးဟူ၍ ထင်ရှားခဲ့သည်။ ဦးကြော့သမီးဟူ၍ အလွယ်တကူ မှတ်သားခဲ့ကြသဖြင့်လည်း အမည်ရင်းကိုပင် သိရှိရန် မလွယ်ကူတော့ပေ။ သို့သော် ကံအားလျော်စွာ ခရစ်နှစ် ၁၉၁၃ ခုနှစ်ဝန်းကျင်က တောင်တွင်းကြီးမြို့နေ အငြိမ်းစား အထက်တန်း ကျောင်းဆရာကြီး ဦးဘမောင်က ဦးကြော့၏တူ ကျောင်းဆရာ ကိုအင်ကြင်းကို မေးမြန်းမှတ်သားထားခဲ့သဖြင့် ဆွေစဉ်မျိုးဆက်စာရင်းနှင့်တကွ ဦးကြော့သမီးအမည်ကို 'မအိ' ဟူ၍ သိရှိကြရပါသည်။

နတ်မောက်မြို့နေ လှည်းကုန်သည်ဦးကန်တွင် သားသမီး (၈) ဦးရှိရာ ဦးကျန်ဘက်၊ ဦးကျန်ရွက်၊ ဦးရွှေကို၊ ဦးရွှေဘို၊ ဒေါ်မိုး၊ ဒေါ်နိုး၊ ဒေါ်အိုးနှင့် ဒေါ်အေးတို့ ဖြစ်ကြ၏။ ဒေါ်နိုး၏သမီး ဒေါ်ထယ်သည် အသည်မျိုးရိုး ဦးအင်းနှင့် စုံဖက်ကာ ဦးကြော့ကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။

### စာဆိုတော်ဦးကြော့

စာဆိုတော်ဦးကြော့ကို ၁၈၃၉ ခုနှစ်တွင် ဦးအင်း၊ ဒေါ်ထယ်တို့မှ နတ်မောက်မြို့တွင် ဖွားမြင်ပါသည်။ နတ်မောက်မြို့ဟု ဆိုသော်လည်း စင်စစ်အားဖြင့်





### ဦးကြော့နှင့် သမီးတို့၏ ဆွေစဉ်မျိုးဆက်

? + ဒေါ်နိုး

ဦးအင်း + ဒေါ်ထယ်

ဦးကြော့ + ဒေါ်မင်းရဲ

ဒေါ်အိ + ဦးထွန်းဘို

ကိုခင်မောင်

နတ်မောက်မြို့တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာ ကိုင်းရွာဇာတိဖြစ်၏။ မွေးချင်းညီအစ်ကို မောင်နှမများကား ဦးအောင်သူ၊ ဦးဝ၊ ဦးစ၊ ဦးလှ၊ ဦးသက်ထွန်း၊ ဦးကြော့၊ ဦးကျောက်နှင့် ဒေါ်စံပယ်တို့ ဖြစ်ကြသည်။

ဦးကြော့သည် ငယ်စဉ်က ဇာတိကိုင်းရွာဆရာတော် ဦးရွှေသီးနှင့် ဆရာတော် ဦးရွှေပြားတို့ထံ ပညာဆည်းပူးခဲ့သည်။ ထို့နောက် အရွယ်ရောက်သောအခါ ပထမကျော် ဦးချက်ထံ ပညာဆက်လက်ဆည်းပူးလေ့လာပြန်၏။ ဦးချက်သည်လည်း ဦးကြော့တို့ အဆက်အနွယ်ထဲကပင် ဖြစ်သည်။ ဦးကြော့ အသက် (၂၀) နှစ်အရွယ်တွင် အဘိုးဝမ်းကွဲတော်စပ်သူ သမားတော်ကြီး ဦးကျော်ဇံနှင့် နန်းတွင်းသို့ လိုက်သွား၏။ (ဦးကျော်ဇံမှာ ဦးကန်၏ ဦးရွှေဥဆိုသူမှ ဖွားမြင်သူဖြစ်သည်) မင်းတုန်းမင်းတရားက ဦးကြော့၏ အရည်အချင်းကို သဘောကျ၍ ရွှေတိုက်ဝန်ကြီးထံ အပ်နှံကာ လေ့လာစေ၏။ သို့ဖြစ်၍ မကြာမီ ဦးကြော့စာတော်ဖတ်တစ်ဦး ဖြစ်လာပါသည်။ ထိုအတောအတွင်း စုံနံ့သာမြိုင်ရာပုံတော်ကြီးကို ရေးဖွဲ့ခဲ့သဖြင့် ဦးကြော့ နာမည်ရလာသည်။

ဦးကြော့သည် ရုပ်ရည်ချောမောလှပသူဖြစ်သည့်ပြင် စာဆိုတော်တစ်ဦး အဖြစ်ပါ မြှောက်စားချီးမြှင့်ခံရသောအခါ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ် လာ၏။ သို့ဖြင့် အိမ်ရှေ့စံ ကနောင်မင်းသားကြီး၏ ကိုယ်လုပ်တော် မယ်ပရစ် နှင့် ငြိစွန်းလာသည်။ အခြေအနေကိုရိပ်မိသည့် ရေနံချောင်းမင်းကြီးက ဦးကြော့ အား တောင်တွင်းကြီးမြို့ဝန်သစ် ဦးမိတ်နှင့်အတူ ရှေ့ဖတ်စာရေးအဖြစ် လိုက် ပါ ဆောင်ရွက်စေလိုက်လေ၏။ ဝန်စာရေးအဖြစ် အမှုထမ်းစဉ်အတွင်း အုန်း တောရပ်သူ ဒေါ်မင်းရုံနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်သည်။ ဦးကြော့သည် ဗြိတိသျှခေတ် ၁၈၇၂ ခုနှစ်၊ ဇွန်လ၌ နတ်မောက်မြို့ရှိ သမီးဖြစ်သူ၏ နေအိမ် တွင် ကွယ်လွန်သွားပါသည်။

## ဦးကြော့၏ စာပေလက်ရာ

စာဆိုတော်ဦးကြော့၏ စာပေလက်ရာအဖြစ် တေးထပ်၊ လွမ်းချင်း၊ သံချို၊ မေတ္တာစာအများအပြားကို တွေ့ရှိရ၏။ ဦးကြော့၏ ပထမဆုံးလက်ရာမှာ 'ပဝရာဘိသုဓေ၊ အတုလပရမေ' အစချီ ဆယ့်နှစ်ရာသီဘွဲ့တေးထပ်များ ဖြစ် ပါသည်။ ဤတေးထပ်များမှာ အတုလမင်းကြီး၏လက်ရာ ဆယ့်နှစ်ရာသီ လူးတား ကို မှီငြမ်းပြုရေးဖွဲ့ခဲ့သော တေးထပ်များဖြစ်သည် ဆို၏။

ဦးကြော့၏ လက်ရာများထဲတွင် စုံနံ့သာမြိုင်ရှာပုံတော်ကြီးမှာ အကောင်း ဆုံးဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထိုခေတ်က ဦးသာပြော၊ ဦးဖုးညို စသည့် စင်တော်ကြီး၌ ဟောပြောလေ့ရှိသော လင်ပျောက် မယားပျောက် ရှာပုံတော် များ၊ မင်းသားကြီး ဦးအောင်ဘ၏ မယားပျောက်ရှာပုံတော်များ ခေတ်စားနေ ပေရာ ဦးကြော့သည်လည်း ရှာပုံတော်တစ်ပုဒ် ရေးဖွဲ့ရန် စိတ်ကူးရခဲ့ဟန်တူ ပါသည်။ စုံနံ့သာမြိုင်ရှာပုံတော်ကြီးတွင် . . .

'စုံနံ့သာမြိုင်၊ ရဂုံတွင်း၊ ထုံသင်းငယ်ကြိုင်၊ ဂနိုင်ဟောမ၊ ငွေအစ၊ ရွှေ
မျှော့ကလျှာ၊ ဟိုခင်ကို လျှောက်ပါလို့၊ လင်ပျောက်ကိုရှာခဲ့၊ ဂန္ဓမာဂူမြေသလင်း၊
နေမင်းကပူသနှင့်၊ နန်းသူဒေဝီ၊ တွေ့နိုင်ပဲဟာမို့၊ လဲလုပြီ၊ ကေသီတော်ညက်၊
မြစပွါယ်ငုံ၊ လ လယ်ယုန်မှာ၊ ဆ ဆယ်ပုံပျက်ခဲ့ပေါ့'

စသည်ဖြင့် စကားလုံးအနုအရွကလေးများဖြင့် ရေးဖွဲ့ထားလေသည်။

ဦးကြော့၏စာများကို ရန်ကုန်ဟိုက်စကူးကျောင်းသား မောင်ဘမောင် (နောင်ကျောင်းအုပ်ဆရာကြီး) က စုစည်းကာ ၁၉၁၃ ခုနှစ်၌ 'ဦးကြော့ရေး





သားသော သီချင်းအမျိုးမျိုး' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ် ကိုပင် ၁၉၅၆ ခုနှစ်၌ ဦးဖိုးလတ်က တည်းဖြတ်ကာ 'ဦးကြော့နှင့် တောင်တွင်း စာဆိုကဗျာများ' ဟု အမည်ပြောင်းလဲ ထုတ်ဝေခဲ့သည်။

## စာဆိုတော် ဦးကြော့သမီး

အမျိုးသမီး စာဆိုတော်များစာရင်းတွင် 'ဦးကြော့သမီး' ဟူ၍ ထည့်သွင်း ဖော်ပြ ခဲ့ရသူမှာ 'မအိ' ဖြစ်ပါသည်။ မအိကို စာဆိုတော်ဦးကြော့နှင့်ဇနီး ဒေါ်မင်းရုံတို့ မှ ဖွားမြင်ခဲ့သည်။ မအိသည်လည်း ဖခင်၏ခြေရာကိုနင်းခဲ့သူတစ်ဦး ဖြစ်၏။ ဝန်စာရေးမင်း၏သမီးမို့ မအိငယ်စဉ်က နားထွင်းမင်္ဂလာပွဲ ဆင်ယင်ကျင်းပခြင်း ခံခဲ့ရသေးသည်။ မအိက ဆရာကောင်းသမားကောင်းနှင့်လည်း စာပေသင်ကြား ခွင့် ရရှိခဲ့ပါသေးသည်။ ဦးကြော့၏ လေးဆစ်တစ်ပုဒ် တွင် မအိက သူ့ဆရာ အား ဖျင်နီလက်ဆောင် ရက်လုပ်၍ ကန်တော့ခဲ့ပုံကို ဖော်ပြထားပြီး အခြား လေးဆစ်တစ်ပုဒ်၌လည်း မအိနှင့် ကျောင်းနေဖက် မြို့အုပ်ကတော်မရှမ်းကို သတိရကြောင်း ရေးဖွဲ့ထားလေသည်။

မအိသည် အရွယ်ရောက်သောအခါ နတ်မောက်မြို့သူကြီး ဦးထွန်းဘုံနှင့် စုံဖက်ကာ ကိုခင်မောင်ဆိုသူ သားတစ်ယောက်ကို မွေးဖွားပါသည်။ ကိုခင်မောင် သည် အင်္ဂလိပ်အစိုးရလက်ထက် နတ်မောက်မြို့သူကြီး ဖြစ်ခဲ့သေး၏။ ဒေါ်မြ နှင့် အိမ်ထောင်ကျပြီး ရှေ့နေတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုရင်း ဂျပန် ခေတ်မတိုင်မီက ကွယ်လွန်သွားပါသည်။

## ဦးကြော့သမီး၏ စာပေလက်ရာ

ဦးကြော့၏သမီးဖြစ်သူ မအိသည် ဖခင်ကဲ့သို့ စာဆိုတော်တစ်ဦးအဖြစ် ထင်ရှား ကျော်ကြားခဲ့သူ ဖြစ်ပါသည်။ သို့သော် စာပေလက်ရာဟူ၍ များများစားစား မတွေ့ရတော့။ 'လူတွေညာ ယဉ်ယဉ်ဆုံးငယ်နှင့်၊ မြရွှေစာ ဆင်ဆင်လို့ ကုံး ခဲ့ကြ' အစချီလေးဆစ်သဖြန်များကို ရေးဖွဲ့ခဲ့သည် ဆိုပါသည်။

❒

## အခန်း (၁၂)

## စာဆိုတော်မျိုးရိုးမှ ဆင်းသက်လာသူ ပုဂံဝန်ထောက်မင်း ဦးတင်

ပုဂံဝန်ထောက်မင်း ဦးတင်ကား စာဆိုတော်မျိုးရိုးမှ ဆင်းသက်လာသူ ဖြစ်၏။ မိခင်ဘက်မှ လည်းကောင်း၊ ဖခင်ဘက်မှ လည်းကောင်း စာဆိုတော်များ အများအပြားရှိခဲ့ကြပြီး မြန်မာဘုရင်လက်ထက် နော်ရထာကျော်ထင်ဘွဲ့ခံ စာရေးတော်တစ်ဦးလည်း ဖြစ်ခဲ့သည်။


### ပုဂံဝန်ထောက်ဦးတင်၏ မျိုးရိုးဆက်နွယ်

မင်းကြီး မဟာမင်းလှသင်္ခယာဘွဲ့ခံ သပြေ ၅ ရွာစား ရွှေတောင်မြို့ဝန် စာဆိုတော် ဦးလွန်း၏သား ဦးကသဲသည် မဟာမင်းလှပညာကျော်ဘွဲ့ခံ တောင်သာ ၅ မြို့ဝန်စာရေးတော်ကြီးဖြစ်ပြီး စာဆိုတော်တစ်ဦးလည်း ဖြစ်၏။ ဦးကသဲသည် မှန်နန်းအပျိုတော် ဒေါ်အိနှင့် စုံဖက်ကာ သားသမီး (၅) ဦးကို ဖွားမြင်၏။ ယင်း (၅) ဦးအနက် အကြီးဆုံးသားဖြစ်သူ အလုံးစုံစာရေး၊ ဝမ်းတွင်း ၅ မြို့ဝန်စာဆိုတော် ဦးမောင်သည် စာဆိုတော် ဦးဘဲ၏သမီး ဒေါ်စောနှင့်စုံဖက်ကာ ပုဂံဝန်ထောက်မင်းဖြစ်လာမည့် ဦးတင်နှင့် စာဆိုခင်ခန့်တို့ကို ဖွားမြင်ပါသည်။ ထို့ကြောင့် ပုဂံဝန်ထောက် ဦးတင်ကား စာဆိုတော်မျိုးရိုးမှ ပေါက်ဖွားလာသူ ဖြစ်လေသည်။





### ပုဂံဝန်ထောက်ဦးတင်၏ မျိုးရိုးဆက်နွယ်




### စာဆိုတော်မိသားစု

စာဆိုတော်ကြီး ဦးလွန်းသည် ရွှေတောင်မြို့ဝန် သပြေ ၅ ရွာစားဖြစ်သကဲ့သို့ ဦးလွန်း၏သား ဦးကသဲမှာလည်း တောင်သာ ၅ မြို့ဝန် စာဆိုတော်ကြီး ဖြစ်သည်။ ဦးကသဲသည် မှန်နန်းအပျိုတော် ဒေါ်အိနှင့် စုံဖက်ရာမှ သားသမီး (၅) ဦး ဖွားမြင်ရာ (၅) ဦးစလုံးမှာ စာဆိုတော်များ ဖြစ်ကြ၏။ အကြီးဆုံးသား ဦးမောင်က ပုဂံဝန်ထောက် ဦးတင်၏ဖခင် ဖြစ်သည်။ စာဆိုတော် မရွှေမမှာ မှန်နန်းအပျိုတော်တစ်ဦး ဖြစ်ပါသည်။

### (က) စာဆိုတော်မရွှေမနှင့် စာပေလက်ရာ

အမျိုးသမီးစာဆိုတော် မရွှေမသည် ပုဂံမင်းလက်ထက်တွင် မှန်နန်း အပျိုတော်တစ်ဦးဖြစ်ခဲ့ပြီး မင်းတုန်းမင်းလက်ထက်၌ လက်ယာကြောင်း ဗိုလ်ကတော်ကြီး ဖြစ်ပါသည်။ အပျိုတော်ခင်လေးကြီးဟူ၍ ထင်ရှားခဲ့သည်။ စာဆိုတော်မရွှေမသည် မင်းတုန်းမင်းလက်ထက် ၁၈၇၃ ခုနှစ်၌ အမိန့်တော်ဖြင့် သင်္ဂြိုဟ်၊ သတိ

ပဋ္ဌာန်း၊ ဓမ္မစကြာများကို ရွတ်ဖတ်ပြန်ဆိုစေရာ၌ ပြန်ဆိုနိုင်ခဲ့သည့်အတွက် ဆုတော်အဖြစ် ရွှေ၊ ငွေ၊ ပိတ်အုပ်များ ချီးမြှင့်ခံခဲ့ရဖူး၏။

မှန်နန်းအပျိုတော်ခင်လေးကြီးခေါ် ဒေါ်ရွှေမ၏ စာပေလက်ရာများအနက် မိခင်ဖြစ်သူ မှန်နန်းအပျိုတော်ကြီး ဒေါ်အိထံပေးသော မေတ္တာစာနှင့် မောင်ဖြစ်သူထံပေးသော မေတ္တာစာတို့မှာ ထင်ရှားပါသည်။

မိခင်ထံပေးမေတ္တာစာတွင်...

'ဇမ္ဗူဒီပါ၊ ပြုဗ္ဗာဥတ္တရ၊ အပရဂေါ်ရာ၊ ကျွန်းလေးမြွာကို၊ စကြဝဠာတံတိုင်း၊ ကာဆိုင်းဝန်းရံ၊ စကြဝဠာအနန္တ၊ ရှိကြသည်ချည်း၊ သို့ကတည်းကို၊ ရုံးစည်းကွန်ချာ၊ ကျွန်းတကာတို့၏ ဓိပတိ၊ ရွှေအတိ ငွေအတိ မြအတိ ဖလ်အလျှံ၊ လေးတန်သောအရောင်တို့သည်၊ တပြောင်ပြောင် ထွန်းလင်းလျက်'

စသည်ဖြင့် ရတနာပုံနေပြည်တော်ကြီးကို ဦးစွာ ချီးကျူးထောမနာပြုလျက် ရေးဖွဲ့ခဲ့သည်။

ထို့နောက် မိခင်ဖြစ်သူနှင့် ပတ်သက်၍လည်း...

"မာတာမိခင်၊ ဂုဏ်အင်ကျူးသည်၊ ကျေးဇူးရှင်တို့၊ မှာတင်စကား၊ မှတ်ယူထား၍၊ ပဝါပါးအသားချဲ့ရာ၊ တရွာသွားတအားမဲ့ရာ၊ ဆိုသည်တာမှာ၊ ဥဂ္ဂါပိုင်သ၊ ရေမြေအစိုးရပါသောကြောင့်'

စသည်ဖြင့် ရေးဖွဲ့ထား၍ မေတ္တာစာနိဂုံးတွင် ဆုတောင်းမေတ္တာပို့သပုံကိုလည်း...

'လက်ခုပ်လက်ပြန်၊ တစ်ဖန်မိခင်၊ ဂုဏ်အင်ကျူးသည့် ကျေးဇူးရှင်နှင့်၊ တူပင်ညီမ၊ မောင်လှတသီး၊ ဦးရီးဒွေးတော်၊ ဆွေတော်သားချင်းတို့မှာ၊ ဘယဘေးဒဏ်၊ ရန်မာန်ခပ်သိမ်း၊ ကင်းငြိမ်းပါစေ၊ ကင်းပါစေသော ကင်းစေသောဟု၊ မနောစာတ်စေတနာဖြင့်၊ ပတ္တနာဆုယူတောင်း၍၊ သမီးလတ်လက်ယာကြောင်းဗိုလ်ကတော်က၊ အနောဒိဿမေတ္တာဖြင့်၊ ရှိပန်ဆင်ဝတ်တွား၍၊ စာပါးလိုက်ပါသည်၊ မွေးသည်မိခင်၊ ဂုဏ်အင်ကျူးသည့် ကျေးဇူးရှင်' ဟူ၍ ဖြစ်ပါသည်။

## (ခ) စာဆိုတော်မောင်နှမများ

စာဆိုမတုတ်မှာ မှန်နန်းအပျိုတော် အမျိုးသမီးစာဆိုဖြစ်၏။ ထို့အတူ စာဆိုဦးမောင်ကလေးမှာလည်း လွှတ်တော်အဝေးရောက်အရာရှိ စာဆိုတော်တစ်ဦးဖြစ်ပါသည်။ ဦးစုမှာမူ ပုဂံမြို့ဝန်စာဆိုတော် ဖြစ်သည်။





ပုဂံဝန်ထောက်မင်း ဦးတင်၏ဖခင်ဖြစ်သူ မဟာမင်းလှသခ်ယာဘွဲ့ခံ အသုံးစာရေး၊ ဝမ်းတွင်း ၅ မြို့ဝန် ဦးမောင်သည်လည်း ထင်ရှားသော စာဆိုတော်တစ်ဦး ဖြစ်ပါသည်။ ဦးမောင်သည် စာဆိုတော်ဦးဘဲနှင့် ဒေါ်ဝါတို့၏သမီး ဒေါ်စောနှင့် စုံဖက်ခဲ့သူဖြစ်၏။ ဦးဘဲ၏ဇနီး ဒေါ်ဝါ၏မောင်ဖြစ်သူ မောင်မောင်ဆိုသူမှာလည်း စာတော်ဖတ်စာဆိုတော် စောင်းဆရာတစ်ဦး ဖြစ်၏။

## စာဆိုတော်ဦးဘဲ၏ စာပေလက်ရာ

ဦးဘဲသည် ပုဂံဝန်ထောက်မင်း ဦးတင်၏အဘိုးတော်စပ်သူဖြစ်သည်။ ဦးဘဲ၏မင်းပေးဘွဲ့မည်မှာ မဟာမင်းခေါင်ရာဇာဖြစ်ပြီး ရာထူးက အသုံးစာရေး၊ စာဆိုတော်တောင်အင်းတိုက်စား ဖြစ်သည်။ ဦးဘဲသည် အသုံးစာရေးတိုက် ကျန်(၁၀) ရွာစား မဟာမင်းလှသခ်ယာဘွဲ့ခံ ဦးမင်းရာ၏သမီး ဒေါ်ဝါနှင့် လက်ဆက်ကာ ပုဂံဝန်ထောက်မင်း ဦးတင်၏မိခင် ဒေါ်စောကို ဖွားမြင်ခဲ့ခြင်း ဖြစ်ပါသည်။

ဦးဘဲ၏လက်ရာစာပေများအနက် 'ဩော်... ဟေမဝန်နှယ်၊ တမ်းခွန်ရေအေး၊ ပန်းစုံမွေးသည်' အစချီ ညည်းချင်းစာကိုယ်နှင့် ခွန်းထောက်လေးဆစ်မှာ ထင်ရှားပါ၏။ ဦးဘဲသည် မင်းတုန်းမင်းလက်ထက် ၁၈၅၈ ခုနှစ်တွင် သောင်သွပ်ဒေသ၌ ဆင်ဖြူတော် တွေ့ရှိခဲ့စဉ်က သွားရောက်ဆောင်ယူသောအဖွဲ့တွင် လိုက်ပါသွားခဲ့ရပါသည်။ ထိုစဉ်က တောနယ်စခန်းများအရောက်တွင် ရတနာပုံနေပြည်တော်ကြီးကို လွမ်းဆွတ်တသမိသည့်အလျောက် လင်္ကာရေးဖွဲ့ခဲ့ခြင်း ဖြစ်၏။ ယင်းသို့ ရေးဖွဲ့ရာ၌...

'အိမ်ရှိဇနီး၊ သားသမီးနှင့်၊ ကြီးငယ်ခြွေရွေ၊ ဆွေမျိုးတစ်ချက်၊ လွှတ်တော်ထက်တွင်၊ တက်သက်တူကွ၊ သဟာရဆွေ၊ ထွေထွေရာရှိ၊ မျိုးမြင့်မြတ်မွန်၊ ပြောင်ဆဒ္ဒန်ကို၊ ဝေယန်ပုံသွင်၊ ဘောင်တွင်တင်၍၊ ဆောလျင်မသွေ၊ ပြန်လွယ်စေဟု၊ မန်းဆွေနန်းဌ၊ ကျန်ရစ်သူတို့၊ ဆုယူလိမ့်မည်၊ အတည်တည်ကို၊ ကြံစည်အောက်မေ့မိသနှင့်'

ဟူ၍ စပ်ဆိုခဲ့သည်။

ဦးဘဲတို့ နေပြည်တော်သို့ ရောက်ရှိကြပြီးနောက် ၁၃ ရက် ဇွန်လ ၁၈၅၈ ခုနှစ်တွင် နာခံတော်ပြော့ကြီးမှူးမှတစ်ဆင့် 'မြနန်းရွှေပြည်၊ စိုက်ထောင်တည်သား၊ ဓာနည်ဥက္ကဋ္ဌ၊ သာကီဇာတ်တည့်' အစချီရတုပိုဒ်စုံကိုလည်း ဆက်သွင်းခဲ့သေး၏။ ရတုပိုဒ်စုံ တတိယပိုဒ်တွင်...

'ထူးလည်အိုင်မြတ်၊ နဝတတ်နှင့်၊ သမသတ်ပြိုင်၊ အိုင်ဆဒ္ဒန်မွန်၊ တောဟောဝန်မှ၊ တမ်းခွန်ရေမြေး၊ ပန်းစုံမွေးသား၊ ကလေးသောင်သွပ်၊ နယ်စပ်ရဂုံ၊ ပင်ရိပ်ခြုံကာ၊ မန်းခုံဘူမိ၊ အပရာဇိသို့၊ သီရိဆင်းရောင်...'

စသည်ဖြင့် ဆင်ဖြူတော်အား ချီးမွမ်းစပ်ဆိုခဲ့သေး၏။

## စာဆိုတော်ဦးမောင်နှင့် စာပေလက်ရာ

ပုဂံဝန်ထောက်ဦးတင်၏ ဖခင် မဟာမင်းလှသင်္ခယာဘွဲ့ခံ စာဆိုတော် ဦးမောင်ကို ဦးကသဲနှင့် ဒေါ်အိတို့မှ ဖွားမြင်ပါသည်။ ဦးမောင်၏ စာပေလက်ရာပျို့မှာ အောက်ပါအတိုင်း ဖြစ်၏။

၁။ ပခန်းမင်းကြီး ဦးရန်ဝေးဘွဲ့လေးချိုးကြီး

၂။ မြို့တော်ဝန်ဦးသာအိုးဘွဲ့လေးချိုးကြီး

၃။ ရေနံချောင်းမြို့စား ဗိုလ်မှူးဝန်ကြီးဘွဲ့လေးချိုး

၄။ ခန္ဓဝဂ္ဂသံယုတ်နိသျှ အစရှိ ပေစာထုပ်ကြိုးဆုတောင်းစာတို့ ဖြစ်ကြ၏။

ပခန်းမြို့စားဝန်ကြီး ဦးရန်ဝေးအကြောင်း ဖွဲ့ဆိုသော လေးချိုးကြီးတွင်...

'သမာဇိန်ငယ်၊ သိန်တန်ခိုးချဲ့၊ သတိုးဘွဲ့နှင့်၊ ကိုးဆယ့်ခြောက်ဖြာ၊ ခြံရံငယ်ကာသည်၊ သလ္လာဦးလျှို၊ ကူးခန်းမြို့ကို၊ ဆယ်ဘို့ငယ်ရှေးမူ၊ ကံကြွေးယူလို့၊ ဇမ္ဗူရန်လွင့်၊ နိုင်ငံဘွင့်တဲ့၊ နတ်ရှင့်ခြွေရွေ၊ ကုဋေငွေဝယ်၊ ရေသော်အနက်၊ ပြည်ရမ္မက်နှင့်၊ လက်နက်တကာ၊ အရာရာပင်၊ အာဏာဥသုံ၊ နှင်းလို့သာ ယုံတော့ပ၊ ဂုဏ်အင်ခွင်ကို၊ စုံလင်ချီးကျူး'

စသည်ဖြင့် ရေးဖွဲ့ထားပါသည်။

## ပုဂံဝန်ထောက်မင်းဦးတင်

ပုဂံဝန်ထောက်မင်းဦးတင်ကား စာဆိုတော်ဦးလွန်း၏မြစ်၊ စာဆိုတော် ဦးကသဲနှင့် ဦးဘဲတို့၏မြေး၊ စာဆိုတော် ဦးမောင်၏သား ဖြစ်သည်။ ဦးတင်၏ ငယ်မည်မှာ မောင်မောင်တင် ဖြစ်သည်။ ပုဂံဝန်ထောက်မင်း ဦးတင်ကို ၃၀ ရက် နိုဝင်ဘာလ ၁၈၆၁ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့၏။ မွေးချင်းမောင်နှမ တစ်ဦးရှိရာ နှမခင်ခန့်မှာလည်း အမျိုးသမီးစာဆိုတော်တစ်ဦး ဖြစ်ပါသည်။

ဦးတင် အသက် (၉) နှစ်အရွယ်တွင် အမရပူရဘုံကျော် ဆရာတော်ထံ







ပုဂံဝန်ထောက်မင်း ဦးတင်

ပညာဆည်းပူးခဲ့၏။ အသက် (၁၁) နှစ်အရွယ်၌ ရှင်နိမလဘွဲ့ခံ သာမဏေအဖြစ် စာပေဆက်လက်ဆည်းပူးခဲ့သည်။ ၁၈၇၄ ခုနှစ်တွင် ကင်းဝန်မင်းကြီးရေး အင်္ဂလိပ်ခရီးသွားပမ်သတ်လက်ာ ၇၂ ပုဒ်ကို မင်းကြီးရှေ့မှောက်၌ အာဂုံဆောင်နိုင်ခဲ့ရာမှ ထင်ရှားလာခဲ့၏။ အသက် (၁၅) နှစ်အရွယ်တွင် လူထွက်ပြီး တောင်ခွင်မင်းကြီး ဦးသိုင်း လက်အောက်၌ စာရေးတော်အဖြစ် အမှုထမ်းရသည်။ ယင်းသို့ အမှုထမ်းနေစဉ်အတွင်း သီပေါမင်းလက်ထက် ၁၈၈၀ ပြည့်နှစ်တွင် ကျင်းပသော စာရေးတော် စာမေးပွဲကို အောင်မြင်သဖြင့် နော်ရထာကျော်ထင်ဘွဲ့ကို ရရှိသည်။ ဗြိတိသျှအစိုးရလက်ထက်တွင် မြန်မာနိုင်ငံအတွင်းဝန်ရုံး စာတော်ပြန်ဌာနနှင့် ကျောက်စာဌာနတို့တွင် အလုပ်လုပ်ကိုင်သည်။ ထို့နောက် ပုဂံမြို့အုပ်ရာထူး၊ နယ်ပိုင်ဝန်ထောက်ရာထူးများပါ ရရှိခဲ့သည်။

ဗြိတိသျှအစိုးရ၏ KSM, ATM ဘွဲ့များ ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရပြီးနောက် အသက် (၆၀) ကျော်သည့်တိုင် အထူးတာဝန်ဖြင့် အတွင်းဝန်ရုံး၌ ဆက်လက် အမှုထမ်းခဲ့ရ၏။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာဆရာအဖြစ် စာပေပို့ချခဲ့ရပြီး ၂၉ ရက် ဇူလိုင်လ ၁၉၃၂ ခုနှစ်တွင် မဟာဝိဇ္ဇာ (MA) ဘွဲ့ကို ရရှိ ခဲ့သည်။ အသက် (၇၃) နှစ်အရွယ် ၁၃ ရက် ဩဂုတ်လ ၁၉၃၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ပါသည်။ ပုဂံဝန်ထောက်မင်း ဦးတင်၏ဇနီး ဒေါ်ခင်ခင်မှာမူ အသက် (၇၀) နှစ်အရွယ် (၁၊ ၇၊ ၁၉၃၂) တွင် ကွယ်လွန်ခဲ့၏။ ပုဂံ

ဝန်ထောက်မင်း ဦးတင်မိသားစု နောက်ဆုံးနေထိုင်ရာ လိပ်စာမှာ ရန်ကုန်မြို့၊ ကရစ်လမ်း (စဥ့်အိုးတန်း)၊ အမှတ် (၂၀၁) ဖြစ်ပါသည်။

## ပုဂံဝန်ထောက်ဦးတင်၏ စာပေလက်ရာအချို့

ပုဂံဝန်ထောက်မင်း ဦးတင်က စာပေကျမ်းဂန်အမြောက်အမြား ရေးသား ပြုစုခဲ့သူ ဖြစ်ပါသည်။ ၁၉၂၈ ခုနှစ်တွင် မော်ဘီဆရာသိန်းကြီးက ပုဂံဝန်ထောက်မင်း ဦးတင်အား မြန်မာဘုရင်လက်ထက်က နော်ရထာကျော်ထင်ဘွဲ့ရခဲ့သည်ဆိုခြင်းမှာ အမှန်ပါလားဟု မေးခွန်းပုစ္ဆာထုတ်ခဲ့၏။ ထိုစဉ်အခါ ပုဂံဝန်ထောက်မင်း ဦးတင်က (၁၃၊ ၁၂၊ ၁၉၂၈) ရက်စွဲဖြင့် လေးဆစ်သဖြန်တစ်ပုဒ် ရေးဖွဲ့ကာ အကြောင်းပြန်ခဲ့သည်။ ယင်းလင်္ကာမှာ...

ရှယ်မတန်ချိန်မဟုတ်သော်ကြောင့်
သူငယ်ပြန် သိန်မလုပ်ချင်လို့
မှိန်ကုပ်ကုပ်နေသည့်အခါ
အရေးလုပ်ပါလို့
မေးပုစ္ဆာလာဟန်ကြောင့်
စာပြန်ကာ အမြန်ရေး
ပေးလိုက်ရပါ။
သိန်းဆရာ လာကာစလေတော့
မတိမ်းသာ စာလွှာသသော်လည်း
ပကာသနမလိုပါ၊
တိုတိုသာပ ဖြေစာတည့်။
ရပ်ခန္ဓာ၊ ပုပ်နံ့သာ မြန်စွာပျက်သော်လည်း
မျိုးဆက်ကယ်ဝံ့သာနှင့်
အမည်မှာ ကြာမဆွေးသည့်ဟာမို့
သိန်းဆရာ စာအမေးကို
ကျေးဇူးတင်၏။
ဟူ၍ ဖြစ်သည်။

ပုဂံဝန်ထောက်မင်း ဦးတင်ရေးသားပြုစုခဲ့သည့် စာအုပ်စာတမ်း စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။





၁။ ကဗျာဗန္ဓသာရကျမ်း
၂။ ကတည္ၲုတကတဝေဒီစာတမ်း
၃။ တော်စိန်ခိုအတ္ထုပ္ပတ္တိ
၄။ ကလျာဏီကျောက်စာအတ္ထုပ္ပတ္တိ
၅။ ခွဲထားကျော်
၆။ ဂူနှင့် ပုထိုးခွဲခြားပုံ
၇။ ငါးရာ့ငါးဆယ်ဇာတ်အတိုကောက်
၈။ စတုရာရက္ခစံပြကျမ်း
၉။ စာစစ်ဆေးနည်း
၁၀။ တောပုရှင်ဥတ္တံသမာလာမေတ္တာစာအဖွင့်
၁၁။ ဓမ္မဝါဒီစာတမ်း
၁၂။ နန်းသုံးနိဗ္ဗာန် ကမ္မဋ္ဌာန်း
၁၃။ ဒေလီသွားကဗျာ
၁၄။ နတ်စာတမ်း
၁၅။ ပသင်္ဂဝိသောဓနီ
၁၆။ ပေါတကောဝါဒဆုံးမစာ
၁၇။ ပုဂံအတ္ထုပ္ပတ္တိအကျယ်
၁၈။ မြန်မာနှင့် နိုင်ငံခြားဆက်ဆံပုံ
၁၉။ မြန်မာမင်းအုပ်ချုပ်ပုံနှင့် ဘိုးတော်ဘုရား၏ အမိန့်တော်ပြန်တမ်း (၅) တွဲ
၂၀။ လွှတ်တော်အတ္ထုပ္ပတ္တိနှင့် မဟာဆွေတော်စာရင်း
၂၁။ ရွှေတိဂုံဝတ္ထုကံမြေအကြောင်း
၂၂။ မြင်းခြံနယ်ရွာများသမိုင်း
၂၃။ ပုဂံနယ်ရှိဘုရားများ၊ အောက်မြန်မာပြည်ရှိဘုရားများ
၂၄။ လွှတ်တော်အမှတ်အသားအဖြေ
၂၅။ အင်္ဂလိပ်မင်းတက်စ မြန်မာမင်းမိဖုရားစာရင်း
၂၆။ တရားမှန်မော်ကွန်း
၂၇။ အဇ္ဇကောဝါဒ စသည်တို့ဖြစ်ကြ၏။

❐

# အခန်း (၁၃)

## ရှေ့နေဦးမောင်ကလေးမှ ပုဂံဦးခင်မောင်ကြီးသို့

ရှေ့နေဦးမောင်ကလေးကား ရန်ကုန်မြို့ဝန် ဦးအုပ်၏သားဖြစ်ပါသည်။ ပုဂံမင်းလက်ထက် ရန်ကုန်မြို့ဝန် သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူဘွဲ့ခံ ဦးအုပ်သည် မောနတ်နှင့် ချန်ပီယံသင်္ဘောများမှ ကပ္ပတိန်ရှက်ပက်နှင့် လူးဝစ်တို့အား ဒဏ်ငွေရိုက်သဖြင့် အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားလုနီးအခြေအနေသို့ ရောက်ရှိခဲ့ရ၏။ ဦးအုပ်၏သားနှစ်ယောက်အနက် ဦးမောင်ကလေးက သားကြီးဖြစ်သည်။ အတုလကုမ္မာပြဇာတ်ကို ရေးသားခဲ့သူ စာဆိုတော်ကြီးဖြစ်သည်။ ပုဂံဦးခင်မောင်ကြီးမှာ ဦးမောင်ကလေး၏သား ဖြစ်ပါသည်။

သာယာဝတီမင်းလက်ထက် စာရေးတော်ကြီး ဦးစီနှင့် ဒေါ်ရင်တို့မှ ရန်ကုန်မြို့ဝန် ဦးအုပ်ကို ဖွားမြင်၏။ ဦးအုပ်နှင့် ဝန်ကတော်တို့မှ ဦးမောင်ကလေးကို ဖွားမြင်ပါသည်။ ရှေ့နေ ဦးမောင်ကလေးသည် ခန္တီးစော်ဘွားကြီး၏သမီး မော်ကယ်မင်းသမီး ဒေါ်ခင်လေးနှင့် စုံဖက်ကာ ပုဂံဦးခင်မောင်ကြီးကို ဖွားမြင်ပါသည်။

### ဦးမောင်ကလေး၏ အတ္ထုပ္ပတ္တိ

ဦးမောင်ကလေးကို ရန်ကုန်မြို့ဝန် သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူဘွဲ့ခံဦးအုပ်နှင့် ဝန်ကတော်တို့မှ ဖွားမြင်ပါသည်။ ဦးမောင်ကလေးသည် ညောင်ရမ်း၊ ညောင်အုပ်မင်းသားများနှင့် ညီအစ်ကိုတစ်ဝမ်းကွဲ တော်စပ်သူလည်း





## ပုဂံဦးခင်မောင်ကြီး၏ မျိုးရိုးဆက်နွယ်

စာရေးတော်ကြီး ဦးစီ + ဒေါ်ရင်

ရန်ကုန်မြို့ဝန် ဦးအုပ် + ဝန်ကတော်

ရှေ့နေဦးမောင်ကလေး + ဒေါ်ခင်လေး (မော်ကယ်မင်းသမီး)

ပုဂံဦးခင်မောင်ကြီး

ဖြစ်၏။ မင်းတုန်းမင်း နတ်ရွာစံလုနီးအချိန်တွင် သီပေါမင်းသားကို နန်းတင်နိုင်ရေးအတွက် ကင်းဝန်မင်းကြီး ဦးကောင်း၊ ဆင်ဖြူမရှင်မိဖုရားကြီးတို့က ကြေညာ ထမ်းဆောင်ရွက်ကြစဉ် မင်းညီမင်းသားအများကို ဖမ်းဆီးခဲ့ကြ၏။ ထိုစဉ်က ညောင်ရမ်း ညောင်အုပ်မင်းသားများမှာ အင်္ဂလိပ်ကိုယ်စားလှယ် မစ္စတာရှော (R.S Shaw) က ဝင်ရောက်ခိုလှုံကာ အောက်မြန်မာနိုင်ငံသို့ ဝင်ရောက်ပြေးတိမ်းရှောင်သွားကြသည်။

နန်းတွင်းလုပ်ကြံမှုကြီး ဖြစ်ပွားသောအခါ ရန်ကုန်မြို့ဝန်ဟောင်း ဦးအုပ်စီရင်ကွပ်မျက်ခြင်း ခံခဲ့ရ၏။ ဦးအုပ်၏သား ဦးမောင်ကလေးမှာမူ ညီအစ်ကိုဝမ်းကွဲတော် ညောင်ရမ်းညောင်အုပ်မင်းသားများနှင့်အတူ အောက်မြန်မာပြည်သို့ လိုက်ပါသွားခဲ့သဖြင့် လွတ်မြောက်သွားပါသည်။ မင်းသားများ ကာလကတ္တားသို့ သွားရောက်ကြသောအခါ ဦးမောင်ကလေးက မုတ္တမတွင် နေထိုင်ကာ နိုင်ငံရေးအခြေအနေများအား မင်းသားနှစ်ပါးထံ အစီရင်ခံပေး၏။ မြန်မာတစ်နိုင်ငံလုံးကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် ဦးမောင်ကလေးအား အင်္ဂလိပ်တို့က စစ်ကဲရာထူးပေးသည်။ သို့သော် ဦးမောင်ကလေးက စစ်ကဲရာထူး မယူ၊ မိမိကျွမ်းကျင်မည့် ဥပဒေပညာဖြင့်သာ ရှေ့နေအဖြစ် လုပ်ကိုင်စားသောက်၏။ မုတ္တမမှ ရန်ကုန်ပြောင်းလာပြီး နှစ်နှစ်အကြာတွင် မန္တလေးသို့ သွားရောက်ရာ

မှ ဦးမောင်ကလေးသည် ခန္တီးစော်ဘွားကြီးသမီး ဒေါ်ခင်လေးနှင့် လက်ဆက်ခဲ့သည်။

ဦးမောင်ကလေးက အိမ်ထောင်ကျပြီးသောအခါ မြင်းခြံ၌သွားနေ၏။ ဇနီးမောင်နှံတို့ မြင်းခြံတွင် နေထိုင်ကြစဉ်အတွင်း ပုဂံဝန်ထောက်မင်း ဦးတင်က ပုဂံညောင်ဦး၌ ရွှေ့နေလိုက်ရန်ခေါ်သဖြင့် ညောင်ဦးသို့ ပြောင်းရွှေ့နေထိုင်သည်။ ညောင်ဦး၌ပင် ဦးမောင်ကလေး ကွယ်လွန်ခဲ့၏။

## ဦးမောင်ကလေး၏ စာပေလက်ရာ

ဦးမောင်ကလေးက စာပေဝါသနာပါသူ ဖြစ်သည်။ ခေတ်ဦးကာလပြဇာတ်ရေးဆရာတစ်ဦးလည်း ဖြစ်သည်။ ဦးမောင်ကလေး၏ စာပေလက်ရာများထဲတွင် အမှတ်ထင်ထင် ကျန်ရစ်ခဲ့သည်က အတုလကုမ္မာပြဇာတ်ဖြစ်သည်။ ဦးမောင်ကလေး၏ဇနီး မော်ကယ်မင်းသမီးက ယင်းပြဇာတ်ကို ဦးမောင်ကလေး ကွယ်လွန်ပြီးနောက် တွံတေးကံပဲ့ရွာမှ ကောင်စီလူကြီး ဦးသာစံအား ငွေ (၅၀) ကျပ်နှင့် ရောင်းချခဲ့၏။ ယင်းဦးသာစံမှာ မော်ဘီဆရာသိန်းကြီး၏ တူတော်စပ်သူဖြစ်၏။ အတုလကုမ္မာပြဇာတ်ကို ၁၈၇၉ ခုနှစ်ဝန်းကျင်တွင် ရေးဖွဲ့ခဲ့သည်ဟု မှတ်ယူရပါသည်။

ယင်းပြဇာတ်တွင်...

'ထောင့်နှစ်ရာ၊ ဇယာသုညနှင့်၊ နှစ်ကောဇာသည် အချက်တွင်မှ၊ အသက်ကို ရန်ရှာ၍၊ ဟံသာတွင် ဘယ်မကလေဘု၊ အစရယ်ခေါင်တမြေမို့၊ မဇ္ဈိမေသာတဲ့တိုင်းမှာဖြင့်၊ ရပ်ဆိုင်းကာ ရှည်အကြာပ၊ ပြည်ကတ္တာဆိုတဲ့ မြို့တွင်မှ၊ ခိုလို့ငယ်နေ နှစ်သွယ်နှင့်၊ ဆွေအနွယ်တော်သူမို့၊ သည်းနှစ်တူရိပ်မြုံ၍ အေးခဲ့တယ်၊ ဝေးရပ်တစ်နယ်'

ဟူ၍ ထည့်သွင်းစပ်ဆိုထားပေရာ ဦးမောင်ကလေးကိုယ်တိုင် ညောင်ရမ်းညောင်အုပ်မင်းသားများနှင့် ကာလကတ္တားသို့ လိုက်ပါခဲ့ခြင်းပေလောဟု မှတ်ယူရ၏။

## ပုဂံဦးခင်မောင်ကြီး

ပုဂံဦးခင်မောင်ကြီးကို ဦးမောင်ကလေးနှင့် မော်ကယ်မင်းသမီး ဒေါ်ခင်လေးတို့မှ ၂၀ ရက် ဇန်နဝါရီလ ၁၉၀၃ ခုနှစ်တွင် ပုဂံမြို့၌ ဖွားမြင်ခဲ့သည်။ ခင်မောင်ကြီး







ပုဂံ ဦးခင်မောင်ကြီး

ဟူသောအမည်မှာ ပုဂံဝန်ထောက်မင်း ဦးတင်ကပေးသောအမည် ဖြစ်၏။ ပုဂံတွင် ဖခင်ကွယ်လွန်သွားပြီးနောက် မိခင်ဖြစ်သူက သား ခင်မောင်ကြီးအား ညောင်ဦးမြို့ အေဘီအမ်ကျောင်း၌ အပ်နှံခဲ့သည်။ ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ဖူး၍ ဒုတိယတန်းမှ စနေရ၏။ ဆဋ္ဌမတန်းအောင်မြင်သောအခါ ရန်ကုန် မက်သဒစ်ကျောင်းသို့ ပြောင်းနေရသည်။ ထိုကျောင်းမှ (၁၀) တန်း အောင်မြင်ပါသည်။ (၁၀) တန်းအောင်မြင်ပြီး မကြာမီ၌ပင် မိခင်ဒေါ်ခင်လေး ကွယ်လွန်သွား၏။

ထို့နောက် ဦးခင်မောင်ကြီး ရေနံချောင်းမြို့ ဘီအိုစီကုမ္ပဏီ၌ အလုပ်ရသည်။ ၁၉၂၄ ခုနှစ်တွင် ကုမ္ပဏီတိုးချဲ့သောအခါ ချောက်မြို့သို့ ပြောင်းရွှေ့ရ၏။ ထိုစဉ်အတွင်း ရေနံရှာဖွေရေးအတွက် ချင်းတွင်းမြစ်ရိုးနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် လှည့်လည်သွားလာခဲ့ရ၏။ ယင်းသို့ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ၁၉၃၀ ပြည့်နှစ်တွင် ဒေါ်တင်တင်နှင့် လက်ထပ်ခဲ့သည်။ ဂျပန်ခေတ်တွင် ပုဂံဦးခင်မောင်ကြီးမိသားစု ရေနံချောင်းမြို့မှ လေးမိုင်အကွာ ကျောက်ရဲရွာသို့ သွားရောက် ခိုလှုံခဲ့ရသည်။ ၁၉၆၂ ခုနှစ်တွင် ရေနံကုမ္ပဏီမှ အငြိမ်းစားယူကာ ဝါသနာပါရာ စာပေရေးသားပြုစုခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့၏။ ၂၉ ရက်၊ ဇွန်လ ၁၉၇၈ ခုနှစ် အသက် (၇၆) နှစ်အရွယ်တွင် ဦးခင်မောင်ကြီး ကွယ်လွန်ခဲ့သည်။

ဇနီး ဒေါ်တင်တင်နှင့် သားသမီး (၆) ဦး ဖွားမြင်ရာ မြင့်မြင့်ခင်၊ မိမိခင်၊ မောင်မောင်ခင်၊ ခင်မမ၊ အောင်မျိုးခင်၊ မူမူခင်တို့ ဖြစ်ကြပါသည်။ ပုဂံဦးခင်မောင်ကြီး နောက်ဆုံး နေထိုင်ခဲ့ရာ နေရပ်လိပ်စာမှာ ရန်ကုန်မြို့ အမှတ် (၁၈) အောင်သိဒ္ဓိရိပ်သာသမိုင်း ဖြစ်ပါသည်။ ပုဂံဦးခင်မောင်ကြီး၏ဇနီး ဒေါ်တင်တင်သည် အသက် (၇၉) နှစ်အရွယ် ၂၀ ရက်၊ စက်တင်ဘာလ ၁၉၈၃ ခုနှစ်တွင် ကွယ်လွန်ခဲ့၏။

## ပုဂံဦးခင်မောင်ကြီး၏ စာပေလက်ရာ

ပုဂံဦးခင်မောင်ကြီးက ၁၉၂၄ ခုနှစ်ကပင် စာပေလောကသို့ စတင်ရောက် ရှိနေပြီဖြစ်၏။ ထိုစဉ်က ရန်ကုန်မြို့၌ ထုတ်ဝေသော အင်္ဂလိပ်ဘာသာ သတင်းစာများတွင် ဆောင်းပါးများ ရေးသားနေခဲ့သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဘီအိုစီကုမ္ပဏီသို့ လာရောက်ကြသည့် မျက်နှာဖြူအရာရှိများအား အကြိမ်ကြိမ် ပုဂံသို့ လိုက်ပါပို့ဆောင်ခဲ့ရသဖြင့် ဦးခင်မောင်ကြီးက ပုဂံဘုရားများအကြောင်း စာအုပ်တစ်အုပ် ရေးသားပြုစုရန် အကြံရခဲ့သည်။ သို့သော် ၁၉၅၁ ခုနှစ်တွင်မှ ပုဂံအကြောင်းစာအုပ်ကို ရေးသားထုတ်ဝေဖြစ်ခဲ့၏။

ပုဂံဦးခင်မောင်ကြီး၏ စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ပုဂံမြို့ဟောင်းနှင့် ထင်ရှားသောဘုရားအချို့သမိုင်း (၁၉၅၁)
၂။ ပုပ္ပားတောင်တော်သမိုင်း (မြန်မာ-အင်္ဂလိပ်နှစ်ဘာသာ)
၃။ ရွှေပုံတောင်စေတီသမိုင်း
၄။ မြန်မာ့ရေနံသမိုင်း (ပထမတွဲ) (၁၉၆၄)
၅။ မြန်မာ့ရေနံသမိုင်း (ဒုတိယတွဲ) (၁၉၆၇)
၆။ မြန်မာ့ပန်းယွန်း
၇။ ဗုဒ္ဓအဘိဓမ္မာ (၁၉၇၀)
၈။ ပဋိသမ္ဘိဒါမဂ်
၉။ မဟာဗုဒ္ဓဝင်ဇာတ်တော်ကြီး (အင်္ဂလိပ်ဘာသာပြန်)
၁၀။ Memoirs of oil Industry in Burma
၁၁။ W.P.D နေ့စဉ် (အင်္ဂလိပ်) သတင်းစာမှ ဆောင်းပါးများ ဖြစ်ကြ၏။





ပုဂံဦးခင်မောင်ကြီး၏ စာပေလက်ရာများထဲမှ မြန်မာ့ရေနံသမိုင်းစာအုပ်၊ ဒုတိယကဏ္ဍပါ တွင်းရိုးတွင်းစားများ၏ ကောင်းမှုများစာပိုဒ်ကို ကောက်နုတ်တင်ပြလိုပါသည်။

'ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့်အလျောက် တွင်းရိုးတွင်းစားများသည် သာသနာတော်တိုးတက်ရာ တိုးတက်ကြောင်းအတွက် သဒ္ဓါတရားလွန်စွာ ထက်သန်ခဲ့ကြပေသည်။ အင်းဝပြည့်ရှင် ရွှေဘိုမင်းလက်ထက်တော်မှ အစပြု၍ ရွှေနန်းတော်တွင်းသို့ ဝင်ထွက်ခွင့်ရရှိကြသည့်အတိုင်း လောကီရေး လောကုတ္တရာရေးရာများတွင် ရှေ့ဆောင်လာခဲ့ကြရပေသည်။ ရေနံချောင်းကို ဗဟိုပြု၍ မြောက်ဘက် ပင်းချောင်း၏ကမ်းဆိပ်တွင် အနော်ရထာမင်းတရားကြီးနှင့် သားတော် ကျန်စစ်မင်းသားတို့ တည်ထားကိုးကွယ်ခဲ့သော 'ဝင်းစက္ကလမ္ပ' စေတီတော်မြတ်မှအစ မြို့၏ တောင်ဘက် ညောင်လှမြို့ ဖောင်တော်ဦးစေတီတော်အတွင်းရှိ စေတီပုထိုး၊ ဂူ၊ ကျောင်း၊ ဇရပ် ခပ်သိမ်းကုန်သော သာသနာအဆောက်အအုံများကို တည်ဆောက်ပြုပြင် မွမ်းမံခဲ့ကြလေသည်။ ကောင်းမှုတော်မြတ်များ၏ နယ်ပယ်မှာ အလျားခြောက်တိုင် ရှိလေသည်'

ဟူ၍ ဖြစ်ပါသည်။

❐

# အခန်း (၁၄)

# စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်မှ တက္ကသိုလ်ထင်ကြီးတို့ မောင်နှမများသို့

စာပေပညာရှင် တက္ကသိုလ်ထင်ကြီးသည် ရတနာပုံခေတ် သီပေါမင်းလက်ထက်တွင် ထင်ရှားခဲ့သည့် စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်၏ မြေးအရင်း ဖြစ်ပါသည်။ စာတော်ဖတ်မင်းဟူသည် နန်းတွင်း၌ အမှုထမ်းရွက်ရသော စာပေကျွမ်းကျင်သူ ပညာရှင်များ ဖြစ်ကြသည်။


## တက္ကသိုလ်ထင်ကြီး၏ မျိုးရိုးဆက်နွယ်

စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်နှင့် ဇနီး ရင်းမာချောင်း ခင်လေးတို့မှ သားသမီး (၅) ဦး ဖွားမြင်ပါသည်။ ဒေါ်ခင်မမ၊ ဒေါ်ခင်စိုး၊ ဒေါ်ခင်တိုး၊ ဒေါ်ခင်မိမိနှင့် ဦးစံထိုက်တို့ဖြစ်ကြ၏။ တစ်ဖန် သမီးဒေါ်ခင်တိုးသည် မီးရထားရုံပိုင်ကြီး ဦးစံနှင့် လက်ဆက်ကာ သားသမီး (၃) ဦး ဖွားမြင်ခဲ့၏။ ဦးဝင်းမောင်၊ ဒေါ်မေတင်ထွင့်နှင့် တက္ကသိုလ်ထင်ကြီးတို့ပင် ဖြစ်ကြ၏။ စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်၏ မြေးများမှာ စာပေနယ်တွင် ထင်ရှားခဲ့ကြသည့် မျိုးဆက်များပင် ဖြစ်ပါသည်။





## တက္ကသိုလ်ထင်ကြီး၏ မျိုးရိုးဆက်နွယ်




## စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်

စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်သည် ထောင်မှူးကြီး ဦးကြင်ဥမှ ဆင်းသက် ပေါက်ဖွားလာသူ ဖြစ်၏။ ထောင်မှူးကြီး ဦးကြင်ဥ၏သား ဦးမောင်မောင်အိုးသည် ဒေါ်ခင်ခင်ထားဆိုသူ အမျိုးသမီးနှင့် လက်ဆက်ကာ သားသမီး (၁၃) ဦး ဖွားမြင်ခဲ့ပါသည်။ စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်က ပဌမမြောက်သားဖြစ်၏။ ဦးမောင်မောင်အိုး၏ သားများထဲတွင် စာတော်ဖတ်မင်း၊ ကွမ်းရေတော်ခေါင်း၊ လက်သုံးတော်များ ပါရှိသကဲ့သို့ သမီးသုံးဦးမှာလည်း မြို့စားရွာစားရ အပျိုတော်များ ဖြစ်ကြပါသည်။ မအိဆိုသူ သမီးတစ်ဦးမှာ မင်းတုန်းမင်း၏ မိချောင်းတကက်ရွာစား မိဖုရားဖြစ်၏။

စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်သည် လက်ဝဲလက်ယာ စာတော်ဖတ်များ အားလုံးအပေါ်တွင် ကြီးကြပ်အုပ်ချုပ်ရသူ ဖြစ်သည်။ စာတော်ဖတ်များသည် မင်း၊ မိဖုရားတို့ စက်တော်မခေါ်မီ နားသောတဆင်လိုသော စာများအား အသံနေအသံထားဖြင့် ဖတ်ကြားပြရသူများဖြစ်သည်။ ထို့ကြောင့် စာတော်



စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်နှင့် ရင်းမာချောင်း ခင်လေး


ဖတ်များအဖို့ စာတော်ဖတ်မလုပ်မီကပင် ရတု၊ ရကန်၊ ချောင်းဆိုနည်း၊ ဖတ်နည်းများကို သင်ကြားဆည်းပူးကြရကြောင်း၊ မင်းတုန်းမင်းသည် ဇိနတ္ထပကာသနီ၊ သံဝေဂဝတ္ထုနှင့် မဟာဝင်ကျမ်းများ၊ ကိုးခန်းပျို့မှ မင်းသားလေးပါး တောထွက်ခန်းများကို ကြိုက်နှစ်သက်ကြောင်း အဝေးရောက်မင်း ဦးအောင်ကြီးက သိပ္ပံမောင်ဝကို ပြောပြခဲ့ဖူးပါသည်။

စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်သည် ရေနံချောင်းမြို့စား ဝန်ကြီး ဦးမောင်ကလေးခေါ် ဦးပိန်၏သမီး နန်းတွင်းအပျိုတော် ခင်လေးနှင့် စုံမက်ခဲ့ပါသည်။ ရင်းမာချောင်းခေါ် မကွေးဒေသမှ ရွာတစ်ရွာကို စားရသဖြင့် ရင်းမာချောင်းခင်လေးဟု အမည်တွင်သူဖြစ်၏။ ရေနံချောင်းမြို့စား ဝန်ကြီးတွင် သားသမီးသုံးဦးထွန်းကားရာ ရနောင်မောင်မောင်တုတ်၊ ပင်းသာမောင်မောင်ပြောင်နှင့် ရင်းမာချောင်းခင်လေးတို့ ဖြစ်ကြသည်။ ရနောင်မောင်မောင်တုတ်၏ နှမအငယ်ဆုံးဖြစ်သူ စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်၏ဇနီး ရင်းမာချောင်းခင်လေးသည်လည်း စာတတ်ပေတတ်တစ်ဦးဖြစ်၏။ တစ်ကြိမ်တွင် မြေးဖြစ်သူ ဦးဝင်းမောင်အတွက် ထောက်ခံစာတစ်စောင်အား ကိုယ်တိုင်ရေးသားပေးခဲ့သည်ကို တွေ့ရ၏။ ၁၉၃၉ ခုနှစ် ဇွန်လဆန်းတွင် အသက် (၈၅) နှစ်အရွယ်ရှိ ရင်းမာချောင်းခင်လေး ကွယ်လွန်ခဲ့သည်။





## စာပေမျိုးဆက် တက္ကသိုလ်ထင်ကြီး



စာပေမျိုးဆက် တက္ကသိုလ်ထင်ကြီး

တက္ကသိုလ်ထင်ကြီးကို ၁၇ ရက် ဇူလိုင်လ ၁၉၁၆ ခုနှစ်တွင် မြင်းခြံမြို့၌ မီးရထားရုံပိုင်ကြီးဦးစံနှင့် ဒေါ်ခင်တိုးတို့မှ ဖွားမြင်ပါသည်။ အမည်ရင်းမှာ ဦးတင်မောင် ဖြစ်၏။ ငယ်စဉ်က မန္တလေးမြို့၌ ပညာသင်ကြားခဲ့ပြီး ၁၉၃၅ ခုနှစ်တွင် မန္တလေးဥပစာကောလိပ်သို့ တက်ရောက်ခဲ့သည်။ ထို့နောက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပညာသင်ယူကာ ၁၉၃၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (မြန်မာစာ) ဘွဲ့ကို ရရှိခဲ့၏။ ၁၉၄၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မင်နီဆိုတာတက္ကသိုလ်မှ သတင်းစာပညာ (မဟာဝိဇ္ဇာ) ဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် အိုးဝေသတင်းစာအယ်ဒီတာချုပ်၊ AFP ပြင်သစ်သတင်းဌာန Programme Specialist၊ ၁၉၅၁ ခုနှစ်တွင် စာပေဗိမာန်အသင်းအယ်ဒီတာ၊ ညွှန်ကြားရေးမှူးတာဝန်များ ထမ်းဆောင်ခဲ့သည်။

ဆရာကြီး တက္ကသိုလ်ထင်ကြီးသည် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ယူနက်စကို ပညာရှင်တစ်ဦးအဖြစ် (၂) နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် အငြိမ်းစားယူခဲ့ပြီး ၁၉၈၅ ခုနှစ်မှစ၍ မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင် ဖြစ်လာပါသည်။ ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာ သမိုင်းစာအုပ်ဖြင့် အမျိုးသားစာပေဆု၊ ၁၉၉၃ ခုနှစ်တွင် ပခုက္ကူ ဦးအုန်းဖေတစ်သက်တာစာပေ

ဆုတို့ကို ရရှိခဲ့၏။ ၂၀၀၁ ခုနှစ် အရှေ့တောင်အာရှစာပေဆု (2001 S.E.A Write Award) ကို မြန်မာနိုင်ငံမှ စတုတ္ထမြောက်ရရှိခဲ့သူ ဖြစ်သည့်အလျောက် များစွာ ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ တက္ကသိုလ်ထင်ကြီးသည် ၆ ရက် ဖေဖော်ဝါရီလ ၁၉၅၂ ခုနှစ်တွင် အငြိမ်းစားအရေးပိုင် ဦးဘိုးကြေး၊ ဒေါ်အုန်းတို့၏ သမီး ခင်ခင်နွဲ့နှင့် လက်ဆက်ခဲ့၏။ ဆရာတက္ကသိုလ်ထင်ကြီးသည် အင်္ဂလိပ်ဘာသာဆိုင်ရာ စာအုပ်စာတမ်း အမြောက်အမြားကို ရေးသားပြုစုခဲ့သူတစ်ဦး ဖြစ်၏။ ဆရာဦးထင်ကြီးသည် ၁၁ ရက် ဇန်နဝါရီလ ၂၀၀၄ ခုနှစ်တွင် ကွယ်လွန်သွားပါသည်။

## တက္ကသိုလ်ထင်ကြီး၏ စာပေလက်ရာအချို့

စာပေပညာရှင်ကြီး တက္ကသိုလ်ထင်ကြီး၏ စာပေလက်ရာအချို့ကို အောက်ပါအတိုင်း တွေ့ရှိရ၏။

၁။ မြန်မာနိုင်ငံ သတင်းစာများအညွှန်း (ပထမတွဲ၊ ဒုတိယတွဲ)
၂။ ခေတ်သုံးအင်္ဂလိပ်ဝေါဟာရ
၃။ ဖြူနီဝါပြာနှင့် အခြားအင်္ဂလိပ်ဝေါဟာရများ
၄။ ဘာသာပြန်ရည်ညွှန်း (ပ) (ဒု) စသည်တို့ ဖြစ်သည်။

ဆရာတက္ကသိုလ်ထင်ကြီး၏ စာပေလက်ရာများထဲမှ 'ခေတ်သုံးအင်္ဂလိပ်ဝေါဟာရ' ဆောင်းပါး (ပညာပဒေသာ ၁၉၈၂ မေ) ကို ကောက်နုတ်တင်ပြအပ်ပါသည်။

'အိမ်၌ရှိသော ၁၉၆၀ ပြည့်နှစ်ထုတ် အင်္ဂလိပ်အဘိဓာန်၌ မနေ့တစ်နေ့က မှရသော အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည့် သတင်းမဂ္ဂဇင်းများမှ ဝေါဟာရတို့၏ အဓိပ္ပာယ်ကို ကျွန်တော် ရှာကြည့်သည်။ မတွေ့။ ဤသို့ဖြစ်ရသည်မှာ အဖြစ်အပျက် အသစ်တစ်ခုဖြစ်တိုင်း၊ စိတ်ကူးစိတ်သန်းအသစ်ပေါ်တိုင်း၊ အတွေးအခေါ်သစ်ဆန်းတိုင်း ဝေါဟာရအသစ်အသစ် ပေါ်ထွက်လာမြဲဖြစ်ရာ လွန်လေပြီးသော အဘိဓာန်များ၌ ခေတ်သုံးဝေါဟာရများကို ရှာမတွေ့ခြင်း ဖြစ်သည်။ ခေတ်သုံး အင်္ဂလိပ်ဝေါဟာရများတွင် ယခင်က အသုံးပြုခဲ့သော စကားလုံးအဟောင်းများကိုပင် အခြားကွဲပြားအဓိပ္ပာယ်ဖြင့် သုံးစွဲသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် 'hot dog' ဟူသော စကားမှာ ယခင်က 'ပေါင်မုန့်နှစ်ချပ်အကြား အမဲသားဖြင့် ပြုလုပ်ထားသော ဝက်အူချောင်းညှပ်အစားအစာဟူ၍'





အဓိပ္ပာယ်ရသည်။ ယခုသော် (လှိုင်းစီးခြင်း၊ လျှောစီးခြင်းတို့၌) အစွမ်းပြသည်ကို ဖော်ပြသည့် ကြိယာစကား ဖြစ်နေလေပြီ။

## စာပေမျိုးဆက် ဒေါ်မေတင်ထွဋ်



စာပေမျိုးဆက် ဒေါ်မေတင်ထွဋ်

ဒေါ်မေတင်ထွဋ်သည်လည်း စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်နှင့် ရင်းမာချောင်းခင်လေးတို့၏ မြေးဖြစ်ပြီး တက္ကသိုလ်ထင်ကြီး၏ အစ်မရင်းလည်း ဖြစ်ပါသည်။ ဒေါ်မေတင်ထွဋ်ကို ၂ ရက် ဇန်နဝါရီလ ၁၉၃၃ ခုနှစ်တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။ မိဘများမှာ ဦးစံနှင့် ဒေါ်ခင်တိုးတို့ ဖြစ်ကြ၏။ ငယ်စဉ်က မန္တလေးမြို့ အောဂျီအမ်ကျောင်းတွင် ပညာသင်ကြားခဲ့ပြီး မန္တလေးမြို့ ဥပစာကောလိပ်နှင့် ရန်ကုန်ပညာရေးတက္ကသိုလ်တို့တွင် ဆက်လက် ပညာဆည်းပူးခဲ့သည်။

၁၉၃၇ ခုနှစ်တွင် ဦးတင်ထွဋ် (B.A.B.L) နှင့် စုံဖက်ခဲ့သည်။ ၁၉၅၅–၅၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ ယေးလ် (Yale) နှင့် မေရီလန် (Maryland) တက္ကသိုလ်များသို့ သွားရောက်ပညာသင်ကြားခဲ့ပြန်၏။ ထို့နောက် M.A ဘွဲ့ကိုရရှိကာ ဒဿနိကနှင့် ယုတ္တိဗေဒဆိုင်ရာ စာအုပ်စာတမ်းအချို့ကို ရေးသားပြုစုခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဒဿနိကဌာနတွင် နှစ်ပေါင်း (၃၀) မျှ ကထိကရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၆ ရက် ဇူလိုင်လ ၁၉၉၅ ခုနှစ်၌ ကွယ်

လွန်သွားပါသည်။ ခင်ပွန်းဦးတင်ထွဋ်မှာမူ ဦးဓမ္မဝရဘွဲ့ဖြင့် ရဟန်းဝတ်နေရာမှ ရဟန်း (၅) ဝါအရ ၃၁ ရက် မေလ ၁၉၈၅ ခုနှစ်တွင် ပျံလွန်ခဲ့၏။

## ဒေါ်မေတင်ထွဋ်၏ စာပေလက်ရာ

ဆရာမကြီး ဒေါ်မေတင်ထွဋ်သည် အတွေးအမြင် စာစဉ်အမှတ် (၃၆) ၁၉၈၈ ခု မေလထုတ် စာစောင်တွင် 'သဘာဝနိယာမတရားများ' အမည်ရှိ ဒဿနိကဗေဒဆိုင်ရာ ဆောင်းပါးကို စတင်ရေးသားခဲ့ရာမှ ၁၉၉၅ ခု ဇန်နဝါရီအထိ ဆောင်းပါး (၃၇) ပုဒ် ရေးသားပြုစုခဲ့သည်။ ယင်းဆောင်းပါးများအား စုစည်းကာ ဒေါင်းစာပေမှ ၂၀၀၃ ခု ဇွန်လတွင် 'အမှန်တရားဒဿနဆောင်းပါး များ' အမည်ရှိ စာအုပ်ကို ထုတ်ခဲ့၏။ ဆရာမကြီး၏ စာပေလက်ရာများထဲမှ အမှန်တရားဒဿနဆောင်းပါးများစာအုပ်၊ ဖြစ်ခြင်း မဖြစ်ခြင်း ဖြစ်စဉ် ဆောင်းပါး ပါ စာပိုဒ်တစ်ပိုဒ်ကို ကောက်နုတ်တင်ပြလိုပါသည်။

'ရှိခြင်း မရှိခြင်း ဖြစ်စဉ်တို့နှင့် စပ်လျဉ်း၍ တွေးခေါ်သည့်အခါ ဗုဒ္ဓဝါဒနှင့် နီးကပ်လှသည်ကို သတိထားမိပါသည်။ သို့ရာတွင် စာရေးသူအနေနှင့် ဘာသာရေးရှုထောင့်က မကြည့်ပါ။ ဒဿနိကဗေဒရှုထောင့်မှသာ ကြည့်ခြင်းဖြစ်သည်။ ဥပမာ နိဗ္ဗာန်ဟူသော ဝေါဟာရသည် ဆင်းရဲခြင်းမှ လွတ်ကင်းသည်ဟူသော အဓိပ္ပာယ်ရသည်။ နိဗ္ဗာန်ကို ဆန်းစစ်ကြည့်ပါက ရုပ်သဘောလည်းမရှိ၊ နာမ်သဘောလည်းမရှိ။ နိဗ္ဗာန်သို့ ရောက်ရှိပြီဆိုလျှင် မရှိခြင်း (non-being) သို့ ရောက်သည်ဟု ဆိုရပေမည်။ ဤတွင် မရှိခြင်း၊ ရှိခြင်း၊ မရှိခြင်း ဖြစ်စဉ်ကြီးတို့နှင့် ပတ်သက်၍ တွေးခေါ်သည့်အခါ ဗုဒ္ဓဝါဒနှင့် နီးကပ်လှသည် သာလျှင် စစ်မှန်သောသဘောကို ဆောင်ပေသည်'

ဟူ၍ ဖြစ်ပါသည်။

## မသီဂီ

မြန်မာတိုင်းမ်ဂျာနယ်တွင် Contributing Editor အဖြစ် အမှုထမ်းခဲ့ဖူးသူ ဒေါ်သီဂီမှာ ဒေါ်မေတင်ထွဋ်၏သမီးဖြစ်ပြီး အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးအမြောက်အမြား ရေးသားခဲ့သူ ဖြစ်၏။ ဒေါ်သီဂီ၏ အမည်ရင်းမှာ ဒေါ်ခင်ဝင်းသီဂီဖြစ်ပါသည်။ ဒေါ်သီဂီသည် မက်သဒစ်အင်္ဂလိပ် အထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး စီးပွားရေးတက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ ထို့နောက်





နိုင်ငံခြားဘာသာသိပ္ပံ၌ ဆက်လက်ပညာဆည်းပူးခဲ့၏။ မွေးချင်းညီအစ်ကိုမောင်နှမ သုံးဦးရှိရာ ကပ္ပတိန်အေးထွဋ်၊ ဒေါ်သီဂီနှင့် ဦးမျိုးထွန်းအေးတို့ ဖြစ်ကြပါသည်။ ဒေါ်သီဂီရေးသားပြုစုသော ထင်ရှားသည့် စာအုပ်အချို့မှာ An Introduction to Myanmar Cuisine စာအုပ်နှင့် Inle Lake blue sea in the Shan Hills စာအုပ်များ ဖြစ်ကြသည်။

## စာပေမျိုးဆက် ဦးဝင်းမောင်

ဦးဝင်းမောင်သည်လည်း စာတော်ဖတ်မင်း ဦးမောင်မောင်ကြွယ်နှင့် ရင်းမာချောင်းခင်လေးတို့၏ မြေးဖြစ်ပြီး ဆရာတက္ကသိုလ်ထင်ကြီး၏ အစ်ကို ရင်းလည်းဖြစ်သည်။ ဦးဝင်းမောင်ကို ဦးစံနှင့် ဒေါ်ခင်တိုးတို့မှ ၁၉၁၃ ခုနှစ် တွင် ဖွားမြင်ခဲ့သည်။ မန္တလေးမြို့ ကယ်လီအထက်တန်းကျောင်းနှင့် မန္တလေး ဥပစာကောလိပ်တို့၌ ပညာသင်ကြားခဲ့ပြီး ရန်ကုန်တက္ကသိုလ် ဘီအိုစီအင်ဂျင်နီယာကောလိပ်တို့၌ ပညာဆက်လက် ဆည်းပူးခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် သစ်တောဌာန၊ သစ်သားပစ္စည်း သုတေသနအလုပ်ရုံ အုပ်ချုပ်ရေးမှူးအဖြစ် စတင်အမှုထမ်းခဲ့သည်။

ဦးဝင်းမောင်သည် ၁၉၄၀-၄၆ ခုနှစ်အတွင်း ပညာတော်သင်အဖြစ် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့ရ၏။ ထို့နောက် ၁၉၅၃-၅၆ ခုနှစ်များအတွင်း အောင်ဆန်း စက်မှုလက်မှုကျောင်းအုပ်ကြီးရာထူးဖြင့် အမှုထမ်းခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် သစ်တောထွက်ကုန်ပစ္စည်းလုပ်ငန်းဌာန အထွေထွေမန်နေဂျာအဖြစ် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် သစ်တောဌာန သစ်သားသုတေသနအရာရှိဖြစ်လာပြီး ၁၉၆၈ ခုနှစ်၌ အငြိမ်းစားယူခဲ့၏။ ထို့နောက် Parapsychology ခေါ် ပရစိတ္တပညာရပ်များ လေ့လာဆည်းပူးခဲ့သည်။ ၁၉၇၀ ပြည့်နှစ်မှစ၍ အမေရိကန်ပြည် ဗာဂျီးနီးယားဆေးတက္ကသိုလ်မှ ပါမောက္ခဒေါက်တာ စတီဗင်ဆင်နှင့်တွဲဖက်ပြီး မြန်မာပြည် လူဝင်စားသုတေသနလုပ်ငန်းများကို လုပ်ဆောင်ခဲ့၏။

ဆရာဦးဝင်းမောင်သည် ၁၉၇၉ ခုနှစ် ဧပြီလတွင် အမေရိကန်နိုင်ငံ ဗာဂျီးနီးယားတက္ကသိုလ်၏ ဖိတ်ခေါ်ချက်အရ (၄) လကြာ သွားရောက်လျက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် အမေရိကန်နိုင်ငံ နယူးရော့မြို့ ပရစိတ္တဗေဒ သုတေသနအသင်းကြီး၏ အသင်းဝင်တစ်ဦး ဖြစ်လာခဲ့

၏။ ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်) ပေးအပ်ချီးမြှင့်ခံခဲ့ရသည်။ ၁၉၈၆ ခုနှစ်တွင် ဗာဂျီးနီးယားတက္ကသိုလ်၌ (၆) လကြာ သုတေသနလုပ်ငန်းများ သွားရောက်လုပ်ကိုင်ခဲ့ပြန်၏။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်လာကာ သုတေသနလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ပြန်သည်။ ယင်းသို့ လုပ်ကိုင်ရင်း လေ့လာတွေ့ရှိရသမျှကို စာအုပ်စာတမ်းများ ပြုစုခဲ့သည်။

## ဦးဝင်းမောင်၏ စာပေလက်ရာ

ဦးဝင်းမောင်သည် ပရစိတ္တပညာရှင်တစ်ဦးဖြစ်သည့်အားလျော်စွာ လူဝင်စားကိစ္စများကို သုတေသနပြုလျက် စာအုပ်စာတမ်းများ ရေးသားပြုစုခဲ့၏။ ထင်ရှားသော စာအုပ်စာတမ်းများမှာ...

၁။ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိချက်

၂။ သေသည်၏ အခြားမဲ့၌

၃။ ဘဝအိုးအိမ် အကြိမ်ကြိမ်

စာအုပ်များဖြစ်ကြ၏။ စိတ်ဝိညာဉ်ဆိုင်ရာ လေ့လာတွေ့ရှိချက်များ စာအုပ်ကို ပါမောက္ခဦးအေးမောင်နှင့် တွဲဖက်ပြုစုခဲ့သည်။ ဆရာ၏ စာပေလက်ရာ စာအုပ်စာတမ်းများထဲတွင် ဝိညာဉ်ဆိုင်ရာကိစ္စ၊ နတ်ဝင်သည်များအကြောင်း၊ လူဝင်စားများအကြောင်းကို ရှင်းလင်းပြတ်သားစွာ သိပ္ပံနည်းကျချဉ်းကပ်ထားသည်ကို တွေ့ရှိရသည်။

❐



# အခန်း (၁၅)

# ဦးမောင်မောင်တင် (KSM,ATM) မှ တက္ကသိုလ်သူ့မောင်သို့

စာရေးဆရာ တက္ကသိုလ်သူ့မောင်သည် စာပေလောကတွင် အထိုက်အလျောက် ထင်ပေါ်ကျော်ကြားခဲ့သူဖြစ်၏။ တစ်ချိန်က နာမည်ကြီးရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သော 'ယမုံနာ' အမည်ရှိသော ရုပ်ရှင်ဇာတ်ကားမှာ တက္ကသိုလ်သူ့မောင်၏ဝတ္ထုကို ရိုက်ကူးထားခြင်း ဖြစ်သည်။ တက္ကသိုလ်သူ့မောင်သည် ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီးကျမ်းပြုပုဂ္ဂိုလ် ဦးမောင်မောင်တင် (KSM,ATM) ၏ မြေးအရင်းဖြစ်သည်။

## တက္ကသိုလ်သူ့မောင်၏ မျိုးရိုးဆက်နွယ်

ဦးမောင်မောင်တင်၏ ဖခင် မြင်းမှူးမင်းသား ထိပ်တင်မောင်မှာ ဆင်ဖြူရှင် (မြေဒူး) မင်းနှင့် ယိုးဒယားဘုရင့်သမီးတော် ဥပစောပတိ (သခင်ဥ) တို့မှ ဖွားမြင်သည့် သမီးတော် ထန်းတပင်မြို့စား၏ အဆက်အနွယ် ဖြစ်ပါသည်။ ထန်းတပင်မြို့စား သီရိပဘာဒေဝီသည် ဘိုးတော်ဘုရားသားတော် ကောလင်းမင်းသားကြီး မင်းရဲမြတ်စွာနှင့် စုံဖက်ရာမှ ထိပ်တင်မောင်ကို ဖွားမြင်ပါသည်။ ဦးမောင်မောင်တင်၏မိခင် ထိပ်တင်ဆင့်မှာမူ ပြည်မင်းသားကြီး၏သားတော် ထိပ်တင်တုတ်မှ ဖွားမြင်သူဖြစ်၏။ ဦးမောင်မောင်တင်နှင့် ထိပ်တင်ဆင့်တို့မှ သားသမီး (၁၃) ဦး ထွန်းကားခဲ့ရာ သမီးတင်တင်ကြီးသည် တက္ကသိုလ်သူ့မောင်၏မိခင် ဖြစ်၏။

## တက္ကသိုလ်သူ့မောင်၏ မျိုးရိုးဆက်နွယ်

ထိပ်တင်မောင် + ခင်ယု　　　မြင်းမှူးမင်းသား + ထိပ်တင်ညွှန့်
　　　　　　　　　　　　ထိပ်တင်တုတ်

ဦးမောင်မောင်တင် + ထိပ်တင်ဆင့်

ဒေါ်တင်တင်ကြီး + ဦးကြင်

တင်ကိုကို
(တက္ကသိုလ်သူ့မောင်)

### ဦးမောင်မောင်တင် (၁)

ကိုလိုနီခေတ်ဦးကာလတွင် မြို့အုပ်လုပ်ခဲ့သူ မောင်မောင်တင်နှစ်ဦးရှိ၍ အမှတ် (၁) (၂) ဖြင့် ခွဲခြားသတ်မှတ်ရာ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ကျမ်းပြုပုဂ္ဂိုလ်ကြီးကို မောင်မောင်တင် (၁) ဟု သတ်မှတ်ခဲ့ကြ၏။

ဦးမောင်မောင်တင်ကို မြင်းမှူးမင်းသား မင်းရဲသီဟကျော်ဘွဲ့ခံ ထိပ်တင်မောင်နှင့် ခင်ယုတို့မှ ၂၀ ဩဂုတ် ၁၈၆၆ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း (၃) ဦးအနက် အလတ်ဖြစ်၏။ (၇) နှစ်သားအရွယ်တွင် မင်းတုန်းမင်းထံ ဖိနပ်တော်အဖြစ် စတင်အမှုထမ်းခဲ့၏။ အသက် (၁၀) နှစ်အရွယ်၌ သာမဏေဝတ်ခဲ့ပြီး (၁၅) နှစ်အရွယ်တွင် လူထွက်ကာ ဆရာမှတ်ကြီး (Dr.J.E.Marks) ၏ သံတဲကျောင်း၌ ပညာသင်ကြားသည်။ အသက် (၁၉) နှစ်အရွယ်တွင် သီပေါမင်း ပါတော်မူသွားရာ အစ်မ ပင်းမြိုင်မင်းသမီးနှင့် အတူကျန်ရစ်ပြီး နှမချွန်းတောင်မင်းသမီးမှာမူ ရတနာဂီရိသို့ လိုက်ပါသွားရသည်။ ပါတော်မူစဉ် ဦးမောင်မောင်တင်သည် နောက်လိုက်များကို စုရုံးကာ တစ်နှစ်ကျော်ကြာ ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်ခဲ့သေး၏။ သို့သော် အင်အားမမျှသဖြင့် အညံ့ခံခဲ့ရသည်။







ဦးမောင်မောင်တင် (၁)

ဗြိတိသျှအစိုးရသည် ပုဂံမင်း၏ မိဖုရားခေါင်ကြီးဟောင်းနှင့်အတူ ဦးမောင်မောင်တင်အား ရန်ကုန်သို့ အလည်အပတ်ခေါ်ယူခဲ့၏။ ထို့နောက် ၁၈၉၁ ခုနှစ်တွင် ပင်လယ်ဘူးမြို့အုပ်ဖြစ်လာကာ ၁၈၉၂ ခုနှစ်တွင် ရက်ကန်းတော်အုပ်မင်းသားကြီး မင်းရဲကျော်ခေါင်၏သမီး ထိပ်တင်ညွှန့်မှ ဖွားမြင်သော ထိပ်တင်ဆင့်နှင့် လက်ဆက်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် စဉ့်ကိုင်မြို့ပိုင်၊ ထို့နောက် ကျောက်ဆည်မြစ်သားနယ်ပိုင် ဝန်ထောက်ဖြစ်လာခဲ့၏။ ၁၉၀၆ ခုနှစ်တွင် စစ်ကဲကြီးဖြစ်လာကာ A.T.M ဘွဲ့ကို ချီးမြှင့်ခံခဲ့ရသည်။ ရေဦးမြို့နယ်ပိုင် ဝန်ထောက်လည်းဖြစ်လာခဲ့၏။ ၁၉၁၂ ခုနှစ်တွင် K.S.M ဘွဲ့ ထပ်မံချီးမြှင့်ခံရပြီး (၁၉၂၅–၄၀) ခုနှစ်များအတွင်း မဟာဒါန်ဝန်အဖြစ် ခန့်အပ်ခံခဲ့ရ၏။

၂၃ ရက် မတ်လ ၁၉၄၅ ခုနှစ်တွင် တောင်ကြီးမြို့၌ ကွယ်လွန်ပါသည်။ သားသမီး (၁၃) ဦးအနက် ထင်ရှားသူတို့မှာ အရေးပိုင် ဦးလှတင်၊ လူမှုဝန်ထမ်း ဝန်ထောက်ဒေါ်တင်တင်စုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အတွင်းဝန် ဦးတင်မောင်မောင်ကလေးတို့ ဖြစ်ကြသည်။ ဇနီးထိပ်တင်ဆင့်မှာမူ အသက် (၇၈) နှစ်အရွယ် ၉ ရက် ဒီဇင်ဘာလ ၁၉၅၅ ခုနှစ်၌ ကွယ်လွန်ခဲ့သည်။

## ဦးမောင်မောင်တင်၏ စာပေလက်ရာ

ဦးမောင်မောင်တင်သည် ၁၈၉၈ ခုနှစ်တွင် စဉ့်ကိုင်မြို့၌ မြို့ပိုင်အဖြစ် အမှုထမ်းရွက်နေစဉ်အတွင်း 'ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး' ကို ရေးသားပြုစုခဲ့သည်။ ယင်းစာအုပ်ကို ၁၉၀၅ ခုနှစ်တွင် မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်က ပထမဆုံးအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့၏။ ယခု နောက်ဆုံး ပဉ္စမအကြိမ်ကို ၂၀၀၄ ခုနှစ်တွင် တက္ကသိုလ်များသမိုင်း သုတေသနဦးစီးဌာနမှ ပုံနှိပ်ထုတ်ဝေခဲ့၏။

ဦးမောင်မောင်တင် ရေးသားပြုစုခဲ့သော စာအုပ်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး

၂။ ရွှေနန်းသုံးဝေါဟာရအဘိဓာန်

၃။ စလေဦးပုညအတ္ထုပ္ပတ္တိ

၄။ ကင်းဝန်မင်းကြီးအတ္ထုပ္ပတ္တိ

၅။ သာသနာနုဂ္ဂဟ ပကာသနီကျမ်း

၆။ ပထမပြန်ဒီပကစာတမ်း

၇။ ကောင်းမှုတော်ဘုရားကြီးသမိုင်း

၈။ မဟာဗောဓိသား ရုပ်ပွားတော်သမိုင်း

၉။ သုတဝဒုန စာတမ်းများ ဖြစ်ကြသည်။

ယင်းစာအုပ်များအပြင် ပုံနှိပ်ထုတ်ဝေခြင်း မပြုရသေးသည့် မင်းကြီးဦးစအတ္ထုပ္ပတ္တိ၊ နန်းမတော်မမြကလေး၊ လှိုင်ထိပ်ခေါင်တင်၊ စလင်းစုဖုရား၊ ဒိုင်းခင်ခင် စသည့်စာမူများလည်း ရှိပါသေးသည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းက နေအိမ်မီးရှို့ဖျက်ဆီးခံရသဖြင့် ပျောက်ပျက်ခဲ့၏။

ဦးမောင်မောင်တင်၏ စာပေလက်ရာများထဲမှ ဟင်္ဂမော်မင်းသမီးက ဘုန်းကြီးလူထွက်တစ်ဦးနှင့် ထိမ်းမြားလက်ထပ်လိုက်ကြောင်း ကြားသိရသဖြင့် ရေးဖွဲ့ခဲ့သည့် တေးထပ်တစ်ပုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

'ကြားရပုံ မချမ်းမြေ့အောင်ပ၊ နန်းဓလေ့ပျက်တာ၊ ရမ်းသရွေ့ ရှက်စရာငယ်၊ စက္ကဝါမဆံ့၊ မင်းသမီး ရွှေနန်းပျော်မှာ၊ ရေဖျန်းတော်သွန်းကြအနံ့၊ တောသားနှင့် လူထွက်တွေကို၊ ကြူစက်တွေဘုံပျံ၊ သူမက်စေမှုံသန့်လို့၊ ထုံရနံ့ကြိုင်





စွာ၊ အခွင့်တော်ချိုသာပေး၊ လိုရာရေးနှင်းတဲ့အခါ၊ ကောသလသုပိနာငယ်၊ ခုသိသာပွေ့အင်ဆန်းပါလို့၊ ရွှေလင်ပန်းမှတ္တံ့ရေ၊ ကိန်းဆိုက်ပေါ့လေ၊ ပြည်ကုန်းဘောင်နှုန်းတစ်နေမှာ၊ ဘုန်းသရေညှိုးပါဘိလေး'

ဟူ၍ ဖြစ်ပါသည်။

ထိုစဉ်က ဟင်္ဂမော်မင်းသမီးကြီးကလည်း 'မင်းသားတွေမိသမျှ မရှိရဆွေးအောင်' အစချီတေးထပ်ဖြင့် ပြန်လည်ချေပခဲ့သည်။

## ဦးမောင်မောင်တင်၏မြေး တက္ကသိုလ်သူ့မောင်

စာရေးဆရာ တက္ကသိုလ် သူ့မောင်၏ အမည်ရင်းက တင်ကိုကို ဖြစ်သည်။ တက္ကသိုလ်သူ့မောင်ကို ဦးမောင်မောင်တင် (KSM,ATM) ၏သမီး ဒေါ်တင်တင်ကြီးနှင့် ခင်ပွန်းဦးကြင်တို့မှ ဖွားမြင်ပါသည်။ ဒေါ်တင်တင်ကြီး၏ ခင်ပွန်းဦးကြင်မှာ BCS,ATM ဘွဲ့များ ရရှိခဲ့သည့် ဗြိတိသျှ ပဋိညာဉ်ခံ ဝန်ထောက်တစ်ဦးဖြစ်သော်လည်း သားဖြစ်သူ တင်ကိုကိုမှာမူ ဗိုလ်သင်တန်းကို တက်ရောက်အောင်မြင်ကာ မြန်မာ့တပ်မတော်၌ စစ်မှုထမ်းခဲ့သည်။

ဦးတင်ကိုကိုသည် ၁၉၅၁ ခုနှစ် ဗိုလ်ကြီးဘဝတွင် မြစ်ဝကျွန်းပေါ်ဒေသသို့ လုံခြုံရေးတာဝန်များ ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရ၏။ ၁၉၄၉ ခုနှစ်ကပင် စာပေနယ်သို့ ဝင်ရောက်ခဲ့သော်လည်း နောက်ပိုင်းတွင် အလုပ်တာဝန်များကြောင့် စာပေနှင့် အဆက်ပြတ်မှုများ ရှိခဲ့၏။ ၁၉၈၀ ပြည့်နှစ်ခန့်တွင် ဦးတင်ကိုကိုသည် မြန်မာ့တပ်မတော်တွင် ဒုဗိုလ်မှူးကြီးရာထူးဖြင့် တာဝန်ထမ်းဆောင်နေရာမှ အငြိမ်းစားယူခဲ့၏။ ဦးတင်ကိုကို၏ ကလောင်အမည်မှာ တက္ကသိုလ်သူ့မောင် ဖြစ်ပါသည်။

ဆရာတက္ကသိုလ်သူ့မောင်၏ဇနီးမှာ ရွှေကျင်မြို့မှ ရာဘာခြံပိုင်ရှင်ဦးဘသန်းနှင့် ဒေါ်စိန်ဥတို့၏သမီး ခင်စောရီဖြစ်ပြီး ၂၇ ရက် အောက်တိုဘာလ ၁၉၅၂ ခုနှစ်က ထိမ်းမြားလက်ထပ်ခဲ့ခြင်း ဖြစ်၏။ တက္ကသိုလ်သူ့မောင်၌ မွေးချင်း အစ်မတစ်ဦးရှိရာ အမည်မှာ ဒေါ်မိမိကြီး ဖြစ်ပါသည်။

## တက္ကသိုလ်သူ့မောင်၏ စာပေလက်ရာ

တက္ကသိုလ်သူ့မောင်သည် ၁၉၄၉ ခုနှစ် ဇန်နဝါရီလထုတ် ပဒေသာမဂ္ဂဇင်းတွင် 'လက်ျာမင်းထင်' ဝတ္ထုဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။ လက်ျာမင်းထင်

ဝတ္ထုမှာ လူကြိုက်များလှပြီး ၁၉၅၁ ခုနှစ်၌ အသံလွှင့်ဌာနက 'ဇာတ်လမ်းပမာ နားဆင်စရာ' ကဏ္ဍမှ ထုတ်လွှင့်ခဲ့၏။ ထို့နောက် ၁ ရက် ဧပြီလ ၁၉၅၅ ခုနှစ် ရုပ်ရှင်နှင့်ပြဇာတ် အစည်းအရုံး ပဒေသာကပွဲတွင် ပြဇာတ်အဖြစ် ကပြခဲ့ပြန်သည်။ ၁၉၅၈ ခုနှစ်တွင် ပွင့်ဦးကုမ္ပဏီက ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့၏။ တက္ကသိုလ်သူ့မောင်သည် ဝတ္ထုတို အရေးများခဲ့ပြီး တစ်ဖက်မှ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရသဖြင့် ၁၉၅၄-၅၉ ခုနှစ်များအတွင်း စာပေနယ်မှ ခေတ္တ အနားယူခဲ့သည်။ သို့သော် နောက်ပိုင်း၌ ဝတ္ထုတို၊ ဆောင်းပါးများကို အခါအား လျော်စွာ ရေးသားခဲ့သည်။

တက္ကသိုလ်သူ့မောင်၏ လက်ရာဝတ္ထုတိုများမှာ...

၁။ လက်ျာမင်းထင် (၁၉၄၉ ဇန်နဝါရီ၊ ပဒေသာမဂ္ဂဇင်း)

၂။ အပွင့် (၁၉၄၉ အောက်တိုဘာ၊ ပဒေသာမဂ္ဂဇင်း)

၃။ နောက်ဆုံးဘဝ (၁၉၅၀ ဧပြီ၊ ပဒေသာမဂ္ဂဇင်း)

၄။ သံသရာခရီးသည် (၁၉၅၃ ဇန်နဝါရီ၊ ဗိုလ်သင်တန်းကျောင်းမဂ္ဂဇင်း)

၅။ ခွင့်နှင့်တာဝန် (၁၉၅၃ ဇန်နဝါရီ၊ ဗိုလ်သင်တန်းကျောင်းမဂ္ဂဇင်း)

၆။ အတိတ်ရဲ့မြကြေးမုံ (၁၉၅၄ ဇန်နဝါရီ၊ စစ်နှလုံးဂျာနယ်)

၇။ မန်းတောင်လက်ျာ (၁၉၅၉ ဖေဖော်ဝါရီ၊ မြဝတီ)

၈။ ရလိုသောဆု (၁၉၅၉ ဖေဖော်ဝါရီ၊ မြဝတီ)

၉။ အကြောင်းကံရယ် ပေါင်းရန်ကမလွယ် စသည်တို့ ဖြစ်သည်။

ဆရာတက္ကသိုလ်သူ့မောင်၏ ဝတ္ထုတိုများကို စုစည်း၍ စံရှားစာပုံနှိပ်တိုက် (၈၇၊ အထက်ကြည့်မြင်တိုင်လမ်း) လုံးချင်းစာအုပ်အဖြစ်မှ ရိုက်နှိပ်ကာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာသည် ယင်းစာအုပ်၏ နိဒါန်းစာမျက်နှာ၌ပင်...

'ကျွန်ုပ်အား နက်နဲသိမ်မွေ့လှသော စာပေနယ်ပယ်အတွင်းသို့ လမ်းညွှန်ကာဖြင့် ပို့ဆောင်ပေးခဲ့သည့် ကုန်းဘောင်မဟာရာဇဝင်တော်ကြီးကို စီရင်ရေးသားခဲ့သော အဘိုးဖြစ်သူ မြန်မာပညာရှိ ဦးမောင်မောင်တင် K.S.M,A.T.M နှင့် မိဘနှစ်ပါးတို့အပြင် ကျေးဇူးရှိကုန်သော ဆွေမျိုးဉာတိတို့အား ဤစာအုပ်ဖြင့် ကန်တော့လိုက်ပါသည်'

ဟူ၍ ရေးသားဖော်ပြထားပါသည်။





ဆရာတက္ကသိုလ်သူ့မောင်၏ လက်ျာမင်းထင်ဝတ္ထုမှ ကောက်နုတ်ချက် အချို့မှာ အောက်ပါအတိုင်းဖြစ်၏။

'လက်ျာမင်းထင်ကား ရှင်ညိုအားပြုံး၍ စိုက်ကြည့်လျက် လောကကို ခေတ္တမေ့ပျောက်နေဟန်ရှိ၏။ သူ၏အပြုံးကား ဝေဆာလွန်းလှ၏။ ဝေဆာလွန်းသဖြင့်လည်း ရှင်ညိုကို သူ၏စိတ်တွင် နှမလေးသဖွယ် ရှင်ညိုအဖြစ်မှ ပန်ချင်စရာ၊ ခူးချင်စရာ၊ နမ်းချင်စရာ စံပယ်ပန်းကလေးထက်ပင် ချစ်စရာကောင်းနေပေတော့သည်။ သို့တမူလည်း လက်ျာမင်းထင်ကား အတွေးလွန်လျှင် စိတ်ပါလွန်တော့မည်စိုးသဖြင့် 'ကဲ... ရှင်ညို ပြန်ကြစို့။ နေအတော်စောင်းသွားပြီ' ဆိုတာနှင့် အတွေးကိုတန့်လျက် ရှင်ညိုတည်းဟူသော ချစ်စရာစံပယ်ပန်းကလေးကို ဖျောက်ဖျက်လိုက်ရတော့၏'

ဟူ၍ ဖြစ်ပါသည်။

❐

PDF Creator - nyeyadhamma@gmail.com

# အခန်း (၁၆)
# ဝန်စာရေးဦးကြီးမှ ဦးမောင်မောင်သွင်သို့

မန္တလေး သူရိယသတင်းစာတွင် အယ်ဒီတာအဖြစ် အမှုထမ်းခဲ့ဖူးသူ စာရေးဆရာ ဦးမောင်မောင်သွင်ကား ဝန်စာရေးဦးကြီး၏ မြေးအရင်းဖြစ်ပါသည်။ ဝန်စာရေးဦးကြီး၏ စာပေအမွေကို ဆက်ခံခဲ့သည့် စာပေမျိုးဆက်တစ်ဦးပင် ဖြစ်သည်။

## ဦးမောင်မောင်သွင်၏ မျိုးရိုးဆက်နွယ်

ဦးမောင်မောင်သွင်ကား ဝန်စာရေးဦးကြီး၏ မြေးတော်စပ်သူဖြစ်သည်။ ဝန်စာရေးဦးကြီးသည် ဘိုးတော်ဘုရား၏သမီးတော် ပဒုမဝတီမှ တိုက်ရိုက် ဆင်းသက်လာသော အဆက်အနွယ်ဖြစ်၏။ ပဒုမဝတီ၏သမီးတော် ဒေါ်သဒ္ဒါသည် ဦးလင်းနှင့် စုံဖက်ကာ ဦးအုန်းဖူးကို ဖွားမြင်ပါသည်။ ဦးအုန်းဖူးနှင့် သံရှာမင်းသား၏ သမီးတော် ဒေါ်ခင်ခင်တို့မှာ ဝန်စာရေးဦးကြီး၏ မိဘများဖြစ်ကြ၏။ ဝန်စာရေးဦးကြီးသည် ဦးပိုက် ဒေါ်ခါတို့၏သမီး ဒေါ်အုန်းနှင့်စုံဖက်ကာ သား ဦးကိုကိုကြီးကို ဖွားမြင်ပါသည်။ ဦးကိုကိုကြီးမှာ ဦးမောင်မောင်သွင်၏ဖခင် ဖြစ်သည်။





## ဦးမောင်မောင်သွင်၏ မျိုးရိုးဆက်နွယ်

ဘိုးတော်ဘုရား၏
သမီးတော်
ပဒုမဝတီ

ဦးလင်း + ဒေါ်သဒ္ဒါ သံရှာမင်းသား

ဦးအုန်းဖူး + ဒေါ်ခင်ခင် ဦးပိုက် + ဒေါ်ခါ

ဝန်စာရေးဦးကြီး + ဒေါ်အုန်း

ဦးကိုကိုကြီး + ဖနီး

ဦးမောင်မောင်သွင်

## ဝန်စာရေးဦးကြီး၏ အတ္ထုပ္ပတ္တိ

ဝန်စာရေးဦးကြီးကို ၁၈၅၈ ခုနှစ်တွင် မန္တလေးမြို့၊ နန်းရိပ်သာရပ်၌ ဦးအုန်းဖူးနှင့် ဒေါ်ခင်ခင်တို့မှ ဖွားမြင်ခဲ့သည်။ ဦးကြီးကို သီပေါမင်းနှင့် နို့စို့ဖက်ဖြစ်သည်ဟူ၍လည်း ဆိုကြသည်။ ဦးကြီးသည် ငယ်စဉ်က သင်္ဘောဆရာတော် ဦးကေသရ (လူမည် ဦးရန်နှင်) ထံ ပညာဆည်းပူးခဲ့၏။ ဦးကြီးက နန်းတွင်း အဆက်အနွယ်မှ ပေါက်ဖွားလာသူဖြစ်သဖြင့် နန်းတွင်း အသိုင်းအဝိုင်းနှင့် ငယ်စဉ်ကပင် ရင်းနှီးကျွမ်းဝင်သူ ဖြစ်သည်။ သို့ကြောင့်လည်း သီပေါမင်းလက်ထက် တိုင်တားမင်းကြီးဦးဖိုး၏ ဝန်စာရေးဖြစ်လာခဲ့ခြင်း ဖြစ်၏။

သီပေါမင်း ပါတော်မူသွားပြီးနောက် ဦးကြီး ရန်ကုန်သို့ ပြောင်းရွှေ့လာသည်။ ကြည့်မြင့်တိုင်တွင် နေထိုင်ရင်း ဒေါ်အုန်းဆိုသူနှင့် အိမ်ထောင်ကျ၏။ ထို့နောက် ကိုယ်ပိုင်စာပုံနှိပ်စက်ကို တည်ထောင်ကာ စာအုပ်ထုတ်ဝေရေးလုပ်ငန်း လုပ်ကိုင်ခဲ့ပါသည်။ မကြာမီ ဦးကြီးသည် အေးအေးသဲ့ဆိုသူ အမျိုးသမီးနှင့်



PDF Creator - nyeyadhamma@gmail.com

ထပ်မံ အိမ်ထောင်ပြုခဲ့၏။ ဤသို့ဖြင့် ပထမဇနီး ဒေါ်အုန်းက ကွာရှင်းပြတ်စဲလိုက်ရာ စာပုံနှိပ်စက်လုပ်ငန်းကိုလည်း ပိတ်လိုက်ရလေသည်။ ထိုစဉ် သစ်သီးဈေး၌ ဆရာဦးမောင်ကြီး ဆေးတိုက်ကိုဖွင့်လှစ်ကာ လေမျိုးရှစ်ဆယ်ဆေးကို ဖော်စပ်ရောင်းချခဲ့၏။ သို့သော် များမကြာမီ ဆေးဆိုင်လုပ်ငန်းကို ဖျက်သိမ်းရပြန်ကာ ဟံသာဝတီတိုက်၌ အယ်ဒီတာအလုပ် လုပ်ကိုင်ခဲ့သည်။

ဦးကြီးသည် ဟံသာဝတီတိုက်၌ အလုပ်လုပ်ကိုင်စဉ်အတွင်း စာအုပ်အမြောက်အမြား ရေးသားပြုစုခဲ့သည်။ ဦးကြီး၏ ပုံပန်းသဏ္ဍာန်မှာ အရပ်ခပ်ပျပ်ပျပ်၊ ဓာတ်မင်းသားများဝတ်သော ကိုယ်ကျပ်အင်္ကျီကို အမြဲဝတ်ဆင်လျက် အပေါ်အင်္ကျီအား ပခုံးထက်၌ အမြဲတင်လေ့ရှိသည် ဆိုပါသည်။ လက်မောင်းနှစ်ဖက်တွင် ဆေးနီများ ထိုးထားပြီး ထိုင်သည့်အခါ ထိုးကွင်းနှစ်ဖက်ကိုဖော်လျက် တင်ပျဉ်ချိတ်ထိုင်တတ်သည်ဆို၏။ ဦးကြီးသည် အရက်အနည်းငယ်လည်း သောက်တတ်ပြီး အသက် (၆၆) နှစ်အရွယ်၌ မျက်စိကွယ်သွားပါသည်။ ထို့နောက် စာရေးသောအခါ ပါးစပ်မှခေါ်ပေးရပြီး တပည့်ဖြစ်သူ တစ်ဦးက လိုက်ရေးရသည်။ ၁၉၂၆ ခုနှစ်တွင် ဝန်စာရေးဦးကြီး ကွယ်လွန်သွား ပါသည်။

ဝန်စာရေးဦးကြီးတွင် ဇနီးဒေါ်အုန်းနှင့် ဒေါ်အေးသဲ့တို့အပြင် ဒေါ်သိန်းတင်၊ ဒေါ်ကျော့မေ၊ ဒေါ်ပု (၁)၊ ဒေါ်ပု (၂)၊ ဒေါ်လှမြိုင်ဆိုသူ ဇနီးအများလည်း ရှိပါသေးသည်။ ဦးကြီးက ဇနီးများအား တစ်ပြိုင်နက်လိုလို လက်ဆက်ခဲ့ခြင်း ဖြစ်၏။ ဦးကြီးမှာ ဝင်ငွေ ဖြောင့်သော်လည်း ဖြုန်းတီးလွန်းသဖြင့် အဖတ်မတင်ဟု ဆိုပါသည်။ ဦးကြီး၏ဇနီး ဒေါ်အုန်းမှာ ကြည့်မြင်တိုင်ရပ် ဥယျာဉ်လမ်းမှ ဆန်ကုန်သည် ဦးပိုက်၊ ဒေါ်ခါတို့၏သမီး ဖြစ်သည်။ သာထွန်းဖ၊ မသိန်းတင်နှင့် ကိုကိုကြီးဆိုသူ သားသမီးသုံးယောက် ဖွားမြင်သော်လည်း သာထွန်းဖနှင့် မသိန်းတင်တို့မှာ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့ကြ၏။ ဦးကိုကိုကြီးသည် ဦးမောင်မောင်သွင်၏ ဖခင်ဖြစ်ပါသည်။

## ဝန်စာရေးဦးကြီး၏ စာပေလက်ရာ

ဝန်စာရေးဦးကြီးသည် စာရေးဆရာဂျိန်းစ်လှကျော်နှင့် ခေတ်ပြိုင် ပေါ်ပေါက်ခဲ့သည့် စာရေးဆရာကြီးတစ်ဦး ဖြစ်၏။ ၁၉၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးဝတ္ထုဟုဆိုရမည့် ဂျိန်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မဝတ္ထု ထွက်ပေါ်လာ၏။ မွန်တီခရစ်စတို နယ်စားကြီးဝတ္ထုကို အခြေခံလျက် မြန်မာမှုပြု





ကာ မှီငြမ်းရေးသားခဲ့ခြင်းဖြစ်သည် ဆိုပါသည်။ ဗြိတိသျှဘားမား ပုံနှိပ်တိုက်မှထုတ်ဝေသော ယင်းဝတ္ထုမှာ ရှေးခေတ်အခါက မပေါ်ပေါက်ခဲ့ဖူးသေးသောကာလပေါ်ဝတ္ထုမျိုးဖြစ်သဖြင့် အလွန်လူကြိုက်များခဲ့ကြသည်။ ဤစာအုပ် ပေါ်ထွက်လာပြီး လပိုင်းအတွင်း၌ပင် ဝန်စာရေးဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု ထွက်ပေါ်လာခဲ့၏။

ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုကို ဟံသာဝတီပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေခဲ့ရာ ဂျိန်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မဝတ္ထုကဲ့သို့ပင် လူကြိုက်များကာ အောင်မြင်မှု ရရှိခဲ့သည်။ ဦးကြီး၏ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုမှာ Casnove ကို မှီငြမ်းရေးသားခဲ့ဟန် ရှိလေသည်။ ဦးကြီးသည် ယင်းဝတ္ထုအောင်မြင်သွားသောအခါ အခြားစာအုပ်များကိုလည်း ဆက်တိုက် ရေးသားပြုစုတော့၏။ သို့သော် အခြားစာအုပ်များမှာ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုလောက် ထင်ရှားကျော်ကြားခဲ့ခြင်း မရှိပေ။

ဝန်စာရေးဦးကြီး၏ စာပေလက်ရာအချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထု (၃ တွဲ)
၂။ စကားပုံတစ်ထောင်
၃။ ခန္ဓာပုရဝတ္ထု
၄။ သာသနနုဂ္ဂဟ အတိဝေပုလ္လစာတမ်း
၅။ မြကလေးဝတ္ထု (၃ တွဲ)
၆။ စိန်ကလေးဝတ္ထု (၂ တွဲ)
၇။ မောင်ဘသန်းနှင့် မသန်းမေဝတ္ထု (၃ တွဲ)
၈။ စကားတောင်စားဝတ္ထု
၉။ မောင်ဖန်ကလေးဝတ္ထု
၁၀။ ခင်ခင်ညွန့်ဝတ္ထု
၁၁။ လိမ္မာသော သာလိကာဝတ္ထု
၁၂။ လိမ္မာသောကြက်တူရွေးဝတ္ထု
၁၃။ စကားပြောဥပဒေစည်းကမ်းတို့ ဖြစ်ကြသည်။

ဝန်စာရေးဦးကြီးက ချဉ်ပေါင်ရွက်သည် မောင်မှိုင်းဝတ္ထုတွင် ကဗျာ၊ လင်္ကာ အဖွဲ့အနွဲ့များစွာကို ထည့်သွင်းရေးစပ်ခဲ့၏။ ချဉ်ပေါင်ရွက်သည်

မောင်မှိုင်းက ညဘက်တွင် အရှေ့ဝင်းမှူးသမီး ခင်ခင်ကြီး၏ အိပ်ခန်းအတွင်းသို့ ဝင်ရောက်ခန်း၌...

'အိုအို... ခင်ခင်ကြီးငဲ့၊ တွတ်တီးတွတ်တာ၊ ကျေးတမာကဲ့သို့၊ လိမ္မာရေးခြား၊ စကားချေငံ၊ ဖန်ဖန်တီးတီး၊ အပုံကြီးပြောတတ်ပေငဲ့၊

ယခု အသက်ကို အရဲစွန့်၍ ရွံလျက်နှင့် လာသည်မှာ၊ သူတကာက၊ မဟာပထဝီ၊ မြေညီနှင့်အညီမျှအောင်၊ စိန်စီတဲ့ရွှေတုံးကို၊ ဘယ်လောက်ပင် ပေးဦးတော့၊ မုန်းရင်ဖြင့် မလာပါ၊ မေတ္တာကမောက် တကယ့်ကို စုံမက်၍၊ အသက်ထံ ရောက်ရပါသည်ကို၊ ထောက်ထောက်ညှာညှာ၊ ကိုယ်ချင်းလည်း စာသင့်ပါတယ်'

ဟု ရေးဖွဲ့ခဲ့သည်။

ရန်ကုန်မြို့ သဘော်သူကြီးသမီး ခင်ခင်တီထံသို့ ပေးစာ၌လည်း 'စကားနှုတ်ချို၊ မခေါက်မရက်၊ ကြောက်ရက်ရက်နှင့်ပင် အောက်သက်က ဆိုရပါတော့သည်။ အလိုတော်များ၊ တဆိတ်တပေါက်၊ စိတ်မရောက်သော်လည်း၊ ချီးမြှောက်၍ သနားရင်ဖြင့်၊ စကားပြန်လှန်၊ အမိန့်တော်ပြန်တောင်းခဲ့လို့၊ အဖိုးတန်နတ်ပန်းကို၊ လက်လှမ်း၍ ဆွတ်လိုလှပါသည်'

ဟု ရေးဖွဲ့ခဲ့၏။ ထူးခြားသည်မှာ ချဉ်ပေါင်ရွက်သည် မောင်မှိုင်း ဒုတိယတွဲ စာမျက်နှာ (၅၂) တွင်...

"မင်းကတော်ကြီး ထိုင်သောနေရာ အနီးအနား၌ ကောင်းမွန်စွာ ရှင်းလင်းခင်းကျင်းစေ၍ အချိုပွဲ၊ အချဉ်ပွဲ၊ ဘားမားအိုင်းစ်နှင့် လင်မနစ် အယ်ရစ်တစ်ဝါးတား ဆိုဒါပုလင်းများကို ဖောက်၍ ပေးစေ၏။

ဟူ၍ Burma (Myanmar) Ice, Lemonade နှင့် Aerated water, Soda စသည့်အနောက်တိုင်း ခေတ်မီဝေါဟာရများ ထည့်သွင်းရေးသားထားခြင်း ဖြစ်သည်။

## ဝန်စာရေးဦးကြီး၏မြေး ဦးမောင်မောင်သွင်

မြန်မာ့ဝတ္ထုရှည်သမိုင်းတွင် အစောပိုင်းဝတ္ထုရှည်များရေးခဲ့သူ ဝန်စာရေး ဦးကြီး၏မြေး ဦးမောင်မောင်သွင်သည်လည်း အဘိုး၏ စာပေအမွေကို ဆက်ခံခဲ့သူဟု ဆိုနိုင်ပါသည်။ ဦးမောင်မောင်သွင်သည် ၁၉၅၆ ခုနှစ်တွင် မန္တလေး သူရိယသတင်းစာ၌ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း တစ်ဖက်က စာပေရေး





သားခဲ့ပြု၏။ ထိုစဉ်က မန္တလေးသူရိယသတင်းစာ အယ်ဒီတာချုပ်မှာ ဦးသန်းမောင်ဖြစ်သည်။ ဦးသန်းမောင်သည် သတင်းစာလုပ်ငန်းတစ်ဖက်၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရန် စက်မှုလက်မှုလုပ်ငန်းက တစ်ဖက်နှင့်မို့ ဦးမောင်မောင်သွင်အား သတင်းစာ ကိစ္စအဝဝကို လွှဲထားရ၏။ ၁၉၅၇ ခုနှစ် အယ်ဒီတာချုပ် ဦးသန်းမောင် သတင်းစာကိုယ်စားလှယ်အဖွဲ့နှင့် အင်္ဂလန်သို့ လေ့လာရေးခရီး တက်ရောက်ခဲ့စဉ်ကလည်း ဦးမောင်မောင်သွင်ကပင် အစစအရာရာ တာဝန်ယူရပါသည်။

ဦးမောင်မောင်သွင်သည် မန္တလေး သူရိယသတင်းစာ၌ အယ်ဒီတာအဖြစ် အမှုထမ်းစဉ်အတွင်း ဖြန့်ချိရေးမှူး ဒေါ်ခင်သန့်နှင့် ဖူးစာဆုံခဲ့၏။ မန္တလေး သူရိယသတင်းစာ ရပ်စဲသွားပြီးနောက် ဦးမောင်မောင်သွင်သည် မောင်မောင်သွင်ဟူသော အမည်နှင့်ပင် ဝတ္ထုဆောင်းပါးအချို့ကို ရေးသားရင်း မော်လမြိုင်မြို့ ချမ်းအေးလမ်း ဒိုင်းဝန်ကွင်း၌ မိသားစုနှင့် အတူနေထိုင်ခဲ့၏။ ၁၉၈၄ ခုနှစ်တွင် မန္တလေးသူရိယ ဦးထွန်းရင်၏ နှစ်တစ်ရာ အထိမ်းအမှတ်စာအုပ် ထုတ်ဝေခဲ့စဉ်က ဦးမောင်မောင်သွင်သည် ဆောင်းပါးတစ်ပုဒ် ဝင်ရောက် ရေးသားခဲ့သေး၏။ ထိုစဉ်က အသက်အရွယ် အတော်ကြီးရင့်နေပြီ ဖြစ်ပါသည်။

## ဦးမောင်မောင်သွင်၏ စာပေလက်ရာ

ဦးမောင်မောင်သွင်သည် အရှိန်ဩဇာကြီးမားလှသော မန္တလေးသူရိယ သတင်းစာကြီး၏ အယ်ဒီတာတစ်ဦးဖြစ်သည့်အလျောက် စာပေနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ရသူဟု ဆိုနိုင်ပါသည်။ အယ်ဒီတာ ဘဝတစ်လျှောက်တွင် မှတ်မှတ်ရရ ၁၉၅၈ ခုနှစ် နှစ်ဦးကာလက ဖြစ်ရပ်တစ်ခုကိုလည်း မှတ်တမ်းတင်သင့်ပါကြောင်း ဦးမောင်မောင်သွင်က ဆိုပါသည်။ ထိုစဉ်က ပုဂံလွှတ်တော်အမတ် ဦးမောင်မောင်၏ ဖိတ်ကြားချက်အရ အယ်ဒီတာချုပ် ဦးသန်းမောင် မိသားစု ပုဂံညောင်ဦး ရွှေစည်းခုံဘုရားထီးတင်ပွဲသို့ သွားရောက်ကြရာ သတင်းထောက်နှစ်ဦးလည်း အတူလိုက်ပါသွားရ၏။

ထိုအတောအတွင်း နေ့အယ်ဒီတာနှင့် သတင်းထောက်တစ်ဦးတို့မှာ ခွင့်သွားနေသဖြင့် တိုက်တွင် ဦးမောင်မောင်သွင်၊ အထူးသတင်းထောက်တစ်ဦးနှင့် ကြော်ငြာတာဝန်ခံတို့သာ ကျန်ရှိတော့သည်။ ဦးမောင်မောင်သွင်က ကျန်ရစ်သည့် သတင်းထောက်နှင့် ကြော်ငြာတာဝန်ခံတို့အား ခွင့်ပေးလိုက်ကာ

(၁၆) မျက်နှာရှိသော သူရိယသတင်းစာကို အချိန်မီထွက်ရှိနိုင်ရန် တစ်ဦးတည်း ကြိုးပမ်းဆောင်ရွက်ခဲ့၏။ အတိမ်းအစောင်းမခံသည့် သတင်းစာကြီးအား ရက်သတ္တတစ်ပတ်ကြာ တစ်ဦးတည်း ကြိုးပမ်းထုတ်ဝေခဲ့သည်မှာ အမှန်ပင် ချီးမွမ်းဖွယ် ဖြစ်သည်။ ဦးမောင်မောင်သွင်အနေဖြင့် ကဏ္ဍစုံကို ကိုင်တွယ်နိုင်သော စွယ်စုံသတင်းစာဆရာတစ်ဦးဟူ၍ပင် ဆိုနိုင်ပါသည်။

ဦးမောင်မောင်သွင်၏ စာပေလက်ရာများအနက် ၁၉၆၃ ခုနှစ်တွင် ရှေ့ဆောင်ရုပ်ရှင်က ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သည့် 'ဂုဏ်နဲ့သစ္စာ' ဝတ္ထုဇာတ်ညွှန်းက ထင်ရှားပါသည်။ ဦးမောင်မောင်သွင်သည် မဂ္ဂဇင်းများ၌ ဆောင်းပါးအချို့ကို ရေးသားပြုစုခဲ့ရာတွင် ဝန်စာရေးဦးကြီး (ငွေတာရီ ၁၉၆၈ ဩဂုတ်)၊ သီရိစတုရင်္ဂဗလဦးဖေ (ငွေတာရီ ၁၉၇၀၊ ဇူလိုင်)၊ ကိုလိုနီခေတ် ပုလိပ်အဖွဲ့ (ငွေတာရီ ၁၉၇၀၊ အောက်တိုဘာ)၊ မန်းသူရိယနှင့် ကျွန်တော် (မန္တလေးသူရိယဦးထွန်းရင် နှစ် ၁၀၀ ပြည့် အမှတ် (၂) ၁၉၉၄) တို့မှာ ထင်ရှားခဲ့၏။

ဦးမောင်မောင်သွင်၏ စာပေလက်ရာများအနက် 'ဝန်စာရေး ဦးကြီး' ဆောင်းပါး (ငွေတာရီ ၁၉၆၈၊ ဩဂုတ်လ) တွင်...

> 'ဝန်စာရေးဦးကြီးသည် စာရေးသူ၏အဘိုး ဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်က ဆရာမောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိမှ ဝန်စာရေး ဦးကြီးအကြောင်း ဖတ်ရသောအခါ စာရေးသူ၌ ဆန္ဒတစ်ရပ် ဖြစ်ပေါ်ခဲ့ပါသည်။ ထိုဆန္ဒမှာ အခြားမဟုတ်ပါ။ အဘိုးဖြစ်သူ ဦးကြီး၏ ဖြစ်ရပ်အမှန်တို့ကို တင်ပြလိုသောဆန္ဒ ဖြစ်ပါသည်။ စာရေးသူက အဘိုးဖြစ်သူ ဦးကြီး၏ အကြောင်းမှန်တို့ကို ဖော်ထုတ်ခဲ့ပါက စာပေပရိသတ်များသည် သိရှိနိုင်သည့်အပြင် ဦးကြီး၏ အတ္ထုပ္ပတ္တိကို ဆရာမောင်သုတ ရေးရာတွင်လည်း ပိုမိုစုံလင်လာနိုင်သည့်အတွက် ဆရာ့အား ကူညီရာရောက်မည်ဟူ၍ ယူဆမိသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အဘိုးဖြစ်သူတစ်ယောက် မိန်းမအမျိုးမျိုးယူခဲ့သည်တို့ကို တင်ပြရန် စိတ်မဝံ့မရဲဖြစ်သဖြင့် ရေးသားမတင်ပြခဲ့ပါ'
>
> ဟူ၍ ရေးသားခဲ့၏။

❐



## အခန်း (၁၇)

## အပါးတော်မြဲ ဦးစံရွှေမှ ပင်းယထွေး၊ ပင်းယဋ္ဌေးတို့သို့

အပါးတော်မြဲ ဦးစံရွှေသည် သီပေါမင်း၏ အပါးတော်မြဲ အတွင်းဝန် ဖြစ်၏။ ဦးစံရွှေသည် ရတနာဂီရိ၌ အရှင်နှစ်ပါးစံနေရခိုက် အပါးတော်မြဲအဖြစ် အမှုထမ်းရွက်ရင်း စာပေဝါသနာပါသည့်အလျောက် မှတ်စုမှတ်တမ်းများ ရေးမှတ်ခဲ့သည်။ နောင်တွင် ယင်းမှတ်တမ်းများကို စာအုပ်အဖြစ် ထုတ်ဝေခဲ့၏။

ယုဝတီပင်းယထွေး၊ ပင်းယဋ္ဌေးတို့သည် အမျိုးသမီးကလောင်ရှင်များဖြစ်ပြီး စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏ ယုဝတီဂျာနယ်မှတစ်ဆင့် စာပေနယ်သို့ ရောက်ရှိလာခဲ့ကြသူများ ဖြစ်သည်။ ယုဝတီပင်းယထွေးနှင့် ပင်းယဋ္ဌေးတို့သည်ကား အပါးတော်မြဲ ဦးစံရွှေ၏ မြေးအရင်းများဖြစ်ကြပြီး အဘိုး၏ စာပေအမွေကို ဆက်ခံခဲ့ကြသူများ ဖြစ်ပါသည်။

အပါးတော်မြဲ ဦးစံရွှေသည် ပန်းချီအုပ်မင်းသားကြီးနှင့် ကြင်ရာတော်တို့မှ ဖွားမြင်သူ ပင်းယမင်းသမီးနှင့် စုံဖက်ကာ သားသမီးသုံးဦး ဖွားမြင်ပါသည်။ ယင်းသုံးဦးအနက် သမီးလတ် ဒေါ်တင်မမသည် နယ်ပိုင်ဝန်ထောက် ဦးလုနှင့် စုံဖက်ကာ ယုဝတီပင်းယထွေးနှင့် ယုဝတီပင်းယဋ္ဌေးတို့ ညီအစ်မများကို ဖွားမြင်ခဲ့ခြင်း ဖြစ်၏။

### အပါးတော်မြဲ ဦးစံရွှေ

အပါးတော်မြဲ ဦးစံရွှေကို ၁၈၆၇ ခုနှစ်တွင် စစ်ကဲဦးရွှေမှုန်နှင့် ဒေါ်မိမိတို့မှ ဖွားမြင်ပါသည်။ စစ်ကဲဦးရွှေမှုန်သည် ဘကြီးတော်မင်း လက်ထက် ဝန်ကြီး

## ပင်းယထွေး၊ ပင်းယဌေးတို့၏ မျိုးရိုးဆက်နွယ်

စစ်ကဲ ဦးရွှေမှန် + ဒေါ်မိမိ
ပန်းချီအုပ် မင်းသားကြီး + ကြင်ရာတော် ခင်မိမိ

အပါးတော်မြဲဦးစံရွှေ + ပင်းယမင်းသမီး

ဦးလှ + ဒေါ်တင်မမ

ဒေါ်တင်ထွေးလှ (ပင်းယထွေး)
ဒေါ်တင်ဌေးလှ (ပင်းယဌေး)

ဦးမောင်၏သားဖြစ်ပြီး ဇနီးဒေါ်မိမိမှာမူ စစ်ကဲကြီးဦးရွှေမောင်၏သမီး ဖြစ်သည်။ ဦးစံရွှေ၏ ဇာတိမှာ မောင်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်မှ ဖြစ်သည်။ ပန်းချီအုပ်မင်းသားကြီး မင်းရဲရာဇကျော်ခေါင်၏သမီး ပင်းယမင်းသမီးနှင့် စုံဖက်ခဲ့ပြီးနောက် မန္တလေးမြို့တွင် နေထိုင်စဉ် ၁၉၀၈ ခုနှစ်၌ ရတနာဂီရိသို့ လာရောက်ရန် ခေါ်ယူသဖြင့် ရတနာဂီရိ၌ သွားရောက်အမှုထမ်းရွက်ခဲ့ရသည်။ ပင်းယမင်းသမီးမှာ သီပေါမင်းပါတော်မူစဉ်ကပင် ရတနာဂီရိသို့ အတူလိုက်ပါခဲ့သူဖြစ်သော်လည်း ဖခင်ပန်းချီအုပ်မင်းသားကြီး မကျန်းမာသဖြင့် လေးနှစ်နီးပါးအကြာတွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ ယခု ခေါ်ယူစဉ်တွင် ကိုယ်ဝန်အရင့်အမာနှင့်မို့ လိုက်ပါမသွားနိုင်ဘဲ ဦးစံရွှေသာလျှင် တပည့်မောင်ဘိုးအိုနှင့် သွားရောက်ခဲ့ရ၏။

ဦးစံရွှေသည် ရတနာဂီရိသို့ ရောက်ရှိလာပြီးနောက် နုတ်ထွက်သွားသော အပါးတော်မြဲ (Secretary) မစ္စတာဗလိန်းနေရာတွင် ခန့်အပ်ခံခဲ့ရသည်။ ဦးစံရွှေကို ၁၉ ရက် ဧပြီလ ၁၉၀၉ ခုနှစ်၌ အပါးတော်မြဲရာထူး ခန့်အပ်ခဲ့ခြင်းဖြစ်၏။ သီပေါမင်းကိုယ်တိုင် လက်မှတ်ရေးထိုးသောစာတွင်...







အပါးတော်မြဲ ဦးစံရွှေ

အမိန့်တော်

အပါးတော်မြဲ အတွင်းဝန်ဗလိန်း ထွက်ပြီးဖြစ်၍ အတိုင်ပင်တော်ခံ အတွင်းဝန် စံရွှေကို ဖြဲတိုက်တော်၌ အပါးတော်မြဲအတွင်းဝန်အဖြစ် အမှုတော်ကို ထမ်းရွက်နေထိုင်စေ။

တော်ကြီး

ဟူ၍ ဖော်ပြပါရှိသည်။ မြန်မာဘုရင် သီပေါမင်းကိုယ်တော်တိုင် အကျဉ်းခံဘဝသို့ ရောက်ရှိနေပြီဖြစ်သဖြင့် အမိန့်တော်ကို စာရွက်ဖြင့်သာ ရေးပေးလိုက်သည်ကို တွေ့ရှိရ၏။

ဦးစံရွှေသည် အပါးတော်မြဲရာထူးဖြင့် နှစ်နှစ်နီးပါးခန့် တာဝန်ထမ်းဆောင်ခဲ့ပုံရ၏။ ရတနာဂီရိမြို့၌ ၈ ရက် အောက်တိုဘာလ ၁၉၁၁ ခုနှစ် ရက်စွဲပါ သီပေါမင်း ထုတ်ပြန်သည့်စာတွင် ဦးစံရွှေအား အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း၊ အမှုတော်ကို ကောင်းစွာ ထမ်းရွက်ကြောင်း၊ ရိုးသားဖြောင့်မတ်ကြောင်း၊ သေရည်သေရက်မသောက်ကြောင်း ဖော်ပြထားသည်ဆို၏။ စာမှာ ထောက်ခံစာ (Reconmendation) တစ်စောင်ဖြစ်ပြီး အစိုးရများက ကြည့်ရှုလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် အဆုံးသတ်ထား၏။ ဦးစံရွှေသည် ရတနာဂီရိ၌ အပါးတော်မြဲအဖြစ် အမှုထမ်းရွက်စဉ်အတွင်း သီပေါမင်းအတွက် အခွင့်အရေးများ ရရှိအောင်

ဆောင်ရွက်ပေးခဲ့၏။ အထူးသဖြင့် တိုက်သစ်တက်မင်္ဂလာပွဲအတွက် မြန်မာနိုင်ငံမှ ဘုန်းတော်ကြီးများ ပင့်ဆောင်ရေး၊ ဆိုင်းဝိုင်းခေါ်ယူရေး၊ စရိတ်စကငွေရရှိရေးတို့ကို အောင်မြင်စွာ လုပ်ဆောင်ခဲ့သည်။

သို့ကြောင့်လည်း ဗြိတိသျှအစိုးရက ဦးစံရွှေကို မြန်မာနိုင်ငံသို့ ပြန်ပို့ပေးခဲ့ခြင်းဖြစ်၏။ မြန်မာနိုင်ငံ၌ ဦးစံရွှေကို ယစ်မျိုးဝန်ထောက်ရာထူး ပေးအပ်၏။ သို့သော် ၇ ရက် အောက်တိုဘာလ ၁၉၂၈ ခုနှစ်တွင် ဇနီးပင်းယမင်းသမီးကံကုန်သွားပြီးနောက် ဦးစံရွှေအလုပ်မှထွက်ကာ သာသနာ့ဘောင်သို့ ဝင်သွားခဲ့သည်။ ဦးစံရွှေသည် အသက် (၈၀) နှစ်အရွယ် ၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၊ ပုလဲငွေရောင်ရပ် ဘုန်းတော်ကြီးကျောင်း၌ ရဟန်းဝတ်ဖြင့် ပျံလွန်ခဲ့၏။

## ဦးစံရွှေ၏ စာပေလက်ရာ

အပါးတော်မြဲ ဦးစံရွှေက နှစ်နှစ်နီးပါးခန့် အပါးတော်မြဲအဖြစ် အမှုထမ်းရွက်ရစဉ်အတွင်း သီပေါမင်းအား သိလိုသည်များကို မေးမြန်းလျှောက်ထားကာ အရှင်နှစ်ပါးနှင့် စပ်လျဉ်းသည့် ကိုယ်တွေ့မှတ်တမ်းများကို ရေးသားပြုစုခဲ့သည်။ ဦးစံရွှေသည် ဝက်မစွတ်ဝန်ထောက် ဦးလတ်နှင့်အတူ ရတနာဂီရိ သမီးတော်များနားထွင်းပွဲသို့ သွားရောက်မည့်သူစာရင်းအား မေမြို့ဘုရင်ခံထံ သွားပြပြီး အပြန်၌ ဦးစံရွှေက ဝန်ထောက်မင်းအား မေးကြည့်မိ၏။ လူအများက သီပေါမင်းအား ညီတော်နောင်တော်၊ ဆွေမျိုးတော်များကို သတ်သည်၊ အရက်သောက်သည်ဟု စွပ်စွဲကြသည်မှာ မှန်သလောဟု မေးမြန်းသော် ဝက်မစွတ်ဝန်ထောက်က ရတနာဂီရိရောက်လျှင် သီပေါမင်းအား ကိုယ်တိုင် မေးလျှောက်ကြည့်ပါဟု ဆိုသည်။ သို့ဖြင့် ဦးစံရွှေက မေးမြန်းလျှောက်ထားကြည့်ခြင်း ဖြစ်သည်။

သီပေါမင်းက ဤကိစ္စမှာ မဟုတ်ကြောင်း၊ မိမိတို့အား မုန်းတီးအောင် အပြစ်ဆိုကြခြင်းသာ ဖြစ်ကြောင်း၊ မောင်စံရွှေ၏ဇနီး ပင်းယမင်းသမီးကို မေးကြည့်လျှင် ပြောပြလိမ့်မည်ဖြစ်ကြောင်း အစပြုကာ တစ်နေ့ညနေတွင် ပင်းယ၊ နဂါးဆင်၊ ကျောက်ပန်းတောင်း၊ ထန်းတပင်၊ တောင်ငူမြို့စား အပျိုတော်များနှင့် အနောက်ဆောင်၌ နှစ်ပါးစံပယ်တော်မူစဉ် မယ်တော် (လောင်းရှည်မိဖုရား) ဝင်ရောက်လာကြောင်း ပြောပြ၏။ မယ်တော်က နန်းစည်းစိမ်ကို မယူချင်ပါနှင့်၊ ဘုရင်မလုပ်ချင်ပါနှင့်တော့ ညီတော်နောင်တော် နှမတော်များရှိကြသေးလား





စစ်ကြည့်ပါဦးဟုဆိုလျှင် ထိတ်လန့်တုန်လှုပ်သွားပြီး အစည်းအဝေးအမြန်ခေါ်လျက် မထိမ်မဝှက် တင်လျှောက်ကြရန် အမိန့်ပေးခဲ့ရသည်ဆို၏။ ဤတွင်မင်းကြီးများက အချုပ်မှ လွတ်ထွက်ပုန်ကန်လျှင် ဆင်းရဲသား၊ သတ္တဝါအများသေကျေပျက်စီးမည်ကို စိုးရွံ့သဖြင့် သုတ်သင်ရှင်းလင်းပစ်ရပါကြောင်း လျှောက်ကြသည်ဆို၏။

သီပေါမင်းသည် ကျန်ရစ်သော မင်းသားငယ်ငါးပါးအား သင်္ကန်းဝတ်ပေးပြီး ဆရာတော်များထံ အပ်ထားရကြောင်း၊ ရနောင်မင်းသား၏ တစ်နှစ်အရွယ် သမီးကလေးကိုပင် အသက်မသေစေရန် မိန်းမစိုးမောင်မှဲ့အား ခေါ်ယူစေခဲ့ပြီး တောင်တွင်းစစ်ကဲမောင်မြစ် (သခင်ဘသောင်း၏ဖခင်) မယားမိပုံတို့အား ထိန်းသိမ်းထားစေရန် ယခုတိုင် ကြည့်မြင်တိုင်၊ စမ်းချောင်းဘက်တွင် အသက်ရှင်လျက်ရှိကြောင်း ဆိုခဲ့သည်။ ထို့ပြင် ပါတော်မူလုနီးကာလက ရွှေဘိုသို့ ထွက်ခွာသွားမည် စီစဉ်သော်လည်း ကင်းဝန်မင်းကြီးဖျက်၍ ပျက်ရပုံများကိုလည်း မိန့်ဆိုခဲ့၏။ အပါးတော်မြဲ ဦးစံရွှေက သီပေါမင်းပြောသမျှ ကိုယ်တွေ့မှတ်တမ်းများကို ရေးမှတ်ကာ သူရိယသတင်းစာ၌ ထည့်သွင်းဖော်ပြခဲ့၏။ ထို့နောက် ၁၉၃၃ ခုနှစ်တွင် 'ဂီရိရတနာဆောင်းပါးမဟာ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ အပါးတော်မြဲ ဦးစံရွှေ၏ ယင်းမှတ်တမ်းမှာ စိတ်ဝင်စားဖွယ်ကောင်းလှပြီး လူကြိုက်များလှသဖြင့် ၁၉၆၉ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် အုပ်ရေ (၃၀၀၀)၊ ၁၉၇၄ ခုနှစ်တွင် တတိယအကြိမ်အဖြစ် အုပ်ရေ (၄၀၀၀) ရိုက်နှိပ်ခဲ့ရ၏။ မကြာမီကလည်း စတုတ္ထအကြိမ် ထပ်မံရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။

## ယုဝတီပင်းယထွေးနှင့် ပင်းယငွေး

အပါးတော်မြဲ ဦးစံရွှေနှင့် ကြင်ရာတော် ပင်းယမင်းသမီးတို့မှ သားသမီးသုံးဦး ဖွားမြင်ရာ ဦးတင်မောင်မောင်၊ ဒေါ်တင်မမနှင့် ဒေါ်တင်မိမိတို့ ဖြစ်ကြသည်။ ဒေါ်တင်မမသည် နယ်ပိုင်ဝန်ထောက်မင်း ဦးလှနှင့် လက်ဆက်ကာ တင်လေးလှ၊ တင်ထွေးလှ၊ တင်အေးလှ၊ တင်ငွေးလှ၊ တင်မွေးလှဆိုသူ သမီး (၅) ဦးကို ဖွားမြင်ပါသည်။ ဒုတိယသမီး ဒေါ်တင်ထွေးလှမှာ စာရေးဆရာမကြီး ယုဝတီပင်းယထွေးဖြစ်ပြီး ဒေါ်တင်ငွေးလှမှာ ယုဝတီပင်းယငွေး ဖြစ်ပါသည်။ ဒေါ်တင်မမသည် (၂၅၊ ၁၀၊ ၁၉၆၆) တွင် ကွယ်လွန်ခဲ့သည်။

ယုဝတီပင်းယထွေးကို ၁၉၃၀ ပြည့်နှစ်တွင် မန္တလေးမြို့၌ ဖွားမြင်ခဲ့သည်။ ဆရာဦးခင်မောင်မင်းနှင့် စုံဖက်ခဲ့ကြောင်း သိရှိရ၏။ သားသမီး မထွန်းကားဘဲ ယုဝတီပင်းယထွေးသည် အသက် (၇၄) နှစ်အရွယ် ၂၅ ဖေဖော်ဝါရီ ၂၀၀၄ ခုနှစ်တွင် အမှတ် ၁၄၈/A-A ပင်းယနွယ်ခြံ၊ အေဝမ်းလမ်းသွယ်၊ ကိုးမိုင်နေအိမ်၌ ကွယ်လွန်သွား၏။ ယုဝတီပင်းယဌေးမှာမူ အမှတ် (၂) ခြေလျင်တပ်ရင်းမှ ဒုဗိုလ်သိန်းဆွေနှင့် စုံဖက်ခဲ့သည်။

## ပင်းယဌေး၏ စာပေလက်ရာ

ယုဝတီပင်းယဌေးက 'ရတနာဂီရိမှာ' ဆောင်းပါး (ငွေတာရီ ၁၉၈၄ နိုဝင်ဘာ) တွင် အောက်ပါအတိုင်း ရေးသားဖော်ပြထား၏။

> 'ဦးစံရွှေသည် သီပေါမင်းအတွက် အင်္ဂလိပ်အစိုးရထံမှ အခွင့်အရေးများကို နည်းလမ်းကျကျ ရယူပေးခဲ့သည်။ ငြင်းဆန်၍မရသော အခွင့်အရေးများမှာ ရတနာဂီရိ တိုက်နန်းတော်သစ်သို့ ပြောင်းရွှေ့စံရန် တိုက်သစ်တက်မင်္ဂလာပွဲအတွက် ကုန်ကျစရိတ်များ ပေးရခြင်း၊ သမီးတော်များ နားထွင်းမင်္ဂလာကျင်းပ လှူဒါန်းရန်အတွက် စရိတ်ငွေများ၊ တိုက်သစ်တက်မင်္ဂလာပွဲတွင် မြန်မာနိုင်ငံမှ ဘုန်းတော်ကြီးများ၊ မြန်မာ့ဆိုင်းဝိုင်းကြီးနှင့် စိန်ဗေဒါ စသည်တို့ကို ခေါ်ဆောင်ပေးခဲ့သည်။
>
> ထိုသို့ဖြင့် ဦးစံရွှေအား အင်္ဂလိပ်အစိုးရ မျက်စိစပါးမွေးစူးခံခဲ့ရ၏။ 'မြန်မာနိုင်ငံ ပြန်ပါ။ ရာထူးကြီးကြီးပေးမယ်' ဟု ပထမကမ်းလှမ်းခဲ့၏။ ဦးစံရွှေ မပြန်ဟုငြင်းရာ နောက်ပြန်ခဲ့ရ၏။ ဇနီးပင်းယထိပ်တင်၊ သားကြီး တင်မောင်မောင်၊ သမီးတင်မမလေး၊ တင်မိမိလေးတို့နှင့်အတူ မြန်မာနိုင်ငံသို့ ပြန်ခဲ့ရ၏'

❐



# အခန်း (၁၈)

## စံပယ်ပင်ဦးလတ်မှ ဒေါ်ခင်လတ်၊ ညီညီကျော်လတ်သို့

စာရေးဆရာမ ခင်လတ်သည် စံပယ်ပင်ဝတ္ထုဖြင့် ထင်ရှားခဲ့သူ စာရေးဆရာကြီး ဦးလတ်၏မြေးအရင်း ဖြစ်ပါသည်။

## ခင်လတ်၏ မျိုးရိုးဆက်နွယ်

ဒေါ်ခင်လတ်၏ ဖခင်ဘက်မှ မျိုးရိုးဆက်နွယ်မှာ ရွှေဘိုနယ် မန်ကျည်းတုံရွာမှ ဖြစ်ပါသည်။ ဦးလတ်နှင့်ဇနီး ဒေါ်မှုင်တို့မှ ဦးမြင့်ကို ဖွားမြင်ခဲ့၏။ ဦးမြင့်နှင့်ဇနီး ဒေါ်သန်းရွှေတို့မှာ ဒေါ်ခင်လတ်၏မိဘများ ဖြစ်ကြသည်။ ဦးလတ်၏ အစ်မဝမ်းကွဲ ဒေါ်အေးမေသည် စာတော်ပြန်ဝန်ထောက် ဦးဖိုးဖြူနှင့် လက်ဆက်ကာ ဦးတင့်ဆွေကို ဖွားမြင်၏။ ဦးတင့်ဆွေသည် ဦးလတ်၏ တူတော်စပ်သူဖြစ်သည့်အလျောက် 'ရွှေဘိုမောင်လတ်တူ' ဟူသော ကလောင်အမည်ဖြင့် စာပေရေးသားခဲ့သည့်။

ဒေါ်ခင်လတ်၏အဘွား ဒေါ်မှုင်သည် သူဌေးဦးသာဘေး၏သမီး ဖြစ်သည်။ ဦးသာဘေးနှင့်ညီဖြစ်သူ ဦးသာအေးတို့မှာ ယိုးဒယားနန်းတွင်းမင်းမှုထမ်းနွယ်များဖြစ်ကြသည် ဆိုပါသည်။

## ခင်လတ်၏ မျိုးရိုးဆက်နွယ်

ဦးမြတ်စံ + ဒေါ်ထွေး

ဦးလတ် + ဒေါ်မှင်  ဒေါ်အေးမေ + ဦးဖိုးဖြူ

ဦးမြင့် + ဒေါ်သန်းရွှေ  ဦးတင့်ဆွေ (ရွှေဘိုမောင်လတ်တူ)

ဒေါ်ခင်လတ် + ဦးပြည့်စုံ

ခင်မမကျော်  ညီညီကျော်လတ်  ချစ်တိုင်းအောင်

## ဦးလတ်၏ အတ္ထုပ္ပတ္တိ

ဦးလတ်ကို ဦးမြတ်စံနှင့် ဒေါ်ထွေးတို့မှ ၁၈၆၆ ခုနှစ်တွင် ရန်ကုန်မြို့ ပရဆေးတန်း (၂၁ လမ်း) ၌ ဖွားမြင်ခဲ့သည်။ ဖခင်မှာ နေပြည်တော်မှ ကျောက်ရဲမိဖုရား၏ မောင်တော်စပ်ပြီး နန်းတွင်းရေးကြောင့် ရန်ကုန်မြို့သို့ ထွက်ပြေးလာခဲ့ရသည်ဆို၏။ ဦးမြတ်စံက ရန်ကုန်တွင် ငွေပန်းထိမ်ဆရာကြီးအဖြစ် အသက်မွေးခဲ့သည်။ နောင်တွင် ငွေပန်းထိမ်လုပ်ငန်းမှာ ထင်ရှားလာခဲ့သည့်အလျောက် ရွှေတိဂုံထီးတော် တင်လှူရာ၌ ပါဝင်လုပ်ခဲ့ရသည့်နည်းတူ ဒါဘာပွဲအတွက်လည်း ငွေထည်များ ပြုလုပ်ပေးခဲ့ရ၏။

ဦးလတ်သည် ငယ်စဉ်က မြန်မာစာပေကို လိုက်စားခဲ့သည့်နည်းတူ အင်္ဂလိပ်ကျောင်းလည်း တက်ခဲ့သည်။ ထို့နောက် ရာဇဝတ်ဌာန၌ အမှုထမ်းခဲ့ရာ ရာဇဝတ်ဝန်ထောက်တစ်ဦး ဖြစ်လာခဲ့၏။ ရွှေဘို၊ တောင်ငူ၊ ကသာတို့၌ အမှုထမ်းခဲ့ရသည်။ ကသာ၌ ရာဇဝတ်ဝန်ထောက်အဖြစ် အမှုထမ်းစဉ် အငြိမ့်







ဦးလတ်

မင်းသမီး မစန်းကြည်နှင့် ခင်မင်သိကျွမ်းရာမှ မစန်းကြည်အား ပိုးပန်းနေသူ မျက်နှာဖြူအရာရှိ၏ ပယောဂဖြင့် ဗန်းမော်သို့ ပြောင်းရွှေ့ခဲ့ရသည်။ ထိုစဉ် အလုပ်မှ နုတ်ထွက်ကာ ရေနံချောင်းမြို့အနီး ညောင်လှမြို့၌ ဘီအိုစီကုမ္ပဏီ မန်နေဂျာအဖြစ် သွားရောက်လုပ်ကိုင်ခဲ့သည်။

ဦးလတ်နှင့်ဇနီး ဒေါ်မှင်မှ သားမောင်မြင့်ကို ဖွားမြင်ပါသည်။ သူ့ကို တောင်ငူမောင်မောင်၊ ဆန်နီ၊ ကိုကို စသည်ဖြင့် ခေါ်ဆိုကြသော်လည်း ကျောင်းအမည်က မောင်မြင့် ဖြစ်သည်။ ဦးလတ်သည် ညောင်လှ၌ နေထိုင်စဉ်အတွင်း ဝတ္ထုများ စတင်ရေးသားခဲ့သည်။ ယင်းသို့ ရေးသားနေစဉ်အတွင်း၌ပင် ရင်အောင့်ရောဂါ စွဲကပ်လာကာ ၂၀ ရက်၊ မေလ ၁၉၂၁ ခုနှစ်၌ ကွယ်လွန်သွားပါသည်။

## ဦးလတ်၏ စာပေလက်ရာ

ဦးလတ်၏ စာပေလက်ရာများအနက် ပထမဆုံးဝတ္ထုမှာ ၁၉၁၁ ခုနှစ်တွင် ရေးသားခဲ့သည့် 'စံပယ်ပင်' ဝတ္ထုဖြစ်ပါသည်။ ယင်းဝတ္ထုကို ဦးလတ်က အသက် (၄၅) နှစ်အရွယ် ရေနံချောင်း ညောင်လှတွင် ရေးသားခဲ့ခြင်းဖြစ်ပြီး ပုဇွန်တောင် ဧယျာသူရိန်စာပုံနှိပ်တိုက်မှ ၁၉၁၂ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့၏။ ၎င်းစံပယ်ပင်ဝတ္ထုဖြင့်ပင် စာပေနယ်၌ ထင်ရှားလာခဲ့ခြင်း ဖြစ်သည်။

ဦးလတ်၏ စာပေလက်ရာစာအုပ်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ စံပယ်ပင် (၁၉၁၂)

၂။ ရွှေပြည်စိုး (၁၉၁၄)

၃။ သုံးဘုံ

၄။ တစ်နန်းပျော်ရင်သွေးတော်တို့ ဖြစ်ကြ၏။

ဦးလတ်သည် တစ်နန်းပျော်ရင်သွေးတော်ဝတ္ထုကို မြန်မာ့အလင်း သတင်းစာ၌ ထည့်သွင်းရေးသားနေရာမှ တစ်ဝက်တစ်ပျက်ဖြင့် ရပ်ဆိုင်းခဲ့၏။ ဝတ္ထုတွင် ရေနံချောင်းမြို့ မင်းစုရပ်မှ တွင်းစားရိုးများအကြောင်းအပြင် မြင်ကွန်းမင်းသားကြီး၏ အတွင်းရေးများလည်း ပါရှိ၏။ သို့သော် မိတ်ဆွေများက မေတ္တာရပ်ခံသည့်တိုင် ဆက်မရေးတော့ပေ။ မော်ဘီဆရာသိန်းကြီးက တိုက်တွန်းရာ၌ စာပြန်ရာတွင်

'တစ်နန်းပျော် လှလှဖတ်စေဖို့၊ ပြဿဇာတ်ရေးရာ၊ လတာသတ်လေးခမျာမှာ၊ မအေးရာအခွင့်။ သိပဲနဲ့ ချစ်သဟာရယ်၊ ပြစ်ဆာယာဝေးကတင်နှင့်။ ရင်သွေးတော်သန့်မျက်ဖျော်ကို၊ ကန့်ကွက်တော်မူသဖြင့်၊ လန့်ချက်နော် မြူမသင့်တယ်လို့၊ မြူဆင့်ဆင်ခွင့်ပန်။ ဇာတ်လိုက်မယ် အခွင့်ပေးကာမှ၊ ဖင့်မနေးရေးမယ်လို့ကြုံ။ သို့အတွက် လစ်ခုဟာန်ကို၊ ပြစ်မှုဒဏ် ဘယ်မပေးပါနှင့်၊ အမယ်လေးညာ၍ ပလီ၊ နတဲ့မော်ဘီ။ ဤဝတ္ထုဂန္ထမာဆီကို၊ ဒဏ္ဍာရီထင်စမ်းနှင့်လေး' ဟူ၍ ရေးဖွဲ့ခဲ့၏။

## ဦးတင့်ဆွေ သို့မဟုတ် ရွှေဘိုမောင်လတ်တူ

ဦးတင့်ဆွေကို ဦးလတ်၏နှမ ဒေါ်အေးမေနှင့်ခင်ပွန်း စာတော်ပြန် ဝန်ထောက်ဦးဖိုးဖြူတို့မှ ၁၆ ရက် ဇူလိုင်လ ၁၉၀၆ ခုနှစ်တွင် ရန်ကုန်မြို့၌ ဖွားမြင်ပါသည်။ ငယ်စဉ်က အစိုးရဟိုက်စကူးကျောင်းတွင် ပညာဆည်းပူးခဲ့ပြီး ၁၉၂၀ ပြည့်နှစ် တက္ကသိုလ်ကျောင်းသားသပိတ် ပေါ်ပေါက်လာသောအခါ မြို့မကျောင်းသို့ ပြောင်းရွှေ့ ပညာဆည်းပူး၏။ ၁၉၂၅ ခုနှစ် မိဖုရားခေါင်ကြီး စုဖုရားလတ် နတ်ရွာစံလွန်စဉ်က ဝံသာနုအသင်းမှ ကမကထပြုခဲ့ရာတွင် ဦးတင့်ဆွေလည်း အမှုဆောင်ကော်မတီဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ဦးတင့်ဆွေ ဝိဇ္ဇာတန်းအောင်မြင်ပြီးနောက် မြို့မကျောင်း၌ပင် အထက်တန်းပြဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ထိုစဉ်အတွင်း ဥပစာတန်းတက်ကာ ဘီအယ် (B.L) ဘွဲ့ကို ရရှိခဲ့ပါသည်။ ဦးတင့်





ဆွေသည် ၁၉၃၅ ခုနှစ်တွင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်အတွက် ပညာတော်သင်အဖြစ် အနောက်နိုင်ငံများသို့ သွားရောက်ခဲ့ရ၏။ ဤသို့ဖြင့် အင်္ဂလန်၊ စကော့တလန်၊ ဂျာမနီ၊ ပြင်သစ်၊ ဟော်လန်၊ နော်ဝေ၊ ဆွီဒင်စသည့် ဥရောပနိုင်ငံစုံသို့ လှည့်လည် ပညာဗဟုသုတ ရှာဖွေခွင့် ရရှိခဲ့လေသည်။

ဦးတင့်ဆွေ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ မန္တလေးမြို့ နော်မန်ကျောင်း၌ ကျောင်းအုပ်ကြီး ဖြစ်လာပါသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်း ဝါဒဖြန့်ချိရေးမှူးဖြစ်ခဲ့ပြီး စစ်ကြီးပြီးသောအခါ မြို့မကျောင်းဆရာ၊ ဘားမင်းသတင်းစာအယ်ဒီတာချုပ်တာဝန် ထမ်းဆောင်ခဲ့၏။ ၁၉၅၀ ပြည့်နှစ်တွင် သီဟိုဠ် (သီရိလင်္ကာ) သံအမတ်ကြီး ဖြစ်လာပြီး ၁၆ ရက် ဇွန်လ ၁၉၅၃ ၌ ကွယ်လွန်ခဲ့၏။ ဦးတင့်ဆွေ၏ဇနီးအမည်မှာ ဒေါ်ထားရီ ဖြစ်သည်။

## ဦးတင့်ဆွေ၏ စာပေလက်ရာ

ဦးတင့်ဆွေက ကဝိမျက်မှန်ပုံနှိပ်တိုက်ပိုင်ရှင် ဒေါ်အေးမေ၏သားဖြစ်၍ ကဝိမျက်မှန်မဂ္ဂဇင်း၌ ၁၉၂၇ ခုနှစ်တွင် 'တာဏ' ကလောင်အမည်ဖြင့် စုန်း၊ ကဝေ၊ တစ္ဆေဝတ္ထုများ စတင်ရေးသားခဲ့သည်။ ယင်းဝတ္ထုများမှာ မြန်မာဗုဒ္ဓဘာသာဝင်တို့၏ နာမ်လောကအကြောင်း၊ အင်း၊ အိုင်၊ လက်ဖွဲ့များအကြောင်း စိတ်ဝင်စားဖွယ်ရေးသားထားသဖြင့် အလွန်လူကြိုက်များလှ၏။ ထို့နောက် 'ရွှေဘိုမောင်လတ်တူ' ကလောင်အမည်ဖြင့် ရေးသားပြန်၏။ မောင်လတ်တူမှာ 'ဦးလတ်၏တူ' ဟု အဓိပ္ပာယ်ရသကဲ့သို့ စကားလိမ်ဖြင့် မောင်လူတတ်ဟူ၍လည်း ဆိုလိုဟန်ရှိသည်။

ဦးတင့်ဆွေ၏ ထင်ရှားသော စာအုပ်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ လန်ဒန်ဆောင်းပါး

၂။ ရင်သွေး

၃။ ၂၄ နာရီ

၄။ ကလေးလောက စသည်တို့ ဖြစ်ကြသည်။

ဦးတင့်ဆွေ၏လက်ရာ 'ကစားစရာ' ဆောင်းပါးတွင် 'ကလေးမှန်လျှင် ပြေးရမည်၊ လွှားရမည်၊ ခုန်ရမည်၊ ပေါက်ရမည်၊ အော်ရမည်၊ ဟစ်ရမည်။ လူကြီးတွေ နေ့လယ်အချိန် အပျင်းပို၍ အိပ်နေစဉ် ကလေးပီသသော ကလေးတို့သည် လူကြီးတွေ အိပ်ရာက လန့်နိုးအောင် ဆူဆူညံညံ ကစားကြရမည်။

လူကြီးတွေ ကျေနပ်အောင် ငြိမ်နေသောကလေးမျိုးသည် ကောင်းသောကလေးမျိုးမဟုတ်။ ဤကလေးမျိုး ကြီးလာလျှင် လူလိမ်လူညာဖြစ်တတ်သည်။ ကလေးစစ်လျှင် လူကြီးကို စိတ်ညစ်အောင် လုပ်ရမည်။ ကလေးတို့၏ တာဝန်ဝတ္တရားမှာ ကစားရန်၊ စားရန်၊ သောက်ရန်၊ အိပ်ရန်ပင် ဖြစ်ပါသည်။ ကစားပါစေ၊ ပျော်ပါစေ။ သူတို့အတွက် ကစားမှုသည် ထမင်းစားသည့်ကိစ္စ၊ အိပ်သည့်ကိစ္စလောက်ပဲ အရေးကြီးပါသည်' ဟူ၍ ရေးသားထား၏။

## ဒေါ်ခင်လတ်၏ အတ္ထုပ္ပတ္တိ

ဒေါ်ခင်လတ်က ဦးလတ်၏မြေးအရင်း ဖြစ်သည်။ ဒေါ်ခင်လတ်ကို ၆ ရက်၊ ဇူလိုင်လ ၁၉၂၈ ခုနှစ်တွင် သန်လျင်မြို့၌ ဦးမြင့်၊ ဒေါ်သန်းရွှေတို့မှ ဖွားမြင်ခဲ့သည်။ အမည်ရင်းက ဒေါ်လှလှဖြစ်သော်လည်း ကလောင်အမည် 'ခင်လတ်' ဟု ခံယူခဲ့သည်။ မွေးချင်း ခုနစ်ယောက်အနက် တတိယမြောက်သမီး ဖြစ်သည်။

ခင်လတ်သည် ငယ်စဉ်က ဆရာဦးထွန်းလှကျောင်းတွင် ပဥ္စမတန်းအထိ ပညာဆည်းပူးခဲ့၏။ ထို့နောက် သန်လျင်အစိုးရ အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ကာ နဝမတန်း အောင်မြင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ ဆုမွန်မေ ကလောင်အမည်ဖြင့် ကဆုန်ညောင်ရေသွန်းကဗျာကို စတင်ရေးသားခဲ့၏။ ထို့နောက် ခင်လတ် (သန်လျင်) ကလောင်အမည်ဖြင့် ဝတ္ထုဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် သွေးသောက်ဦးပြည့်စုံနှင့် လက်ထပ်ခဲ့သည်။

ခင်လတ် ခေါ် ဒေါ်လှလှသည် ၂၉ ရက်၊ ဇူလိုင်လ ၁၉၈၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့၏။ ခင်ပွန်းဦးပြည့်စုံနှင့် သမီးတစ်ယောက်၊ သားနှစ်ယောက် ထွန်းကားခဲ့သည်။ ဦးပြည့်စုံနှင့် ဒေါ်ခင်လတ်တို့မှ ခင်မမကျော် (မေလတ်–ရက္ခဗေဒ)၊ ချစ်တိုင်းအောင်၊ ညီညီကျော်လတ်တို့ကို ဖွားမြင်ပါသည်။

## ခင်လတ်၏ စာပေလက်ရာ

ဒေါ်လှလှသည် ၁၉၅၉ ခုနှစ်၊ မတ်လထုတ် သွေးသောက်မဂ္ဂဇင်းပါ 'လပြည့်ညရဲ့စစ်မြေပြင်' ဝတ္ထုမှ စတင်ကာ 'ခင်လတ်' အမည်ကို ယူခဲ့၏။ ဝတ္ထုများအပြင် ပြည့်စုံရုပ်ရှင်အတွက် ဇာတ်ညွှန်းများကိုလည်း ရေးသားခဲ့သည်။ ဇာတ်ညွှန်းများအနက် ဖြေနိုင်ပေါင်ရုပ်ရှင်ဇာတ်ညွှန်းမှာ ထင်ရှားပါသည်။ ထို့ပြင် စာအုပ်ဝေဖန်ချက်များကို မေမေခင်အမည်ဖြင့် ရေးသားခဲ့၏။





ခင်လတ်၏ လက်ရာစာအုပ်အချို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ပဒုမ္မာကြာပွင့် (၁၉၅၃)

၂။ ပန်းပဒေသာ (၁၉၆၂)

၃။ မိုး (၁၉၆၃)

၄။ ရေစီးကြောင်းကလေး (၁၉၆၄)

၅။ ဖြေနိုင်ပေါင် (၁၉၆၇) စသည်တို့ ဖြစ်ကြသည်။

ဒေါ်ခင်လတ်နှင့် ခင်ပွန်း ဦးပြည့်စုံတို့၏သား ညီညီကျော်လတ်သည်လည်း စာပေနယ်၌ ထင်ရှားခဲ့သည့် လူငယ်စာရေးဆရာတစ်ဦး ဖြစ်သည်။

## ညီညီကျော်လတ်၏ စာပေလက်ရာ

ဦးပြည့်စုံနှင့် ဒေါ်ခင်လတ်တို့၏ သားသမီးသုံးဦးအနက် သားလတ်ဖြစ်သည်။ ညီညီကျော်လတ်သည် စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာလည်းဖြစ်ပြီး ရုပ်ရှင်မဂ္ဂဇင်း၊ ရုပ်ရှင်သတင်းစဉ်ဂျာနယ်တို့၏ အယ်ဒီတာလည်း ဖြစ်သည်။ အသက် (၄၈) နှစ်အရွယ် ၂၅ မေ ၂၀၀၄ ခုနှစ်တွင် ကွယ်လွန်ပါသည်။

ဆရာညီညီကျော်လတ်၏ စာပေလက်ရာများအနက် ကောင်းသတင်း (Good News) ဂျာနယ် အတွဲ (၁)၊ အမှတ် (၆၉) (၃၊ ၆၊ ၂၀၀၄) တွင် ဖော်ပြထားသည့် 'အနှစ်ငါးဆယ်' ဆောင်းပါးပါ စာပိုဒ်တစ်ပုဒ်ကို အောက်ပါအတိုင်း တွေ့ရှိရ၏။

'ကိုယ့်သမိုင်း ကိုယ်ရေးတယ်ဆိုတဲ့စကားကို ငါ လက်မခံဘူး။ ငါတို့မရှိရင် ငါတို့အကြောင်းကို နောက်လူတွေ ရေးလိမ့်မယ်။ ငါလည်း ရုပ်ရှင်သတင်းစာ (အယ်ဒီတာချုပ် စိုးရွှေလက်ထက်ကနေ အခု ကိုအေးကြူလေးလက်ထက်အထိ) မှာ ရုပ်ရှင်လောကအကျိုးရှိကြောင်း စိုက်လိုက်မတ်တတ်ရေးလာတာပဲ။ ဒါပေမဲ့ 'ငါပစ်တာကွ' လို့ ဘယ်တော့မှ မကြွေးကြော်ဘူး။ ငါ ဘာတွေရေးခဲ့တယ်ဆိုတာ နောက်လူတွေ သုတေသနပြုကြလိမ့်မယ်။ ကိုယ် ဘာတွေလုပ်ခဲ့သလဲ။ ဘယ်လောက် ကြိုးစားရသလဲဆိုတာကို ငါ ရေးပြစရာမလိုဘူး" ဟူ၍ ဖြစ်ပါသည်။ ဤစာက မိတ်ဆွေဖြစ်သူ ဆရာမြတ်ခိုင်ထံ ပေးပို့ခဲ့သည့်စာ ဖြစ်ပါသည်။ ဆရာညီညီကျော်လတ်သည် အိမ်ထောင်မရှိဘဲ ညီညီ (စီးပွားရေး) ဟူသော ကလောင်အမည်ဖြင့်လည်း စာရေးသားလေ့ရှိ၏။

❐

## အခန်း (၁၉)

## ရှိတ်အဗ္ဗဒူရာမန်မှ ဒဂုန်ပဦးဘတင်သို့

မြန်မာစာပေလောကအတွင်းသို့ တစ်ထောင့်တစ်ညပုံပြင် ခေါ် ပသီပုံပြင်များကို စတင်မိတ်ဆက်ဆောင်ယူလာခဲ့သူကား ရှိတ်အဗ္ဗဒူရာမန် ခေါ် ဦးဖိုးသာဇံ ဖြစ်ပါသည်။ ဖိုးသာဇံ၏သားဖြစ်သူ စာပေမျိုးဆက်သည်ကား ဒဂုန်ပ ဦးဘတင်ပင် ဖြစ်၏။

### ဒဂုန်ပဦးဘတင်၏ မျိုးရိုးဆက်နွယ်

ပသီလူမျိုး ဒေါက်တာရာဟင်ကောက်မှာ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားစဉ်က ဗြိတိသျှတပ်များနှင့်အတူ မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သူဖြစ်၏။ ဒေါက်တာရာဟင်ကောက်သည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတစ်ဦးဖြစ်သော သရက်မြို့သူ ဒေါ်သက်နှင့် စုံဖက်ကာ ရှိတ်အဗ္ဗဒူရာမန် ခေါ် ဦးဖိုးသာဇံကို ဖွားမြင်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ဦးဖိုးသာဇံသည် သရက်မြို့ဝန်၏သမီး ဒေါ်ယုနှင့် လက်ဆက်ကာ ဒဂုန်ပဦးဘတင်ကို ဖွားမြင်ခဲ့သည်။

### ရှိတ်အဗ္ဗဒူရာမန်၏ အတ္ထုပ္ပတ္တိ

ရှိတ်အဗ္ဗဒူရာမန် (S.A Rahman) ခေါ် ဦးဖိုးသာဇံကား ဖခင်ကဲ့သို့ပင် ဆရာဝန်တစ်ဦး ဖြစ်၏။ ဦးဖိုးသာဇံကို ၁ ရက် ဇန်နဝါရီလ ၁၈၇၀ ပြည့်နှစ်တွင် ဒေါက်တာရာဟင်ကောက်နှင့် ဒေါ်သက်တို့က ဖွားမြင်ပါသည်။ ထို့ကြောင့်





### ဒဂုန်ပဦးဘတင်၏ မျိုးရိုးဆက်နွယ်

ဒေါက်တာရာဟင်ကောက် + ဒေါ်သက်

ရှိတ်အဗ္ဗဒူရာမန် (ခ) ဦးဖိုးသာဇံ + ဒေါ်ယု

ဦးဘတင်

ရှိတ်အဗ္ဗဒူရာမန်သည် မြန်မာမွတ်စလင်တစ်ဦး ဖြစ်၏။ သူသည် အသက် (၁၄) နှစ်သားအရွယ်တွင် ရန်ကုန်မြို့ ဟိုက်စကူးကျောင်းမှ (၇) တန်း အောင်မြင်ခဲ့၏။ ထို့နောက် အိန္ဒိယနိုင်ငံ မဒရပ်မြို့ ဆေးကျောင်း၌ (၄) နှစ် ဆက်လက်ပညာဆည်းပူးခဲ့သည်။ သို့ဖြင့် ၂၅ ရက် ဇူလိုင်လ ၁၈၈၅ ခုနှစ်တွင် ဆေးရုံလက်ထောက်တစ်ဦး ဖြစ်လာပါသည်။

ဆေးကျောင်းမှ ဆင်းလာပြီးနောက် ထိုင်းနယ်စပ်ကော်မရှင်၌ ဝင်ရောက်အမှုထမ်းသည်။ ဆေးသိပ္ပံသို့ ဆက်လက်တက်ရောက်ရန်မှာ အရည်အချင်းထပ်မံတိုးမြှင့်ပေးရန် လိုအပ်သည့်အလျောက် ဦးဖိုးသာဇံသည် အလုပ်မှခွင့်ယူကာ ပညာဆက်လက်ဆည်းပူးပြန်၏။ သို့ဖြင့် အက်ဖ်အေ (F.A) စာမေးပွဲအောင်မြင်ကာ အင်္ဂလန်သို့ ဆေးပညာသွားရောက်သင်ယူခဲ့သည်။ ဗြိတိသျှနိုင်ငံဆေးပညာဒီဂရီကို ရရှိခဲ့ပြီးနောက် ၁၉၀၅ ခုနှစ်တွင် ခရိုင်ဆရာဝန်ကြီးအဆင့်တိုးမြှင့်ပေးခြင်းခံရ၏။ ယင်းရာထူးဖြင့်ပင် သုံးခွ၊ ရမည်းသင်း၊ ရွှေဘို၊ ဖျာပုံ၊ ကသာ၊ အောက်ချင်းတွင်းခရိုင်တို့၌ အမှုထမ်းခဲ့၏။

အဗ္ဗဒူရာမန်သည် ၁၉၀၇ ခုနှစ်တွင် ဟံသာဝတီခရိုင်၌ ကျောက်ရောဂါတိုက်ဖျက်ရေးတာဝန် ယူခဲ့ရသည်။ ထို့ပြင် ရန်ကုန်မြူနီစီပယ်မှ ကြီးမှူးသည့် ပလိပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် လုပ်ဆောင်ခဲ့သည်။ ဒေါက်တာ ရှိတ်အဗ္ဗဒူရာမန်ကား အသက် (၄၇) နှစ်အရွယ် ၂၉ ရက် ဇူလိုင်လ ၁၉၁၆ ခုနှစ်တွင် ပြင်ဦးလွင်၌ ကွယ်လွန်သွား၏။ ဇနီး ဒေါ်ယုနှင့် သား မောင်ဘတင်တို့ ကျန်ရစ်ပါသည်။

## ရှိတ်အဗ္ဗဒူရာမန် ခေါ် ဦးဖိုးသာဇံ၏ စာပေလက်ရာ

ရှိတ်အဗ္ဗဒူရာမန်သည် မြန်မာမွတ်စလင်တစ်ဦး ဖြစ်သော်လည်း မြန်မာစာ မြန်မာမှုကို ခုံမင်နှစ်သက်ပါသည်။ သူက ဣန္ဒာဝံသ၊ ရာမဇာတ်များ၊ မြန်မာ ရာဇဝင်၊ ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့ စသည်များကိုလည်း အဆက်မပြတ် လေ့လာ၏။ ဤသို့ဖြင့် တစ်ထောင့်တစ်ညပုံပြင် ခေါ် ပသီပုံပြင်များကို မြန်မာ ဘာသာသို့ ပြန်ဆိုဖြစ်ခဲ့သည်။

ပသီပုံပြင်များမှာ Arabian Nights Entertainment (အာရေဗျညများ၌ ဖျော်ဖြေရန်ဝတ္ထု) ကို မြန်မာဘာသာသို့ ပြန်ဆိုထားခြင်းဖြစ်ပြီး ၁၈၉၆ ခုနှစ်၌ 'ပသီပုံပြင်ဝတ္ထုကြီးအကျယ် ပထမတွဲ' ဟူ၍ ပေါ်ထွက်လာခဲ့သည်။ စာအုပ်အရွယ်မှာ ၈ ၁/၂ လက်မ x ၅လက်မ ရှိပြီး စာမျက်နှာ (၆၆၁) မျက်နှာပါရှိ၏။ အဖုံးတွင်လည်း ကတ်ထူပြားပေါ်၌ အဝတ်နီဖြင့် ဖုံးအုပ်ကာ စာအုပ်အမည်ကို ရွှေစာလုံးများနှင့် ရိုက်နှိပ်ထားသည်။ တန်ဖိုးငွေက (၅) ကျပ်ဖြစ်၏။ ပုံပြင်အားလုံးမှာ (၃၈) ပုဒ် ရှိပါသည်။ ထူးခြားချက်တစ်ရပ်မှာ ရှိတ်အဗ္ဗဒူရာမန်သည် မွတ်စလင် ဘာသာဝင်တစ်ဦး ဖြစ်သော်လည်း စာအုပ်ကို 'နမောတဿ ဘဂဝတော၊ အရဟတော သမ္မာ သမ္ဗုဒ္ဓဿ' ဖြင့် စတင်ထားခြင်း ဖြစ်သည်။

စာအုပ်ထွက်ပေါ်လာပြီးနောက် လူကြိုက်များလှသော်လည်း ဈေးကြီးလွန်းသဖြင့် စာဖတ်သူများ အခက်ကြုံခဲ့ရသည်။ သို့ဖြင့် ပုံပြင် (၈) ပုဒ်ကို ရွေးထုတ်ကာ (၁) ကျပ်တန်စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေလိုက်လေသည်။ ယင်းစာအုပ်မှာ ပညာရေးဌာန၏ ပြဋ္ဌာန်းစာအုပ် ဖြစ်လာခဲ့ပါသည်။ စာအုပ်တွင် The Arabian Nights Reader by S.A Rahman ဟု အင်္ဂလိပ်ဘာသာဖြင့် စာတန်းထိုးထားပြီး မြန်မာဘာသာဖြင့်မူ 'ပသီပုံပြင်ဝတ္ထုကြီး' ဟု ဖော်ပြထားပါသည်။ ၁၈၉၉ ခုနှစ်တွင် ဗြိတိသျှဘားမားပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ခြင်းဖြစ်၏။ ပုံပြင် (၈) ပုဒ်မှာ (၁) အလီဘာဘာနှင့် ဓားပြကြီး လေးကျိပ်တို့အကြောင်း၊ (၂) ကမာရက်ဇမန်မင်းသားနှင့် ပဒေါင်းရာမင်းသမီး၏အကြောင်း၊ (၃) ဆင်းတဘက်နှင့် သူဆင်းရဲကူလီ၏အကြောင်း၊ (၄) အာလာဒင်နှင့် ဣစ္ဆာသယမှန်အိမ်အကြောင်း၊ (၅) ကြေးဝါမြို့ကြီး၏အကြောင်း၊ (၆) ညီမငယ်အား မနာလိုဝန်တိုခြင်းဖြစ်ကြသော ညီအစ်မတို့၏အကြောင်း၊ (၇) မဟာမက်မင်းသားနှင့် ဘရီတနောင်မင်းသမီး၏အကြောင်း စသည်တို့ ဖြစ်ကြသည်။





ပသီပုံပြင်များကို ၁၉၀၆ ခုနှစ်မှ ၁၉၀၉ ခုနှစ်အတွင်း အတွဲ (၄) တွဲကို ခွဲ၍ ထုတ်ဝေခဲ့ပြီး ၁၉၇၇ ခုနှစ်၌ စုစည်းပုံနှိပ်ထုတ်ဝေခဲ့သည်။ ဒေါက်တာ ရှိတ်အဗ္ဗဒူရာမန် ခေါ် ဦးဖိုးသာဇံသည် ပသီပုံပြင်စာအုပ်ကိုသာမက 'ပထမသူနာပြုသင်တန်းစာ' ကိုလည်း ပြုစုခဲ့ပါသေးသည်။ သို့သော် ယင်းစာမူက အပြီးမသတ်ဖြစ်ခဲ့ပေ။ မည်သို့ဆိုစေကာမူ တစ်ထောင့်တစ်ညပုံပြင် ခေါ် ပသီပုံပြင်များကို မြန်မာစာဖတ်ပရိသတ်နှင့် ပထမဆုံး မိတ်ဆက်ပေးခဲ့သူ ဦးဖိုးသာဇံအား လေးစားဖွယ်ကောင်းလှ၏။ ၁ ရက် ဩဂုတ်လ ၁၉၁၆ ခုနှစ်ထုတ် ရန်ကုန်ဂေဇက် သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားရာ၌ 'ဒေါက်တာရာမန် ကွယ်လွန် အနိစ္စရောက်ခြင်းကြောင့် မြန်မာပြည်သူအပေါင်းမှာလည်း တတ်ကျွမ်းသော သမားတော်ကောင်းတစ်ယောက်နှင့် တာဝန်သိသိ ဖွဲ့ရှိရှိ ဆောင်ရွက်တတ်သော ပုဂ္ဂိုလ်တစ်ဦး ဆုံးရှုံးကြလေသည်' ဟူ၍ ပါရှိပါသည်။

## ဒဂုန်ပဦးဘတင်

ပသီပုံပြင် စတင်ဘာသာပြန်ဆိုရေးသားခဲ့သူ ရှိတ်အဗ္ဗဒူရာမန်၏ စာပေအမွေကို သားဖြစ်သူ ဦးဘတင်က ဆက်ခံပါသည်။ ဦးဘတင်ကို ဦးဖိုးသာဇံ ခေါ် ဒေါက်တာ ရာမန်နှင့် ဒေါ်ယုတို့မှ ၉ ရက် ဧပြီလ ၁၈၉၄ ခုနှစ်၌ ဖွားမြင်ပါသည်။ ဦးဘတင်သည် အသက် (၁၇) နှစ်အရွယ် ၁၉၁၄ ခုနှစ်တွင် ရန်ကုန်ကောလိပ်၌ ပညာသင်ကြားခဲ့ပြီး ၁၉၁၆ ခုနှစ်တွင် အစိုးရနော်မံ ကျောင်းမှ စက္ကင်ဒရီဆရာဖြစ်စာမေးပွဲကို မြန်မာတစ်နိုင်ငံလုံး ဒုတိယဖြင့် အောင်မြင်ခဲ့၏။ ထို့နောက် ပျဉ်းမနားမြို့ အေဘီအမ်ကျောင်းနှင့် ရန်ကုန်စိန်ပေါကျောင်းတို့တွင် ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ပထမတက္ကသိုလ်ကျောင်းသား သပိတ်၌လည်း ပါဝင်ခဲ့ဖူးပါသည်။ ဒဂုန်ပဟူသောဘွဲ့မည်မှာ ကောလိပ်နေစဉ်က ဝိဇယပြဇာတ်တွင် ဒဂုန်ပလုပ်၍ ကခဲ့ဖူးသောကြောင့်ဖြစ်၏။

ဦးဘတင်သည် အဆိုအကဝါသနာပါသူဖြစ်ပြီး ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်း ဇာတ်ကားပေါင်းများစွာကို ရိုက်ကူးခဲ့သည်။ မိမိ၏ ရုပ်ရှင်လောက အတွေ့အကြုံများကို စစ်မဖြစ်မီကပင် ကဝိမျက်မှန် မဂ္ဂဇင်း၌ လစဉ်ရေးသားခဲ့ရာ ၁၉၃၀ ပြည့်နှစ် မေလတိုင်ဖြစ်ပါသည်။ နိုင်ငံရပ်ခြား တိုင်းပြည်များသို့လည်း အကြိမ်ကြိမ်သွားရောက်ခဲ့ရဖူး၏။ ၅ ရက် ဇွန်လ ၁၉၆၁ ခုနှစ်တွင် ဦးဘတင် ကွယ်လွန်ပါသည်။ အိမ်ထောင်နှစ်ဆက်ရှိရာ၌ ပထမအိမ်ထောင်

ဒေါ်အမာမှ ဒဂုန်ပဦးမြတ်သောင်းကို ဖွားမြင်ပါသည်။ ဒုတိယအိမ်ထောင် ဒေါ်လှိုင်နှင့် သားသမီး မထွန်းကားခဲ့ပေ။

ဒဂုန်ပဦးဘတင်နှင့်ဇနီး ဒေါ်ခင်ကြည်ကြည်တို့မှ မဇေကြိုင်၊ ခင်ခင်ငြိမ်း နှင့် ခင်မြတ်မေတို့ကို ဖွားမြင်ခဲ့၏။ နောက်ဆုံး နေထိုင်ခဲ့သော နေရပ်လိပ်စာမှာ ရန်ကုန်မြို့၊ ဘုန်းကြီးလမ်း၊ လမ်းသစ်ရိပ်သာ၊ တိုက်နံပါတ် (၈)၊ အခန်း (၁၃) ဖြစ်သည်။

## ဒဂုန်ပဦးဘတင်၏ စာပေလက်ရာ

ဒဂုန်ပဦးဘတင်သည် လူထုပညာရေးကောင်စီ၌ လက်ထောက်အုပ်ချုပ်ရေးမှူး အဖြစ် အလုပ်လုပ်ကိုင်ခဲ့ပြီး အငြိမ်းစားယူချိန်၌ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဆောင်းပါးအမြောက်အမြားကို ရေးသားပြုစုခဲ့သည်။ ဒဂုန်ပဦးဘတင်၏ လက်ရာ စာအုပ်စာတမ်းအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ဒဂုန်ပအသံ မြန်မာမှု (၁၉၅၁)

၂။ ယဉ်ကျေးမှုပေါင်းကူးတံတား (၁၉၆၁)

၃။ ကျွန်ုပ်နှင့် မြန်မာ့ရုပ်ရှင်လောက (၁၉၆၇) တို့ ဖြစ်ကြသည်။

❒



## ကျမ်းကိုးစာရင်း

၁။ ကံဆက်၊ ကသာ – 'ငေါင်းဆိုသော သတ္တဝါ' စာပေလုပ်သား၊ ၁၉၈၅ ဇန်နဝါရီ

၂။ ကံဆက်၊ ကသာ – 'အချုပ်တန်းဆရာဖေနှင့် ဝန်စာရေးကြီး ဦးထွန်းဝ' ရှုမဝ၊ ၁၉၈၄ ဒီဇင်ဘာ

၃။ ကောင်း၊ ဦး (ကင်းဝန်မင်းကြီး) – ကင်းဝန်မင်းကြီး ကဗျာစု၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀ ဧပြီ

၄။ ကျော်သန်းမြင့် (ဗန်းမော်) – 'သမိုင်းဖြစ်စဉ်ထဲက ဒဂုန်ခင်ခင်လေး'၊ ရနံ့သစ်၊ ၂၀၀၂ ဖေဖော်ဝါရီ

၅။ ကျော်သန်းမြင့် (ဗန်းမော်) – 'သမိုင်းဖြစ်စဉ်ထဲက ပန်းသာခင်ဖူး' နှလုံးအိမ်၊ ၂၀၀၅ အောက်တိုဘာ

၆။ ကြီး၊ ဦး၊ ဝန်စာရေး – 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း' (ပထမအုပ်) ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၀

၇။ ကြူရတနာ မောင်မြကြိုင် – ကောက်သင်းစာ၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၉၄

၈။ ချစ်ဖေ၊ မောင် (မဟာဝိဇ္ဇာ) – တွင်းသင်းစာဆို၊ ရန်ကုန်၊ သတင်းဂျာနယ်ပုံနှိပ်တိုက်၊ ၁၉၇၅ နိုဝင်ဘာ

၉။ စောမုံညင်း – မြန်မာအမျိုးသမီး၊ ရန်ကုန်၊ သီဟပုံနှိပ်တိုက်၊ ၁၉၇၆ မေ

၁၀။ စံရွှေ၊ ဦး (အပါးတော်မြဲ) – ဂီရိရတနာဆောင်းပါးမဟာ၊ သီပေါမင်းတရား အတွင်းရေးများ၊ ရန်ကုန်၊ ကျော်ဝင်းဆွေပုံနှိပ်တိုက်၊ ၁၉၇၄ ဇန်နဝါရီ

၁၁။ စိုးညွန့်၊ ဦး၊ ရာပြည့် – ၂၀ ရာစု မြန်မာစာရေးဆရာ (၁၀၀) ရန်ကုန်၊ ရာပြည့်အော့ဖ်ဆက်၊ ၂၀၀၅ ဇူလိုင်။

၁၂။ စိန်မောင်ဦး၊ ဦး – 'ဒေါ်ခင်မျိုးချစ်တို့ မျိုးရိုးနှင့် အတွင်းဝန် ဦးပေါ်ဦး'၊ ရနံ့သစ်၊ ၁၉၉၉၊ ဇွန်လ

၁၃။ ဇေယျာအောင်သျှင်ဆရာ – ဦးသြနှင့် နိမိတ်၊ ဝေဒမဂ္ဂဇင်း၊ ၁၉၈၄၊ အောက်တိုဘာ

၁၄။ တော်ဘုရားကလေး (အောင်ဇေ) – ရတနာပုံ၊ ရတနာဂီရိ၊ ရတနာသိခ် (၁၂)၊ ချယ်ရီ၊ ၁၉၉၅၊ ဒီဇင်ဘာ

၁၅။ တက်တိုး – 'မွေခံထိုက်စေ'၊ စစ်ပြန်၊ ၁၉၉၈ မေ၊

၁၆။ တင်၊ ဦး ပုဂံဝန်ထောက်မင်း – ကဗျာဗန္ဓသာရကျမ်း ရန်ကုန်၊ မြန်မာပြည်စာအုပ်တိုက်၊ ၁၉၆၉

၁၇။ တင်ရွှေ၊ ဆရာဝန် – 'အမျိုးသားရေးနှင့် မြန်မာ့ဆေးပညာရှင်များ'၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၉၈

၁၈။ ထီးချိုင့်နတ်စိုး – 'စုဖုရားကြီးလက်ရာကျမ်းရွှေစာ' ငွေတာရီ၊ ၁၉၇၃၊ စက်တင်ဘာ

၁၉။ ဒဂုန်ခင်ခင်လေး – မြဝတီမင်းကြီးဦးစ၏ မြဝတီစာစုနှင့် သီချင်းစု၊ ရန်ကုန်၊ ဖွဲ့ပုံနှိပ်တိုက်၊ ၁၉၆၇





၂၀။ ဒဂုန်ခင်ခင်လေး – 'မိုင်းကိုင်မြို့စားဦးရန်'၊ သွေးသောက် ၁၉၈၉၊ ဇူလိုင်

၂၁။ ဒဂုန်ခင်ခင်လေး – 'မြဝတီမင်းကြီးဦးစ၏ နှမ' ငွေတာရီ၊ ၁၉၆၇၊ ဒီဇင်ဘာ

၂၂။ ဒဂုန်ခင်ခင်လေး – ဝက်မစွတ်အတ္ထုပ္ပတ္တိနှင့် စာပေများ၊ ရန်ကုန်၊ စည်ပင်သာယာပုံနှိပ်တိုက်၊ ၁၉၇၉၊ သြဂုတ်

၂၃။ နေထွတ် – မန္တလေးအဘိဓာန်၊ မန္တလေး၊ ကြီးပွားရေးပုံနှိပ်တိုက်၊ ၁၉၉၉

၂၄။ မေတင်ထွဋ်၊ ဒေါ် – အမုန်တရား ဒဿနဆောင်းပါး၊ ရန်ကုန်၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်၊ ၂၀၀၃ ဇွန်၊

၂၅။ မဲ၊ မောင် – 'မိုင်းခိုင်းအတွင်းဝန် အရိုးဂူ ကျောက်စာ'၊ ရတနာမွန်မဂ္ဂဇင်း

၂၆။ မောင်မောင်စိုးတင့်၊ ဦး – ကင်းဝန်မင်းကြီး၏မြစ် မြန်မာသံအမတ်ကြီး၊ ရန်ကုန်၊ ရွှေပြည့်စုံပုံနှိပ်တိုက်၊ ၁၉၉၉၊ ဇွန်လ

၂၇။ မောင်မောင်သွင် – 'မန်းသူရိယနှင့် ကျွန်တော်' မန္တလေးသူရိယ ဦးထွန်းရင် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် (၂) ရန်ကုန်၊ ရှမဝပုံနှိပ်တိုက်၊ ၁၉၉၄၊ ဒီဇင်ဘာ

၂၈။ မောင်မောင်သွင် – 'ဝန်စာရေးဦးကြီး'၊ ငွေတာရီ၊ ၁၉၆၈၊ သြဂုတ်

၂၉။ မောင်မောင်တင်၊ ဦး (မဟာဝိဇ္ဇာ) – 'မင်းတုန်းမင်း၏ တေးထပ်သုံးပုဒ်' စစ်ပြန်၊ ၁၉၈၃၊ ဖေဖော်ဝါရီ

၃၀။ မောင်မောင်တင်၊ ဦး (K.S.M,A.T.M) – ရွှေနန်းသုံးဝေါဟာရအဘိဓာန်၊ ရန်ကုန်၊ ဗုဒ္ဓဘာသာအဖွဲ့ပုံနှိပ်တိုက်၊ ၁၉၇၅၊ ဒီဇင်ဘာ

၃၁။ မြမြစိုး – 'ဦးမောင်မောင်ကလေး၏ အတုလ ကုမ္မာပြဇာတ်လေ့လာချက်' မဟာဝိဇ္ဇာ (မြန်မာစာ)၊ ကျမ်းပြုစာတမ်း၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၉၅၊ မေလ။

၃၂။ မြန်–စာ–ပြန့် – စိတ္တကျော်သူ၊ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်၊ ၁၉၇၁

၃၃။ မုံရွာစန်းမောင် – 'တောပန်းကလေး ပွင့်နေပါသည်' ရတနာမွန်မဂ္ဂဇင်း၊ ၂၀၀၁၊ မေ

၃၄။ မုံရွာစန်းမောင် – ထူးဆန်းအံ့ဖွယ် ဗဒုံနယ်၊ ရန်ကုန်၊ ဗမာအမျိုးသမီးပုံနှိပ်တိုက်၊ ၁၉၉၂၊

၃၅။ မော်ဘီဆရာသိန်း – ပညာရှိကြီးများအကြောင်း၊ ရန်ကုန်၊ အောင်မိတ်ဆက်စာပုံနှိပ်တိုက်၊ ၁၉၆၆၊ တတိယအကြိမ်

၃၆။ ယုဝတီပင်းယဌေး – 'ရတနာဂီရိမှာ' ငွေတာရီ၊ ၁၉၈၄၊ နိုဝင်ဘာ

၃၇။ ရွှေဘိုမိမိကြီး – မင်းလက်ဝါး၊ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ၁၉၇၉

၃၈။ ရွှေဘိုမိမိကြီး – လက်ဝဲသုန္ဒရအမတ်၏ မွေးရပ်မြေ၊ ငွေတာရီ၊ ၁၉၈၅၊ နိုဝင်ဘာ

၃၉။ လူညွန့်၊ ဦး၊ ကနီ – ဦးကျော်လှ၏ သံချိုကဗျာများ၊ ရန်ကုန်၊ သန်းထိုက်ရတနာ ပုံနှိပ်တိုက်၊ ၁၉၆၃။

၄၀။ လင်းယုန်မောင်မောင် – နှစ်ပေါင်း (၇၀) ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ၊ စတိုင်သစ်၊ ၁၉၉၁၊ အောက်တိုဘာ

၄၁။ လင်းယုန်မောင်မောင် – 'ကင်းဝန်မင်းကြီး ဦးကောင်း၏ စာအုပ်ကောင်းတစ်အုပ်' ပန်းတို့ပွဲ (ပါမောက္ခနိုင်ပန်းလှ ၇၅ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်)





ရန်ကုန်၊ ကလျာအော့ဖ်ဆက်၊ ၁၉၉၈၊ အောက်တိုဘာ

၄၂။ လှပိုင်၊ ဦး၊ လယ်တီ – စတုဘုမ္မိက မဂ္ဂင်သာသနာဝင်သမိုင်း ရန်ကုန်၊ ကျော်ဝင်းဆွေပုံနှိပ်တိုက်၊ ၁၉၇၆၊ နိုဝင်ဘာ

၄၃။ သုတမောင် – စာဆိုတော်များအတ္ထုပ္ပတ္တိ၊

၄၄။ သူ့မောင်၊ တက္ကသိုလ် – သမိုင်းကိုပြောပြနေသော အဘိုး၏ ကဗျာလက်ာများ၊ စစ်ပြန်၊ ၁၉၈၆ ဇန်နဝါရီ၊

၄၅။ သခ်ါ – ပသီပုံပြင် စတင်ရေးသားခဲ့သူ၊ ငွေတာရီ၊ ၁၉၉၆၊ ဩဂုတ်

၄၆။ အုန်းကြိုင်၊ ဦး – မြန်မာ့ပက္ခဒိန်သုတေသနကျမ်း၊ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၇

❐

PDF Creator - nyeyadhamma@gmail.com



# ကုန်းဘောင်နွယ် စာပေမျိုးဆက်

3
424

တင်နိုင်တိုး

Myanmar Online Ebook Library



ကုန်းဘောင်နွယ် စာပေမျိုးဆက်

တင်နိုင်တိုး

design Antt Bwere Zin

Myanmar Online Ebook Library